နေထက်သီဟစာပေ

နေထက်သီဟ

ဂမ္ဘီရမျက်လုံးမှော်ဖန်လုံးရှင်

နှင့်

မြစိမ်းရောင်မင်းသမီး



ပုံနှိပ်မှတ်တမ်းအကျဉ်း

စာမူခွင့်ပြုချက် –
မျက်နှာဖုံးခွင့်ပြုချက် – ၅
မျက်နှာဖုံးပန်းချီ
ဝင်းမြင့်ဦး
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးကြည်စင် (ဝ၄၆၁၅)
လဲ့လဲ့မွန်ပုံနှိပ်တိုက်
၁၅၈၊ ၄၅–လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ
ဒေါ်မိုးကောခိုင်၊ ချိုတေးသံစာပေ
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၁၀၀ အုပ်ရေ – ၅၀၀
၂၀၀၈–ခုနှစ်၊ ဒီဇင်ဘာလ၊ ပထမအကြိမ်
ဖြန့်ချိရေး
နေထက်သီဟ(စာပေ)
ဝ၉ ၅၀–၁၂၇၆၇

နိဒါန်းအရေးသုံးပါး

★ ပြည်ထောင်စု မဟိဒ္ဓိရေး . . . . . နိဒါန်းရေး
★ တိုင်းရင်းသားလူမျိုးစုများ၏ ဓမ္မ မဟိဒ္ဓိကွဲပြားမှု . . . နိဒါန်းရေး
★ အချစ်အခြင်း အာဃာတနှင့် ဝိဂြိုဟ်ပြဿနာရေး . . . နိဒါန်းရေး

ပြည်သူ့သဘောထား

★ ပြည်ပအာဏာရှင်စနစ် ပုဂ္ဂိုလ်နိုင်ငံရေးအဖွဲ့အစည်းများအား ဆန့်ကျင်ကြ၊
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးတို့ကို နောင်ယုက်ယှက်ဆီးသူများအား ဆန့်ကျင်ကြ၊
★ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နောင်ယုက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
★ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
★ အမျိုးသား၊ ပြန်လည် စည်းလုံးညီညွတ်ရေး၊
★ နိုင်မာသည့် ဒွေထည်ဆုံအခြေခံ ဥပဒေသစ် ပြစ်ပေါ်လာရေး၊
★ ပြစ်ပေါ်လာသည့် ဒွေထည်ဆုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီမဲ့ ပြိုးတိုးတက် သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တက်ဆုံဒွေပြိုးတိုး တက်အောင် တည်ဆောက်ရေး၊
★ စေ့ဇကွက်စီးပွားရေးစနစ် ပီမြင်စွာ ပြစ်ပေါ်လာရေး၊
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဒွေထည်ဆုံ တိုးတက်အောင် တည်ဆောက်ရေး၊
★ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး၊
★ အမျိုးဂုဏ် ဓာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ [illegible] ရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
★ မျိုးဆွစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
★ တစ်မျိုးသားလုံး ကျန်းမာကြွရွှင်ရေးနှင့် ပညာရည်မြင့်မားရေး၊

တစ် စိုးမိုးဂဏန်း(၁)

မည်သည့် အင်္ဂလိပ်လတွင်မဆို (၁)ရက်၊ (၁၀)ရက်၊ (၁၉)ရက် (၂၈)ရက် မွေးဖွားသူတို့သည် စိုးမိုးဂဏန်း (၁)သမားများဖြစ်၏။ စိုးမိုး ဂဏန်း (၁)သမားတို့သည် တနင်္ဂနွေကြိုဟ်မင်း (Sun) ၏ ဩဇာလွှိုင်း အောက်မှာ ရောက်ရှိနေခြင်းကြောင့် လွတ်လပ်သောအမြင်ရှိပြီး ပင်ကိုယ် ဖန်တီးနိုင်သည့် စွမ်းအားကောင်းရှိ၏။ လွန်စွာတွေးတွေးဆဆ လုပ်ကိုင် တတ်သော ဉာဉ်ရှိပြီး မည်သည့်ကိစ္စတွင်မဆို စေ့စပ်လွန်းသည်။ မည်သည့် အခြေအနေမျိုးတွင်မဆို ရောက်ရာ ကျရာနေရာမှာ အကောင်းဆုံးဖြစ် အောင် ကြိုးပမ်းနိုင်သူဖြစ်၏။ အခြားသူများကို လွှမ်းမိုးနိုင်သော အား ကောင်းသော ညှို့ဓာတ်ရှိသူမျိုးပါ။ မည်သည့် အခက်အခဲကြုံကြုံ လွယ်လွယ်ကူကူ စိတ်ဓာတ်ကျတတ်သူမဟုတ်။ စိတ်ဓာတ်အင်အား ကောင်းမွန်သူ၊ ရည်မှန်းချက်ပန်းတိုင်ကို အခိုင်အမာချတတ်ပြီး ပန်းတိုင် သို့ မလျော့သောဇွဲနဲ့ဘဲနှင့် အရောက်သွားတတ်၏။

■

မှော်ဖန်လုံးပညာ

ဂမ္ဘီရမျက်လုံး **မှော်ဖန်လုံး**ဆိုသည်မှာ အချင်း(၃)လက်မ ရှိ ဖန်အကြည်လုံး မှော်ဖန်လုံး(ဂမ္ဘီရဖန်လုံး) ဘောလုံးသဏ္ဌာန်ရှိ၏။ အကြည်လုံးမရှိလျှင် ဖန်ခွက်အဖြူတွင် ရေသန့်သန့်ထည့်၍လည်း ဆေ ရွက်ကြည့်သင့်သည်။ မှော်ဖန်လုံးကို အသုံးပြု၍ မိမိစိတ်စွမ်းအား မြှင့်တင်နိုင်ပါသည်။

မှော်ဖန်လုံးကို အသုံးပြု၍ စိတ်စွမ်းအားသစ်ရှာဖွေလိုသူသ

ကိုယ်လက်သန့်စင်၊ ငါးပါးသီလခံယူ၊ ကောင်းမှုကုသိုလ်ပြုလ မေတ္တာထား၊ မေတ္တာပွားသည့်အနေဖြင့် သားကြီးငါးကြီး မစားသင့်။ စ ကို ဖြူစင်အောင်ထားပါ။

ခန္ဓာကိုယ် အကြောကြွက်သားများ ဖြေလျော့ပျော့ပျောင်း ပြီး တင်ပလ္လင်ခွေထိုင်၊ လက်နှစ်ဖက် ဒူးပေါ်တင်ထား၊ မျက်စိအကြည် ဖန်လုံးပေါ်မှာ သက်ရောက်ပါစေ။ မှော်ဖန်လုံးအပေါ် သင့်စိတ်ဝိည စေလွှတ်လျှက် အကြည့်စူးစူးသက်ရောက်သင့်၏။ အာရုံစုစည်းမှု ဒ ကောင်းလွန်းလျှင် ကောင်းသည်နှင့်အမျှ အမြင်အာရုံရှင်းလာပါလိမ့်မ မိမိကြည့်ချင်သော အရာဝတ္ထု၊ လူပုဂ္ဂိုလ်အားလုံးကို ဂမ္ဘီရဆန်စွာ ရှာ လေ့လာကြည့်ရှုနိုင်ပေလိမ့်မည်။

■

တယ်လီပသီ (Telepathos)

တယ်လီပသီ (Telepathos) ဆိုတာ ဂရိဘာသာရပ်ကနေပြီး ဆင်းသက်လာတာပါ။ **တယ်လီ** (Tele) ဝေးလံခြင်းနဲ့ **ပါသော့စ်** (pathos) ခံစားချက်ဆိုတဲ့ အဓိပ္ပာယ်နှစ်ခုကို **တစ်ခုတည်းဖြစ်ဆောင်** ပူးတွဲ ပေးထားသည်။ ဝေးလံသောခံစားချက်ဟု **အဓိပ္ပာယ်ဖွင့်ဆိုနိုင်၏။ တယ်လီ ပသီ** (Telepathos) ဝေါဟာရရဲ့အဓိပ္ပာယ်က ကျယ်ဝန်းနက်ရှိုင်းသလို ထူးဆန်းအံ့သြဖွယ် လျှို့ဝှက်နက်နဲ့မှုတွေနှင့် ပြည့်နေပါသည်။

တယ်လီပသီ (Telepathos) ပညာဖြင့် မိမိရဲ့ အတွေးစိတ် ကူးများကို အဝေးရှိဆက်သွယ်လိုသူထံ ဆက်သွယ်နိုင်သော စွမ်းရည်ထူး ရှိသည်။ ဒါကြောင့် **တယ်လီပသီ** (Telepathos) ပညာကို လူသားရဲ့ စိတ်ပိုင်းဆိုင်ရာ ဆက်သွယ်ပြောင်း (Cannels of Sense) လို့ ခေါ်ဆို နိုင်သည်။ အဝေးရှိဆက်သွယ်လိုသူက **တယ်လီပသီ** (Telepathos) ပညာတတ်မြောက်ပါက လွယ်လင့်တကူ ဆက်သွယ်နိုင်သည်။ မတတ် မြောက်ပါက ပြည့်စုံသည့် စိတ်ပိုင်းဆိုင်ရာ ဆက်သွယ်မှုမဟုတ်သည့် တိုင် ထိုက်သင့်သရွေ့ ဆက်သွယ်မှု ပြုလုပ်နိုင်ပါလိမ့်မည်။

■

အော်တိုဆပ်ဂျက်ရှင်း (Autosuggestion)

မိမိစိတ်ကို မိမိကပင် (ရေလာမြောင်းပေးသဘောမျိုးနှင့်) ဖြစ်ချင်သည့် ဆန္ဒ၊ ရည်ရွယ်ချက်တို့ကို ဖြစ်လာစေရန် အကြိမ်ကြိမ်တိုက်တွန်းပြောဆိုသော ကျင့်စဉ်ကို **အော်တိုဆပ်ဂျက်ရှင်း** (Autosuggestion) ဟု ခေါ်သည်။ **အော်တိုဆပ်ဂျက်ရှင်း** (Autosuggestion) နည်းဖြင့် ဆန်းကြယ်လှသော စိတ်စွမ်းအင်များကို စနစ်တကျလေ့ကျင့် အသုံးချမည်ဆိုပါက ဘဝအောင်မြင်တိုးတက်နိုင်သည်။

အော်တိုဆပ်ဂျက်ရှင်း (Autosuggestion) နည်းဖြင့် ဘဝအဆင့်မြင့်မားလိုပါက မိမိဖြစ်လိုသောဆန္ဒကို စာရွက်ပေါ်မှာ ချရေးပါ။ ထိုမိမိဖြစ်လိုသော ဆန္ဒကို နေ့စဉ်နံနက်(၁)ခေါက်၊ နေ့လည်(၁)ခေါက်၊ ည(၁)ခေါက် အားမာန်အပြည့်ဖြင့် အသံထွက်ရွတ်ဖတ်ပါ။ စိတ်တန်ခိုးသတ္တိကို ယုံကြည်ခိုင်မာလာပြီး ထူးခြားသော အောင်မြင်အဆင့်ပြေမှုတို့ ကြုံရပါလိမ့်မည်။ ဆန္ဒနှင့် ဘဝထပ်တူကျနိုင်ပါသည်။

■

အောင်မြင်ဝိုဘဝအတွက် ပထမဦးဆုံးသော အချစ်၊ရင်ခုန်မှုမှတ်တမ်းစတင်ခဲ့ပုံမှာ အင်မတန်ကြည်ပြူးရင်ဖိုဖွယ်ကောင်းလှ၏။ ရင်ခုန်သံမြန်ဆန်စေသော မိန်းမလှလေးနဲ့ စတင်ဆုံဆည်းရသောနေ့က အမှတ်ရစရာ။ အဲဒီ မိန်းမလှလေးကြောင့် အောင်မြင်ဝို အချစ်ဆိုသည့်အဓိပ္ပာယ်ကို နက်နက်နဲနဲ့ နက်နက်ရှိုင်းရှိုင်း နားလည်ခွင့်ရခဲ့တာ အမှန်။ ပန်းတစ်ပွင့်လို လှပသော သူမကြောင့် အောင်မြင်ဝို **အော်တိုဆပ်ဂျက်ရှင်း** (Auto suggestion) ကျင့်စဉ်ကို ကျင့်ခဲ့သည်။ ထိုကျင့်စဉ်ကြောင့် တောင့်တနေသော ဆန္ဒထူးကလေးပြည့်ဝခဲ့ရသည်။

■

အခန်း (၁)
မော်ဖန်လုံးရှင်

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးကို အောင်မြင်ဗို သွားရောက်ဖူးမြော်ဖြစ်ခဲ့သော ထိုနေ့မှစ၍ အံ့သြဖွယ်မယုံကြည်နိုင်စရာ ကောင်းလောက်အောင် ပြောင်းလဲမှုတို့ ဖြစ်ပျက်ပြောင်းလဲခဲ့သည်။

ဒဏ္ဍာရီဆန်သော၊ စိတ်လှုပ်ရှားစရာကောင်းသော၊ ရင်သပ်ရှုမော အံ့သြစရာကောင်းသော ဖြစ်ပျက်ပြောင်းလဲမှုမျိုးပါ။

ဘဝတစ်ချိုးပြောင်းလဲမှု စတင်ဖြစ်ထွန်းမည့် အဆိုပါနေ့က...

ထုံးစံအတိုင်း နံနက်စောစောထ၊ ဘုရားအာရုံပြု၊ ငါးပါးသီလ ခံယူမှုတို့ဖြင့် နံနက်ခင်း စာမျက်နှာသစ်ကို ဝင့်ဝင့်ကြွားကြွားလှလှပပ ဖွင့်လှစ်ခဲ့၏။ အဲဒီနေ့မှာ အောင်မြင်ဗိုတို့၏ AKA အလူမီနီယံနှင့် အိမ်အလှဆင်ခြင်းလုပ်ငန်း(Aluminium and Decoration Centre) အတွက် မရှိမဖြစ်လိုအပ်သော Office Staff တစ်နေရာခန့်အပ်ရမည်။ လူတွေ့စစ်ဆေးမှု (interview)လုပ်ဖို့ ရှိသည်ဆိုပါတော့။ အဆိုပါ interview အတွက် အမှန်အကန်လိုအပ်သည့် အရည်အချင်းရှိသူကို ရွေးချယ်ရန်အတွက် အစစအရာရာ အဆင်ပြေမှုရှိ၊ မရှိ ကြိုတင်သိရှိလိုတ်။ သို့မို့ကြောင့်လည်း ဘုရားစင်ဘေးစားပွဲပေါ်ရှိ ဂမ္ဘီရမျက်လုံးမော်ဖန်လုံးကို အာရုံယူကာ ကြည့်ဖြစ်ခဲ့ခြင်းဖြစ်သည်။

အဲဒီလိုကြည့်ဖြစ်ခြင်းကပင် အောင်မြင်ဗိုအတွက် လှုပ်ရှားရင်ခုန်စရာဇာတ်လမ်းတစ်ပုဒ်၏ နိဒါန်းကလေးပေါ့။

ဂမ္ဘီရမျက်လုံးမော်ဖန်လုံးကား အချင်း(၃)လက်မခန့်ရှိ၏။ ဖန်ကြည် အလုံး။ ဘောလုံးသဏ္ဌာန်ရှိ၏။

အောင်မြင်ဗို ခန္ဓာကိုယ်တစ်ခုလုံးရှိ အကြောအခြင်အားလုံး လှော့ချလိုက်ပြီး သက်တောင့်သက်သာ အနေအထားမျိုး ထိုင်လိုက်သည်။

ဂမ္ဘီရမျက်လုံးမော်ဖန်လုံးတွင် အောင်မြင်ဗိုစိတ် ဝိညာဉ်စေလွှတ်လျက် အကြည့်က စူးရှထက်မြက်သည်။ ဝင်လေ ထွက်လေကား ညင်သာနူးညံ့၏။ ဖန်လုံးပေါ်တွင် အရိပ်တစ်ချို့ ဝေဝေဝါးဝါးပြေးလွှားနေသလိုလို။ အမြင်အာရုံစူးရှတည်ငြိမ်မှု အားကောင်းလာ၏။ အရိပ်တို့ ငြိမ်တန့်သွားသယောင်ယောင်မှာ ပုံရိပ်တစ်ခု ထင်ဟပ်လာသည်။ အိပ်မက်လိုလို မပီဝိုးတဝါးမှ ပြင်ပမှာတကယ်ဖြစ်ပျက်နေသကဲ့သို့ ထင်ရှားအားကောင်းလာသည်။

ရွှေတိဂုံဘုရားပုံ။ မြန်မာ့အသည်းနှလုံး ကမ္ဘာ့အံ့ဩဖွယ်ရာ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး၏ ပုံတော်။ ရွှေတိဂုံစေတီတော်မြတ်ကြီးသည် မော်ဖန်လုံးပေါ်မှာ ထင်ရှားသည်ထက် ထင်ရှားလာ၏။ ကြည့်ရှုချိန်(၁၅)မိနစ်ခန့်ကြာပြီဖြစ်သော်လည်း ပေါ်လွင်မှုကား လျှပ်တပြက်မှသာ ထင်ရှားအားကောင်းခဲ့ခြင်းပါ။

စိတ်ဝိညာဉ်ပညာရပ်ဖြင့် ဂမ္ဘီရမျက်လုံးမော်ဖန်လုံးကြည့်ခြင်း

ကား အံ့သြထူးဆန်းဖွယ်ရာပါ။ စိတ်ဆိုသည်က ဆန်းလည်းဆန်းကြယ်၏ စိတ် ပညာရှင်သုတေသီဆရာများ ရှာဖွေတွေ့ရှိညွှန်ပြသောကြောင့် လူတွင် သိစိတ်၊ မသိစိတ်နှစ်ခုသာမက ထူးကဲသောတန်ခိုးထက်မြက်သည့် သိစိတ် ထူးကို ပိုင်ဆိုင်သေး၏။ အဆိုပါ သိစိတ်ထူးကို ''တတိယစိတ်''ဟု ခေါ်ဝေါ်နိုင်သည်။ ထိုတတိယစိတ်သည် ဆန်းကြယ်ပြီး တန်ခိုးအင်အားပြင်း၏။ မြင်သိစိတ်၊ တွေးသိစိတ်ဆိုသော ကိစ္စထက်ပင် အဆင့်မြင့်၏။ တတိယစိတ်၏ သဘာဝလွန်စွမ်းရည်သတ္တိကြောင့် မော်ဖန်လုံးမှာ အာရုံယူကြည့်ရုံနှိုင်ခြင်းဖြစ်သည်။

မော်ဖန်လုံးကို တတိယစိတ်ဖြင့် စမ်းစစ်လေ့လာသုံးသပ်ချက် အရ ယနေ့နံနက်စောစောပိုင်းမှာ ရွှေတိဂုံစေတီတော်ကို ဖူးဖြစ်အောင် ဖူးရမည်ဟူ၍ ဖြစ်၏။

■

အခန်း (၂)
ချစ်ခြင်းအစ မျက်စိက

ရွှေတိဂုံဘုရားသို့ အောင်မြင့်ဗိုတစ်ဦးတည်း ကားမောင်းထွက်လာခဲ့သည်။ မီးနီ၍ မီးပွိုင့်မှာ ရပ်စောင့်လိုက်၏။

အောင်မြင့်ဗို နားလည်တတ်ကျွမ်းထားသော တယ်လီပသီ (TelePathy) ပညာရပ်၊ ကလယ်ရာဗိုးယန်းစ်(Clairvoyance)၊ အော်တို့ဆပ်ဂျက်ရှင်း (Autosuggestion) စသော စိတ်တန်ခိုးကျင့်စဉ်နည်းလမ်းတို့သည်ကား စိတ်ပညာနယ်ပယ်တွင် အသိအမှတ်ပြုထားပြီးဖြစ်၏။

ထိုပညာရပ်တို့ကို နားလည်ထားကြောင်းကို သူ့အချစ်ဆုံး သူငယ်ချင်းနှစ်ယောက်ဖြစ်သည့် ကာကာဇော်နှင့် အောင်ဖြိုးကို ပြောပြမထား။ ပြောလျှင်ယုံမည်မထင်။

ထိုအခိုက် မီးစိမ်းပြလိုက်၍ ကားကို မောင်းထွက်လာခဲ့သည်၊ အောင်မြင့်ဗိုဟာ အပြုတမ်းဆို တနင်္ဂနွေနေ့မှ ဘုရားလာတတ်

သော်လည်း ဒီနေ့တော့ တနင်္ဂနွေနေ့ မဟုတ်ပါဘဲနှင့် လုပ်ငန်းအတွက် တောင်းဆိုပြုရန် ရွှေတိဂုံစေတီတော်သို့ လာခဲ့ခြင်းပါ။

ရွှေတိဂုံဘုရားပရဝုဏ်ထဲရှိ ကားပါကင်မှာ ကားကို ထိုးရပ်လိုက်သည်။ ဖိနပ်ကို ကားထဲမှာ ချွတ်လိုက်ပြီး ကားတံခါးတွေကို အသေအချာပိတ်လိုက်၏။ ပြီးမှ ဘုရားဝတ်ပြုနေစဉ် ဟန်ဖုန်းကြောင့် စိတ်အနှောင့်အယှက်မဖြစ်ရအောင် Hand Phone ကို ပိတ်လိုက်၏။

အင်္ကျီအပြူ ကော်လံကတုံးနှင့် ဦးဂျမ်းပုဆိုးအဝါနုရောင်အကွပ် စိပ်စိပ်ဝင်ဆင်ထားခြင်းဖြစ်၍ ယောကျ်ားပီသစွာ ထည်ဝါခန့်ငြားနေ၏။ အရပ် (၅)ပေ (၈)လက်မ၊ အသားဖြူဖြူ၊ မျက်လုံး မျက်ခုံးကောင်းကောင်း၊ နှာတံပေါပေါနှင့် အောင်မြင်ဝိုသည် တသွေးတမွေးနှင့် ယောကျ်ားဆန်ဆန် ကြည့်ကောင်းသူ။

အရှေ့ဘက်စောင်းတန်းကိုကျော်ပြီး အုတ်လှေကားထီကို လာခဲ့သည်။ အရှေ့ဘက်မုဒိအုတ်လှေကားမှနေပြီး ရွှေတိဂုံဘုရားပူးရခြင်း၏ ပီတိကားထူး၏။ ရွှေတောင်ကြီးသဖွယ် ကြည်ညိုဖွယ်ရာ လေးဆူတာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ပူးမြွောင့်ရသလို အရှေ့အရပ်ဆီမှ ထွက်ပြူစပြုလာသော နေမင်းနီနီရဲရဲကြီးကိုလည်း တွေ့မြင်ရတာ ကြည်နူးပီတိဖြစ်စရာ။

ဂုဏ်တော်ကို အာရုံပြုပြီး သူ့မွေးနံထောင့် တနင်္ဂနွေထောင့်ဆီ ရောက်လာခဲ့၏။ အောင်မြင်ဝိုတနင်္ဂနွေထောင့်ပှနေပြီး နာရီဝက်ခန့်ကြာ အောင်ပင် ဘုရားဝတ်ပြုခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်းတို့ကို ပြုလုပ်ပြီးသည့်အခါမှာတော့ . . . ။

အောင်မြင်ဝိုဘုရားဝတ်ပြုပြီးပြီးချင်း ထိုင်လျက်အနေအထားနဲ့ တစ်ဖက်ကို အမှတ်မထင်လှမ်းကြည့်လိုက်သည့်အခိုက်။ ရင်ခုန်သံတစ်ချက် ဒိုင်းခနဲမြည်ဟီးသွားသည်။ မိန်းကလေးတစ်ယောက်။ ဥစ္စာစောင့်

မလေးအလား ချောမောလှပ၏။

လည်ထောင်ရင်ပုံးအကျီ အစိမ်းရောင်နုနုလေးနှင့် အစိမ်းရင့်ရောင်ခိုတ်ထမီကို လိုက်ဖက်ညီညီယဉ်ကျေးသိမ်မွေ့စွာ ဝတ်ဆင်ထားပုံက အောင်မြင်ဝိုမျက်စိထဲမှာ သိပ်ကိုကြည့်ကောင်းနေတာအမှန်။ မိန်းမချောလေးက အစိမ်းရောင်ဇာပဝါလေးကိုလည်း ခြိုထားလိုက်သေး။ နက်မှောင်ရှည်လျားဆံနွယ်တွေက ပိုးဖျင်စကြိုးလိုပဲ ရက်ရက်စက်စက်လှ၏။ သူမ၏ဆံနွယ်တွေကို ကျောက်စိမ်းလုံးလေးများပါသည့် ညှပ်ကလစ်နဲ့ ညှပ်ထားသေး။ နူးညံ့သိမ်မွေ့ယဉ်ကျေးသော အရိပ်အယောင်ပြည့်နဲ့ မျက်ဝန်းအကြည်။

ပန်းသွေးရောင်နှုတ်ခမ်းအစုံက နှင်းဆီပန်းနီနီတစ်ပွင့်အလား။ ဝါဝါညက်ညက်ကလေးရှိသည့် အသားအရည်နှင့် တော်တော်လေးကို လှသည့် မိန်းမချောလေး။

တစ်သက်တာမှာ တစ်ခါမှကို သည်လောက်လှသည့် မိန်းကလေးမျိုး မတွေ့ဘူးခဲ့။ ဥစ္စာစောင့်မလေးလား။ နတ်သမီးကလေးအလား လှရက်နိုင်လွန်းသည့် မိန်းကလေး။

ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားခဲ့ဖူးဘူး။ စေ့စေ့မကြည့်ခဲ့ဘူး။ ယခုတော့ ထူးပြီ။ မိန်းမချောလေးကိုမှ အောင်မြင်ဝိုသိပ်ပြီး စိတ်ဝင်စားသွားသည်။

ဘုရားဝတ်ပြုအပြီး မိန်းမချောလေးထရပ်လိုက်ခြင်းကြောင့် အောင်မြင်ဝိုလည်း ယောင်ယမ်းပြီး ထရပ်လိုက်မိသည်။ ယခင်က သတိလက်လွတ်အဖြစ်မျိုး မဖြစ်ခဲ့မိ။ ခုမှ မိန်းမချောလေး၏ အလှကွန်ရက်မှာ စွဲငြိပြီးယောင်ယမ်းကာ ထလိုက်မိ၏။ နှလုံးသားတစ်စုံလုံး လှုပ်ခါယမ်းသွားအောင် စွဲမက်မိပါပြီ။

မိန်းမချောလေး မတ်တပ်ရပ်လိုက်သည့်အခါ မိန်းမချောလေး၏

ဇာပဝါစိမ်းစိမ်းကလေးက လျှောခနဲ အောက်ကိုပြုတ်ကျသွားသည်ကိုလည်း လှမ်းမြင်လိုက်သည်။

အဲဒီလျှောခနဲကျသွားသည့် ပဝါစိမ်းစိမ်းကလေးကို အမျိုးသားတစ်ယောက်က ကောက်ယူပြီး မိန်းမချောလေး၏ လက်ထဲကို ထည့်ပေးလိုက်သည်။

ထိုအမျိုးသားကို မြင်လိုက်သည့်အခါ အောင်မြင့်ဝို မျက်လုံးများ ပြူးကျယ်သွားရအောင်ပင် အံ့သြသွားရသည်။ ထိုအမျိုးသားက အောင်မြင့်ဝို သိပ်ချစ်ရသော သူငယ်ချင်းအောင်ဖြိုး။

အောင်ဖြိုးက အောင်မြင့်ဝိုကို ပြုံးစိစိမျက်နှာထားနဲ့

''ဒီမှာ မိန်းမချောလေးတွေ့လား''

ဆိုပြီး မျက်စမျက်နှာဖြင့် ပြနေပြန်သည်။ မိန်းမချောလေး၏ ပဝါစလေးကို အောင်ဖြိုးခပ်မြန်မြန်လေးကောက်ပေးလိုက်၏။

ထူးဆန်းသည်မှာ မိန်းမချောလေးသည် ပဝါကောက်ပေးသော အနီ အောင်ဖြိုးကို တစ်ချက်ကလေးတောင် ပြုံးမပြဘဲ အောင်မြင့်ဝိုကို တော့ နူးညံ့သိမ်မွေ့သည့်မျက်ဝန်းဖြင့် တရင်းတနှီးကြည့်နေရာမှ ပြုံးယောင်ယောင်ကလေးဖြစ်သွား၏။ စိန်သွားကလေးလက်ခနဲဖြစ်သွားသယောင်။ သူမ၏မျက်နှာထားက အောင်မြင့်ဝိုကို စကားတစ်ခုခုပြောမလိုဟန်ဖြစ်သွားသည်ကို အောင်မြင့်ဝို မက်မက်မောမော မြင်လိုက်ရ၏။

သည်အချိန်မှာမှ မိန်းမချောလေးနှင့် ရုပ်ချင်းခပ်ဆင်ဆင်တူသည့် အစ်ကိုများဟုထင်ရသူ လူ(၃)ဦး သူမအနီးရောက်လာပါသည်။ ဥစ္စာစောင့်လေးတမျှ နတ်သမီးလေးတမျှ ချောမောလှပသော မြစိမ်းရောင်မင်းသမီးလေးကို ထိုသူ(၃)ဦးနဲ့အတူ စကားခပ်တိုးတိုးပြောဆိုလျှက် ထိုလူ(၃)ဦးနောက်မှ သိမ်မွေ့နူးညံ့သော ဟန်ပန်ကလေးနှင့် လိုက်ပါသွား၏။ ထိုသူ(၃)ဦးကို အောင်မြင့်ဝိုတွေ့ထားဖူးပြီးဖြစ်သည်။ ဘယ်မှာတွေ့ဖူးပါ

လိမ့်။ စဉ်းစားမရ။

အောင်မြင့်ဝိုတို့နှစ်ဦး အကြည့်များကတော့ သူမနောက်ပါသွား၏။ အောင်ဖြိုးသည် မိန်းမချောလေးကို ကြည့်ရင်းဖြင့် အောင်မြင့်ဝို နားရောက်လာပြီး. . .

''သိပ်လှတဲ့ မြစိမ်းရောင်မင်းသမီး ကျွန်တော့်အသည်းတွေတော့ မြစိမ်းရောင်မင်းသမီးနောက်ပါသွားပြီဗျာ''

ဟု အောင်ဖြိုးက နှလုံးသားထဲကလာသည့် လေသံနဲ့ပြောလိုက်သည်။

''လာကွာ အောင်ဖြိုး၊ ငါတို့ မြစိမ်းရောင်မင်းသမီးနောက်လိုက်ကြည့်ရအောင်''

အောင်မြင့်ဝိုနှင့် အောင်ဖြိုးတို့ နှစ်ယောက် မြစိမ်းရောင်မင်းသမီးကလေးနောက်က မသိမသာလိုက်ခဲ့၏။

မိန်းကလေးများနှင့် ခပ်ကင်းကင်းနေတတ်သော အောင်မြင့်ဝို တစ်ယောက် သူ့ဘဝမှာ ပထမဆုံးအကြိမ်အဖြစ် ရင်ခုန်ခြင်းဖြစ်သည်။ မိန်းကလေးတစ်ယောက်နောက်ကို လိုက်ကြည့်ခြင်းပါ။

အောင်မြင့်ဝို မြစိမ်းရောင်မိန်းမချောလေးနောက်မှလိုက်ရင်း အောင်ဖြိုးကို

''အောင်ဖြိုး. . . ကိုယ်လည်း မြစိမ်းရောင်မင်းသမီးလေးကို ရင်ခုန်မိတယ်။ ကိုယ့်ဘဝမှာ ဒီလောက်လှပြီး သိမ်မွေ့တဲ့ မိန်းကလေးမျိုး တစ်ခါမှ မတွေ့ဖူးဘူး။ ကိုယ်နဲ့ မင်း ဒီတစ်ခါလည်း တူပြန်ပြီ''

ဟု လေးနက်သောလေသံဖြင့် ဆိုလိုက်သည့်အခါ အောင်ဖြိုး၏ မျက်ဝန်းနှစ်ဖက်မြင့်တက်သွား၏။ မိန်းကလေးတွေနဲ့ ပတ်သက်လျှင် အသည်းမာလွန်းသော အောင်မြင့်ဝို၊ ဒီတစ်ယောက်နှင့်မှ ရင်ခုန်သွားသည်ဆိုတော့ အောင်ဖြိုးသိပ်ကို အံ့သြသွားသည်။

ပြောကြစတမ်းဆိုလျှင် အောင်မြင့်ဝိုဏ်အဖြစ်က ဆန်းသည်။ တစ်ခါမှ ရည်းစားမထားခဲ့ဖူးသလို အပြောင်အပျက်သဘောနဲ့ပင် ရှိမထား။ မိန်းကလေးတစ်ယောက်အား ရည်းစားစာပင် လိုက်မပေးဖူးခဲ့။ လိုက်ပေးပို့လည်း လုံးဝစိတ်ကူးမရှိ။ အတွင်းသိ၊ အစင်းသိ။ အောင်မြင့်ဝိုက လူအေး။ အကြောင်းသိနေသောကြောင့်. . . ။ အောင်မြင့်ဝိုဏ် ရုပ်ရည်က သိပ်အချောကြီးမဟုတ်သော်လည်း ယေကျ်းပီသပြီး စွဲဆောင်မှုရှိတာ အသေအချာ။

အခုတော့ အဆိုပါ အောင်မြင့်ဝိုဏ် ရင်ခုန်သံကို မိမိကြုံရပါပြီ။ ကြုံမှုဆုံမှုကလည်း အံ့သြစရာပါလား။

အောင်ဖြိုး အံ့သြသလို အောင်မြင့်ဝိုလည်း အံ့သြမိသည်။ တိုက်တိုက်ဆိုင်ဆိုင် မိမိနှင့်မှ အကြိုက်ချင်းက လာတူနေပြီ။

အံ့သြချင်နေပေမယ့်လည်း မအံ့သြတော့ပါ။ အောင်မြင့်ဝိုနှင့် အောင်ဖြိုးတို့နှစ်ယောက်၏ တူညီမှု၊ တိုက်ဆိုင်မှုက ယခုမှမဟုတ်။ ဟိုးငယ်ငယ်လေးထဲက။ သူတို့နှစ်ဦးသား ဘုရားပေါ်မှ မြစိမ်းရောင်မင်းသမီးလေးနောက်လိုက်ရင်း အောင်မြင့်ဝိုဆက်၍ စဉ်းစားလာ၏။ အောင်ဖြိုးသည် အောင်မြင့်ဝိုနှင့် အင်မတန်တူနိုင်လွန်းသည့် သူငယ်ချင်းအရင်းခေါက်ခေါက်။ အောင်မြင့်ဝိုက တနင်္ဂနွေသားဖြစ်သလို၊ အောင်ဖြိုးကလည်း တနင်္ဂနွေသား။

အောင်မြင့်ဝိုတို့ နှစ်ယောက်လုံး အရပ်တူ၏။ (၅)ပေ (၈)လက်မ။ ဒါတင်မကသေး အောင်မြင့်ဝိုကလည်း အသားပြူပြူ၊ မျက်လုံးထူထူ။ အောင်ဖြိုးကလည်း အသားပြူပြူ၊ မျက်ခုံးထူထူ။ တိုက်တိုက်ဆိုင်ဆိုင် တူပဲ တူနိုင်လွန်းသည့် သူတို့နှစ်ယောက်။

အောင်မြင့်ဝိုနဲ့ အောင်ဖြိုးဟာ ရုပ်ချင်းခပ်ဆင်ဆင်တူရုံတင်မကပါ။ အံ့သြထူးဆန်းဖွယ် နောက်ထပ်တူသည်များရှိသေး။ ဒါကတော့ အောင်မြင့်ဝိုနှင့် အောင်ဖြိုးဟာ ငယ်စဉ်ကျောင်းသားဘဝက စာမေးပွဲဖြေသည့်အခါ အဆင့်(၅)ကို ပူးတွဲရဖူး၏။ တခါတရံ အောင်မြင့်ဝိုက အဆင့်(၁၀)ဖြစ်သွားသည့်အခါမှာလည်း အောင်ဖြိုးကလည်း အဆင့်(၁၀)ဖြစ်သွားဘတ်တာမျိုးတွေကြုံခဲ့ရဖူး၏။ ဒါတွေတင်ဘယ်ကမည်နည်း။

အောင်မြင့်ဝို တစ်ယောက်လောက်ကားက ပြုတ်ကျပြီး ခြေထောက်မှာ ဒဏ်ရာရသည့်အခါမှာလည်း တိုက်တိုက်ဆိုင်ဆိုင် အောင်ဖြိုးတစ်ယောက်လည်း ဘောလုံးကန်ရင်း ခြေခေါက်လဲ၍ ခြေထောက်ဒဏ်ရာရဘာမျိုးနှင့် နှစ်ယောက်စလုံး ထော့ကျိုးထော့ကျိုးဖြစ်ဖူး၏။ အံ့သြဖွယ်ရာကြုံရတတ်သေးသည်။

ဒီလို တိုက်ဆိုင်ပြီး ကြုံရသည့် ကံကြမ္မာထူးအဖြစ်တွေက မရေတွက်နိုင်အောင်ပါ။ မိမိနှင့် သိပ်ကံကြမ္မာတူသည့် အောင်ဖြိုးကို အောင်မြင့်ဝိုသည် သူ၏အမွာညီအစ်ကိုများလားဟု သံသယပွားမိတာ အကြိမ်ကြိမ်အခါခါ။ ဒီလို သံသယပွားရသည့်အကြောင်းကလည်းရှိနေသည်။

တယ်လီပသီပညာရပ်ကို ဖေဖေကြီးထံမှ ကျွမ်းကျွမ်းကျင်ကျင် သင်ယူတတ်မြောက်ခဲ့၏။ အောင်မြင့်ဝိုဟာ အသက်(၅)နှစ်သားကစပြီး စိတ်ပညာရပ်တို့ကို စတင်လေ့လာခဲ့၏။ အောင်မြင့်ဝိုဏ်၊ ဖေဖေကြီးဆီမှာတော့ တယ်လီပသီကြည့်သည့် ဖန်လုံးရှိခဲ့ပေမယ့် အောင်မြင့်ဝိုမှာတော့ ဖန်လုံးမရှိခဲ့တာကြောင့် စလေ့ကျင့်ကျင့်ခြင်းတုန်းက ဖန်ခွက်ထဲမှာ ရေထည့်ပြီး ကျင့်ခဲ့ရ၏။ ကံကောင်းချင်တော့ အဂံလန်မှာရောက်နေသည့် အန်တီက အောင်မြင့်ဝိုဏ်အသက်(၁၅)နှစ်ပြည့်လက်ဆောင်အဖြစ် တယ်လီပသီဖန်လုံးလက်ဆောင်ပေးခဲ့သည်။ ဒီတော့ အောင်မြင့်ဝိုဟာ တယ်လီပသီဖန်လုံးကို အသုံးပြုပြီး တယ်လီပသီပညာရပ်ကို ကောင်းကောင်းကြီးလေ့လာနိုင်ခဲ့၏။

သူ ဂမ္ဘီရမျက်လုံးမှော်ဖန်လုံးကြည့်သည့်အခါတိုင်း သူနှင့် အင်မတန်တူသည့် အမွာတစ်ယောက်ကို တွေ့ရတာ အကြိမ်ကြိမ်။ အောင်မြင့်ဝိုဏ်၏ စိတ်ဝိညာဉ်မှာလည်း အမွာညီအစ်ကိုတစ်ယောက်ရှိနေသည်ဆို

သော ထူးထူးခြားခြားခံစားချက်မျိုးကို ငယ်စဉ်ကတည်းက မကြာခဏ ဖြစ်နေ၏။ တစ်ခါတစ်ခါ အောင်မြင်ဝိုသည် သူမဟုတ်သည့် တစ်ခြားတစ်ယောက်က သိပ်ကို ဝမ်းနည်းနေတာမျိုး ပြောပြရခက်သည့် ထူးဆန်းသည့် ခံစားချက်မျိုးလည်း ဖြစ်တတ်သေးသည်။

ပြောပြရချက်သည့် ထူးဆန်းသော ခံစားချက်များကြောင့်ရော၊ သိပ်ကိုတူနိုင်လွန်းသည့် အောင်ဖြိုးကြောင့်ပါ အောင်မြင်ဝိုသည် အောင်ဖြိုးကို သူ၏အမွာညီအစ်ကိုဟု မှတ်ထင်နေတတ်သည်။

ယခုအဖြစ်ကိုလည်းကြည့်။ တနင်္ဂနွေသားမို့ တနင်္ဂနွေနေ့တိုင်း ဘုရားတက်လေ့ရှိသော အောင်ဖြိုး ဘာကြောင့်များ တနင်္ဂနွေနေ့မဟုတ်ပါဘဲနဲ့ သူနဲ့တိုက်တိုက်ဆိုင်ဆိုင် ဘုရားတက်လာတာလဲ။

ထုံးစံအတိုင်း ထပ်တူညီက်ကြမှာရှိနေခဲ့သူဖြစ်ပေမယ့် ယခုကဲ့သို့ ထုံးစံထက်ပိုသော အံ့သြမှု၊ တိုက်ဆိုင်မှုမျိုးကိုတော့ မတူညီချင်။

မြစိမ်းရောင်မင်းသမီးလေးတို့ အနောက်ဘက်စောင်းတန်းမှ ဆင်းသွား၏။ အောင်မြင်ဝိုနှင့် အောင်ဖြိုးတို့နှစ်ယောက်လည်း အနောက်ဘက်စောင်းတန်းမှ ခပ်သွက်သွက်လိုက်ဆင်းကြ၏။ မြစိမ်းရောင်မင်းသမီးလေး၏ အစ်ကိုသုံးယောက်လည်း မြစိမ်းရောင်မင်းသမီးလေးနားမှာ ကပ်ပြီး ရှိနေခြင်းကြောင့် အောင်မြင်ဝိုနှင့် အောင်ဖြိုးတို့နှစ်ယောက်မှာ အစိမ်း ရောင်မင်းသမီးကို ကြည့်ရဲသာကြည့်ပြီး ဘာစကားမှ မပြောဝံ့။

အောင်ဖြိုးက သူ့နဖူးပေါ်ဝဲကျနေသည့် ဆံနွယ်နက်နက်ကလေးတွေကို ညာလက်နဲ့ သပ်တင်လိုက်ရင်း

"အောင်မြင်ဝို ကျွန်တော်နဲ့ခင်ဗျား ကိစ္စတော်တော်များများမှာ အကြိုက်ချင်းတူတတ်တာ ကိစ္စမရှိပေမယ့် ဒီကိစ္စမှာတော့ တူလို့မဖြစ်ဘူး။ မြစိမ်းရောင်မင်းသမီးကို ယှဉ်ပြိုင်ပြီး ယူမှနဲ့ တူတယ်ကွာ"

ဟု စိတ်ရင်းအတိုင်း ပွင့်ပွင့်လင်းလင်းပြောလာသည်။

အောင်မြင်ဝိုကလည်း တည်ကြည်တဲ့ မျက်နှာထားနဲ့

"မင်းနဲ့ကိုယ်ဟာ တူပဲတူနိုင်လွန်းတယ်။ တိုက်ပဲ တိုက်ဆိုင်နိုင်လွန်းတယ်ကွာ။ တခြားကိစ္စမှာတူတာ ဘာမှမဖြစ်ပေမယ့် နှလုံးသားရေးရာ ရင်ခုန်သံတူနေတာကြီးကတော့ကွာ။ ရင်ထဲမှ အောင့်ကျိန်းစွာခံစားလိုက်ရတာကွာ။ တကယ်ပါပဲ။ ပြီးတော့ ငါဘဝမှာလည်း တစ်ခါမှအချစ်ကို ခွဲ့ခဲ့ဖူးတာ မဟုတ်ဘူး။ ခုမှ အချစ်ကို စတွေ့တာ။ မင်းနဲ့ တူနေရတာယ်လို့။ ဘာပဲဖြစ်ဖြစ်ပေါ့ကွာ. . . မင်းနဲ့ ကိုယ် တရားမျှတစွာနဲ့ ဖြူဖြူစင်စင် ပြိုင်ဆိုင်ရတော့မယ်"

လို့ ဒဲ့ဒိုးပဲပြောလိုက်၏။

အောင်မြင်ဝိုနဲ့ အောင်ဖြိုးတို့ဟာ စကားတပြောပြောနဲ့ ဘုရားစောင်းတန်းမှ ဆင်းလာကြတယ်။ အောင်မြင်ဝိုနဲ့ အောင်ဖြိုးတို့ရဲ့အကြည့်တွေက မြစိမ်းရောင်မင်းသမီးလေးနားမှာ တဝဲလည်လည်။

အောင်မြင်ဝို ခါးမှာချိတ်ထားသည့် Hand Phone ကိုယူ၍ ဖုန်းဖွင့်လိုက်၏။ အောင်မြင်ဝို ဖုန်းဖွင့်လိုက်စဉ်မှာပဲ Phone call တစ်ခု ဝင်လာသည်။

"အောင်မြင်ဝို မင်းဘုရားသွားတယ်ဆိုလို့ ငါလိုက်လာတာ။ မင်းအခု ဘယ်မှာလဲ။ ငါ အခု အနောက်ဘက်မုခ်ကားပါကင်မှာ ရောက်နေပြီ"

ဆိုသော တရင်းစားနှီးရှိလှသည့် လေသံကြီး Hand Phone ထဲမှာ ပေါ်လာ၏။

အောင်မြင်ဝိုကို ဖုန်းခေါ်လာသူမှာ သူငယ်ချင်း ကာကာဇော်။ ကာကာဇော်ဆိုပေမယ့် သူ့ကိုအားလုံးက ကာကာဟုပင် ခေါ်ကြသည်။ သူကလည်း ကာကာဟု ခေါ်တာကို ပိုပြီးသဘောတွေ့၏။

■

"ဟေ့ကောင် ကာကာ၊ ဒီနေ့ရော ဘယ်ကောင်မလေးနဲ့ ချိန်းထားတာရှိသေးလဲ"

ဟု ကောင်မလေးများစွာနှင့် ဇာတ်လမ်းပေါင်းများစွာရှိသည့် ကာကာကို လှမ်းမေးလိုက်၏။

ကာကာက အရပ်(၅)ပေ (၉)လက်မထိရှည်ပြီး အသားဖြူဖြူ၊ အရပ်ရှည်ရှည်နှင့် ကြည့်ကောင်းလွန်းသည်။

ကာကာက အောင်မြိုးအမေးကို

"နဒီလေ၊ သူ့ကို ငါခါချနေပေမယ့် သူက မပြတ်နိုင်သေးဘဲ အတင်းလိုက်ကပ်နေတယ်။ နဒီက သူ့အိမ်ကို ထမင်းစားကြွခဲ့ပါတဲ့ကွာ။ ဘာပဲဖြစ်ဖြစ် ငါကလည်း ချောတဲ့ လှတဲ့ မိန်းကလေးတွေကို အားနာတတ်တဲ့အကျင့်ကလည်း ရှိနေတော့. . . "

ဆိုပြီး စကားပြတ်သွားကာ

"ဒီနေ့ လုပ်ငန်းအတွက်ဆုတောင်းဖို့ ဘုရားလာတာ။ တိုက်တိုက်ဆိုင်ဆိုင်ကွာ။ အောင်မြင်ဖိုကလည်း တနလ်ာနေ့ချည်း ဘုရားတက်လာတယ်"

"ဟေ. . . ဟုတ်လား။ မင်းတို့နှစ်ယောက်က တိုက်ပဲတိုက်ဆိုင်နိုင်လွန်းတယ်"

"ဒါထက် တိုက်ဆိုင်တာရှိသေးတယ်။ မင်းသိရင် အံ့သြမှာ"

"ဘာလဲ"

"သိပ်လှတဲ့ မြစိမ်းရောင်မင်းသမီးလေးကို ငါရော အောင်မြင်ဖိုပါ ပြိုင်တူရင်ခုန်သွားတယ်။ မထူးဆန်းလွန်းဘူးလား"

"ငှဲ့ ရွေမှာ မြစိမ်းရောင်မင်းသမီးလေးကွာ။ ဟာ. . . သိပ်လှတာပဲ။ ဥစ္စာစောင့်မလေးအတိုင်းပဲ"

ကာကာရဲ့ အသက်ရှူမြန်နေသည့် အသံကြီးက ဖုန်းထဲမှာ ဝင်လာသည်။

အခန်း (၃)
စဝိုင်သုံးဦး

အောင်မြင်ဖိုက ကာကာကို–

"ကိုယ်တို့ အနောက်ဘက်စောင်းတန်းကနေ ဆင်းလာနေပြီ။ မင်းစောင့်နေ၊ ဘေးမှာ အောင်ဖြိုးလည်းရှိတယ်။ မင်း ပြောဦးမလား"

လို့ လေသံခပ်တိုးတိုးနဲ့ပဲ ပြောလိုက်တယ်။

ကာကာဆီမှ. . .

"အေး. . . ပြောမယ်ကွာ"

ဆိုတဲ့ အဖြေကြောင့် အောင်မြင်ဖို အောင်ဖြိုးလက်ထဲ Hand Phone ဆည့်ပေးလိုက်ရင်း ပါးစပ်မှလည်း

"ကာကာ ဆက်တာ"

လို့ လေသံကလေးနဲ့ ပြောလိုက်၏။

အောင်ဖြိုးက ကာကာကို . . .

အောင်ဖြိုးက ကာကာကို–

"ငါနဲ့ အောင်မြင်ဗိုလည်း အဲဒီ မြစိမ်းရောင်မင်းသမီးနောက်နား က ပါလာတယ်၊ ငါတို့ မြစိမ်းရောင်မင်းသမီးကို လိုက်ကြည့်နေတာ"

ဟု ခပ်သွက်သွက်ကလေး အလျင်စလိုပြောလိုက်သည်။

ဒီလိုနဲ့ အောင်ဖြိုးနဲ့ အောင်မြင်ဗိုတို့လည်း အနောက်ဘက်မုခ်ရဲ့ ကားပါကင်ကို ရောက်လာသည့်အခါ ကာကာ့ကို တွေ့လိုက်၏။

မြစိမ်းရောင်မင်းသမီးနဲ့ သူ့အစ်ကိုသုံးယောက်တော့ မာစီဒီး ကားအမည်းကြီးနားမှာ။

ကာကာ၊ အောင်ဖြိုးနဲ့ အောင်မြင်ဗိုတို့ သုံးယောက်ကတော့ မြစိမ်းရောင်မင်းသမီးဆီမှာပဲ အကြည့်တွေရောက်နေ၏။

မိန်းကလေးတွေအကြောင်း ကျွမ်းကျွမ်းကျင်ကျင်သိနေသည့် မိန်းကလေးနှင့်ပတ်သက်လျှင် လက်သွက်ခြေသွက်ရှိလှသော ကာကာက

"ငါတို့ အစိမ်းရောင်မင်းသမီးနောက်ကို ကားနဲ့လိုက်ကြရအောင်"

ဟု ဆိုကာ ကာကာက သူ့တီကိုကားပေါ်ကို ဖြတ်ခနဲတက်လိုက် ၏။

အောင်မြင်ဗိုဟာ သူ၏ ပါဂျဲထိုးကား အရှေ့ဘက်မုခ်မှာ ရှိနေ သည်ကို သတိတရရှိသော်လည်း မြစိမ်းရောင်မင်းသမီးကို နှလုံးသားထဲ မှာ စွဲငြိတွယ်တာမြတ်နိုးချစ်ခင်နေမိတာကြောင့် ကာကာဇော့်ကား ရှေ့ ခန်း၊ ကားမောင်းသူဘေးနေရာမှာ ဝင်ထိုင်လိုက်၏။

အောင်ဖြိုးကလည်း ကားနောက်ခန်းထဲသို့ ခပ်သွပ်သွပ်ကလေး ဝင်ထိုင်လိုက်၏။ သူတို့သုံးယောက်လုံး စိတ်လှုပ်ရှားနေကြသည်။ ဂျိန်းစဘွန်း မင်းသားလို စပိုင်ရုပ်ရှင်ထွေထဲကအတိုင်း ကာကာဇော်ကားက မြစိမ်း ရောင်မင်းသမီးလေး ကားနောက်မှ ထပ်ချက်မကွာ။

ကာကာဟာ မိန်းကလေးနဲ့ ပတ်သက်ရင် လက်မနှေး သူပီသ

ပါပေ၏။ မြစိမ်းရောင်မင်းသမီးလေးတို့၏ မာစီဒီးကားနောက်မှနေပြီး ထပ်ချပ်မကွာမောင်းလျက် လိုက်ပါလာခဲ့၏။

ကာကာက ကားမောင်းရင်းနဲ့

"ငါတော့ ဒီတစ်ယောက်ကို ရင်ထဲထိသွားပြီကွာ"

ဟု မြစိမ်းရောင်မင်းသမီးကလေးကို ရည်ရွယ်ပြီး ပြောလိုက်၏။

အောင်မြင်ဗိုက ကာကာကိုကြည့်ပြီး

"ဟာကွာ. . . မင်း ဒီတစ်ယောက်ကိုတော့ ချမ်းသာပေးပါကွာ။ မင်းအတွက် တခြားမိန်းကလေးတွေက ချစ်သူဖြစ်နိုင်ပေမယ့် ကိုယ့် အတွက်ကတော့ မြစိမ်းရောင်မင်းသမီးလေးကလွဲရင် နောက်ထပ်ချစ်ရ မယ့်သူ မရှိနိုင်တော့ဘူး"

တောင်းပန်သံနှင့် အမိန့်ပေးသလို ရောနှေ ပြောလိုက်၏။

"ကိုယ် မြစိမ်းရောင်မင်းသမီးလေးကို မြင်မြင်ချင်းပဲ ပြောမပြ တတ်အောင် ချစ်သွားမိပြီ။ ရှင်းရှင်းပြောရရင် ကိုယ်လည်း အချစ်ဆို တာကို မြစိမ်းရောင်မင်းသမီးကြောင့် နားလည်သွားရတာ။

ဒီလောက်လှပသိမ်မွေ့တဲ့ မိန်းကလေးမျိုး ကိုယ့်တစ်သက်မှာ တစ်ခါမှ မတွေ့ဖူးဘူး။ လှလွန်းလို့ ဥစ္စာစောင့်မလေးလိုလို၊ နတ်သမီးလေး လိုလိုပဲကွာ"

ဟု နှလုံးသားထဲမှလာသည့် ရှိုက်သံသဲ့သဲ့ဖြင့် ပြောလိုက်သည်။ အောင်ဖြိုးကလည်း တကယ့်ကို ခံစားနေရသည်။

"ဟုတ်တယ်၊ မြစိမ်းရောင်မင်းသမီးလေးက ဥစ္စာစောင့်မလေး အတိုင်းလှတယ်ကွာ။ ဒါပေမဲ့ ဘယ်လိုနည်းမှ ဥစ္စာစောင့်တော့ မဖြစ်နိုင် ပါဘူးကွာ။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ်ပေါ့ ကာကာ. . . အောင်မြင်ဗိုပြောသလိုပဲ ဒီတစ်ယောက်ကို ချမ်းသာပေးလိုက်ပါ။ ငါလည်း မြစိမ်းရောင်မင်းသမီးလေး ကို နှလုံးသားထဲကနေပြီး နက်နက်ရှိုင်းရှိုင်းမြတ်နိုးတွယ်တာသွားမိပြီ။

မြစိမ်းရောင်မင်းသမီးလေးရဲ့ မျက်နှာကို မြင်လိုက်ရတာ ငါ့ရင်ထဲအေးသွားတာပဲ။ အဲဒါ အချစ်ဗျ။ ငါရော၊ အောင်မြင့်ဝိုရော အဲဒီအချစ်အတွက် အတူကြိုးတွေ့နေကြတာ။ ငါနဲ့ အောင်မြင့်ဝိုတောင် မြစိမ်းရောင်မင်းသမီးလေးကို ဖြူစင်တဲ့ ယုံကြည်မှုနဲ့ ပြိုင်လုရမယ့်ဟာ မင်းဒီပွဲမှာ ဝင်မပါ.ပါနဲ့တော့''

ဟု သွယ်ဝိုက်မနေဘဲ ဒဲ့ဒိုးပြောချလိုက်၏။ ရင်ထဲမှာလည်း လေးလံမှုကြောင့် ပေါက်ကွဲတော့မလို ခံစားမိ၏။

ကာကာက စုတ်သပ်လိုက်ပြီး-

''ငါလည်း ဒီတစ်ယောက်ကိုမှ တခြားကောင်မလေးနဲ့မတူတဲ့ ထူးဆန်းတဲ့ ရင်ခုန်သံနဲ့ ရင်ခုန်သွားမိတယ်။ အဲဒီရင်ခုန်သံကို သေချာအဖြေထုတ်ကြည့်ရင် အချစ်ဆိုတာပဲ ထွက်တယ်။

ငါလေ မြစိမ်းရောင်မင်းသမီးကို လေးလေးနက်နက်နဲ့ ချစ်မိသွားတာကွ။ မင်းတို့ထင်သလို ပျော်စေပျက်စေသဘောမျိုးနဲ့ ပေါ့ပေါ့ပါးပါး ချစ်တာမျိုး မဟုတ်ဘူး။ မြစိမ်းရောင်မင်းသမီးရဲ့လှပတဲ့ မျက်နှာလေးကို ငါ့နှလုံးသားထဲမှာ မှတ်ပုံတင်ထားလိုက်ပြီးပြီ။

ပြီးတော့ ငါကိုယ်ငါ သိနေတာက တခြားမိန်းကလေးတွေတုန်းကလို သူ့ကို အပြစ်မြင်မှာမဟုတ်ဘူးဆိုတာပဲ။ မြစိမ်းရောင်မင်းသမီးလေးနဲ့သာ ချစ်သူတော်ခွင့်ရမယ်ဆိုရင် သူလေးကို ဘယ်လိုနည်းမျိုးနဲ့မှ ဘယ်လို အကြောင်းကြောင်းနဲ့မှ ချန်ထားခဲ့မှာမဟုတ်ဘူးလို့ မင်းတို့ကို ငါအလေးအနက် ကတိပေးတယ်ကွာ။

မြစိမ်းရောင်မင်းသမီးရဲ့ မျက်လုံးတွေက ရွှန်းလဲ့တောက်ပပြီး ဣန္ဒြေရရလှတယ်ကွာ။ ငါ့တစ်သက်မှာ သူ့လောက်မျက်လုံးလှတဲ့ မိန်းကလေးမျိုးတစ်ခါမှ မကြုံဖူးဘူး။ သူ့အလှက ဣန္ဒြေရှိရှိနဲ့ လှတာမျိုး''

ဟု အချစ်အကြောင်း တဖွဖွနဲ့ပြောတတ်သူပီပီ မြစိမ်းရောင်

မင်းသမီးအပေါ်ထားရှိသည့် သူ၏ချစ်မေတ္တာကို တဖွဖွနဲ့နဲ့ ပြောနေလေ၏။ သည်အတိုင်းဆိုမလွယ်။ သူကလည်း လုံးဝအလျော့ပေးမည့်ပုံမပေါ်။ အောင်မြင့်ဝိုက စိတ်အလိုမကျဟန်ဖြင့် မျက်နှာတစ်ချက် ရှုံ့မဲ့လိုက်ကာ

''ဒါနဲ့ နေပါဦး။ မင်းလက်ရှိတွဲနေတာက ဆရာဝန်မလေးမိုးမြမြ မဟုတ်လား။ မင်းက အမြဲတမ်းဆို တစ်ယောက်ပြီးမှ တစ်ယောက်။ ဒုတ်လမ်းတစ်ပုဒ်ပြီးမှ တစ်ပုဒ်မဟုတ်လား။ ဘာလဲ မင်းက အခု ဆရာဝန်မလေးမိုးမြမြက တစ်ဖက်၊ မြစိမ်းရောင်မင်းသမီးလေးက တစ်ဖက်နဲ့ တစ်ပြိုင်တည်း ငါးရံနှစ်ကောင်ဖမ်းတော့မလို့လား''

ဟု ခပ်ဆတ်ဆတ်လေသံဖြင့် ပွတ်ပွတ်လင်းလင်းမေးလိုက်၏။ ရင်ထဲမှာလည်း အောင့်ကျိန်းကျဉ်တက်သလိုလိုခံစားရတာက မိမိဘာသာသိရသည်။

ကာကာဇော်က မြစိမ်းရောင်မင်းသမီးလေး၏ ကားနောက်မှ ဆပ်ချပ်မကွာလိုက်ပြီး ကားကိုမှန်မှန်မောင်းနေရင်း ပခုံးစုံတွဲကာ စွဲမက်မှယ်ဟန်အပြည့်နဲ့ ဟက်ခနဲရယ်လိုက်၏။ ရှင်းရှင်းပြောရရင် အဲဒီလို ကာကာရဲ့ ဟိတ်ဟန်စတိုင်တွေကိုပဲ ကောင်မလေးတွေက အသည်းစွဲနေကြတာ။

ကာကာက ရယ်ကျဲကျဲမျက်နှာထားဖြင့်

''ငါ အချစ်ရေးမှာကံမကောင်းတတ်တာ မင်းတို့အသိပဲကွာ။ သဲသဲတုန်းကလည်း မြွေကိုက်ပြီး ဆုံးသွားတယ်။ သဲသဲဟာ ငါ့ရဲ့အချစ်ဦးပဲ။ ငါလေ သူ့ကို ပြောမပြတတ်အောင်ချစ်တယ်။ ရှင်းရှင်းပြောရရင် ငါလေ သဲသဲ ဘာလုပ်လုပ် တစ်ခါမှ အဆိုးမမြင်ဖူးဘူး။ သဲသဲဆုံးတော့ ငါသိပ်ခံစားရတာ မင်းတို့အသိပဲ မဟုတ်လား။

သဲသဲနဲ့ သိပ်တူတဲ့ ငါသိပ်ချစ်ရတဲ့၊ ငါ့ကိုလည်း အတိုင်းအဆမဲ့ချစ်တဲ့ ရွှေရည်ကျပြန်တော့လည်း ဆွေးကင်ဆာနဲ့ ဆုံးသွားရတယ်လို့ကွာ။ ငါ့ကို မြားနတ်မောင်က သိပ်ပြီးကျီစားတယ်။ ငါက အသည်းကွဲတဲ့ဝေဒနာ

ကို နာကျင်စွာနဲ့ ကြိတ်မိုတ်ခံစားခဲ့ရတာ။

ငါ့ကို သိပ်ကြေပြနေတဲ့ ကောင်မလေးတွေကိုလည်း ငါလိုပဲ နှလုံးသားဝေဒနာခံစားရမှာ သိပ်စိုးရိမ်တာ။ ဒါကြောင့် ငါမှာ ငါ့ကိုလာကြေပြနေတဲ့ ကောင်မလေးတိုင်းကို ကိုယ်ချင်းစာတရားထားပြီး ပြန်လက်ခံခဲ့တာ။

ငါလေ ငါ့ကို ကြေပြတဲ့ကောင်မလေးတိုင်းကို တကယ်ချစ်ကြည့်ဖို့ ကြိုးစားသေးတယ်။ ဒါပေမဲ့ ခက်တယ်။ ငါ အဲဒီလို ကြိုးစားလေလေ သူတို့တွေရဲ့ မကောင်းတဲ့အချက်ကို မြင်ယောင်လာလေလေပဲကွာ။

ရှင်းရှင်းပြောရရင် မြစိမ်းရောင်မင်းသမီးလေးကို အားလုံးထက် ပိုပြီးတန်ဖိုးထားမှာပါကွာ။

မြစိမ်းရောင်မင်းသမီးလေကို ငါ့ရဲ့အချစ်နတ်သမီးလေးအဖြစ်နဲ့ တမြတ်တနိုးတန်ဖိုးထားမှာပါ။

ပြီးတော့ ငါ့ကို လာကြေပြနေတဲ့ မိန်းကလေးတွေရော၊ ငါရဲ့ လက်ရှိတွဲနေတဲ့ ဆရာဝန်မလေးမိုးမြမြကိုရော၊ နဒီကိုပါ အဆက်ဖြတ်လိုက်ပြီး မြစိမ်းရောင်မင်းသမီးကိုပဲ တမြတ်တနိုးနဲ့ ချစ်ခင်တွယ်တာပါ့မယ်ကွာ''

ဟု စသလို နောက်သလို လေသံဖြင့် ပြောနေပေမယ့်လို့ ကာကာဇော်ဟာ သဲသဲနဲ့ ရွေရည်တို့ ဆုံးပါးသွားခဲ့တာကြောင့် ဖျတ်ဖျတ်လှုပ်ခံစားခဲ့ရတာ အောင်မြင့်ဝိုနဲ့ အောင်ဖြိုးတို့အသိ။

ဟုတ်ပါသည်။ ကာကာဇော်တစ်ယောက် သဲသဲကို တမြတ်တနိုးနဲ့ ယုယချစ်ခင်ပြီး တစ်စက်ကလေးတောင် အပြစ်မြင်ခဲ့တာမဟုတ်။ သဲသဲ ဆုံးပါးသွားတုန်းက ဝမ်းပန်းတနည်းခံစားရတာကို အောင်မြင့်ဝိုနဲ့ အောင်ဖြိုးတို့နှစ်ယောက် စုတ်တသပ်သပ်နဲ့ သနားခဲ့ကြတာပဲ မဟုတ်လား။

ဘာပဲဖြစ်ဖြစ်လေ ကာကာ၏အပြောကောင်းမှုတွေကြောင့် မြစိမ်း

ရောင်မင်းသမီးလေးကို သူ အချစ်စစ်စစ် မေတ္တာစစ်စစ်နဲ့ ချစ်သည်ဆိုတာကိုတော့ အောင်မြင့်ဝိုနဲ့ အောင်ဖြိုးတို့ ယုံကြည်ပေးလိုက်ကြသည်။ သည်အတွက်တော့ဖြင့် စောဒက မတက်ချင်တော့။

''အေးလေကွာ. . . ကာကာရော၊ အောင်မြင့်ဝိုရော၊ ငါပါ မြစိမ်းရောင်မင်းသမီးလေးကိုမှ ထူးထူးဆန်ဆန်း တိုက်တိုက်ဆိုင်ဆိုင်ချစ်မိသွားကြတာတော့ ဘယ်တတ်နိုင်မလဲ။ ပြိုင်ဆိုင်ပြီးတော့ မြစိမ်းရောင်မင်းသမီးလေးရဲ့အချစ်ကို ရယူရမှာပဲ။ ဒါပေမဲ့ မည်စဖို့တော့ လိုတယ်နော်''

အောင်ဖြိုးက မျှမျှတတပဲပြောသည်။ တကယ်တော့ ဘာမှမကြီးကျယ်သော ကိစ္စလေးတစ်ခုအတွက်ဖြင့် ငယ်သူငယ်ချင်း(၃)ယောက် သွေးမကွဲချင်ကြ။

တည်ကြည်ပြီး ယောကျ်ားပီသသည့် အောင်မြင့်ဝိုက သည်လိုပြောလိုက်၏။

''ဟုတ်တယ်. . . ကိုယ့်နည်း ကိုယ့်ဟန်နဲ့ မြစိမ်းရောင်မင်းသမီးလေးရဲ့အချစ်ကို ရယူတဲ့နေရာမှာ ဖြူစင်ဖို့တော့လိုတယ်။ ကိုယ်တို့ ရှင်းသန့်ဘဲ ပြိုင်ဆိုင်မှုနဲ့ မြစိမ်းရောင်မင်းသမီးလေးရဲ့ အချစ်ကို ရယူကြတာပေါ့''

ပွဲကတော့ ကြည့်ကောင်းမှာသေချာသည်။

ကာကာ့ ကားလေး မြစိမ်းရောင်မင်းသမီးလေး၏ ကားနောက်မှ လိုက်ပါလာရာ အောင်မြင့်ဝိုတို့ နေထိုင်သည့် ဆိတ်ငြိမ်ရပ်ကွက်အတွင်းရှိ အောင်မြင့်ဝိုတို့လမ်းထဲသို့ပင် ရောက်လာ၏။ ကာကာ ကားမောင်းနေရာမှ

''အောင်မြင့်ဝို မြစိမ်းရောင်မင်းသမီးလေးက မင်းတို့လမ်းထဲကနဲ့ ဘူးတယ်''

ဟု ပုံမှန်လေသံဖြင့် တစ်ချက်ပြောလိုက်၏။ သူတို့သုံးယောက် အသက်တောင်မရှူရဲ။

ကာကာ ကားကို မြစိမ်းရောင်မင်းသမီးလေး၏ ကားနောက်မှ

မသိမသာဆက်မောင်းလေရာ အောင်မြင့်ဗိုတို့ ခြံရှေ့အရောက်မှ မြစိမ်းရောင်မင်းသမီးလေး၏မာစီဒီးကား တုန့်ခနဲဖြစ်သွား၏။ ဘုရားရေ။ အောင်မြင့်ဗိုတို့အိမ်ကို သူမတို့ သွားမလား။ ရင်ထဲမှာ ဒုတိယအကြိမ် ဒိုင်းခနဲ မြည်ဟီးသွား၏။ ကာကာဇော် ကားကို ဘရိတ်အုပ်လိုက်၏။ ရှေ့မှ မာစီဒီးကား ရုတ်တရက် ချက်ချင်းလိုလို ပြန်မောင်းသွား၏။ ကားဘေးမှ ထွက်လာသည့် ခွေးတစ်ကောင်ကြောင့် 'ဩော်. . . ခွေးကို တိုက်မည်စိုး၍ ကား ရပ်ပေးခြင်းပါလား'ဟု သိလိုက်ရ၏။ မိမိဦးကို လွန်လျှင် တစ်ဦကျော်ရှိ ထည်ဝါခန့်ညားလှသော ခြံဝန်းထဲသို့ ချီးဝင်သွား၏။

အောင်ဖြိုးက အောင်မြင့်ဗိုကို တစ်ချက်ကြည့်ပြီး

"မြစိမ်းရောင်မင်းသမီးလေး မင်းခြံရဲ့ နှစ်ခြံကျော်မှာနေတာ စောစောက ပြောရောပေါ့"

ဟု မကျေမနပ်သံဖြင့် ပြောသည်။

ကာကာကလည်း အောင်မြင့်ဗိုကို မကြည့်ကြည့်နဲ့ ကြည့်ပြီး

"ဒီလောက်ချောတဲ့ မိန်းကလေး မင်းနဲ့နှစ်ခြံကျော်မှာရှိတာ လျှိုထားတယ်ပေါ့. . . ဟုတ်လား အောင်မြင့်ဗို"

ဟု ဘုဆတ်ဆတ် ပြော၏။

အောင်မြင့်ဗိုက နှုတ်ခမ်းကို ဖိကိုက်လိုက်ပြီး–

"လျှို့ဝှက်ထားတာ မဟုတ်ရပါဘူးကွာ၊ ကိုယ်တို့ နှစ်ခြံကျော်မှာ အိမ်ပြောင်းလာတာတော့ သိတယ်။ ဒါပေမဲ့ မြစိမ်းရောင်မင်းသမီးလေး ပြောင်းလာမှန်း မသိရှိးအမှန်ပါကွာ။

ဩော်. . . ဒါကြောင့် မြစိမ်းရောင်မင်းသမီးလေးနားက အစ်ကို သုံးယောက်ကို မြင်ဖူးပါတယ်လို့ ထင်နေတာ။ ခုမှပဲ ရှင်းသွားပြီ"

ဟု ဟက်ဟက်ပက်ပက်ရယ်ရင်း ပြောလိုက်၏။

ကာကာဇော်က အောင်မြင့်ဗို၏ ပခုံးကို လက်သီးနဲ့ ခပ်ဖွဖွ

ကလေးတစ်ချက်ထိုးလိုက်ကာ

"မင်းကလည်းကွာ။ ငါဆို ငါတို့ Tower ထဲက ဘယ်အခန်းမှာ ကောင်မလေးချောချော ဘယ်နှစ်ယောက်ရှိတယ်ဆိုတာကို အတိအကျသိတယ်ကွ"

ဟု အားမလို အားမရဟန်ဖြင့် ပြောလိုက်သည်။

ကားကို ဘုရားသို့ ပြန်မောင်း၏။ အောင်မြင့်ဗို ကားရပ်ထားသည့် အရှေ့ဘက်မုခ်သို့ အရောက်။

"ရုံးခန်းမှာ (၁၀)နာရီ ငါတို့ ပြန်ဆုံကြတာပေါ့"

"အေး. . . ကောင်းပြီ"

အောင်မြင့်ဗိုကို ချထားခဲ့ပြီး ကားကို အရှိန်ပြင်းပြင်းနဲ့ မောင်းသွက်သွားသည်။ အောင်ဖြိုး ငြိမ်သက်စွာပါသွားသည်။ ကာကာဇော်က အောင်ဖြိုးကို စကားပြောလျှက်ပါသွားသည်။

အောင်မြင့်ဗို ကားတံခါးကို လှမ်းဖွင့်ဖို့ ဟန်ပြင်လိုက်စဉ်မှာ သူထူးခြားခြား ငှက်တစ်ကောင် တေးဖွဲ့သီဆိုနေသံကို သာယာငြိမ့်ညောင်းစွာ ကြားလိုက်ရသည်။ တကယ့်ကို အဆန်းတကြယ် ဖြစ်ရပ်ကလေးပါ။ အောင်မြင့်ဗို၏ ဘဝသက်တမ်းတစ်လျှောက်လုံး ငှက်တစ်ကောင်၏ တေးဖွဲ့သီဆိုဟန်ကို မကြားစဖူး။

■

အခန်း (၄)
အတွေးယဲ့ယဲ့

အောင်မြင်ဗိုသည် ဘုရားမှာ မြင်ခဲ့သည့် မြစိမ်းရောင်မင်းသမီး ကလေးရဲ့ မျက်နှာလှလှ ဖွေးဖွေးသန့်သန့်ကလေးကို ပြန်မြင်ရင်း ကြည်နူးစိတ်ကလေးဖြစ်နေမိသည်။

ကြည်နူးပီတိစိတ်ကလေးနဲ့အတူ ထမင်းဝိုင်းမှာ ဝင်ထိုင်လိုက်သည်။ အောင်မြင်ဗို၏ မေမေက အောင်မြင်ဗိုရဲ့ဘေးမှာ ထိုင်လျက်

အောင်မြင်ဗိုရဲ့ မေမေက ပြုံးနေတဲ့ မျက်နှာထားနဲ့

''သားအတွက် breakfastပေါင်မုန့်ကြက်ဥကြော်နဲ့ နို့။ သားက လုပ်ငန်းကြီးကြီးလုပ်နေရတော့ အစားများများစားဖို့ လိုတယ်။ ဒါမှ အားရှိပြီး အကြံကောင်းဥာဏ်ကောင်းတွေ ထွက်မှာ''

သားကို သိပ်ချစ်သည့် မိခင်ဖြစ်၏။ ဒေါ်ခင်နှင်းဆီ၏ လေသံမှာ နွေးထွေးမှုအပြည့်ပျော်ဝင်နေသည်။

အောင်မြင်ဗိုရဲ့ မေမေ ဒေါ်ခင်နှင်းဆီသည် အောင်မြင်ဗိုကို ငံထားမတတ်ကို ချစ်သည်။ ဖတဆိုးသားကလေးအဖြစ် ကြီးပြင်းလာရတဲ့ အောင်မြင်ဗိုကို ဒေါ်ခင်နှင်းဆီက အဖေလိုတစ်မျိုး၊ အမေလိုတစ်မျိုး ချစ်ခင်ယုယခဲ့တာ။ အောင်မြင်ဗိုကလည်း သူ့ရဲ့ ဖေဖေကြီး၊ မေမေကြီးနဲ့ မေမေ့ကို လေးစားချစ်ခင်ပြီး တွယ်တာခဲ့သည်။

မေမေကြီး အငြိမ်းစားကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်နဲ့ မေမေ အထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်နှင်းဆီတို့သည် အောင်မြင်ဗိုကို စည်းကမ်းကောင်းတွေနဲ့ သွန်သင်ဆုံးမခဲ့တာကြောင့် အောင်မြင်ဗို ယခုကဲ့သို့ အောင်မြင်မှုရရှိခဲ့ခြင်းပါ။ မေမေကြီးနှင့် မေမေတို့နှစ်ဦး အောင်မြင်ဗိုကို မူးယစ်ဆေးဝါးလုံးဝမသုံးစွဲရန် ပိတ်ပင်တားစည်းဆုံးမသည်။ ဆေးလိပ်သောက်ခွင့်မပြု။ အထူးသဖြင့် အရက်လုံးဝမသောက်ရ။ အရက်သောက်သူနှင့် မပေါင်းရဟု ပြင်းပြင်းထန်ထန်တားမြစ်၏။

အောင်မြင်ဗို၏ ဖေဖေကြီးက ဆွေစဉ်မျိုးဆက်ချမ်းသာကြွယ်ဝလာသော သူဌေးတစ်ဦးဖြစ်သည့်အပြင် စီးပွားရေးအကွက်မြင်ပြီး စီးပွားဥစ္စာအရှာအဖွေကောင်းသူလည်းဖြစ်သည်။ ဖေဖေကြီးက စီးပွားရေးအမြင်တွေကို အောင်မြင်ဗို သဘောပေါက်နားလည်အောင် သင်ကြားပြသပေးခဲ့၏။ ဖေဖေကြီး၏ မြေးပီသစွာ အောင်မြင်ဗိုလည်း ဖေဖေကြီးခြေရာကို နင်းမည့် စီးပွားရေး အမြင်ကျယ်သော လူငယ်တစ်ဦး။ သူ့ ဖေဖေကြီး ဆုံးသွားပြီးသည့်နောက် အောင်မြင်ဗို ဘွဲ့ရပြီးသည့်နောက်မှာ အောင်မြင်ဗို အောင်ဖြိုးနဲ့ ကာကာတို့ သုံးယောက်အားနဲ့ လုပ်ကိုင်သည့် အလူမီနီယံလုပ်ငန်းသည် အောင်မြင်မှုရရှိလာခဲ့သည်။

အောင်မြင်ဗိုနဲ့ ကာကာဇော် ငွေအားရော၊ လူအားရော တတ်နိုင်သူများဖြစ်သောကြောင့် ငွေရော၊ လူပါလုပ်ငန်းထဲမှာပါဝင်ပြီး အောင်ဖြိုး

ကတော့ ငွေကြေးအင်အားချို့တဲ့တာကြောင့် လူအားသာပါသည်။

အောင်ဖြိုးနှင့် ကာကာဇော်က အလုပ်အပ်နှံသောနေရာ အရောက်သွားရောက်ပြင်ဆင်မှမိမ်းမံသလို အောင်မြင်ဗိုက ရုံးထိုင်၏။ အောင်မြင်ဗိုတို့ လုပ်ငန်းအရှိန်အဟုန်မြင့်မားစွာဖြင့် ထိုးဖောက်အောင်မြင်လာသောအခါ အောင်မြင်ဗိုပါ အလုပ်အပ်နှံသော နေရာအရောက် (out door) ထွက်ရမည့် အခြေအနေဖြစ်လာ၏။ ဒါကြောင့် ရုံးထိုင်မည့် ယုံကြည်စိတ်ချရသော Office staff ခန့်ဖို့ စီစဉ်ခြင်းပါ။ အောင်ဖြိုးက လူအားသာ ပါဝင်သူဖြစ်တာကြောင့် ဘယ်တော့မှ တွက်ကပ်မနေဘဲ လုပ်အားကို ပြည့်ပြည့်ဝဝ စိုက်ထုတ်၏။ အောင်ဖြိုးက လုပ်ငန်းမှာ ညအိပ်ညနေ အပင်ပန်းခံကာ အလုပ်လုပ်ပေးခြင်း၊ ခရီးရှည်သွားလာမှုများ၊ လုပ်ကိုင်ပေးခြင်းတို့ကို ဇွဲမာန်အပြည့်နဲ့ လုပ်ကိုင်ပေးသည်။

ဘာပဲပြောပြော အောင်မြင်ဗို၊ အောင်ဖြိုးနဲ့ ကာကာဇော်တို့ သူငယ်ချင်းသုံးယောက်လုပ်ကိုင်သည် AKA အိမ်အလှဆင်ခြင်းနှင့် အလူမိနီယံလုပ်ငန်းသည် အောင်မြင်သည့် လုပ်ငန်းတစ်ခုဆိုလျှင်မမှား။

ထမင်းစားဝိုင်းမှာ ထိုင်ရင်း လုပ်ငန်းအကြောင်းကို စိတ်ရောက်နေမိ၏။ ဒီနေ့လည်း လုပ်ငန်းအတွက် Office staff ရွေးချယ်မယ့် interview ရှိသည်။ လုပ်ငန်းမှာ ယုံကြည်စိတ်ချရသော အတွင်းရေးမှူး မရှိလို့ကလည်း မဖြစ်။

ဘာလို့လဲဆိုရင် အောင်ဖြိုးနဲ့ ကာကာလုပ်ငန်းအတွက် Out door ထွက်သည့်အခါ အောင်မြင်ဗို လုပ်ငန်းမှာ မရှိမဖြစ်နေခဲ့ပေးနေရသည်။ တကယ်လို့ ယုံကြည်စိတ်ချရသော Office staff ရှိပါက အောင်မြင်ဗို၊ အောင်ဖြိုးနဲ့ ကာကာတို့သုံးယောက်လုံး လုပ်ငန်းအတွက် Out door ထွက်နိုင်မည်။ သုံးယောက်လုံး ဆောက်လုပ်ရေး construction များအထိ Out door ထွက်နိုင်ပါမှလည်း လုပ်ငန်းပိုပြီး တွင်ကျယ်မှာ မဟုတ်ပါလား။

အောင်မြင်ဗို၊ အောင်ဖြိုးနဲ့ ကာကာတို့လုပ်ငန်းမှာ ယုံကြည်စိတ်ချရတဲ့ Office staff ခန့်ရန် တိုင်ပင်ကြစဉ်တုန်းက

"ကိုယ်တို့ လုပ်ငန်းတိုးတက်အောင်မြင်ဖို့ Office staff ခန့်တဲ့နေရာမှာ တော်ရုံတန်ရုံလောက်တော့ မဖြစ်ဘူး။ သိပ်ပြီး ထက်မြက်သွက်လက်တဲ့ မိန်းကလေးဖြစ်ရမယ်။ ကွန်ပျူတာ အင်တာနက်ပညာကိုလည်း ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်ရမယ်။ အင်္ဂလိပ်စာ၊ တရုတ်စာ အရေးအဖတ် အပြော ကျွမ်းကျင်ရမယ်။ စာရင်းဇယားလည်း နားလည်ရမယ်။ L.C.C.I ဖြစ်ဖြစ်၊ MBA ဖြစ်ဖြစ်၊ B.Com ဖြစ်ဖြစ် တစ်ခုခုတက်ထားရမယ်။ နောက်ပြီး ကိုယ်တို့ မှန်နဲ့ အလူမိနီယံလုပ်ငန်းတိုးတက်အောင်မြင်ဖို့ အကြံဉာဏ်ကောင်းတွေပေးနိုင်တဲ့သူဖြစ်ရမယ်"

ဟု အောင်မြင်ဗိုက ထက်ထက်သန်သန်ပြောဆိုခဲ့သည်။ ဒီတော့ ကာကာဇော်က

"ထက်မြက်ပြီး လုပ်ငန်းကျွမ်းကျင်ရုံနဲ့ မပြီးသေးဘူး အောင်မြင်ဗို့။ ရုပ်ကလေးလှဖို့ ချောဖို့လည်း လိုသေးတယ်။ ဒါမှ ချောချောလှလှ ဒိန်းကလေးရဲ့ မျက်နှာကိုကြည့်ပြီး အလုပ်ကိုကောင်းကောင်းလုပ်ရမှာ။

ထက်လည်း ထက်မြက်ပါရဲ့၊ လုပ်ငန်းလည်း ကျွမ်းကျင်ပါရဲ့၊ အသားမည်းမည်း၊ သွားခေါခေါနဲ့ဆိုရင်တော့ သွားပြီ။

အသားအရည်လှလှ၊ မျက်နှာပေါက်လှလှ၊ အရပ်ရှည်ရှည်နဲ့ သိပ်ချော သိပ်လှတဲ့ မိန်းကလေးမျိုးပဲ Office staff ခန့်ရမှာ။

တတ်နိုင်ရင် ငါ လက်ထပ်မယ်ဆိုရင်တောင် သင့်တော်တဲ့ ရုပ်ကာရိုတဲ့ မိန်းကလေးမျိုးပဲဖြစ်သင့်တယ်"

ဟု ကာကာတစ်ယောက် အာပေါင်အာရင်းသန်သန် ပြောခဲ့သည်။ ကာကာဇော် ရည်းစားများသလို ထားသမျှ ရည်းစားတွေကိုလည်း အကြောင်းအမျိုးမျိုးရှာပြီး ဖြတ်ခဲ့သူ။ အောင်မြင်ဗို ကာကာဇော့် အကြောင်း

တွေးရင်း နူတ်ခမ်းကို ဖိကိုက်လိုက်၏။

''သား နွားနို့သောက်ရင်း ဘာတွေတွေးနေတာလဲ''

သားမျက်နှာကို အရိပ်လိုကြည့်နေသော ဒေါ်ခင်နှင်းဆီက အောင်မြင့်ဗိုကို နွေးထွေးကြင်နာစွာ မေးလိုက်။

အောင်မြင့်ဗိုက ခပ်ပြုံးပြုံးမျက်နှာထားနဲ့

''ဟိုကောင် ကာကာ့အကြောင်း တွေးမိလို့ ပြုံးတာ မေမေ''

ဟု ပုံမှန်လေသံနဲ့ ဖြေသည်။

အောင်မြင့်ဗို့ မေမေ ဒေါ်ခင်နှင်းဆီက အောင်မြင့်ဗိုကို နွေးထွေးတဲ့ မေတ္တာတွေ ပေါ်ဝင်နေသော မျက်ဝန်းနဲ့ကြည့်ပြီး

''သားလည်း အိမ်ထောင်ပြုသင့်တဲ့ အရွယ်ရောက်နေပြီနော်၊ သားက လုပ်ငန်းတွေ သိပ်အောင်မြင်နေတာ သမီးရှင်တွေကြားမှာ မေမေ သိပ်ပြီးမျက်နှာပွင့်နေတာ သားလေးရဲ့။ သားရော ချစ်ရမယ့်သူ တွေ့နေပြီလား။ မေမေက သားအတွက် ချစ်သူရှာပေးဖို့ လိုသေးလား''

ဟု ကြင်နာစွာမေးလာ၏။

အောင်မြင့်ဗိုက တစ်ချက်ပြုံးလိုက်ပြီး. . .

''သား မကြာခင်မှာ မေမေ့ချွေးမလောင်းကို ခေါ်လာခဲ့မယ်''

ဟု ဆိုလိုက်သည့်အခါ အောင်မြင့်ဗို့မေမေသည် မျက်ခုံးနှစ်ဖက်မြင့်တက်သွားပြီး

''ဟေ''

ဟု ရေရွတ်လိုက်သည်။ အောင်မြင့်ဗိုဟာ မိန်းမကိစ္စ သိပ်ကို ကင်းရှင်းခဲ့တာ မဟုတ်လား။ ခုတော့ ချွေးမလောင်းတွေ့ထားပြီဆိုတော့ကာ ဒေါ်ခင်နှင်းဆီ အံ့သြသွားပေမယ်ပေါ့။

သူ့သား အောင်မြင့်ဗို၏စကားဆန်းကြောင့် ဝမ်းသာလုံးဆိုပြီး ဒေါ်မြင့်မြင့်ရှိရာ ဧည့်ခန်းထဲကို သွားပြီး. . .

''မေမေရေ. . . မေမေ့မြေးမှာ ချစ်ရမယ့်သူ ရှိနေပြီတဲ့။ ချွေးမလောင်းကို မကြာခင် အိမ်ခေါ်ခဲ့မယ်တဲ့လေ''

ဟု ဝမ်းသာအားရ သွားပြောသည်။

ဒေါ်မြင့်မြင့်ဟာ အသက်(၇၅)နှစ်အရွယ် အဘွားကြီးတစ်ယောက်ဆိုပေမယ့်လို့ သူ့သမီး ခင်နှင်းဆီနဲ့ ညီအစ်မလို ထင်မှတ်လောက်အောင် ချစ်နှံးမာပြီး လှပနုပျိုသူပါ။

ဒေါ်မြင့်မြင့်ဟာ ရွှေရောင်မျက်မှန်ကြီးတဝင်းဝင်းနဲ့ စာဖတ်နေရာမှ ဒေါ်ခင်နှင်းဆီကိုမော့ကြည့်ပြီး

''ဟေ. . . ဟုတ်လား၊ လုပ်ငန်းအကြောင်းကလွဲပြီး ဘာကိုမှ စိတ်မဝင်စားတဲ့ ငါ့မြေးက မိန်းကလေးအကြောင်း ပြောလာပြီပေါ့။

အင်း. . . ငါ့မြေး သဘောကျတဲ့ မိန်းကလေးဟာ တော်ရုံတော့ မဖြစ်နိုင်ဘူး။ ထူးခြားတဲ့ မိန်းကလေးပဲဖြစ်ရမယ်။

ဩော်. . . ဒါကြောင့် မေမေ့ တယ်လီပသီဖန်းလုံးထဲမှာ အောင်မြင်ဗိုနဲ့အတူ မိန်းမလှလေးတစ်ယောက်ကိုတွဲတွဲပြီး တွေ့နေတာကိုး''

ဟု ခပ်အေးအေးအသံနဲ့ ပြောသည်။

ဒေါ်ခင်နှင်းဆီက ပြုံးတုန့်တုန့်မျက်နှာထားကလေးဖြင့်

''သမီးကတော့ သားလေးအောင်မြင်ဗိုကို သင့်တော်တဲ့အိမ်ထောင်ဘက်နဲ့ တွေ့စေချင်တာပဲ။ မှားယွင်းတဲ့ အိမ်ထောင်ဘက်ကို တွေ့မှာ သိပ်စိုးရိမ်တာပဲ မေမေ။ သူ့အသက်လည်း အိမ်ထောင်ပြုသင့်တဲ့အရွယ်ရောက်နေပြီလေ။ အိမ်ထောင်ဘက်အရွေးမှားခဲ့ရင် တစ်သက်လုံး တမြွေမြွေခံစားနေရတာမျိုး မဟုတ်လား''

ဟု လေးနက်သော အဓိပ္ပာယ်တွေပါသည့် လေသံဖြင့် ပြောသည်။

ဒေါ်မြင့်မြင့်ကတော့ သူ့သမီးပြောသမျှကို ပြုံးပြုံးကြီးဖြင့်

ခေါင်းတညိတ်ညိတ်နဲ့ စိတ်ဝင်တစား နားထောင်၏။

မေမေကြီးဒေါ်မြင့်မြင့်နှင့် စကားပြောပြီး ဒေါ်ခင်နှင်းဆီတစ်ယောက် ကျောင်းသွားဖို့ ပြင်ဆင်သည်။ မနက်(၉)နာရီတက်သောကျောင်းမို့ (၈)နာရီခွဲတွင် ဒေါ်ခင်နှင်းဆီကျောင်းရောက်ချင်နေပြီ။ ကျောင်းမှ ဆရာ၊ ဆရာမများကို နားလည်စာနာမှုရှိပြီး ကျောင်းသား။ ကျောင်းသူများ အပေါ်လည်း ရင်ဝယ်သားလို စောင့်ရှောက်ဆုံးမတာကြောင့် ဒေါ်ခင်နှင်းဆီကို လူချစ်လူခင်များလှပေသည်။

■

အခန်း (၅)
မှော်ဖန်လုံး၏ လျှို့ဝှက်ချက်

အောင်မြင့်ဝို အလုပ်သွားဖို့အတွက် ပြင်ဆင်ရင်း ဒီနေ့လာမယ့် အင်တာဗျူးမိန်းကလေးအကြောင်းတွေးကာ စိတ်လှုပ်ရှားသွားမိတာ အမှန်။ နှပ်ရှင်၊ ဝတ္ထုတွေထဲကလိုမျိုး သူသိပ်သဘောကျနေသည့် မြတ်နိုးတွယ်တာနေသည့် မြစိမ်းရောင်မင်းသမီးလေးများ သူ အတွင်းရေးမှူးနေရာကို လာလျှောက်တာမျိုးဖြစ်နေမလား။ အောင်မြင့်ဝိုသည် သူ၏အတွင်းရေးမှူးနေရာကို ဘယ်လိုမိန်းကလေးများ လာလျှောက်မလဲဟု စဉ်းစားသိချင်မိပြန်သည်။

ဒါကြောင့် အောင်မြင့်ဝို ဂန္ဒီရမျက်လုံးမှော်ဖန်လုံးကို အာရုံယူပြီး ကြည့်လိုက်မိသည်။

တွေ့ရပါပြီ။ ဖန်လုံးထဲမှာ သိပ်ကို ချောမောလှပသည့် မိန်းမချောလေး။ ပိုပြီး တိတိကျကျပြောရရင် မြစိမ်းရောင်မင်းသမီးလေး။ မြစိမ်း

ရောင်မင်းသမီးလေးသည် မနက်က ဘုရားမှာတွေ့ခဲ့သည့်ပုံမျိုးတော့ မဟုတ်တော့။ ဒီဇိုင်းပြောင်းသွားသည်။ မိမိစိတ်ကူးအာရုံမှာ စွဲလမ်းနေသည့် ထိုမိန်းကလေးကား ယနေ့ အင်တာဗျူးလာမည့် မိန်းကလေးလား။

မိန်းမချောလေးရဲ့ ဘေးတိုက်အနေအထားကိုပဲ မြင်ရလေ၏။ မိန်းမချောလေး စကက်အနက်ကလေးကို ဒူးခေါင်းဖုံးရုံ ဝတ်ဆင်ထားသလို ချောကလက်ရောင် ခပ်ရှင်းရှင်းအင်္ကျီလေးကို ခါးပတ်သေးသေးလေးပတ်ကာ လိုက်ဖက်ညီညီဝတ်ဆင်ထား၏။ ပြီးတော့ အဖြူရောင် သားရေအိတ်ကလေးကိုလည်း ဟန်ကျပန်ကျကိုင်ထားသေးသည်။ ယနေ့ အင်တာဗျူးလာမည့် မိန်းကလေးသည် မိမိချစ်ခင်နှစ်သက်သည့် မြစိမ်းရောင်မင်းသမီးလေးအမှန်ဖြစ်နေမည်လား။

မြစိမ်းရောင်မင်းသမီးလေး၏ အဝတ်အစားကိုတော့ ကောင်းကောင်းမြင်ရပေမယ့် မျက်နှာကိုတော့ သေသေချာချာ သဲသဲကွဲကွဲမမြင်ရ။ မဝိမသ ဝိုးတဝါးသာမြင်နေရ၏။ မိမိချစ်ခင်နှစ်သက်နေသည့် မိန်းကလေးဆိုလျှင် ထိုမိန်းကလေးသည် မိမိ၏ ဖူးစာဖက်အမှန်လား။ သိလိုစိတ်က ပို ပြင်းပြလာ၏။ ခက်ပြီ။ မြစိမ်းရောင်မင်းသမီးလေး၏ ဖူးစာဖက်မှာ သူဖြစ်,မဖြစ် အာရုံယူကြည့်သည့်အခါမှာတော့ မြစိမ်းရောင်မင်းသမီးလေးဘေးမှာ အောင်ဖြိုး၏ပြုံးဖြီးဖြီးမျက်နှာကြီးကို ယှဉ်ပြီးတွေ့လိုက်ရ၏။ စိတ်ရှုပ်ထွေးစွာ အံ့သြသွားရသည်။ မြစိမ်းရောင်မင်းသမီးလေး၏ ဖူးစာဖက်ကြောင်ဖော်မှာ အောင်ဖြိုးဆိုတာတွေ့လိုက်ရသောကြောင့် အကြီးအကျယ် စိတ်ညစ်သွားပြီး မျက်နှာကြီးရှုံ့မဲ့သွားလျက်–

"ဟာကွာ"

ဟု မကျေမနပ်စိတ်ပုတ်သည့်လေသံကြီးနှင့် ရေရွတ်လိုက်၏။

တယ်လီပသီပညာရပ်၏သဘောမှာ စိတ်ကောင်း စိတ်မြတ်ရှိမှ အာရုံယူ၍ကြည့်လို့ရသော ပညာရပ်မျိုးဖြစ်၏။ အောင်မြင်ဝိဟာ စိတ်ပုတ်

ဘစ်ခုဝင်သွားသောကြောင့် တယ်လီပသီဖန်လုံးပေါ်မှ ရုပ်လွှာများ ဖြတ်ခနဲ ပျောက်ကွယ်သွားသည်။

■

အခန်း (၆)
မျော်လင့်တသသ

အောင်မြင့်ဗိုတစ်ယောက် အတွင်းရေးမှူးရွေးချယ်ဖို့ရန်အတွက် လှည်းတန်းရှိ AKA အလုပ်ခန်းကို အချိန်မီရောက်ရှိနေသည်။ အောင်ဗြိုးနဲ့ ကာကာတို့နှစ်ယောက်လည်း ဆောက်လုပ်ရေး Construction ဆီကို Out door ထွက်သည့်ကိစ္စကို အတွက် ခေတ္တရပ်ဆိုင်းထားလိုက်သည်။

"ဆရာ. . . အလုပ်လျှောက်မယ့် မိန်းကလေးတွေရောက်နေပြီ"

ဟု အောင်မြင့်ဗို၏တပည့် မောင်တိုးက အောင်မြင့်ဗိုကို ရှိရှိသေသေဖြင့် သတင်းလာပို့သည်။

အောင်မြင့်ဗိုက ခန့်ညားတည်ကြည်စွာနဲ့. . .

"အေး. . . လွှတ်လိုက်ကွာ"

ဟု ပြောလိုက်သည်။

အလုပ်လာလျှောက်သည့် ပထမဆုံးမိန်းကလေးက သိပ်ကို လှပချောမောသည်။ ဒါပေမဲ့ သူ့အလှက ကလက်သည့်အလှ။ အလုပ်လာလျှောက်သည့် မိန်းကလေးနဲ့မတူအောင်ပင် အပျိုစားပြင်ဆင်ထား၏။

ပထမဆုံးဝင်လာသည့် မိန်းကလေးကို မြင်ရတာနဲ့တင် မျက်စိထဲနောက်သွား၏။ အောင်မြင့်ဗိုက မိန်းကလေးကို ပညာရပ်ဆိုင်ရာ မေးခွန်းများမေးတော့လည်း အိုးနင်းခွက်နင်းဖြေလေသည်။

ခန့်မှန်းလစာမေးပြန်တော့လည်း မိန်းကလေး၏ဖြေပုံက

"ယုဒါက အသုံးအစွဲကြီးတယ်လေ။ ဒယ်ဒီနဲ့ မာမီကလည်း ယုဒါကို သိပ်ပြီးအလိုလိုက်တာဆိုတော့ ယုဒါက ပိုက်ဆံများများသုံးခဲ့ဘာလေ။ ဟင်း. . . ဟင်း"

ဟု ဆိုကာ သူမလိုချင်သော လစာကို ပြောချလိုက်သည့်အခါ အောင်မြင့်ဗို၊ အောင်ဗြိုးနှင့် ကာကာတို့ သုံးယောက်လုံး သိသိသာသာပင် မျက်နှာကြီးရဲ့တွသွားကြသည်။

အောင်မြင့်ဗိုတို့ အလူမီနီယမ်လုပ်ငန်း၏ ကုန်ပစ္စည်းများကို ဘစ်ခါတစ်ရံ တရုတ်ပြည်အထိ သွားဝယ်ရတတ်သည်။ လုပ်ငန်းမှာသုံးသည့် တချို့ပစ္စည်းတွေကလည်း တရုတ်ပစ္စည်းတွေဖြစ်သည်။ ဒါကြောင့် အောင်မြင့်ဗိုတို့ အခုခန့်မည့် Office staff ရာထူးကို ထမ်းဆောင်မည့်သူသည် တရုတ်စာပေအသိပညာရှိလျှင် ပိုကောင်းမည်ဖြစ်သည်။

ဒါကြောင့် ထိုအိုးနင်းခွက်နင်းနိုင်ပြီး လောဘအိုးမိန်းကလေးကို တရုတ်ဘာသာစစ်ဆေးမှုပြုပြုန်တော့လည်း

"အခု ဘယ်နှစ်နာရီထိုးပြီလဲ"

ဟု အောင်မြင့်ဗိုက မေးသည်ကို

"ကျွန်မ မြန်မာနိုင်ငံသားပါ" တဲ့လေ။ ကောင်းရောဗျာ။

အောင်မြင့်ဗို၊ အောင်ဗြိုးနှင့် ကာကာတော်လည်း ထိုမိန်းကလေးကို အတော်ကြီးပင်စိတ်ပျက်သွားမိတာကြောင့် ဘာတစ်ခွန်းမှဆက်မမေးတော့။

နောက်တစ်ယောက်ကျပြန်တော့လည်း ဝတ်ပုံစားပုံရော ဘာမှ ကိုပြောစရာမလိုဘူး။ ပညာရပ်ဆိုင်ရာမေးခွန်းတွေကိုလည်း ကောင်းကောင်းမွန်မွန်ဖြေဆိုနိုင်သည်။

နောက်ဆုံး အောင်မြင်ဝိုက တည်ကြည်ပြတ်သားသော မျက်နှာထားဖြင့်

"ကိုယ့်လုပ်ငန်းအတွက် ဘာအကြံဉာဏ်များပေးချင်သေးသလဲ"

ဟု မေးလိုက်သည့်အခါ ထိုမိန်းကလေးက

"သည်မှန်နှင့်အလူမီနီယံလုပ်ငန်းက အားနည်းချက်တွေ အများကြီးရှိနေသေးတယ်"

ဟု အစချီကာ သူတို့လုပ်ငန်းကို ပြစ်ပြစ်နှစ်နှစ်ဝေဖန်လိုက်သည်မှာ သူတို့အားလုံးဦးချင်စိတ်ပေါက်သွား၏။ တစ်ဖက်သတ်အဆိုးမြင်တတ်သူ။

သည်လောက် အပြစ်မြင်တတ်သောမိန်းကလေးကိုတော့ သူတို့လုပ်ငန်းမှာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပါ။ သည်လိုနှင့် အမျိုးသမီး(၁၅)ဦးခန့်ကို အင်တာဗျူးပြီးဖြစ်သွားခဲ့သည်။ တစ်ယောက်မှ သူတို့စိတ်ကြိုက်မတွေ့။

အောင်ဖြိုးက တပည့်မောင်တိုးကို

"နောက်တစ်ယောက်"

ဟု ဆိုလိုက်ပြန်တော့ အလုပ်လာလျှောက်သည့် မိန်းကလေးတစ်ယောက် သူ့အလုပ်ခန်းထဲသို့ ဝင်လာသည်။

အဆိုပါ မိန်းကလေးကို မြင်လိုက်သည့်အခါ အောင်မြင်ဝိုမျက်လုံးတွေ ပြူးကျယ်သွားရသည်။ ကံကြမ္မာက ဆန်းလှချည်လား။ စောစောပိုင်းက ဂန္ဓိရမျက်လုံးမှော်ဖန်လုံးထဲမှာ တွေ့ခဲ့သည့် မိန်းကလေး။ ဖန်လုံးထဲမှာတွေ့သည့်အတိုင်း ချောကလက်ရောင်အင်္ကျီကလေးနဲ့ ဒူးဖုံးရုံစကတ်

အနက်ကလေးကို ဝတ်ဆင်ထားသော အဖြူရောင်သားရေအိတ်ကလေးကိုသည်း ကိုင်ဆောင်ထားသည်။ မိန်းကလေး၏ ဘယ်ဘက်ပါးမို့တွင် မဲ့နက်ကလေးတစ်လုံးထင်ရှားစွာ ရှိနေသည်။

ဒါပေမဲ့ မိန်းကလေးဟာ မြစိမ်းရောင်မင်းသမီးလေးတော့ မဟုတ်။ မြစိမ်းရောင်မင်းသမီးလေးနဲ့ အတော်ကြီးတူသည့် မိန်းကလေး။

ဣန္ဒြေရှိရှိလှပသည့် မိန်းကလေး။ မိန်းကလေးရဲ့ မျက်လုံးတွေက သိမ်မွေ့သည်။ မျက်နှာထားက နူးညံ့၏။

မိန်းကလေးဟာ လှလည်းလှ ချောလည်းချောပြီး မြစိမ်းရောင်မင်းသမီးလေးနဲ့ တူတာမှန်ပေမယ့် အောင်မြင်ဝိုသည် အဲဒီမိန်းကလေးကို တစ်ချက်ကလေးမှ ရင်မခုန်။

အောင်မြင်ဝိုက ထိုမိန်းကလေးကို ထိုင်ပါဆိုသည့်သဘောနဲ့ လက်ဟန်ပြလိုက်၏။ မိန်းကလေးက အောင်မြင်ဝို၏ အလုပ်စားပွဲရှေ့မှထိုင်ခုံမှာ ဣန္ဒြေရရလေးဝင်ထိုင်လိုက်သည်။

မိန်းကလေး အလုပ်လျှောက်လွှာတင်ထားသည့် ဖိုင်ကိုတစ်ချက်ကြည့်လိုက်ပြီး အောင်မြင်ဝိုက

"ဒေဝီနော်"

"ဟုတ်ကဲ့. . . ကျွန်မ ဒေဝီပါရှင်"

ဟု မိန်းကလေးက သိမ်မွေ့နူးညံ့ပျော့ပျောင်းစွာဖြေ၏။

အောင်မြင်ဝိုသည် မိန်းကလေးကို တယ်လီပသီဖန်လုံးထဲမှာ မြင်ခဲ့သည့်ဇာစ်မြစ်ထဲနဲ့ပင် အလုပ်ခန့်ချင်နေပေမယ့် အလုပ်ကို ကျွမ်းကျွမ်းကျင်ကျင်လုပ်ကိုင်နိုင်သည့် အရည်အချင်းရှိမှသာ ခန့်လို့ဖြစ်မှာမဟုတ်လား။ ဒါ့ကြောင့် အောင်မြင်ဝိုက ဒေဝီ၏တရုတ်ဘာသာစကား ကျွမ်းကျင်မှုကို စစ်မေးသောအခါ ယဉ်ယဉ်ကျေးကျေး မဆိုင်းမတွဘဲ ပြန်ဖြေ၏။

ကာကာဇော်သည် ဒေဝီ၏အင်္ဂလိပ်စာအရည်အချင်းကို သိလို

သည်အတွက် စစ်မေးသည့်အခါ ဒေဝီသည် မေးသမျှအင်္ကလိပ်စာမေးခွန်းတိုင်းကို သွက်သွက်လက်လက်အသံထွက်မှန်မှန်ဖြင့် ပြန်ပြီးဖြေဆိုနိုင်တ၏။

ဒေဝီကို အရည်အချင်းရှိသည့် မိန်းကလေးအဖြစ် အသိအမှတ်ပြုလိုက်ပြီး နောက်ထပ် ကွန်ပျူတာနဲ့ စာရင်းပညာရပ်တို့ရဲ့ အရည်အချင်းကို စစ်မေးသည့်အခါမှာလည်း မိန်းကလေးဟာ အံ့သြယူရအောင်ပင် ကျွမ်းကျင်စွာလုပ်ပြနိုင်တ၏။

အောင်မြင့်ဝိုသည် မိန်းကလေး၏ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုကို ကြိတ်ချီးကျူးမိသည်။ အောင်ဖြိုးက မိန်းကလေး၏စိတ်နေသဘောထားကို သိလိုသေးတာကြောင့် . . .

"မျှော်မှန်းလစာ ဘယ်လောက်မျှော်မှန်းထားသလဲ"

ဟု နှုတ်ခမ်းလေးတွန့်ကာ ပြုံးပြီးမေးလိုက်တ၏။

ဒေဝီဟာ သိမ်မွေ့နူးညံ့တဲ့ အပြုံးမျက်နှာထားနဲ့

"ပိုက်ဆံဆိုတာက ဒေဝီအတွက် စားဝတ်နေရေးဖြေရှင်းလို့ရနိုင်တယ်ဆိုပေမယ့် ဒီလုပ်ငန်းမှာ ဝင်လုပ်လို့ရလာမယ့် အတွေ့အကြုံကတော့ ဒေဝီအတွက် တန်ဖိုးဖြတ်လို့ရနိုင်မယ် မထင်ဘူး။ မျှမျှတတသတ်မှတ်ပေးလာမယ့်လစာကိုပဲ ဒေဝီလိုချင်ပါတယ်။ လူကြီးမင်းတို့ သတ်မှတ်ပေးပါ။ ဒေဝီလေ ဒီလုပ်ငန်းကရလာမယ့် အတွေ့အကြုံဟာသုတကိုပဲ ပိုပြီးမျှော်မှန်းပါတယ်"

ဟု ပါးနပ်စွာဖြေသည်။

အောင်မြင့်ဝိုက စိတ်ထဲမှနေ၍ ဒေဝီကို အမှတ်ပြည့်ပေးထားပြီးဖြစ်သည်။

အောင်မြင့်ဝိုသည် ခန့်ထည်တဲ့အပြုံးမျက်နှာထားနဲ့

"ဒါနဲ့ ကိုယ့်လုပ်ငန်းကိုရော မင်းဘယ်လိုအကြံဉာဏ်တွေ ပေးချင်သေးသလဲ"

ဟု ထပ်မံမေးလိုက်တ၏။

ဒေဝီက ပြုံးလိုက်သည်။ ပုလဲလုံးလို ဖြူဖွေးသည့် သွားများပေါ် သွားတာကြောင့် ဒေဝီ၏အိလှပိုပြီး ပေါ်လွင်သွားသည်။

ဒေဝီက

"AKA မှန်နဲ့ အလူမီနီယံလုပ်ငန်းက တရှိန်ထိုးတိုးတက်နေတဲ့ လုပ်ငန်းပဲ။ ဒေဝီအနေနဲ့ ဘာမှအကြံပေးစရာကို မလိုဘူးထင်တယ်"

ဟု ချိုသာသော လေသံကလေးနဲ့ ဖြေလိုက်သည်။

ဒေဝီကို Office staff အဖြစ်ခန့်အပ်ဖို့ အောင်မြင့်ဝို အခိုင်အမာဆုံးဖြတ်လိုက်တ၏။

အောင်မြင့်ဝိုက ယောက်ျားပီသစွာပြုံးလိုက်ပြီး

"မနက်ဖြန် အကြောင်းပြန်ပါ့မယ်"

"ကျေးဇူးတင်ပါတယ်. . . ခွင့်ပြုပါဦး"

သုံးဦးလုံးကို တစ်ပြိုင်တည်း နှုတ်ဆက်လျက် ဒေဝီထွက်ခွာသွားသည်။

ဤအင်တာဗျူးအပြီးမှာ အောင်မြင့်ဝိတို့သုံးဦး သဘောကျအကြိုက်တွေ့သူ။

လုပ်ငန်းကိစ္စအဝဝအတွက် အဆင်ပြေမည့်မိန်းကလေး။

Office Staff အဖြစ် ဒေဝီကို အမှတ်ပြည့်ပေးဖြစ်ခဲ့သည်။

■

အခန်း (၇)
ပန်းသဇင်

အောင်မြင်ဗိုနှင့် အောင်ဖြိုးနှစ်ဦး အလူမီနီယံလုပ်ငန်းကို ရောက်နေကြပြီ။

အောင်မြင်ဗိုက တည်ကြည်တဲ့ မျက်နှာထားနဲ့. . .

"အောင်ဖြိုး. . . ကိုယ်တို့ မြစိမ်းရောင်မင်းသမီးလေးကိုလိုက်တဲ့နေရာမှာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ပဲ လိုက်ရမယ်။ ဖြူစင်မှုရှိဖို့ အရေးကြီးတယ်နော်"

ဟု ကြည်လင်သည့်လေသံနဲ့ ပြောသည်။ အောင်ဖြိုးက ခပ်ပြုံးပြုံးမျက်နှာထားဖြင့်

"အေးကွာ. . . မင်းက မြစိမ်းရောင်မင်းသမီးလေးနဲ့ အိမ်နီးချင်းဆိုတော့ တပန်းသာတာပေါ့"

ဟု အေးအေးဆေးဆေးလေသံနဲ့ မေးလိုက်၏။

အောင်ဖြိုး၏ အမေးစကားအဆုံးမှာ ဒေဝီကလည်း အောင်မြင်ဗိုဏ်ရုံးခန်းထဲကို ဝင်လိုက်တာနဲ့ အံကိုက်ဖြစ်သွား၏။

ဒူးခေါင်းဖုံးရုံ အပြာရောင်စကတ်ကလေးနဲ့ အဖြူရောင်အကျီခပ်ရှင်းရှင်းကလေးကို လိုက်ဖက်ညီညီဝတ်ဆင်ထားသည့်အပြင် အပြာရင့်ရင့် ခါးပတ်သေးသေးလေးကိုလည်း ပတ်ထားသဖြင့် ဒေဝီအလွန်ပင်ကြည့်ကောင်းနေ၏။ အပြာရောင်ဆ်ရင့်ရင့် သားရေအိတ်လှတပတလေးတစ်လုံးကိုလည်း ကိုင်လာသည်။ ဆံပင်ကိုတော့ ကလစ်ခပ်သေးသေးများစွာနဲ့ ကပိုကရိုအလှဆင်ထားလေ၏။ အမှတ်တမဲ့ကြည့်လျှင် ကပိုကရိုလေးလို့ ထင်ရမှာဖြစ်ပေမယ့် အချိန်အတော်ကြာအောင် ဂရုတစိုက်ပြင်ဆင်လာပုံရ၏။ အရပ်(၅)ပေ (၅)လက်မလောက်မြင့်မားသည့်အပြင် ဒေါက်ဒိနပ်ချွန်ချွန်ကလေးကိုလည်း စီးထားသေးတာကြောင့် စတိုင်ကျစွာလှပနေသည်။

ဒေဝီ၏ ဘယ်ဘက်ပါးမို့မို့ရှိ မှဲ့နက်ကလေးက ဒေဝီ၏နုဖတ်ဖွေးဥနေသည့် မျက်နှာပြင်မှာ ထင်ထင်ရှားရှား။

အောင်ဖြိုးက ဒေဝီကို အကဲခတ်ကြည့်လိုက်ပြီး အောင်မြင်ဗိုကို

"လုပ်ငန်းတွေအားလုံး ဒီနေ့ပဲလွှဲပေးမှာလား"

ဟု ခပ်သွက်သွက်ကလေးမေးလိုက်၏။

အောင်မြင်ဗိုက မေးဆတ်ပြုပြီး

"ဟုတ်တယ်။ လာထိုင်. . . ဒေဝီ၊ ကျွန်တော်က အောင်မြင်ဗိုဖြီး"

ဟု ပြောပြီး ဒေဝီကို ထိုင်ဖို့ လက်ဟန်နဲ့ ညွှန်ပြလိုက်၏။ ပြီးတော့ အောင်မြင်ဗိုက အောင်ဖြိုးကို လက်ညှိုးထိုးပြီး-

"သူက အောင်ဖြိုး။ ဒီ AKA အလူမီနီယမ်လုပ်ငန်းရဲ့ ပိုင်ရှင်တစ်ဦးပဲ။ ကိုယ်တို့က ဒီ AKA အလူမီနီယမ်လုပ်ငန်းကို သုံးဦးစပ်ပြီး

လုပ်တာ။ ကိုယ်ရယ်၊ အောင်မြိုးရယ်၊ ပြီးတော့ ကာကာဇော်ရယ်။ ကာကာလာရင် မင်းနဲ့မိတ်ဆက်ပေးမယ်။ ဒီနေ့ကစပြီး မင်း Office Staff ရာထူးကို စပြီးထမ်းဆောင်ပေတော့။ မင်းက ကိုယ်တို့သုံးယောက် outdoor ထွက်နေတဲ့အချိန်တွေမှာ ဒီမှာ customer တွေရဲ့ကိစ္စ အဝဝကို လုပ်ဆောင်ပေးရမယ်။ Customer တွေရဲ့ဖုန်းဝင်လာရင် လက်ခံပေးထားရမယ်။

ကိုယ်လုပ်ငန်းအတွက် လိုအပ်တဲ့ ဒီဇိုင်း(design)ပုံတွေကိုလည်း ကွန်ပျူတာ(computer)နဲ့ ရေးဆွဲပေးရမယ်။

လပတ်စာရင်း၊ နှစ်ချုပ်စာရင်းတွေကိုလည်း စာရင်းဇယားတိတိကျကျနဲ့ ရေးဆွဲပေးရမယ်။

တကယ်လို့ လိုအပ်ရင် ကိုယ်တို့နိုင်ငံခြားခရီးစဉ်တွေ သွားတဲ့အခါမှာလည်း မင်းက လုပ်ငန်းအတွက် လိုက်ပေးရမယ်''

ဟု တိကျသည့် ညွှန်ကြားချက်များပေးသည်။

အဲဒီအချိန်မှာ ကာကာရဲ့ . . . . . သီချင်းလေချွန်လာသံကို ကြားလိုက်ရ၏။ ကာကာတစ်ယောက် ခုလိုမြူးကြွသွက်လက်စွာနေတတ်ပြီး ရည်းစားများသည်ဆိုသော်လည်း ဘယ်မိန်းကလေးကိုမှ လက်ကလေးကိုင်တာထက် မပို့ခဲ့။ သူတို့ဘက်က အခွင့်အရေးတွေပေး၊ အိစကလီတွေ ဖြစ်လာရင်တောင် လုံးဝမအီခဲ့။ မသိဟန်ဆောင်ပြီး စည်းစောင့်ခဲ့သည်။ ဒါကြောင့်လည်းပဲ ရည်စားတွေ ဘယ်လောက်များများ၊ ရည်းစားဟောင်းတွေနဲ့ လမ်းမှာမတော်တဆတွေ့လျှင်ပင် သူတို့က ကာကာကို မိတ်ဆွေအရင်းအချာတစ်ယောက်လို ရင်းရင်းနှီးနှီးဖော်ဖော်ရွေရွေ ဆက်ဆံကြသည်။

ကာကာက . . . . . သီချင်းကို လေချွန်ပြီး ရုံးခန်းထဲကို ခပ်မိုက်မိုက်စတိုင်နဲ့ ဝင်လာ၏။

ကာကာက သူ့ရဲ့အလုပ်စားပွဲမှာ ဖြတ်ခနဲ ဝင်လိုက်ပြီး ဒေါ်

ကို စိတ်ဝင်တစားနဲ့ ကြည့်လိုက်သည်။

အောင်မြင်ဝိုက တည်ကြည်သည့် မျက်နှာထားဖြင့်

''ဒေါ်. . . သူကတော့ ကာကာဇော်ပဲ။ သူက ဒီလုပ်ငန်းရဲ့အစု စပ်ပိုင်ရှင်တစ်ဦးပဲ''

ဟု မိတ်ဆက်ပေးသည်။

ဒေါ် ကာကာကို ကျွန်ုပ်ရသော မျက်ဝန်းကလေးဖြင့် တစ်ချက်ကြည့်လိုက်သည်။ ကာကာက သူ့ထုံးစံအတိုင်း ဟန်ပါပါဖြင့် မျက်စိတစ်ဆုံးကို မှိတ်ပြလိုက်၏။ မိန်းကလေးတစ်ယောက် သူ့အပေါ်ကြွေသွားစေမည့် ဟန်မျိုးဖြင့်။

ကာကာက ဒေါ်ကို မျက်စိမှိတ်ပြသည်ကို အောင်မြင်ဝိုနှင့် အောင် ဖြိုးက မြင်ဖြစ်အောင်မြင်လိုက်သည်။ အောင်မြင်ဝိုက ကာကာကို အံကြိတ်ပြလိုက်၏။ သဘောကတော့ မနေ့ကပဲ မြစိမ်းရောင်မိန်းကလေးကလွဲရင် ကျန်သည့်မိန်းကလေးကို စိတ်မဝင်စားတော့ပါဘူးဟု ဆိုပြီးမှ ဒေါ်ကို ဘာလို့ ပဲသွားပေးနေတာလဲပေါ့ဗျာ။

ကာကာက အောင်မြင်ဝိုကို မချိုမချဉ်မျက်နှာပေးဖြင့် ပြန်ကြည့်သည်။

အောင်မြင်ဝိုက ကာကာ့ထံမှအကြည့်လွဲလိုက်ပြီး ဒေါ်ကို ဒီကနေ့ လုပ်ဆောင်ထားရမည့် ကိစ္စများကို အသေးစိတ်မှာကြားသည်။ ဒေါ်ကလည်း အောင်မြင်ဝိုပြောသမျှကို စိတ်ဝင်တစားဖြင့် နားထောင်မှတ်သား၏။

အောင်မြင်ဝိုက ဒေါ်ကို တစ်ချက်ကြည့်လိုက်ပြီး

''မင်းကို မနေ့က ကိုယ်တို့လုပ်ငန်းအတွက် ဘယ်လိုအကြိမ်ားပေးချင်သေးသလဲလို့ ကိုယ်မေးတော့ မင်းက ကိုယ်တို့လုပ်ငန်းက သိပ်အောင်မြင်နေတယ်။ ဒါကြောင့် အကြိမ်းဖို့ လိုမယ်မထင်ဘူးလို့ ပြန်ဖြေခဲ့ဘယ်နော်။ ဒါပေမဲ့ မင်းမှာကိုယ်တို့ လုပ်ငန်းကို အကြိမ်းချင်နေတယ်လို့

ကိုယ်ထင်တယ်။ မင်းပေးချင်နေတဲ့အကြံကို မင်းရင်ထဲမှာမထားဘဲနဲ့ ပွင့်
ပြောလိုက်ပါ။ ကိုယ် မင်းပြောမယ့်အကြံကို သိချင်ပါတယ်''

ဟု ပွင့်လင်းစွာမေးလိုက်သည်။

ဒေဝီက နူးညံ့သည့် အပြုံးတစ်ပွင့်ကို လှစ်ခနဲပြုံးလိုက်ပြီး

''ကိုအောင်မြင်ဗိုက လူတစ်ယောက်ကို ထိုးဖော်မြင်နိုင်တဲ့ စွမ်
အားရှိတာပဲ။ ဟုတ်ပါတယ်။ ဒေဝီမှာ AKA အလူမီနီယမ်လုပ်ငန်းကို
ပေးချင်နေတဲ့ အကြံရှိနေပါတယ်။ အဲဒါကတော့ တစ်ခြားမဟုတ်ပါဘူး
ကိုအောင်မြင်ဗိုတို့လုပ်ငန်းက ဘာပဲပြောပြော သိပ်ကိုအောင် မြင်နေပါပြီ
ကြော်ငြာစရာမလိုဘဲနဲ့ကို အောင်မြင်နေတာ။ ဒါပေမဲ့ TV မှာ ကိုအောင်
မြင်ဗိုတို့ လုပ်ငန်းကြော်ငြာနေတာက လိုအပ်တာထက်ပိုနေသလိုပဲ
ဒေဝီအမြင်ကတော့ သက်သက်မဲ့ ကြော်ငြာစရိတ်တွေ ဖြုန်းတီးနေသလိုပဲ''

ဟု အေးအေးဆေးဆေးနဲ့ တစ်ချက်ချင်းပြောသည်။

အောင်မြင်ဗိုက ဒေဝီပြောသမျှကို ခေါင်းတညိတ်ညိတ်ဖြင့် စူးစူ
စိုက်စိုက်နားထောင်ပြီး

''ဒေဝီ ပြောတဲ့အချက်က သိပ်ကောင်းတယ်။ မင်းကိုယ့်လုပ်
ငန်းမှာ ခန့်လိုက်တာ အကျိုးမယုတ်ဘူး။ မင်းဆီက ကိုယ့်လုပ်ငန်းအတွက်
အကျိုးရှိမယ့်အကြံဉာဏ်တွေ အများကြီးရမယ်လို့ ကိုယ်မျှော်လင့်နေမယ်''

ဟု ပြောရင်း နေရာမှ ထရပ်လိုက်သည်။

အောင်မြင်ဗိုနဲ့ ဒေဝီတို့ လုပ်ငန်းအကြောင်း အသေးစိတ်ပြော
နေစဉ် တစ်ဖက်မှာလည်း ကာကာနဲ့ အောင်ဖြိုးတို့ ကြိတ်ကြိတ် ကြိတ်
ကြိတ်နဲ့ စကားပြောနေကြသည်။

အောင်ဖြိုးက ကာကာ၏အလုပ်စားပွဲနားသို့သွားပြီး

''ကာကာ . . . မြစိမ်းရောင်မင်းသမီးလေးမှ မင်းသမီးလေးပဲ
ဆိုပြီး ဘာလို့ ဒေဝီကို မျက်စိသွားမှိတ်ပြတာလဲ''

ဟု လေသံကလေးဖြင့် ကြိတ်ပြောလိုက်သည်။

ကာကာကလည်း ခပ်ရွှင်ရွှင်မျက်နှာထားဖြင့်

''ဒါလား. . . ဒါကတော့ ဒီလိုရှိတယ်ကွာ။ ငါ့မျက်စိက မိန်းကလေး
မြင်ရင် အလိုလိုဖြစ်သွားတာ ဟဲ. . . ဟဲ''

ဟု ဆိုကာ အောင်ဖြိုးနားကပ်ပြီး ခပ်တိုးတိုးကလေး ပြောသည်။
အောင်မြင်ဗိုကိုလည်း အပြင်လိုက်ခဲ့ဟု မျက်ရိပ်ပြလိုက်သည်။ သူတို့ သုံး
ယောက်အခန်းပြင်ရောက်တော့ . . .

''အထဲမှာ ဒေဝီရှိလို့ မပြောချင်လို့''

ဟု အစချီပြီး မြစိမ်းရောင်မင်းသမီးလေး၏အမည်မှာ ပန်းသဇင်
ဖြစ်ကြောင်း ကာကာဇော်ပြောလာ၏။

ရင်ခုန်သံအချို့ ချိုမြိန်သွားသလိုပါလား။ အောင်မြင်ဗို စိတ်ဝင်
စားသွား၏။

''သေချာလား၊ မင်း ဘယ်လို သိတာလဲ''

အောင်မြင်ဗို့ အမေးကို ကာကာဇော်က. . .

''အတိအကျပဲ ကိုယ့်လူ၊ ဘယ်လိုသိသလဲတော့ မမေးနဲ့၊ ဒါ
ဟာ လျှို့ဝှက်ချက်''

ကာကာတစ်ယောက် မြစိမ်းရောင်မင်းသမီးလေးနဲ့ ပတ်သက်တဲ့
သတင်းအချက်အလက်တွေ ခဏလေးအတွင်း စုံစမ်းနိုင်တာ အံ့ဩစရာ
မရှိ။ သူက မိန်းကလေးတွေနှင့်ပတ်သက်လျှင် သူမတူအောင် ထက်မြက်၏။

''အေး. . . မမေးတော့ပါဘူး။ ရှစ်စက်က ဂျင်ဂျင်လည် ဆရာ
ကြီးရာ''

''အေး. . . ငါ့ကို ဆရာကြီးသာခေါ်။ ပန်းသဇင်အကြောင်း
ဆက်ပြောပြမယ်။ သူက ခန့်ငြားလျှပ်စစ်လုပ်ငန်းက''

''ခန့်ငြားလျှပ်စစ်လုပ်ငန်း. . . ဟုတ်လား''

အောင်မြင်ဗိုဇ်ရင်ခုန်သံမှာ ခန့်ငြားလျှပ်စစ်လုပ်ငန်းဟု မြည်ဟီးသွား၏။

စစ်ဆင်ရေးကတော့စပြီ။ ပစ်မှတ်က ခန့်ငြားလျှပ်စစ်လုပ်ငန်းမှာ...။

■

အခန်း (၈)
ဂန္ဓိရ နဝရတ်လက်စွပ်

"သား Office Staff ခန့်တဲ့ကိစ္စ ဘယ်နဲ့လဲ"

ဆိုသော ဒေါ်ခင်နှင်းဆီ၏အမေးစကားကို အောင်မြင်ဗိုက

"အဆင်ပြေတယ် မေမေ"

သူတို့ မိသားစုသုံးယောက် ထမင်းစားလျှင် စကားတပြောပြောနှင့် ဝိုင်းဖွဲ့စားတတ်၏။ သူက ဟင်းချိုပူပူလေးခပ်သောက်လိုက်ပြီးမှ

"မေမေရေ... သားမေမေ့အတွက် ချွေးမချောချောလေး ရှာပြီးရင် မေမေခုလို ချက်ပြုတ်ပြီး ပင်ပန်းမှာမဟုတ်တော့ဘူး"

သူက ပန်းသဇင်ကို မြတ်နိုးတွယ်တာနေကြောင်း မေမေကြီးနှင့် မေမေ့ကို အသိပေးထားတာကြောင့် မေမေကြီးက သူ့ကိုချစ်စနိုးဟန်ဖြင့် မျက်စောင်းတခဲခဲလုပ်ကာ

"အဲဒီ ချွေးမချောချောလေးက နှစ်ခြေကျော်က ပန်းသဇင်မှ

ဟုတ်ရဲ့လား''

ဟု မေးလာသည့်အတွက် သူရှက်ရှက်ဖြင့် နှုတ်ခမ်းကို သွားနှင့် ဖိကိုက်လိုက်၏။ အောင်မြင်ဗိုက သူ့အမေနှင့် အဘွားကို ပန်းသဇင် အကြောင်း ပွင့်ပွင့်လင်းလင်းအသိပေးထားသော်လည်း ခပ်ရှက်ရှက်ရှိတာ ကြောင့် သူထမင်းသာ ငုံ့စားနေလိုက်သည်။

''သြော်. . . ဒါနဲ့ မနေ့က သမီးတို့ကျောင်းက ပျောက်သွားတယ် ဆိုတဲ့ ကလေးမရော ပြန်တွေ့ပြီလား။ သူ့အဖေက အိမ်အထိလိုက်လာပြီး သူ့ ကလေးပျောက်နေတဲ့အကြောင်းလာပြောတာလေ''

မေမေကြီးက ဟင်းချိုဇွန်းကိုကိုင်ရင်း မေမေ့ကို မေးလိုက်၏။ အောင်မြင်ဗိုလည်း ပျောက်သွားတဲ့ ကလေးအကြောင်းကို စိတ်ဝင်စားနေ မိသည်။

''အဲဒီ့အကြောင်းက အရမ်းစိတ်ဝင်စားဖို့ကောင်းတယ် မေမေ။ ပျောက်သွားတဲ့ ကလေးမလေးနာမည်က ဖြိုးသီတာတဲ့၊ (၈)တန်းကလေ။ ဖြိုးသီတာရဲ့ မေမေက ဆုံးသွားတာကြာပါပြီ။ ဖြိုးသီတာအဖေက နောက် အိမ်ထောင်နဲ့လေ''

မေမေကြီးမှာ ဖြိုးသီတာလေးကို ကရုဏာသက်ကာ အသနား ပိုသွားမိ၏။

''ဖြိုးသီတာက အမေဘက် အဘွားတွေ၊ အဒေါ်တွေနဲ့အတူ နေတယ်။ အဘွားက ချမ်းချမ်းသာသာထဲကပဲ။ အဘွားက မိတဆိုးသမီး ကလေးဆိုပြီး ဖြိုးသီတာ မတောင့်မတမကြောင့်မကြရအောင် စောင့်ရှောက် ထားတယ်။ ပြီးတော့ အမွေလည်း ပေးထားသေးတယ်။ ဖြိုးသီတာမိထွေး က ဖြိုးသီတာရတဲ့ အမွေကို မက်မောတယ်လေ။ ဒါကြောင့် ဖြိုးသီတာကို ချစ်ဟန်ဆောင်ပြီး အယုံသွင်းတယ်။ သူ့အဖေကလည်း မခွဲနိုင်လို့ပါ။ လွမ်းလို့ပါဆိုပြီး အဘွားဆီကနေ သူတို့ဆီပြန်နေဖို့ ခေါ်ထားတယ်။ ပြီးတော့

မှ ဖြိုးသီတာကို ချော့တစ်ခါ ခြောက်တစ်လှည့်နဲ့ အဘွားပေးထားတဲ့ အမွေတွေကို တောင်းတယ်။ ဖြိုးသီတာလည်း အဘွားဆီပြန်ပြီး အမွေတွေ ကိယူတယ်။ ပြီးတော့ မိထွေးအလိုကျ ပေးရတာပေါ့။ ရလေလိုလေ မဟုတ်လား။ သူ့မိထွေးက ပိုပိုပြီး လောဘတွေတက်လာတာပေါ့။ သူ့မိထွေး က ဖြိုးသီတာရထားတဲ့ အမွေထဲက ဂမ္ဘီရနဝရတ်လက်စွပ်ကို ပိုပြီးမက်မော တယ်။ ဒါကြောင့် ဖြိုးသီတာဆီက နဝရတ်လက်စွပ်ကို မရမကတောင်း တယ်။ တောင်းလို့မရတော့ ရိုက်တယ်။ အညိုအမဲစွဲအောင်ကို နှိပ်စက် တယ်။ ပြီးတော့ ဖြိုးသီတာကို ထွက်ပြေးလို့ မရအောင်ကို စောင့်ကြည့် ထားတယ်။ ကျောင်းသွားရင်တောင် အိမ်ဖော်ကို အစောင့်ထည့်လိုက် တယ်။ ဖြိုးသီတာလည်း မြုံးမိတဲ့ငါးလို ဖြစ်နေတာပေါ့''

မေမေက ပင့်သက်တစ်ချက်ရှိုက်လိုက်ပြီးမှ

''ဖြိုးသီတာ အညိုအမဲစွဲအောင် အနှိပ်အစက်ခံနေရတာကို ဆရာမလေးက ရိပ်မိသွားတယ်လေ။ သားပြောတဲ့ ဟယ်ရီပေါ်တာ မလေးပေါ့''

''တံမြက်စည်းစီးတဲ့ ကလေးမလေးလား သမီး''

မေမေကြီးကလည်း ပြုံးပြီးပြောသည်။

''ဟုတ်တယ် မေမေ၊ ဆရာမလေးဟယ်ရီပေါ်တာက ဖြိုး သီတာအကြောင်းကို ရိပ်မိသွားတယ်။ ဆရာမလေးအုပ်စုကလည်း စပ်စုတတ်တယ်လေ။ ပြီးတော့ သွက်လက်တော့ ခဏလေးနဲ့ သိသွားတာ ပေါ့။ ဒီတော့ ဆရာမလေးရယ်၊ ဆရာမလေးရဲ့ သူငယ်ချင်း [illegible] ယုယုတို့ရယ်၊ ဖြိုးသီတာကို အဘွားအိမ်ကားငှားပြန်ဖို့ ကားခ ပေးတယ်။ ပြီးတော့ ဖြိုးသီတာအိမ်ကပါလာတဲ့ အိမ်ဖော်ကို ဆရာ မလေးတို့အုပ်စုက ထိန်းထားပေးတယ်လေ။ ဒါကြောင့် ဖြိုးသီတာက ဆရာမလေးတို့ အကူအညီနဲ့ အဘွားအိမ်ကို ချောချောမောမော ပြန်ရောက်

တယ်။ မနေ့က ဖြူးသီတာပျောက်သွားတယ်ဆိုတာ အဖေ့အိမ်ကနေပြီး အဘွားအိမ်ရောက်သွားတယ်''

''ဩော်. . . ဒါဆို အဖေနှိပ်စက်လို့ အဘွားအိမ်ပြန်ပြေးရတာပေါ့. . . ဟုတ်လား။ ကြောက်စရာကောင်းလိုက်တာကွယ်၊ လောဘကြောင့် သားသမီးကိုတောင် နှိပ်စက်တယ်''

မေမေကြီးက ညည်းညည်းညူညူလေး ပြော၏။ တပည့်တွေ အပေါ် သားသမီးတွေကဲ့သို့ သဘောထားသော မေမေက ကျောင်းမှ ကျောင်းသားတွေအကြောင်း အမြဲလိုလိုအိမ်မှာ ပြန်ပြောလေ့ရှိသည်။

ဒါကြောင့် အောင်မြင်ဝိုတို့ မေမေကြီးတို့တွေက မေမေ့ကျောင်းမှ ကျောင်းသားတွေနှင့် မတွေ့ဖူးသော်လည်း ရင်းနှီးနေသည်။

■

အခန်း (၉)
တားရော့ဝိညာဉ်ဖဲမေဒင်

မေမေနှင့် မေမေကြီးတို့ သားအမိနှစ်ယောက်ဆုံကြလျှင် စကားတွေ အမျှင်မပြတ်အောင်ပင် ပြောစရာရှိနေတတ်၏။ မေမေနှင့် မေမေကြီးတို့ပြောသည့် အကြောင်းအရာတွေက စိတ်ဝင်စားစရာကောင်းတာမို့ သတင်းစာဖတ်ရင်း သူနားစွင့်နေမိသည်။

''မေမေရယ်. . . သမီးတို့ကျောင်းက ကလေးတွေ ကြွကြွဖန်ဖန် ကစားတတ်တယ် သိလား။ တားရော့ကဒ်တွေ ယူလာပြီး ကစားကြတာ မေမေရဲ့။ တကယ်ပါပဲ။ အတိုင်အတောထူတဲ့ ကလေးက သမီးဆီထိလာတိုင်တယ်လေ။ သူတို့ အတန်းက ကျောင်းသားတွေ ဖဲကစားနေတယ်တဲ့။ သမီးလည်း ကျောင်းက ကလေးမှန်သမျှကို လူတော်လူကောင်းလေးတွေ ပဲဖြစ်ချင်တယ်။ ဆေးလိပ်သောက်တာ၊ အရက်သောက်တာ၊ ဖဲကစားတာမျိုးတွေကို သမီးလုံးဝခွင့်မလွှတ်နိုင်ဘူး။ ကျောင်းသားတွေ ဖဲကစားနေတယ်

ဆိုတာ သမီးအတော်ကို စိတ်တိုသွားတယ်။ ဒါနဲ့ ကြိမ်လုံးဆွဲပြီး ဖဲကစား နေတယ်ဆိုတဲ့ ကျောင်းခန်းကို သွားတာပေါ့။ ဟိုရောက်တော့ သေသေ ချာချာစစ်ဆေးကြည့်တော့ ဖဲကစားနေတာမဟုတ်ဘူး။ တားရော့ကဒ် ကြည့်နေတာတဲ့။ ကောင်းရော မေမေရယ်။ သမီးမှာ ဆူရအခက်၊ မဆူရ အခက်ကို ဖြစ်ရော။ ဒီခေတ်ကလေးတွေက ဉာဏ်ကောင်းသလောက် နည်းမျိုးစုံနဲ့ ကစားတတ်တယ်။ သန့်စင်အောင်ဆိုတဲ့ကျောင်းသားက တားရော့အတော်ကျွမ်းတယ်ဆိုပဲ''

ဟု မေမေက မေမေကြီးကို တစ်နေ့တာကျောင်းမှာဖြစ်ပျက် သမျှကို ရွှန်းရွှန်းဝေအောင်ပင် ပြောပြသည်။

မေမေကြီးက မေမေပြောသမျှကို ပြုံးပြီး နားထောင်၏။ ပြီးမှ မေမေကြီးက နှစ်လိုဖွယ်ကောင်းသော မျက်နှာထားဖြင့်

''သမီးပြောတဲ့ ကလေး မေမေတောင် တွေ့ချင်တယ်''

''ဘာလို့လဲ မေမေ''

''အို. . . မေမေလည်း တားရော့လေး ဘာလေးကြည့်လို့ရတာ ပေါ့''

မေမေကြီးက ရယ်ကာ မောကာပင် ပြောသည်။ အင်း. . . ကျွန်ုတော်လည်း ကျောင်းသားဘဝနှင့် တားရော့ကျွမ်းကျင်သည့် ကလေးကို တွေ့ဖူးချင်သည်။ ဘယ်လိုကလေးမျိုးပါလိမ့်။

တားရော့ကဒ်တွေ့လျှင် ကျွန်တော်ကြည့်ချင်သည်။ တားရော့ နည်းပညာနဲ့ ပန်းသဇင်နဲ့ ဆုံဆည်းမှုရမလား။ နီးစပ်မှုရမလား သိချင်မိ၏။ 'ခန့်ငြားလျှပ်စစ်လုပ်ငန်း' ဘယ်နေရာရှိသလဲလို့ မေးမြန်းချင်၏။

■

အခန်း (၁၀)
တာထွက်

''ခန့်ငြားလျှပ်စစ်လုပ်ငန်း''မှာ စတင်ဆုံဆည်းဖြစ်ခဲ့သည်။

အောင်မြင်ဝိုက မြစိမ်းရောင်မင်းသမီးလေးကို မထင်မှတ်သည့် တစ်နေ့မှာ အမှတ်မထင်ပြန်လည်ဆုံဆည်းခဲ့သည်။

အဲဒီနေ့က မြစိမ်းရောင်မင်းသမီးလေးကိုစတွေ့ပြီး တစ်ပတ် အကြာမှာပေါ့။

တွေ့ပုံက ဒီလိုပျာ။

အောင်မြင်ဝိုဟာ ယုံကြည်စိတ်ချရသော Office Staff ရနေသည့် အတွက် ဆောက်လုပ်ရေး construction များသို့ စိတ်အေးလက်အေး out door ထွက်ခွင့်ရပြီ။

အောင်မြင်ဝို ဆောက်လုပ်ရေး construction မှာ မိမိတို့ အလုပ်နိုင်ယမ်တပ်ဆင်ဖို့ ကိစ္စစီစဉ်နေစဉ် မြစိမ်းရောင်မင်းသမီးလေးတို့သည်

လည်း အဲဒီဆောက်လုပ်ရေးconstruction ကိုရောက်လာသည်။ မြစိမ်းရောင်မင်းသမီးလေး၏ နောက်နားဆီမှာ ဘူမ၏အစ်ကို သုံးယောက်လည်း ပါလာ၏။

မြစိမ်းရောင်မင်းသမီးလေး ရွှေဝါရောင်စကတ်အရှည်ကြီးနဲ့ အဝါနုရောင်အင်္ကျီကို စမတ်ကျကျဝတ်ဆင်ထားသည်မှာ တစ်မျိုးကလေး အလှပိုနေသည်။ အဝါနုရောင် အင်္ကျီပေါ်မှာ လိပ်ပြာပုံအရုပ်ကလေးက လည်း မြစိမ်းရောင်မင်းသမီးလေးကို ပိုပြီး သက်ဝင်လှုပ်ရှားစေ၏။ ကနကမာစလင်းဘတ်အိတ်ကလေးကို ကိုင်ထားသည်မှာ ကြည့်ကောင်းလှသည်။ တကယ်ကို လှရက်နိုင်လွန်းသည့် မိန်းကလေး။ အလှကြွယ်လွန်းသည့် မိန်းကလေး။ ရက်ရက်စက်စက်ကို လှပသည့်မိန်းကလေး။

မြစိမ်းရောင်မင်းသမီးနဲ့ အစ်ကိုသုံးယောက်ဟာ သူ့ရဲ့မျက်နှာချင်းဆိုင်ရှိ ထိုင်ခုံမှာ ထိုင်လိုက်ကြသည်။

မြစိမ်းရောင်မင်းသမီးလေးကြောင့် သူ့ဂုဏ်သိက္ခာရသည်ကို မငြင်းလို။ အောင်မြင့်ဝိ မြစိမ်းရောင်မင်းသမီးလေးကို တမြတ်တနိုးနဲ့ ငေးကြည့်နေမိသည်။

မြစိမ်းရောင် မင်းသမီးလေးကလည်း အောင်မြင့်ဝိုကိုကြည့်ပြီး တစ်ခုခုပြောမလိုဟန်နှုတ်ခမ်းလေးပွင့်မလိုပင်ဖြစ်သွားသည်။ မြစိမ်းရောင်မင်းသမီးလေး၏ စိန်သွားကလေးတောင် လက်ခနဲဖြစ်သွား၏။

မြစိမ်းရောင်မင်းသမီး၏ အစ်ကိုသုံးယောက်ကတော့ ရွှတည်တည်မျက်နှာထားဖြင့်။

ဆောက်လုပ်ရေး construction သူဌေးလေးဦးတင်ထူးက အောင်မြင့်ဝိုတို့ရှိရာ ဧည့်ခန်းမဆောင်ထဲသို့ ဝင်လာပြီး စားပွဲထိပ်မှာ ထိုင်လိုက်သည်။ ကိုတင်ထူးက ဘောင်းဘီရှည်အနက်ရောင်၊ အင်္ကျီအဖြူလက်ရှည်၊ ကုတ်အနက်ရောင်၊ နက်ကတိုင်အဖြူနဲ့ အနက်ကြားကို

အနောက်တိုင်းဟန်ပန်ဖြင့် ဝတ်ဆင်ထားသည်။

ကိုတင်ထူးက ခပ်ရွှင်ရွှင်မျက်နှာထားနဲ့

"ခင်ဗျားတို့ကို မိတ်ဆက်ပေးရဦးမယ်။ သူက သူဌေးလေးအောင်မြင့်ဝို့။ AKA Aluminium & Decoration Center ကပေါ့။ ကိုအောင်မြင့်ဝို့ သူတို့ကတော့ ခန့်ငြားလျှပ်စစ်လုပ်ငန်းကလေ။ ဒီဘက်က အစ်ကိုကြီးခန်းငြားကို၊ ဒါက အစ်ကိုလတ်ခန့်ငြားမောင်၊ ဟိုဘက်က အစ်ကိုငယ်ခန့်ငြားငယ်။ သူက ခန့်ငြားညီအစ်ကိုသုံးယောက်ရဲ့ ညီမငယ်လေးပန်းသဇင်"

ဟု မိတ်ဆက်စကားဆိုသည်။

အောင်မြင့်ဝိုက တစ်ချက်ပြုံးလိုက်ပြီး

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်ခင်ဗျာ။ ကျွန်တော့်လုပ်ငန်းနဲ့ ပတ်သက်တဲ့ အကူအညီလိုရင်လည်းပြောပါ"

ရင်ခုန်သံကို ဥပေက္ခာပြုလျက် ပြောလိုက်၏။

ခန့်ငြားကိုကလည်း နှုတ်ခမ်းထောင့်စွန်းလေးကို တွန့်ကာပြုံးလိုက်ပြီး

"ကျွန်တော်တို့က ခင်ဗျား လုပ်ငန်းနာမည်ကို ကြားနေတာကြာပြီ။ ခုမှပဲ ခင်ဗျားနဲ့ ဆုံတော့တယ်။ ဝမ်းသာတယ်ဗျာ"

ဟု ရည်ရည်မွန်မွန် ပြောလိုက်သည်။

အောင်မြင့်ဝိုတစ်ယောက် ဘာပဲဖြစ်ဖြစ် ပျော်သွားမိသည်။ ကာကာဇော်ပြောစဉ်က မြစိမ်းရောင်းမင်းသမီးလေး၏နာမည် ပန်းသဇင်ဟု သိထားပြီးဖြစ်သော်လည်း မယုံရဲခဲ့။ ခုတော့ဖြင့် သေချာပြီ။ သူမနာမည်ပန်းသဇင်။ သိပ်ကို လှပသိမ်မွေ့သည့် နာမည်ပဲ။ သဇင်ပန်းဆိုတာက ဘုန်းကံရှိပြီး လှပသည့်ပန်း။ တော်ဝင်ပန်း။

မြစိမ်းရောင်မင်းသမီး တော်ဝင်သည့် အလှပိုင်ရှင်မို့ ပန်းသဇင်ဆိုသည့်နာမည်နဲ့ လိုက်ဖက်လွန်းလှသည်။

အောင်မြင်ဗို၊ ကိုတင်ထူး၊ ခန့်ငြားကို၊ ခန့်ငြားမောင်၊ ခန့်ငြားငယ်နှင့် ပန်းသဇင်တို့သည် မိမိတို့ လုပ်ငန်းနှစ်ခုပူးတွဲလုပ်ဆောင်ရမည့် လုပ်ငန်းကိစ္စကို အသေးစိတ်အချက်ကျကျ တိုင်ပင်ဆွေးနွေးနေကြပြီး နောက်လာမယ့်အပတ်မှာ ဆောက်လုပ်ရေး (construction) လုပ်ငန်းခွင် ထဲသို့ဝင်ပြီး လိုအပ်သည်များကို ထပ်မံ၍တွက်ချက်ရန် ညှိနှိုင်းလိုက်ကြ၏။ အောင်မြင်ဗိုအတွက် တာအထွက်က ကောင်းနေပါပြီ။ ပန်းအဝင်လုပ်ရန်သာ လိုတော့၏။

■

အခန်း (၁၁)
ချောတိုင်ထိပ်က အလံ

"ကိုယ်. . . ပန်းသဇင်နဲ့ ခင်သွားပြီ။ ပန်းသဇင်က ရုပ်ကလေး လှသလို အသံလည်း ချိုနေတာပဲ။ အပြောအဆိုကလည်း သိမ်ပြီး သိမ်မွေ့နေတယ်။ ပြီးတော့ ပန်းသဇင်ရဲ့ ဉာဏ်ရည်ဉာဏ်သွေးကလည်း အရမ်းထက်မြက်တယ်ကွာ။ ပန်းသဇင်ဟာ အဆင်းရော အချင်းရော ပြည့်စုံတယ်။

ပန်းသဇင်ရဲ့ အပြုံးကလည်း သိပ်ကိုလှတာ။ ပြုံးအလှပိုင်ရှင်လေးပဲကွာ"

အောင်မြင်ဗိုသည် အောင်ဖြိုးနဲ့ ကာကာကို ပန်းသဇင်အကြောင်း ချီးကျူးခန်းဖွင့်ရင်း ပန်းသဇင်နဲ့ သိပ်ခင်နေသည့်အကြောင်းလည်း ခပ်ကြွားကြွားလေးပြောလိုက်သည်။ တကယ်တော့ ကြိုးကြိုးကျယ်ကျယ်ဘာမှမဖြစ်ခဲ့။ ပန်းသဇင်နှင့် နီးနီးကပ်ကပ်ဆုံဆည်းခွင့်ရရှိခဲ့ခြင်း

သာဖြစ်၏။ ဒါနည်းတဲ့ အခွင့်အရေးလား။ အောင်မြင်ဗို၊ အောင်ဖြိုးနဲ့ ကာကာတို့ဟာ ကန်တော်ကြီးမှာ နံနက်စောစောလေ့ကျင့်ခန်းလုပ်သည့် အနေဖြင့် အပြေးလေ့ကျင့်ရင်း။ အောင်မြင်ဗိုက ပြေးလည်းပြေး၊ စကား လည်းပြောနဲ့ပေါ့။

ကာကာက နှုတ်ခမ်းထောင့်စွန်းလေးကို တွန့်ကာပြုံးလိုက်ပြီး

"ဒီတစ်ခါတော့ အောင်မြင်ဗိုကြီးက သိပ်ကို ခြေသွက်လက်သွက် ရှိနေပါလား။ ငါတောင် သူ့အစ်ကိုသုံးယောက်ျမိုးခံနေလို့ ပန်းသဇင်နဲ့ ကာကာဖော်ဆိုတဲ့ အချစ်ဇာတ်လမ်းစဖို့ ခက်နေတာ။ သူ့တို့ မိဘတွေ သေပြီးကတည်းက မောင်နှမလေးယောက်မခွဲဘူး။ သူတို့လည်း မိန်းမ မယူဘူးတဲ့။ ဒါကြောင့် လူပျိုဟိုင်းကြီးဖြစ်နေတာ။ တတ်လည်းတတ်နိုင်တဲ့ အစ်ကိုသုံးယောက်။ သူညီမကိုချစ်တဲ့နေရာမှာတော့ အံ့သြလောက်တယ်။ တကယ့်ကို စံတင်လောက်တယ်။ သူတို့ ကိုယ်တိုင်လည်း ရည်းစား မထားဘူး။ ပန်းသဇင်ကိုလည်း ရည်းစားမထားရဘူး။ ရည်းစားရစေမယ့် အခွင့်အလမ်းအားလုံးပိတ်ထားတယ်။ ငါကြိုးစားတယ်။ ပန်းသဇင်နဲ့ ဆုံတွေ့တဲ့အခါတိုင်း အစ်ကိုသုံးယောက်က ပန်းသဇင်နားက တစ်ဖဝါးမှ မခွာလို့ ပန်းသဇင်လေးနဲ့ စကားပြောခွင့်ကို မရဘူး။ ဟူး. . . အဲဒီလူပျိုဟိုင်းကြီး အစ်ကိုသုံးယောက်ကိုရှင်းပစ်မှပဲ မြစိမ်းရောင်မင်းသမီးလေးနား ကပ်လို့ရမယ်"

ဟု လက်ဝါးစောင်းခုပ်သလို ဟန်ပါပါ ခပ်သွက်သွက်ပြောသည်။

ကာကာရဲ့စကားအပြင် အပြုအမူကြောင့် အောင်မြင်ဗိုနှင့် အောင်ဖြိုးမျက်လုံးပြူးကျယ်သွားရသည်။ အောင်ဖြိုးက ကာကာကို စောင်းကြည့်ပြီး

"ခင်ဗျားက အစ်ကိုသုံးယောက်ကို ရှင်းပစ်မယ် ဟုတ်လား"

ဟု အလန့်တကြားနှင့်မေးသည်။

ကာကာက မျက်ခုံးကို ပင့်ပြီး –

"ရှင်းပစ်တာပေါ့"

ဟု ခပ်ပေါ့ပေါ့လေသံဖြင့် ပြောသည်။

အောင်မြင်ဗိုက ကာကာကို

"ဟာ. . . မင်းကလည်း မိန်းကလေးတစ်ယောက်အတွက်နဲ့ လူသတ်တော့မှာလား။ အဲဒီလောက်ထိတော့ မလိုဘူးထင်တယ်"

ဟု ပူပူပန်ပန်လေသံဖြင့် ပြောသည်။

အဲဒီတော့ ကာကာက အတွေးပေါက်သွားပြီ ကျယ်ကျယ်လောင် လောင်တစ်ချက်ရယ်လိုက်သည်။ ကာကာ၏ရယ်သံကြောင့် ဘေးမှ မနက်ခင်းလေ့ကျင့်ခန်းလုပ်နေသည့် သူအချို့ပင် ကာကာကို လှမ်းကြည့် သွားကြ၏။

ကာကာက ပြုံးစိစိမျက်နှာထားဖြင့်

"မင်းတို့ကဲ့ ဒုံးဝေးလိုက်တာကွာ။ ငါက ရှင်းပစ်မယ်ဆိုတာ လူသတ်မှာကို ပြောတာမဟုတ်ဘူး။ ဘာမဟုတ်တဲ့ မိန်းမတစ်ယောက် ကြောင့် ငါလူသတ်မတဲ့လား။ အစ်ကိုသုံးယောက်ကို ပန်းသဇင်လေးနား မကပ်နိုင်အောင် မိန်းမပေးစားပစ်ဖို့ကွ"

ဟု ရယ်ကျဲကျဲလေသံဖြင့် ပြောသည်။

အောင်ဖြိုးမှာ ကာကာထပ်မံပြောလိုက်သောအပြောကြောင့် မျက်နှာကြီးရှုံ့မဲ့သွားပြီး

"ဘယ်လို. . . ဘယ်လို မင်းက သူ့အစ်ကိုသုံးယောက်ကို မိန်းမ ပေးစားပစ်မယ် ဟုတ်သလား"

ကာကာ မင်းမိန်းမပေးစားတိုင်း သူတို့က ယူမှာလား။ ပြီးတော့ မင်းက သူတို့အစ်ကိုသုံးယောက်ရဲ့ အိမ်ထောင်ရေးစီစဉ်ပေးရအောင် သူတို့ရဲ့အဖေလည်း မဟုတ်ဘူး"

ဟု သွယ်ဝိုက်မနေဘဲ ဒဲ့ဒိုးပြောလိုက်သည်။

ကာကာက ဟက်ခနဲတစ်ချက်ရယ်လိုက်ပြီး

''ငါက သူတို့သုံးယောက်ရဲ့အဖေမဟုတ်ပေမယ့် သူတို့ကို မိန်းမပေးစားနိုင်တဲ့အစွမ်းတော့ရှိပါတယ်ကွာ။ မင်းတို့နှစ်ယောက်စောင့်ကြည့်နေ။ ပန်းသဇင်လေးနဲ့ အစ်ကိုသုံးယောက်ရဲ့လက်ထပ်ပွဲကို မကြာမီလာမည်မျှော်''

ဟု ခပ်ရွတ်ရွတ်လေသံဖြင့် ပြောသည်။

အောင်မြင့်ဝို ပြေးနေရင်းမှ

''ဘာပဲဖြစ်ဖြစ် ကိုယ်တို့သုံးယောက် မြစိမ်းရောင်မင်းသမီးကြောင့် အချစ်မပြယ်ကြဖို့ အရေးကြီးတယ်။ ကိုယ်တို့သုံးယောက် ထာဝရစည်းလုံးကြမယ်''

ဟု ပြောကာ အပြေးကို ရပ်လိုက်ပြီး လက်ဝါးကို ဖြန့်ထုတ်လိုက်သည်။ ကာကာနဲ့ အောင်ဖြိုးတို့လည်း အပြေးကိုရပ်လိုက်ဇာ။ ကာကာက အောင်မြင့်ဝို၏ လက်ဖဝါးကို ဖတ်ခနဲ ရိုက်လိုက်သည်။ အောင်မြင့်ဝိုနှင့် ကာကာတို့ လမ်းပေါ်မှ အောင်ဖြိုးကလည်း ဖြတ်ခနဲရိုက်သည်။

ပြီးတော့ သုံးယောက်သားတစ်ပြိုင်တည်း

''တို့တွေ ထာဝရစည်းလုံးမယ်''

ဟု အားမာန်ဖြင့် ရွတ်ဆိုလိုက်သည်။

ပန်းသဇင်ဆိုသည့် မြစိမ်းရောင်မင်းသမီးလေးသည် အောင်မြင့်ဝိုတို့ သူငယ်ချင်းသုံးယောက်အတွက် ချောတိုင်ထိပ်မှ အလံလေးသဖွယ် ဖြစ်နေပေတော့သည်။

■

အခန်း (၁၂)
စိန်ပွင့်ကလေး ဖြစ်ခွင့်ပေး

အောင်မြင့်ဝိုက ပန်းသဇင်ကို ထပ်မံတွေ့ပြန်သည်။ ပန်းသဇင်သည် လျှပ်စစ်မီးကြိုးများတပ်ဆင်ဖို့အတွက် လိုအပ်သည်များကို တွက်ချက်ရင်း အလုပ်များနေကြသည်။ အောင်မြင့်ဝိုဟာလည်း မှန်နှင့်အလှဒီဇိုင်းမတပ်ဆင်ဖို့ရန်အတွက် အသေးစိတ်တွက်ချက်ရင်း ပန်းသဇင်ကို မသိမသာစောင်းငဲ့ကြည့်လိုက်သည်။ ကံကောင်းသည်က သူ့အစ်ကိုသုံးယောက်ဟာ ကိုတင်ထူးနဲ့ စကားကောင်းနေပြီး ပန်းသဇင်နားတွင်မရှိ။

အောင်မြင့်ဝိုဟာ အခွင့်အရေးကို မိမိရရအသုံးချသည့်အနေဖြင့် ပန်းသဇင်နားကို လျှောက်သွားပြီး

''ပန်းသဇင်''

ဟု ခပ်တိုးတိုးလေး နှစ်ကိုယ်ကြားလေသံလေးဖြင့် ခေါ်လိုက်သည်။ ပန်းသဇင် အလုပ်ကိုအာရုံစိုက်ပြီး လုပ်နေရာမှ အောင်မြင့်ဝိုကို မော့ကြည့်ပြီး

"ကိုအောင်မြင့်ဗို"

ဟု နှုးညံ့သောလေသံဖြင့် ခပ်တိုးတိုးထူးလိုက်သည်။

အောင်မြင့်ဗိုက ပန်းသဇင်ကို နွေးထွေးစွာပြုံးကြည့်ပြီး

"ပန်းသဇင်လည်း တစ်နေ့ တစ်နေ့ construction လာပြီး မအားရဘူးနော်"

ဟု စကားစလိုက်သည်။

ပန်းသဇင် ချစ်စရာကောင်းတဲ့ အပြုံးမျက်နှာလေးဖြင့်

"ဟုတ်တယ်၊ တစ်နေ့တစ်နေ့ အလုပ်တွေနဲ့ မအားရပါဘူး၊ ဒါပေမဲ့ ပန်းကတော့လေ အလုပ်လုပ်နေရာတာကိုပဲ ပျော်နေတာ"

ဟု သိမ်မွေ့သောလေသံဖြင့် ပျော့ပျောင်းစွာပြောသည်။

အောင်မြင့်ဗိုဟာ ပန်းသဇင်ကို စိတ်ဝင်စားသလို ပန်းသဇင် ပြုံးလိုက်တိုင်း လက်ခနဲလက်လက်သွားတတ်သည့် စိန်သွားလေးကိုလည်း စိတ်ဝင်စားနေမိ၏။

အောင်မြင့်ဗို ပန်းသဇင်ကိုပြုံးပြီးကြည့်ကာ

"ပန်းသဇင်က စိန်သွားကလေးနဲ့ ခေတ်မီမီလှနေတာပဲနော်၊ အဲဒီ စိန်သွားကလေးတပ်ထားတာကြောင့် ပန်းသဇင်ပြုံးလိုက်ရင် ပိုပို လှသွားတယ်"

ဟု ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက်သည်။

အောင်မြင့်ဗိုက ပန်းသဇင်ရဲ့အလှကို ချီးကျူးလိုက်သောကြောင့် ပန်းသဇင်က ရှက်ပြုံးကလေးပြုံးလိုက်၏။ ပန်းသဇင်၏ စိန်သွားကလေးကလည်း လက်ခနဲတောက်ပသွားပြန်သည်။

ပန်းသဇင်ဟာ ပန်းလေးတစ်ပွင့်လို လှပသည့်အပြုံးမျက်နှာထားဖြင့်...

"ပန်းကလေး စိန်ပွင့်လေးတွေကို သိပ်ချစ်တာပဲသိလား။

ဒါကြောင့် သွားမှာ စိန်ပွင့်လေးတပ်ထားတာလေ"

ဟု ရွှင်ရွှင်ပျပျလေသံကလေးဖြင့် ပြန်ဖြေ၏။

အောင်မြင့်ဗိုဟာ ပန်းသဇင်၏ စိန်ပွင့်ကလေးကို ပိုပြီး စိတ်ဝင်စားသွားကာ

"ပန်း... အဲဒီလို စိန်တတ်တာ ရိုးရိုးလက်ဝတ်ရတနာမှာ တပ်တဲ့ စိန်ပဲလား"

ဟု အသာအယာမေးလိုက်သည်။

ပန်းသဇင်က ခေါင်းကိုဖြည်းညင်းစွာ တစ်ချက်ခါလိုက်ပြီး

"မဟုတ်ဘူး... ကိုအောင်မြင့်ဗို သွားမှာပဲ တပ်ရတဲ့ သီးသန့်စိန်။ ဂျာမနီနိုင်ငံ Vivadent ကုမ္ပဏီကထုတ်တဲ့ Skyce စိန်တပ်ထားတာလေ"

ဟု သာယာနာပျော်ဖွယ်ကောင်းသည့်လေသံဖြင့် ပြောသည်။

"တချို့ကတော့လည်း လက်ဝန်ရတနာစိန်တွေ သွားမှာတတ်ကြတာတော့ရှိတယ်။ အဲဒီလို လက်ဝတ်ရတနာစိန်တွေ သွားမှာတတ်ကြတော့ သွားကိုဖောက်လိုက်ပြီးတတ်ရတာလေ။

အဲဒီစိန်ကို အကြောင်းတစ်ခုခုကြောင့် ပြန်ထုတ်တဲ့အခါ သွားပေါက်ကြီးနဲ့ဆိုတော့ ကြည့်လို့ မကောင်းတော့ဘူးပေါ့၊ သွားအကောင်းကနေ ပျက်စီးသွားတာပေါ့နော်။

သွားမှာတပ်ရမယ့် သီးသန့်ထုတ်လုပ်ထားတဲ့စိန်က ပါးလွှာလို့ တပ်ရတာလည်း လွယ်တယ်။ သွားမှာလည်း အနာအဆာမဖြစ်ဘူး။ အဲဒီစိန်တပ်ဆင်ထားပြီး ပြန်ခွာလိုရှိရင်လည်း သွားက ပကတိအတိုင်းပဲ ကျန်တယ်လေ"

ဟု သွားမှာတပ်သည့် စိန်အကြောင်းကို အသေးစိတ်ရှင်းပြသည်။

အောင်မြင့်ဗိုနှင့် ပန်းသဇင်ဟာ တဖြည်းဖြည်း ရင်းနှီးသည်ထက်

ရင်းနှီးလာသည်။ ပန်းသဇင်၏ Hand Phone နံပါတ်ပါ သိလိုက်ရသည်၊ အောင်မြင့်ဇိုဟာလည်း ပန်းသဇင်နဲ့ စကားပြောနေရသည်ကို ကြည်နူးနေမိသည်။ ချစ်သူရဲ့ထံပါး သွားထက်က စိန်ပွင့်ကလေးတစ်ပွင့်အနေဖြင့် ဖြစ်နိုင်မည်ဆိုလျှင် ဖြစ်ချင်ပါသည် သဇင်။

အောင်မြင့်ဇို ဘဝတစ်သက်တာမှာ မည်သည့်မိန်းကလေးအတွက်ကြောင့်မှ ကြည်နူးရင်ခုန်မှုမဖြစ်စဖူး။ ဒီမြစိမ်းရောင်မင်းသမီးလေးနဲ့မှ သူ့စိတ်တွေ ဘယ်လိုဖြစ်မှန်းမသိ။ ရင်ထဲမှ တလှပ်လှပ်နဲ့ တသိမ့်သိမ့် ကြည်နူးမှုလေးဖြစ်နေမိသည်။ ဒါဟာ အချစ်လား၊ မြစိမ်းရောင်မင်းသမီးလေး၏အချစ်ကို သူရယူပိုင်ဆိုင်ချင်သည်။ ခက်သည်က ကာကာဇော်ရော၊ အောင်ဖြိုးပါ မြစိမ်းရောင်မင်းသမီးလေးအပေါ် တွယ်ငြိမြတ်နိုးနေကြ၏။ အောင်ဖြိုးက မြစိမ်းရောင်မင်းသမီးလေး၏အချစ်ကို မည်ကဲ့သို့ ရယူမည် သူမသိ။ ကာကာဇော်ကတော့ မိန်းကလေးအထာညက်သူ၊ မိန်းမကျမ်းကြေသူမဟုတ်လား။ ကာကာဇော်က ခြေလှမ်းကျဲကျဲဖြင့် မြစိမ်းရောင်မင်းသမီးလေးကို ချဉ်းကပ်ပေလိမ့်မည်။ အင်း. . . အရာအားလုံးစင်းလုံးချေချည်းတော့ဖြစ်လာမည်မဟုတ်၊ အနည်းငယ်သော စိတ်ရှုပ်စရာအချို့ကြုံပြီးမှ မြစိမ်းရောင်မင်းသမီးလေး၏ ချစ်ခြင်းမေတ္တာကို သူရယူနိုင်ပေလိမ့်မည်။

■

အခန်း (၁၃)
နေမင်း၏သားတော်

ဇနပဒါရီ (၁)ရက်နေ့ဖွား (၁)ဂဏာန်းသမား။ အောင်မြင့်ဇိုက မည်သည့် ကိစ္စတွင်မဆို မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် အောင်မြင်ပြီးမြောက်သည်အထိ လုပ်ကိုင်တတ်သူ။ အောင်မြင့်ဇိုကဲ့သို့ မည်သည့် အင်္ကလိပ်လတွင်မဆို (၁)ရက်၊ (၁၀)ရက်၊ (၁၉)ရက်၊ (၂၈)ရက်မွေးဖွားသူတို့သည် (၁)ဂဏာန်းသမားများဖြစ်၏။ စိုးမိုးဂဏာန်း(၁)သမားတို့သည် မည်သည့် အခြေအနေမျိုးတွင်မဆို ရောက်ရာကျရာနေရာမှာ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းနိုင်သူဖြစ်၏။ အခြားသူများကို လွှမ်းမိုးနိုင်သော အားကောင်းသည့် ညှို့ဓာတ်ရှိသူများပါ။ မည်သည့် အခက်အခဲကြုံကြ လွယ်လွယ်ကူကူ စိတ်ဓာတ်ကျတတ်သူမဟုတ်။ စိတ်ဓာတ်အင်အားကောင်းမွန်သူ၊ ရည်မှန်းချက်ပန်းတိုင်ကို အခိုင်အမာချတတ်ပြီး ပန်းတိုင်သို့ မလျော့သောဇွဲနဲ့ဘဲနှင့် အရောက်သွားတတ်၏။ စိုးမိုးဂဏာန်း(၁)ဂဏာန်း

သမား အောင်မြင်ဖိုသည် မည်သည့်အခက်အခဲကြုံကြို အတားအဆီးအားလုံးကို ကျော်လွှားနိုင်သော စွမ်းရည်ထူးရှိသူဖြစ်သောကြောင့် မြစိမ်းရောင်မင်းသမီးလေး၏ ချစ်မေတ္တာတရားကို ပိုင်ဆိုင်ရယူနိုင်မည်ဟု မိမိကိုယ်မိမိအားတင်းလိုက်၏။

စိုးမိုးဂဏန်း(၁)ဂဏန်းသမားတို့သည် တနှစ်နွေဂြိုဟ်မင်း(နေမင်း) Sun ၏ ဩဇာလွှမ်းအောက်မှာ ရောက်ရှိနေခြင်းကြောင့် လွတ်လပ်သော အမြင်ရှိပြီး ပင်ကိုယ်ဖန်တီးနိုင်သည့် စွမ်းအားကောင်းရှိ၏။ လွန်စွာတွေးတွေးဆဆလုပ်ကိုင်တတ်သော ဉာဉ်ရှိပြီး မည်သည့်ကိစ္စတွင်မဆို စေ့စပ်လွန်းသည်။ လက်တွေ့ဆန်လျက် တည်ငြိမ်လွန်း၏။ တစ်စုံတစ်ယောက်၏ ထင်မြင်ယူဆချက်ကြောင့် လွယ်လင့်တကူ တွေဝေယိမ်းယိုင်မှုမရှိ။ အကြိုအစည်စိတ်ကူးအတွေးတို့၏နောက်ကွယ်မှာ 'စိတ်ပြဋ္ဌာန်းချက်ရှိသည့်အကြောင်းရင်း' ရှိနေတတ်၏။

လှူဒါန်းပေးကမ်းမှုရက်ရောတတ်သူပါ။ သို့သော် တစ်ပါးသူ၏အမိန့်နှင့် စေခိုင်းခြင်းကို လွန်စွာခံပြင်းငြင်းဆန်တတ်၏။ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် လှူဒါန်းတတ်၏။ (၁)ဂဏန်းသမားပီပီ ကြီးပြင့်လိုသောစိတ်ထက်သန်ပြီး ဦးစီးဦးဆောင်လုပ်ကိုင်တတ်သော စိတ်ဓာတ်ရှိ၏။ မည်သည့်အခါမှ နောက်လိုက်မလုပ်လို။ ကိုယ့်ဒူးကိုယ့်ခွက်ကြိုးစားတတ်၏။

စိတ်စွမ်းရည်မြင့်မားသလို အကြီးအကဲလုပ်လိုသောဆန္ဒထက်သန်သည်။ သူ့အပေါ်ချုပ်ချယ်လာမှုတို့ကို နည်းနည်းလေးမှမလိုလား။

နေမင်း၏သင်္ကေတကို ရရှိသော ဟုဂ္ဂိလ်ဖြစ်ခြင်းကြောင့် တီထွင်ဆန်းသစ်မှုကို နှစ်သက်မြတ်နိုး၏။ လုပ်ငန်းကိစ္စတို့၏အကြီးအကဲ (ပိုင်ရှင်)သာဖြစ်လိုတတ်၏။ စိတ်ဓာတ်အားမာန်တို့ပြည့်ဝပြီး စိတ်ဓာတ်ရုပ်ဓာတ်ခွန်အားတို့နှင့် ပြည့်စုံ၏။ ရဲစွမ်းသတ္တိရှိ၏။ တိုးတက်မှုကို အစဉ်တွေးခေါ်သည်။ အတွေးအခေါ်သစ်တို့ကို စိတ်ဝင်စားသည်။ စိုးမိုးဂဏန်း(၁) ဂဏန်း

သမားတို့သည် အမှောင်ထုကို ထိုးဖောက်ဖြိုခွင်းကာ နေမင်းထွက်လာသလို အခက်အခဲဆိုသော အမှောင်ထုကို စိတ်ဓာတ်အင်အားတည်းဟူသော အလင်းရောင်နှင့် ဖောက်ထွင်းနိုင်သော စွမ်းအင်ထူးရှိ၏။ ဘုဝသည်မှန်းချက်ကို ခိုင်မြစွာချမှတ်ထားတတ်သူဖြစ်သဖြင့် အသိုင်းအဝန်းဒေသားစုကို ကျော်လွန်ပြီး တိုးတက်သွားပါမည်။

ဘဝလမ်းတလျှောက်မှာ မြောက်မြားစွာသော အခက်အခဲများနှင့် ရင်ဆိုင်ကောင်း ရင်ဆိုင်ရပေလိမ့်မည်။ သို့သော် (၁)ဂဏန်းသမားတို့၏ စိတ်ပြဋ္ဌာန်းချက်ပြင်းထန်ခြင်းကြောင့် အတားအဆီးအားလုံးကို အနိုင်ယူ အလဲထိုးပြီး မြင့်မားသော အောင်မြင်မှုကို လက်ဝယ်ပိုင်ပိုင်ရယူနိုင်ပါလိမ့်မည်။

■

သိသည်ထက်သိလာသည်။

အစ်ကိုအကြီးဆုံးခန္ဓာကိုနဲ့ ခန့်ငြားမောင်ဟာ အစားကောင်းအသောက်ကောင်းကို အထူးနှစ်သက်၏။ ခန္ဓာကိုတို့ ညီအစ်ကိုဟာ စားသောက်ဆိုင်ကောင်းကောင်းများတွင် လှည့်ပတ်စားသောက်နေသူများ ခန္ဓာကိုတို့ဟာ တနင်္ဂနွေနံနက်ပိုင်းတိုင်း Fly Food Center မှာ သွားစားဘတ်မှန်း ကာကာ သိထားသည်။ အဲဒီ Fly Food Center က တနင်္ဂနွေနေ့ဘိုင်း ထူးထူးခြားခြား တည်ခင်းရောင်းချလေ့ရှိ၏။

ဒါကြောင့် ကာကာက တမင်ပင် တနင်္ဂနွေနေ့ နံနက်ပိုင်းမှာ Fly Food Center ကိုသွားပြီး ခန့်ငြားကိုနှင့် ဆုံအောင်လုပ်သည်။ ဒီတနင်္ဂနွေနေ့မှာ Fly Food Center တွင် အထူးစပယ်ရှယ်နန်းကြီးသုတ်စီစဉ်ထား၏။ ထိုနေ့တွင် နန်းကြီးသုတ်ကို ကြိုက်နှစ်သက်သူများသောကြောင့် လူပိုစည်၏။ ကာကာက Fly Food Center ရဲ့ ကားပါကင ်ထဲကားရပ်လိုက်တော့ ခန့်ငြားကိုရဲ့ မာစီဒီးကားအနက်ရောင်ဧးး ကားပါကင်မှာ ရပ်ထားတာတွေ့လိုက်ရသည်။ ကာကာက ပိုင်နိုင်သေချာသည့် အပြုံးကို ခပ်မိုမိုပြုံးလိုက်ပြီး ကားပေါ်မှဆင်းလိုက်၏။ ထိုင်ခုံလွတ်မရှိအောင် လူပိုစည်သော အခွင့်အရေးကို ကာကာတစ်ယောက် ပိုင်ပိုင်နိုင်နိုင်အသုံးချမှာ မဟုတ်လား။

• ကာကာက တမင်ပင် ခန္ဓာကိုရဲ့ စားပွဲနားသွားပြီး

"ကျွန်တော် ဝင်ထိုင်မယ်နော်"

ဟု ဆိုကာ မျက်နှာပြောင်ပြောင်နှင့်ပင် ခန္ဓာမောင်၏နံဘေး ခန္ဓာကို၏မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်သည်။

ကာကာက ဝိတ်တာကောင်လေးကို နန်းကြီးသုတ်တစ်ပွဲမှာလိုက်၏။ ကာကာက ခန္ဓာကို့ကို ကြည့်ပြီး

"ဒီဆိုင်က စားလို့ သောက်လို့ ကောင်းတယ်နော်။ ကျွန်တော်

အခန်း (၁၄)
ပါးပါးလေး

ပန်းသဇင်ကို ချဉ်းကပ်ဖို့ ကာကာ အခက်တွေ့အကြပ်တွေ့နေ၏။ ခက်သည်။ ပန်းသဇင်၏အစ်ကိုသုံးယောက်က ပန်းသဇင်ကို ကျွမ်းကျင်ယက္ခတွေ စောင့်ကြပ်နေသည့်နှယ် ကာကွယ်စောင့်ရှောက်နေသည် မဟုတ်လား။ ဒီအစ်ကို သုံးယောက်ကို ဖြိုခွင်းနိုင်မှသာ ပန်းသဇင်နဲ့ နီးစပ်နိုင်မည်။ ဒါကြောင့် ပန်းအစ်ကိုသုံးယောက်ကို ပန်းအနားမှ ထွက်သွားစေဖို့ ကာကာမှာ အကြံရှာသည်။ နည်းအမျိုးမျိုးစဉ်းစား၏။ နောက်ဆုံးမှာ အကောင်းဆုံးဆိုသည့် အကြံပါးပါးလေးတစ်ခုကို ရရှိလာ၏။

ရရှိသည့်အကြံကို ကာကာဇော်အပြန်ဆုံးအကောင်အထည်ဖော်လိုက်သည်။ ထိုအကြံကို အကောင်အထည်ဖော်ဖို့ ကာကာက ပန်းသဇင်ရဲ့အစ်ကိုသုံးယောက်ဖြစ်သည့် ခန္ဓာကို၊ ခန္ဓာမောင်၊ ခန္ဓာငယ်တို့အကြောင်းကို လိုက်လံစုံစမ်းရင်း အစ်ကိုသုံးယောက်၏အကြောင်းကို

ကတော့ဗျာ ဒီဆိုင်က အစားအသောက်တွေကို လျှာထဲမှာစွဲနေပြီ။ ပြောလို့ ပြောတာမဟုတ်ဘူး။ ကျွန်တော်က အစားအသောက်ကောင်းဆိုသိပ်ကြိုက်တာ''

ဟု အတင်းပင် ဝင်ရောကာ တရင်းတနှီးဟန်ဖြင့် ပြောသည်။

ခန်ငြားကိုက အားလူးပူတီစားနေရာမှ ကာကာကို မျက်မှောင်ကြုတ်ကာ မော့ကြည့်၏။ သဘောကတော့ တစ်ခါမှ မမြင်ဘူး၊ မသိဘူးဘဲနဲ့ ဘာတွေလာပြောနေတာလဲပေါ့။ ကာကာကတော့ မျက်နှာခပ်ပြောင်ပြောင်နဲ့ပင် စကားဆက်ဖို့ စဉ်းစားထားသည်။ ခန်ငြားမောင်က နန်းကြီးသုတ်စားနေဆဲ။

ဝိတ်တာကလေးက ကာကာကို နန်းကြီးသုတ်လာပို့၏။ ကာကာက နန်းကြီးသုတ်စားရင်း

''ကျွန်တော်က တစ်ယောက်တည်းသမားဗျ။ ဒါကြောင့် ကျွန်တော်က အစားအသောက်အတွက်ဆိုင်ကိုပဲ အားကိုးနေရတာလေ''

ဟု ခန်ငြားကိုတို့ ညီအစ်ကိုအား တရင်းတနှီးလေသံဖြင့် ပြောလိုက်၏။

ခန်ငြားကိုက ကာကာ၏ရုပ်ရည်ချောချော၊ သားနားနေသောကြောင့် အားနာနာဖြင့် ဆက်နားထောင်နေရသည်။

ကာကာက ခန်ငြားကို၏မျက်နှာထားကိုကြည့်ပြီး သူ့ဘက်ပါးလာပြီဆိုတာ သဘောပေါက်လိုက်၏။ ကာကာက စားရင်းသောက်ရင်းနဲ့

''ကျွန်တော်က ငယ်ငယ်လေးထဲက အဖေဆုံးသွားတာလေ၊ အမေက နောက်အိမ်ထောင်ပြုသွားတယ်။ ကျွန်တော့်က အဘွားနဲ့ ကြီးဒေါ်လက်မှာ ကြီးပြင်းခဲ့ရတာဗျာ။ အခုတော့ အဘွားရော၊ ကြီးဒေါ်ရော ဆုံးသွားပြီ။ ကျွန်တော်တစ်ယောက်တည်း ဖြစ်နေတာပေါ့ဗျာ။ ဒါကြောင့် အစားအသောက်အတွက် ဆိုင်ကောင်းတွေပဲ အားကိုးနေရတာ''

ဟု ခင်မင်မင်လေသံဖြင့် ပြောလိုက်သည်။

ခန်ငြားကိုတို့ ညီအစ်ကိုသည် ခုဆို သူမှာမိဘနှစ်ပါးလုံးမရှိတာကြောင့် ကာကာအပေါ်ကိုယ်ချင်းစာပြီး ခင်မင်သွားမိသည်။ အမြဲတမ်းဆို ညီမလေးပါ၍ ညီမလေးနဲ့ နီးစပ်သွားမှာစိုးသောကြောင့် တစိမ်းယောကျ်ားလေးကို အရောဝင်လေ့မရှိ။ ဒီနေ့တော့ ညီမလေးလည်းမပါဘာကြောင့် ထိုတစိမ်းလူရည်သန်ကို လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်းပင် ပြန်ပြောဖြစ်သွား၏။ ဘာပဲပြောပြော ကာကာ၏ စည်းရုံးရေးအောင်မြင်သွား၏။

■

အခန်း (၁၅)
ကံဆုံလျှင် ပြန်ကြုံချင်

"ပန်းသဇင်လား"

အောင်မြင်ဗိုဟာ ပန်းသဇင်ဆီကို သတိတရဖြင့် ဖုန်းဆက်လိုက်၏။

"ဟုတ်ပါတယ်ရှင်၊ ဘယ်သူပါလဲရှင်"

ဆိုသည့် ပန်းသဇင်၏သာယာနာပျော်သံ အသံလေးဖုန်းထဲမှ သာယာငြိမ့်ညောင်းစွာ စီးဝင်လာ၏။ တိုက်တိုက်ဆိုင်ဆိုင် ကံကောင်းပြီး ပန်းသဇင်နဲ့ဆုံတာကြောင့် သူလှပ်ခနဲ ရင်ဖိုသွားရသည်။

"ကိုယ်ပါ. . . အောင်မြင်ဗိုလေ"

အောင်မြင်ဗိုက တည်ငြိမ်သည့်လေသံဖြင့် ပြောလိုက်သည်။

"ကိုအောင်မြင်ဗို ဘာကိစ္စများရှိလို့ပါလဲရှင်"

ဆိုသော ပန်းသဇင်၏ယဉ်ကျေးသိမ်မွေ့သော လေသံကလေး

ကို အောင်မြင်ဗိုကြားလိုက်ရ၏။

"ကိစ္စတော့ ထွေထွေထူးထူးမရှိဘူး ပန်းရဲ့။ ပန်းကို သတိရလို့"

အောင်မြင်ဗို နှလုံးသားထဲမှ ထွက်ပေါ်လာသောလေသံဖြင့် ပြောလိုက်သည်။ ပန်းနဲ့သူ ဖူးစာရေစက် ရှေးပါရမီပါလာသည်ဟု သူစိတ်တွင် နက်နက်နဲနဲခံစားမိလိုက်သည်။

"သတိရလို့"

ဆိုသည့် ပန်းသဇင်၏ ရှက်ဝဲအသံလေးကြောင့် အောင်မြင်ဗို ပိုရင်ခုန်သွားမိ၏။ စိတ်ထဲမှာလည်း ပန်းသဇင်၏ရှက်ပြုံးကလေး မြင်ယောင်တာ ကြည်နူးသွားမိတာအမှန်။

"ဟုတ်တယ်၊ ပန်းကို ကိုယ်သတိရလို့ ဖုန်းဆက်လိုက်တာ၊ ပန်းက သိပ်ခင်ဖို့ကောင်းတာပဲ"

"ပန်းလည်း ကိုအောင်မြင်ဗိုကို ခင်ပါတယ်၊ ဒါနဲ့ ကိုအောင်မြင်ဗို. . . ကိုအောင်မြင်ဗိုရဲ့မွေးနေ့က ဘယ်နေ့လဲ"

ဆိုသည့် ပန်းသဇင်၏ချိုသာသော လေသံကလေးက အောင်မြင်ဗို၏နားစည်ကို ရိုက်ခတ်လာ၏။

အောင်မြင်ဗိုဟာ သူ့ရဲ့မွေးနေ့ကို ပန်းသဇင် အလေးအနက်ထားမေးလာတာကြောင့် ဝမ်းသာလုံးစို့သွားပြီး မျက်နှာကြီးပြုံးဖြီးသွားကာ

"ဇန်နဝါရီလ တစ်ရက်နေ့"

ဟု ခပ်မြန်မြန်ကလေးဖြေလိုက်၏။

"ခုနစ်ကရော"

"၁၉၇၈ ခုနှစ်"

ဟု အောင်မြင်ဗိုက သွက်လက်စွာပြောလိုက်၏။

"ပန်း ဖုန်းချလိုက်တော့မယ်နော်"

ပန်းသဇင်၏ နှစ်လိုဖွယ်အသံကလေးကြောင့်

''အင်း''

ဟု အောင်မြင့်ဇိုက ပြောလိုက်၏။

ပန်းသဇင် ဖုန်းချသွားပေမယ့် အောင်မြင့်ဇို ပန်းသဇင်၏ ရုပ်ပုံလွှာကလေးကို မြင်ယောင်နေမိသည်။

ပန်းနဲ့ သူ စကားပြောသည်ကို ပန်းအစ်ကိုတစ်တွေ မရိပ်မိ တာကလည်း ကံကောင်းခြင်းတစ်ခုပါပဲ။

■

အခန်း (၁၆)
တယ်လီပသီ

ဖေဖေကြီး အင်္ဂလန်သို့သွားရောက်စဉ်က လေ့လာသင်ယူခဲ့သော တယ်လီပသီပညာ၊ ကလယ်ရာဇိုးယဲန်းစ်ပညာ၊ အော်တိုဆပ်ဂျက်ရှင်းညွှန့် နက္ခတ်ဗေဒလက္ခဏာပညာရပ်တို့ကို သူငယ်စဉ်ကတည်းက ဖေဖေကြီးထံမှ လေ့လာမှတ်သားခဲ့ရ၏။ သူ့စိတ်ဝိညာဉ်တွင် ပညာရပ်တို့၏ စွမ်းပကားက စွဲမြဲနေပြီ။

အောင်မြင့်ဇိုသည် တယ်လီပသီပညာရပ်နှင့် ပတ်သက်ဆက်နွယ်သော အကြောင်းအရာတို့ကို ကွယ်လွန်သူ ဖေဖေကြီးပြောခဲ့သမျှ ပြန်ကြားယောင်နေ၏။

''တယ်လီပသီဆိုတာ ဂရိဘာသာရပ်ကနေပြီး ဆင်းသက်လာတာ မြေးရဲ့၊ ဝေါဟာရနှစ်ခုကို ဆင်ယူထားတဲ့စကားလုံး အသုံးအနှုန်းပဲ။ 'တယ်လီ' (Tele) ဝေးလံခြင်းနဲ့ 'ပါသော့စ်' (Pathos) ခံစားချက်ဆိုတဲ့

အဓိပ္ပာယ် နှစ်ခုကို တစ်ခုတည်းဖြစ်အောင် ပူးတွဲပေးထားတာ။ ဝေးလံ
ခံစား ချက်ဆိုတဲ့ အဓိပ္ပာယ်ပဲ။ ဒီ Telepathos တယ်လီပသီဝေါ
အဓိပ္ပာယ်က တစ်စထက်တစ်စ ကျယ်ပြန့်လာရာက ထူးဆန်းအံ့သြဖွ
လျှို့ဝှက်နက်နဲတဲ့ အချက်များကိုပါ သုတေသီတို့က ရှာဖွေတွေ့ရှိလာ
တယ်။ တယ်လီပသီပညာရပ်ရဲ့စွမ်းပကားက တခြားသူတစ်ဦးရဲ့ စိတ်ခံစ
ချက်များကို စေစားဖန်တီးနိုင်တဲ့အထိ စိတ်ညှို့ခြင်းနဲ့ ဆက်နွယ်ပတ်သ
နေတယ်။ တစ်ဦးတစ်ယောက်ရဲ့အတွေးစိတ်ကူးများကို အဝေးရှိ အခြ
တစ်ဦးထံ ကူးလူးပေးနိုင်တဲ့ စွမ်းရည်ထူးရှိတယ်။ တယ်လီပသီဆိုတ
လူသားရဲ့စိတ်ပိုင်ဆိုင်ရာ ဆက်သွယ်မြောင်းတစ်ခု (Cannels of Sens
ပဲ။ တယ်လီပသီနည်းတူ Clairvoyance ဆို စိတ်ကျင့်စဉ်တစ်ခုလည်
ရှိသေးတယ်။ (ကလယ်ရာဗိုးယဲန်းစ်) Clairvoyance ဆိုတာ ပြင်သ
စကားကနေ ဆင်းသက်ပေါက်ဖွားလာတာ။ အဓိပ္ပာယ်ကတော့ ထွ
ဖောက်မြင်ခြင်း ဒါမှမဟုတ် နတ်မျက်စိပဲ။ နတ်မျက်စိပါတဲ့ လူတစ်ယော
က ဘယ်လောက်ဝေးဝေးမြင်နိုင်တဲ့ စွမ်းအားရှိသလိုမျိုး အဝေးမှာဖြ
ပျက်နေတဲ့ကိစ္စတွေကို Clairvoyance(ကလယ်ရာဗိုးယဲန်းစ်)ပညာစွမ်းအ
နဲ့ မြင်တွေ့နိုင်တယ်။ စိတ်ခံစားချက်နဲ့ မြင်သိနိုင်တဲ့ စွမ်းရည်ပဲ''

ဖေဖေကြီးက အကြောင်းအကျိုးကျကျနနရှင်းပြပြီးမှ စနစ်တ
သင်ကြားပေးခဲ့၏။ သူကလည်း စိတ်အားထက်သန်စွာဖြင့် သင်ယူ
ဖေကြီးနှင့် သူ ပူးပေါင်းလေ့ကျင့်မှုများလာတာကြောင့် ခုဆို. . .
တယ်လီပသီပညာကို ကောင်းကောင်းနားလည်တတ်ကျွမ်းနေပြီ။

သူတယ်လီပသီပညာရပ်တတ်ကျွမ်းနေကြောင်း မိသားစုဝင်မှ
၍ ဘယ်သူ့ကိုမှ အသိမပေးထား။ ဒါကလည်း အကြောင်းရှိသည်လေ

လက္ခဏာပညာကို ဖေဖေကြီးထံမှ သင်ယူပြီးကာစ (၈)တန်
(၉)တန်းအရွယ်တွင် ကျောင်းမှသူငယ်ချင်းများကို စေတနာအလျော

ပြောပြဖူးသည်။ သူငယ်ချင်း မိတ်ဆွေအရင်းအချာများက သူ့ပညာကို
ပေးလက်ခံကြသော်လည်း လှောင်ပြောင်သူအချို့နှင့်လည်း ကြုံခဲ့ရ
။ ဂမ္ဘီရပညာရပ်များကို ထဲထဲဝင်ဝင်စနစ်တကျမလေ့လာဖူးသူတွေက
ပညာကို ရှုံ့ချတတ်သည်။ ဂမ္ဘီရပညာကို စနစ်တကျလေ့လာကျွမ်း
င်သည့် သူ့လိုလူမျိုးကို အရမ်းကာရော နှိမ့်ချအထင်သေးလိုကြသည်။

သူကတော့ ဂမ္ဘီရပညာရပ်များကို အထင်ကြီးလေးစားဂုဏ်
သည်။ အောင်မြင်ဗိုနည်းတူ ပညာဉာဏ်ကြီးမားသော အနောက်နိုင်ငံမှ
ပ်ပ် ပညာရှင်ကြီးများကလည်း 'ဂမ္ဘီရ'ပညာကို သိပ်ပွဲဖြင့် ရှင်းပြကာ
ကိခံ ယုံကြည်နေပြီလေ။

ဘာပဲဖြစ်ဖြစ် သူ ယုံကြည်မြတ်နိုးရာ ဂမ္ဘီရပညာကို လှောင်
ခြင်း၊ ပြောင်ခြင်း၊ နည်းနည်းလေးမှ မခံယူလို။ ဒါကြောင့် အောင်မြင်ဗို
တယ်လီပသီပညာကိုတော့ မည်သူ့ကိုမှအသိပေး ဖွင့်ဟမပြောဆိုခဲ့။
ကာကာဇော်နှင့် အောင်ဖြိုးကိုတောင် အသိမပေးခဲ့။

တကယ်တော့ စိတ်ပိုင်းဆိုင်ရာကျင့်စဉ်တို့၏ စွမ်းပကား
ပေးမတန်အံ့သြဆန်းကြယ်သည်။ တယ်လီပသီပညာရပ်အားကိုးဖြင့် ပန်း၏
ချစ်မေတ္တာကို သူရယူမည်။ ပန်းသည် သူ့ချစ်သူဖြစ်လာစေရမည်။ သူ့ချစ်
မေတ္တာတရားများကို မြစိမ်းရောင်မင်းသမီးလေးထံ စေလွှတ်ပေးပို့ပါသည်။
ဤနည်းတူ မြစိမ်းရောင်မင်းသမီး၏အချစ်တွေကို သူအမြန်ဆုံးရရှိပါစေ။

မြစိမ်းရောင်မင်းသမီးလေး၏ ချစ်မေတ္တာကို ရရှိမည်ဟု သူယုံ
ကြည်ချက်ဆန္ဒတွေ ပြင်းထန်နေသည်။

တယ်လီပယ်သီပညာရပ်နဲ့ ပတ်သက်ပြီး ထိတ်တန်းလျှို့ဝှက်ချက်
အဖြစ် ရေငုံနှုတ်ပိတ်နေခဲ့တာ မှန်ပေမယ့် ယခုအချိန်မှတော့ ဖွင့်ဟ
အသိပေးဖို့အကြောင်း တိုက်ဆိုင်လာပေပြီ။ ဘာကြောင့်လဲဆိုလျှင် ကာကာ
တစ်ယောက်က–

"စွယ်တော်ရွက်လေးတွေက နှစ်လွှာပေါင်းမှတစ်ရွက်ဖြစ်သလို ငါနဲ့ ပန်းသင်္ဂီတို့လည်း နှစ်ယောက်ပေါင်းမှတစ်ဘဝဖြစ်တော့မယ်။ မိန်းမလေးတွေရဲ့ စိတ်ဓာတ်ကိုသိတဲ့ ငါ့အဖို့ ပန်းရဲ့အချစ်ကိုရဖို့ ဘာမှ မခဲယဉ်းပါဘူး" တဲ့ဗျာ။

ဒီတော့ ကျွန်တော့်ဘက်ကလည်း ပန်းသင်္ဂီကို တယ်လီပသီ ပညာရပ်အားကိုးဖြင့် မေတ္တာဓာတ်လွှတ်နေကြောင်း ဖွင့်ဟလိုက်ရတာပေါ့။ ကျွန်တော်တတ်မြောက်ထားတဲ့ စိတ်ပိုင်းဆိုင်ရာကျင့်စဉ် တယ်လီပသီပညာရပ်အကြောင်းကို အောင်ဖြိုးရော၊ ကာကာပါ အတော်ပင် အံ့သြသွားကြ၏။

အခန်း (၁၅)
အံ့ဖွယ်လက္ခဏာ

"ငါကတော့ ငါ့ချစ်ချစ်ပန်းသင်္ဂီရဲ့ ခန္ဓာကြွလျှပ်စစ်လုပ်ငန်းနဲ့ ဒီသားစုတ်တွေအကြောင်းကို စုံစမ်းပြီးသွားပြီ။ ခုဆိုရင် ခန္ဓာကြွကိုတို့ ညီအစ်ကိုနှစ်ယောက်နဲ့လည်း ခင်သွားပြီ။ ငါ ပန်းသင်္ဂီနဲ့ နီးစပ်ဖို့ သိပ်မလိုတော့ဘူး"

ကာကာဇော်က ခပ်ကြွားကြွားလေးပြောသည်။

"အချစ်ရေးမှာ ဖူးစာက အရေးကြီးတယ်ကွ၊ ကိုယ်သာ ပန်းသင်္ဂီနဲ့ ဖူးစာရေစက်ပါတာ"

လို့ အောင်မြင့်ဝိုက တစ်ခွန်းမခံပြန်ချေပသည်။

ထိုနေ့က မနက်စောစောစီးစီးကြီး ကာကာဇော်တစ်ယောက် သူ့အိမ်ကို ပေါက်ချလာသည်။ ရောက်ရောက်ချင်းပင် ပန်းသင်္ဂီအတွက် နံယောက် သားငြင်းခုံကြပြီးသည်နှင့် ကာကာဇော်က လက်ဝါးနှစ်ဖက်ကို

"မင်း မှတ်မိသေးတယ် မဟုတ်လား။ ငါ့ကို(၈)တန်းတုန်းက ဟောခဲ့တာလေ။ ငါ့ချစ်သူမှန်သမျှ သေကြရမယ်တဲ့။ အဲဒီချစ်သူနဲ့ သေကွဲကွဲရမယ့် လက္ခဏာမျိုး ငါ့မှာရှိ သေးလား"

ဟု ခပ်သွက်သွက်မေးလာ၏။ အောင်မြင်ဗိုက ကာကာဇော်၏ လက္ခဏာကို အသေးစိတ်ကြည့်ရှုလေ့လာ၏။ ဟိုတစ်ချိန်က ကာကာဇော်မှာ ချစ်သူနှင့် သေကွဲကွဲရမည့် လက္ခဏာရှိနေခဲ့သည်။ ကာကာဇော်၏ အိမ်ထောင်ရေးလမ်းကြောင်းမှာ အရင်ဘုန်းက ကြက်ခြေခတ်သဏ္ဌာန်ဖြစ်ပေါ်နေ၏။ လမ်းကြောင်းတစ်ခုနှင့်တစ်ခု သိသာထင်ရှားစွာ ကြက်ခြေခတ်သဏ္ဌာန် ဖြစ်ပေါ်နေခဲ့၏။ ကြက်ခြေခတ်အမှတ်အသား အိမ်ထောင်ရေးလမ်းကြောင်းမှာဖြစ်ပေါ်နေခြင်းကြောင့်ပင် ဝမ်းနည်းဖွယ်ရာ အလွမ်းနှင့် ဇာတ်သိမ်းသော အချစ်ရေးနှင့်သာ ကြုံတွေ့ခဲ့ရ၏။ ချစ်သူနှင့် သေကွဲကွဲခဲ့ရခြင်းပါ။

ကာကာဇော် (၈)တန်းက လက္ခဏာ

ယခု ကာကာဇော်၏လက္ခဏာ

အခု ကာကာဇော်၏ အိမ်ထောင်ရေးလမ်းကြောင်းလုံးဝပြောင်းလဲသွားပြီ။ အခုအိမ်ထောင်ရေးလမ်းကြောင်းအရ ကာကာဇော်က စန်းပွင့်မည်။ ချစ်သူနှင့် ပျော်ပျော်ရွှင်ရွှင်ပေါင်းဖက်ရမည်။

အခုလက်ရှိ အိမ်ထောင်ရေးလမ်းကြောင်းမှာ အစွန်းတစ်ဖက်က တနင်္ဂနွေဂြိုဟ်သို့ ထောင်တက်သွားသည်။ ဤသို့ တနင်္ဂနွေဂြိုဟ်ခုံပေါ်သို့ အိမ်ထောင်ရေးလမ်းကြောင်း ထောင်တက်သွားပါက နေနှင့်လ၊ ရွှေနှင့်မြမှာ အတွဲညီသူနှင့် အိမ်ထောင်ကြတတ်၏။ ထင်ရှားကျော်ကြား၊ ပြည့်စုံသူနှင့် အိမ်ထောင်ကျတတ်သည်။

"ဟင့်အင်း မရှိတော့ဘူး။ မင်းချစ်သူနဲ့ သေကွဲကွဲပြီး အလွမ်းဇာတ်သိမ်းရမည့် ကံကြမ္ပာဆိုးကြီးက လွတ်မြောက်သွားပြီ။ အခု မင်းရဲ့ အချစ်ကံက ချစ်သူနှင့် သာယာချမ်းမြေ့မှုရမယ့် ကံဇာတာပဲ"

ဟု သူက ဆိုလိုက်သည့်အခါ ကာကာဇော် မျက်နှာချက်ချင်း ကြည်လင်ဝင်းပသွား၏။

''ကျေးဇူးပဲ သူငယ်ချင်း''

ကာကာဇော်က အပျော်တွေ ပုံးဖိမထားနိုင်တော့သည့် ဟန်ဖြင့် ဆိုသည်။

ကာကာတစ်ယောက် ပန်းသဇင်ကို နှစ်နှစ်ကာကာ အလူးအပူး ချစ်နေတာကြောင့် အောင်မြင်ဝို ခပ်လန့်လန့်ဖြစ်လာမိ၏။ ကာကာက ရည်းစားများတာမှန်ပေမယ့် သူစွဲလမ်းသည့်အရာကိုတော့ ဘယ်တော့မဆို စွဲစွဲမြဲမြဲရှိသည်မဟုတ်လား။ ဒါက ကာကာ၏ထူးခြားသည့် စရိုက်ဆန်းပဲ။ ဥပမာဆိုပါတော့ (၈)တန်းတုန်းက သူ့အမေမွေးနေ့လက်ဆောင်ပေးသည့် လက်ပတ်နာရီကို ယနေ့ထက်တိုင် (အသက်အစိတ်ကျော်သည့်တိုင်) တပြတ် တနိုးဝတ်နေဆဲ။ ပြီးတော့ရှိသေးသည်။ (၁၀)တန်းတုန်းက အောင်ပြိုး လက်ဆောင်ပေးသည့် ဒိုင်ယာရီမှတ်တမ်းစာအုပ်ကလေးကို ကိုယ်နဲ့မကွာ အမြဲဆောင်ထား၏။ ဒါ့ထက်ဆန်းသည်က ''ငါ ဝိုက်ဆံရှိရင် တီကိုကားပဲ စီးမှာကွ''ဟု ငယ်စဉ်က ပြောခဲ့သည့်အတိုင်း တီကိုကားကိုပဲ စွဲစွဲလမ်းလမ်းဖြင့် စီး၏။ တီကိုကားထက် ဝိုမြင့်သော ကားအကောင်းစား ကြီးတွေ စီးနိုင်တာတောင် တီကိုကားကို တခြားအမြင့်ကားတွေနဲ့ မလဲရက်။ အခုလို အစွဲလမ်းပိုတတ်သော သူငယ်ချင်းက ပန်းသဇင်ကို ဘယ်လောက် များတောင် စွဲလမ်းနေပြီလဲ။

■

အခန်း (၁၈)
လူတူ

ပန်းသဇင် တက်တင်းထိုးရင်း အောင်မြင်ဝို၏မွေးနေ့ကို ပြန်ပြီး ကြားယောင်နေမိသည်။ (၁-၁-၁၉၇၈)ခုနှစ်။

ပန်းသဇင်ဟာ အောင်မြင်ဝိုကို တွေ့တွေ့ချင်းထဲက သတင်းစာ သမားလေးထက်မြက်ခဲ့ လူမှားမလိုဖြစ်ခဲ့သည်။ သတင်းစာသမားလေး ထက်မြက်ဟာ ပန်းသဇင်တို့ မန္တလေးမှာနေစဉ်က အိမ်ကို သတင်းစာ လာပို့နေကြ။ ဒါပေမဲ့ ပန်းသဇင်က သူ့ဌေးသမီးဆိုသည့် ဂုဏ်ရှိန်ကြောင့် သတင်းစားသမားလေးထက်မြက်ကို အရောတဝင်မရှိလှ။ အစ်ကိုတွေ ကလည်း ပန်းသဇင်ကို သံကွန်ချာခုနစ်ထပ်နှင့် အုပ်ထားသလို စောင့် ရှောက်ထားတာမဟုတ်လား။ ပန်းသဇင်၏ အနေတည်မှကြောင့်ရော၊ သတင်းစာသမားလေးထက်မြက်က ရိုးသားပြီး သူ့နေရာသူ နေတတ်မှ

ကြောင့် ပန်းသဇင်ဟာ သတင်းစာသမားထက်မြက်ကို မျက်မှန်းတန်းမိနေပေမယ့် စကားတစ်ခွန်းတောင် မပြောစဖူး။

တစ်ခါတစ်ရံ ပန်းသဇင်က သတင်းစာအပြင် ဂျာနယ်ဖတ်ချင်သည့်အခါတွေမှာလည်း အစ်ကိုတွေမှတစ်ဆင့် ထက်မြက်ကို ဂျာနယ်မှာခိုင်းတတ်သည်။

ထက်မြက်မှာ ရိုးသားကြိုးစားစွာဖြင့် ပန်းသဇင်တို့အိမ်ကို သတင်းစာနှင့် ဂျာနယ် မှန်မှန်လာပို့တတ်သလို၊ ပန်းသဇင်တို့ အိမ်မှ မြက်ပင်၊ ချဉ်နယ်တို့ကိုလည်း လာရောက်ရှင်းလင်းပေးတတ်သည်။ ပြီးတော့ ရေပိုက်ခေါင်း၊ ရောဘုတိုင်တို့ ပျက်သည့်အခါတွေမှာလည်း လာပြင်ပေးတတ်သေး။ ထက်မြက်သည် ပန်းသဇင်တို့ အိမ်မှတောက်တိုမယ်ရအလုပ်များကို စေတနာပါပါဖြင့် လုပ်ကိုင်ပေးတတ်၏။

တောက်တိုမယ်ရ အလုပ်တွေကို ပင်ပင်ပန်းပန်းလုပ်နေရသည့် ထက်မြက်နှင့် AKA အလူမိနီယမ်လုပ်ငန်းပိုင်ရှင် သူဌေးကလေး အောင်မြင့်ဝိုဟာ ဘာကြောင့်များ ဒီလောက်တောင်တူနေရတာပါလိမ့်။

ပန်းသဇင် အောင်မြင့်ဝိုကို ဘုရားမှာ စတွေ့တွေ့ချင်းနေ့က ထက်မြက်နဲ့မှားပြီး နှုတ်ဆက်မိတော့မလိုပင် ဖြစ်သွားသည်။ ထက်မြက်ကို ခင်သည်မဟုတ်ပေမယ့် မတွေ့တာကြာပြီးမှ ရုတ်တရက်ပြန်တွေ့သဖြင့် အံ့သြသွား၏။ နောက်မှ အောင်မြင့်ဝို၏အသားအရည်၊ ဝတ်ပုံစားပုံကြောင့်သာ ထက်မြက်မဟုတ်ဘူးဟု သဘောပေါက်လိုက်၏။

ထက်မြက်နဲ့ အောင်မြင့်ဝိုဟာ အမွှာညီအစ်ကိုလို့ ထင်မှတ်ရအောင်ပင် ရုပ်ချင်းဆင်လှသည်။ ဒါ့ကြောင့် ပန်းသဇင် ထက်မြက်နဲ့ အောင်မြင့်ဝိုကို အမွှာညီအစ်ကိုများဖြစ်နေမလားဆိုပြီး အောင်မြင့်ဝို၏မွေးနေ့ကို မေးကြည့်လိုက်ခြင်းပါ။

ထက်မြက်၏မွေးနေ့ကို ပန်းသဇင် အမှတ်မထင်သိထားသည်

မဟုတ်လား။ တစ်နေ့ ထက်မြက်ဟာ ပန်းသဇင်တို့ နေအိမ်ကို သူ့မွေးနေ့အတွက် သာကူလာပေးတယ်။ ထက်မြက်ရဲ့မွေးနေ့က 31, December 77၊ စနေသားဖြစ်ကြောင်း ထက်မြက်နဲ့ အစ်ကိုကြီးပြောနေသည်ကို ပန်းသဇင် သိထားခဲ့သည်။ ထက်မြက်ရဲ့ ဖေဖေဦးထွန်းဇော်ဆိုလား။ အရက်သမားလူရမ်းကားကြီးဖြစ်ကြောင်းလည်း အစ်ကိုတွေ ပြောကြဆိုကြသည်ကို ပန်းသဇင်ကြားမိခဲ့၏။

ခုတော့ ခုနှစ်ရော၊ လရော၊ နေ့ရော တလွဲစီဖြစ်နေသည့် အောင်မြင့်ဝိုနဲ့ ထက်မြက်ဟာ ဘယ်လိုနည်းနဲ့မှ ရုပ်ရှင်ဝတ္ထုထဲကလို အမွှာမဖြစ်နိုင်။

ပန်းသဇင် တက်တင်းထိုးရင်းနဲ့ ထက်မြက်နှင့် အောင်မြင့်ဝို အကြောင်းကို အတွေးနယ်ချဲ့နေမိသည်။

"အစ်ကိုငယ် ပန်းတို့ မန္တလေးမှာနေတုန်းက သတင်းစာလာပို့နေတဲ့ကောင်လေးကို မှတ်မိလား. . . ကိုအောင်မြင့်ဝိုက သူနဲ့သိပ်တူတာပဲနော်"

ဟု ပြောလိုက်၏။ အစ်ကိုငယ် ခန့်ငြားငယ်က ပန်းသဇင်ကို လှည့်တောင်မကြည့်ဘဲ

"ပန်း. . . နင့်မေးခွန်းတွေကို နောက်မှမေး၊ ဒီမှာ ဘောလုံးပွဲရှုံးလို့ စိတ်ညစ်နေရတဲ့အထဲ"

ဟု ဆတ်တောက်တောက်လေသံဖြင့် ပြောကာ T.V ပဲ မဲကြည့်နေတော့သည်။

ပန်းသဇင်လည်း အစ်ကိုငယ်ခန့်ငြားငယ်ကို ဘာမှဆက်မပြောတော့ဘဲ တက်တင်းပဲဆက်ထိုးနေတော့၏။

■

အခန်း (၁၉)
အက်ကြောင်း

အောင်ဖြိုးလည်း သူစုံစမ်းသိရှိထားသည့် မြစိမ်းရောင်မင်းသမီးလေး၏ ဖုန်းနံပါတ်ကို စိတ်လှုပ်ရှားစွာဖြင့် ဆက်လိုက်သည်။

"ဟဲလို"

ဆိုသည့် တစ်ဖက်မှ အလွန်ကို ချိုသာသိမ်မွေ့သည့် မိန်းကလေးအစ်ယောက်၏အသံက ဖုန်းခွက်ထဲကို ငြိမ့်ညောင်းစွာ စီးဝင်လာသည်။

"ပန်းသဇင်တို့အိမ်ကပါလား"

အောင်ဖြိုးဟာ စိတ်လှုပ်ရှားမှုကို ထိန်းချုပ်ထားသော လေသံဖြင့် ပြောလိုက်သည်။

"ဟုတ်ပါတယ်ရှင်၊ ကျွန်မ ပန်းသဇင်ပါ။ ဘယ်သူများလဲ မသိ

ပန်းသဇင်၏ ယဉ်ကျေးချိုသာသော လေသံကလေးက အောင်ဖြိုး၏ နှလုံးသားကို ရိုက်ခတ်သွား၏။

"ကျွန်တော်က အောင်ဖြိုးပါ။ ကျွန်တော်က. . . "

ဟု ဆိုကာ အောင်ဖြိုးက သူ့ကိုယ်သူ မိတ်ဆက်ပြီး ပန်းသဇင်နဲ့ ရင်းနှီးမှုရယူမယ်ဟု စိတ်ကူးရဲရှိသေး ဖုန်းခွက်ထဲမှ

"ဘယ်သူလဲ ငါ့ညီမဆီအကြောင်ရိုက်ပြီး ဖုန်းဆက်တာ။ မင်း ဘယ်သူလဲ"

ဆိုသည့် ပန်းသဇင်၏အစ်ကိုတစ်ယောက်အသံ ပေါ်ထွက်လာ၏။

အောင်ဖြိုး ခုမှ မှားမှန်းသိလိုက်၏။ ပန်းသဇင်တို့ အိမ်၏ အိမ်ဖုန်းမှာ ဖုန်းခွဲထပ်ခွဲထားမယ်ဟု သူ မထင်မိခဲ့။ အောင်ဖြိုး ခပ်မြန်မြန်ကလေး ဖုန်းချလိုက်၏။

လှရက်နိုင်လွန်းသည့် ပန်းသဇင်၏ဘေးမှာ သူ့အစ်ကိုသုံးယောက်က အမြဲပဲစောင့်ကြပ်နေပါလားဆိုပြီး အောင်ဖြိုးရင်မောသွားမိ၏။ ပန်းသဇင်တို့သည့် မြစိမ်းရောင်မင်းသမီးလေးကို သူဘယ်လိုမျှား ချဉ်းကပ်ရပါမလဲဟု အောင်ဖြိုးကြိရာမရဖြစ်သွားမိ၏။

■

အခန်း(၂၀)
ရွှပ်ရွှပ်ယှက်ယှက်

ဒီတစ်ပတ်တနင်္ဂနွေနေ့မှာတော့ မြစိမ်းရောင်မင်းသမီးလေး၏ အစ်ကိုများနှင့်ဖွတ်ကြီး မဆုံဆုံအောင်ပင် တွေ့ဆုံဖို့ Fly Food Center ကို ကာကာဇော် ခပ်စောစောပင် သွားခဲ့သည်။ ကာကာရောက်သွားချိန်မှာ အတော်ပင်စောနေတာကြောင့် Fly Food Center ထဲမှာ လူလည်း ရှင်းနေ သေးသည်။ ကာကာ Fly Food Center ထဲကို ဝင့်ဝဲကြည့်ပြီး ခန့်ငြားကိုတို့ ညီအစ်ကိုရောက်ပြီးလား ကြည့်တော့ ခန့်ငြားကိုတို့ညီ အစ်ကိုကို မတွေ့။

ကာကာသည် စားပွဲဝိုင်းတစ်ခုမှာ ဝင်ထိုင်လိုက်ပြီး ခန့်ငြားကို အလာကို စောင့်ဖို့ဆုံးဖြတ်လိုက်သည်။ ကာကာကို waiter လေးက

"ဘာသုံးဆောင်မလဲ အစ်ကို"

ဟု ပျူငှာနွေးထွေးစွာ မေးလာ၏။ ကာကာက–

"ကော်ရည်ခေါက်ဆွဲ ကြက်သားနဲ့ပေးကွာ"

ဟု ပြောလိုက်သည်။

ကာကာက ခန့်ငြားကိုတို့ညီအစ်ကိုအလာကို စောင့်စားရင်း Fly Food Center ထဲမှာ ချိတ်ဆွဲထားသည့် ပန်းချီကားများကို စိတ်ဝင်တစား နဲ့ ကြည့်နေလိုက်၏။

တအောင့်လောက်ကြာတော့ waiter လေးက ကာကာကို ကော်ရည်ခေါက်ဆွဲလာချပေးသည်။

ကာကာ ကော်ရည်ခေါက်ဆွဲကို မစားသေးဘဲ နာရီကိုတစ်ချက် ကြည့်လိုက်သည်။ ခန့်ငြားကိုတို့ညီအစ်ကို လာချိန်နီးပြီ။

ဆိုင်တွင်းသို့ စားသောက်သူတို့ တဖွဖွဝင်ရောက်လာပြီ။ မကြာ ဦး နေရာအားလုံးလိုလိုပြည့်သွား၏။

ခန့်ငြားကို၏မာစီဒီကားအနက်ရောင်ကလေး Fly Food Center ၏ ကားပါကင်ထဲသို့ ချီးဝင်လာသည်ကို ကာကာတွေ့လိုက်ရတာ ကြောင့် ပြုံးလိုက်၏။

ကာကာက ခန့်ငြားကိုတို့ကို တမင်ပင် မမြင်ချင်ယောင်ဆောင် ဘာ ကော်ရည်ခေါက်ဆွဲစားနေလိုက်၏။ ခန့်ငြားကိုတို့ကားပေါ်မှဆင်းပြီး သူ့နားထိရောက်လာတာကို သူမကြည့်ပေမယ့်စိတ်ထဲမှ သိနေသည်။ ခန့် ငြားကိုက ကာကာနားမှာရပ်လိုက်ပြီး . . .

"ကိုယ် ဝင်ထိုင်မယ်နော်"

ဟု ဆိုလိုက်သည့်အခါ ကာကာက တမင်ဖန်တီးထားသည့် အံ့သြသည့်မျက်နှာထားဖြင့်

"ဟာ. . . အစ်ကိုတို့ပါလား"

ဟု တအံ့တသြကြီးရေရွတ်လိုက်၏။

ခန့်ငြားကိုတို့က ကာကာ၏မျက်နှာချင်းဆိုင်ထိုင်ခုံမှာ စွေ့ခနဲ ဝင်ထိုင်လိုက်သည်။

ခန့်ငြားကိုတို့ညီအစ်ကိုနှစ်ယောက်က waiter လေးကို စားစရာများ မှာလိုက်၏။

ကာကာက ခန့်ငြားကိုနှင့် ခန့်ငြားမောင်အကြောင်းကို မသိချင်ယောင်ဆောင်ပြီး

"အစ်ကိုတို့နဲ့ တွေ့ပြန်ပြီဗျာ။ ကျွန်တော် တိုက်တိုက်ဆိုင်ဆိုင်ဆုံပဲ ဆုံတတ်တယ်ဗျာ။ ကျွန်တော့်နာမည်က ကာကာဇော်။ AKA အလူမိနီယံနဲ့ အိမ် အလှဆင်လုပ်ငန်းလုပ်တယ်။ ဒါနဲ့ အစ်ကို့တို့ နာမည်ကရော"

ဟု လေအေးလေးနဲ့ မေးလိုက်၏။ ခန့်ငြားကိုက ကာကာကို ပြုံးပြီး

"အစ်ကို့နာမည်က ခန့်ငြားကို၊ သူက ခန့်ငြားမောင်။ ခန့်ငြား လျှပ်စစ်လုပ်ငန်းလုပ်တယ်။ အစ်ကိုတို့ မန္တလေးကနေ ရန်ကုန်ပြောင်းလာတာသိပ်မကြာသေးဘူး။ အစ်ကိုတို့ကတော့ အစားအသောက်ကောင်းကောင်းစားရတာကို သိပ်သဘောကျတယ်။ အရသာကောင်းကောင်းလေးမှ စားချင်တာ။ ရန်ကုန်ရောက်စဆိုတော့ ဘယ်ဆိုင်ကောင်းမှန်း မသိသေးဘူး။ အစားအသောက်ကလွဲရင် ကျန်တာ ဘာမှစိတ်မဝင်စားဘူး"

အစ်ကိုခန့်ငြားကို စကားမဆုံးခင် ခန့်ငြားမောင်က ဆက်၍

"အစားအသောက်က အစ်ကို့အတွက် အရေးကြီးဆုံးလေ။ ဒါကြောင့် အစ်ကိုမှာ တစ်နေ့တစ်နေ့ အိမ်က အစားအစာတောင် မစားနိုင်ဘဲ အရသာကောင်းပြီး သန့်ရှင်းသပ်ရပ်တဲ့ဆိုင်တွေကို ရွေးပြီးစားနေရတာလေ" ဟု ဘွင်းဘွင်းရှင်းရှင်းပဲပြောသည်။

waiter လေးက ခန့်ငြားကို မှာထားသည့် ကီးမားပလာတာ လာပို့ ပေးသည်။ ခန့်ငြားမောင်မှာသည့် ကော်ရည်ခေါက်ဆွဲက ရောက်

လာသေး။

ခန့်ငြားကိုက ကီးမားပလာတာကို မြိန်မြိန်ယှက်ယှက်စားနေ ၏။ ကာကာက ခန့်ငြားကိုကို တရင်းတနှီးမျက်နှာထားဖြင့်

"ဟာ. . . ကျွန်တော်နဲ့ အစ်ကိုခန့်ငြားကို အကြိုက်ချင်းတူပြန်ပြီ။ ကျွန်တော်လည်းလေ အစားအသောက်ကောင်း၊ အရသာကောင်းတာလေးမှ ရွေးစားချင်တာ"

ဟု ကောင်မလေးတွေကလွဲရင် အစားအသောက်ကို စွဲစွဲလမ်းလမ်းမရှိလှသည့် ကာကာက လိမ်လည်ပြောလိုက်သည်။ ခဏကြာသည့်အခါ ခန့်ငြားမောင်မှာသည့် ကောက်ရည်ခေါက်ဆွဲရောက်လာ၏။

ခန့်ငြားကိုမှာ ကာကာလည်း သူလိုမျိုးအစားသမားဟု အမှန်တကယ်မှတ်ထင်သွားပြီး ကာကာကို သိပ်ခင်သွားမိသည်။ ဒါ့အပြင် ကာကာ၏ ရုပ်ရည်မှာ မျက်နှာမြင် ချစ်ခင်ပါစေဆိုသော ဆုတောင်းပါသာသလားဟု မှတ်ထင်ရအောင် မိန်းကလေးတွေတင်မက ယောကျ်ားလေးတွေပါ ခင်ချစ်စရာကောင်းသည့် ရုပ်ရည်မျိုး။ ပြီးတော့ ကာကာက ရုပ်ရည်လည်စွာဖြင့် သူကိုခင်အောင် မင်အောင် ပြောတတ်ဆိုတတ်သည်။

ကာကာက ခပ်ပြုံးပြုံးမျက်နှာထားလေးဖြင့်

"ကျွန်တော်မှာ အစ်မဝမ်းကွဲနှစ်ယောက်ရှိတယ် သိလား။ အဲဒီအစ်မတွေက သိပ်ပြီး အချက်အပြုတ်ကောင်းတာ။ အရသာကောင်းကောင်းလေးကို ချက်တတ်တာ။ ပြီးတော့ သိပ်ပြီး သန့်ရှင်းသပ်ရပ်တာ။ တော်ရုံတန်ရုံအရသာကို လျှာထဲမစွဲတဲ့ ကျွန်တော်တောင် အစ်မနဒီချက်တဲ့ အရသာကို လျှာထဲစွဲနေတာ။ ညီမနရီက ဟင်းပွဲပြင်ဆင်ရာမှာ အထူးထက်ရာကောင်းတယ်။ အစ်ကိုခန့်ငြားတို့ကိုတောင် နဒီတို့ ညီအစ်မရဲ့ ထက်ရာကို စွဲသွားမှာသေချာတယ်"

ဟု ခန့်ငြားတို့ကို သူ့ချစ်သူဟောင်းနဒီနဲ့ နရီ ညီအစ်မနှစ်

ယောက်ရဲ့ ဇာတ်လမ်းဆင်ပေးဖို့ အကွက်ဆင်လိုက်တာ။ ကာကာ အပြော အဖောကောင်းမှကြောင့် ခန်ဂြားတို့တွေ မမြင်ရဘဲ စားချင်စိတ်က တဖွား ဖွားပေါ်လာသည်။ ခန်ဂြားကိုကတော့ ကာကာ၏အကွက်ကိုမမြင်ဘဲ လက်ရာကောင်းသည် နဒီ၏လက်ရာဟင်းလျာများကို မြင်ယောင်ရင် တဖွားဖွားစားချင်စိတ်ပေါ်နေသည်။ ခန်ဂြားမောင်ကတော့ နရီ၏ဟင်း အပြင်အဆင်ကို မြင်ယောင်ကြည့်ရင်း စားလိုစိတ်တသသဖြစ်ပေါ်လာတာ။

ကာကာဇော်ဆိုတာ ဒီလိုလူမျိုး။ မည်သည့် လူမျိုးကိုမဆို၊ မည်သည့် အရွယ်ကိုမဆို ရင်းနှီးခင်မင်အောင်ပေါင်းနိုင်သူ။

အစားကောင်းကြိုက်သူကို အစားကောင်းကောင်းနှင့်လည်း ကောင်း။ အစားအသောက်စားရာမှ လှလှပပလေးစားချင်သူအတွက် ဟင်း ပွဲပြင်ဆင်ရာမှာ လှပသည့်စွမ်းဖွယ်ကောင်းသူနှင့် တွေ့ဆုံပေးရန် ကြိုးပမ်းတို့ အောင်မြင်ခဲ့သည်။ ဒီရည်ရွယ်ချက်၏နောက်ကွယ်မှာ ရှုပ်ရှုပ်ယှက်ယှက် ရည်ရွယ်ချက်တစ်ခုရှိနေသည်။ ထိုရည်ရွယ်ချက်ကသာ သူ၏အဓိက ရှုပ်ရှုပ် ယှက်ယှက်ရည်ရွယ်ချက်။ ပထမရည်ရွယ်ချက်အောင်ပြီဆိုတော့ ဒုတိယ ရည်ရွယ်ချက်လည်း . . . ။

■

အခန်း (၂၁)
မြစိမ်းရောင်မင်းသမီးလေး

အောင်မြင်ဗိုသည် နံနက်စောစော ပြုနေကျတ်အတိုင်း ဘုရား ရှိခိုး၊ အဓိဋ္ဌာန်ပုတီးစိပ်။ ပြီးတော့ တရားထိုင်။ သူ့စိတ်အစင်ကြည်လင်ပေါ် ပေါ်နေ၏။ ငြိမ်သက်အေးချမ်းသော စိတ်နှလုံးက သူ့နှလုံးအိမ်မှာ ခိုအောင်းနေပြီ။

စိတ်ကြည်လင်နေချိန် ဂန္ဓိရမျက်လုံးမှော်ဖန်လုံးကိုကြည့်ပြီး ခန်းသဇင်နှင့် သူ၏ကံကြမ္မာကို အဖြေရှာဖော်ထုတ်ကြည့်သည့်အခါ အဆင်ပြေပြေ ပျော်ရွှင်ရမည်ကိုတွေ့ရသည်။

အောင်မြင်ဗိုသည် မြစိမ်းရောင်မင်းသမီးလေးကို သူ့အစ်ကိုတွေ မမြင်အောင်ခိုးကြည့်နေမိသည်။

အောင်မြင်ဗို ကံကောင်းထောက်မစွာဖြင့် မြစိမ်းရောင်မင်းသမီး လေးတို့နှင့် တွဲဖက်လုပ်ကိုင်ခွင့်ရသည့် အတွက်ကြည်နူးပီတိဖြစ်နေတာ

အမှန်။ ပြီးတော့ ကာကာနှင့် အောင်ဖြိုးတို့၏ဆောက်လုပ်ရေးကုမ္ပဏီရွေး ချယ်ရာမှာ သူက ကြံကြံဖန်ဖန် မြစိမ်းရောင်မင်းသမီးလေးနဲ့ လုပ်ငန်း ချင်းဆက်စပ်နေသည့် ဆောက်လုပ်ရေးကုမ္ပဏီကိုမှ တိုက်တိုက်ဆိုင်ဆိုင် ရွေးချယ်မိတာ ကံတရား၏အခွင့်ကောင်းတစ်ခုပဲ မဟုတ်လား။

မြစိမ်းရောင်မင်းသမီးလေး၏အစ်ကိုသုံးယောက်မှာ မြစိမ်းရောင် မင်းသမီးလေးကို တစ်ယောက်တည်းထားပြီး အလုပ်ခန်းထဲမှ ထွက်သွား ကြ၏။ အောင်မြင်ဗိုက အခွင့်အရေးကို လက်လွတ်မခံဘဲ မြစိမ်းရောင် မင်းသမီးနားမှာ ခပ်သွက်သွက်သွားကာ

"မြစိမ်းရောင်မင်းသမီး"

ဟု နှလုံးသားထဲမှလာသည့် လေသံဖြင့် ခေါ်လိုက်၏။

ပန်းသဇင်မှာ အောင်မြင်ဗိုဏ်သူမအပေါ်ထူးထူးဆန်းဆန်းအခေါ် အဝေါ်ကြောင့် မျက်တောင်ရှည်လှလှကြီးများ ဝန်းရံခစားနေသည့် မျက် ဝန်းဝိုင်းဝိုင်းကလေးတောက်ပရွှန်းစိုသွားကာ

"ဘယ်လို. . . မြစိမ်းရောင်မင်းသမီးလေး. . . ဟုတ်လား"

ဟု ရေရွတ်လိုက်၏။

အောင်မြင်ဗိုက ပန်းသဇင်ဟု ခေါ်ရမည့်အစား နာမည်ဝှက် မြစိမ်းရောင်မင်းသမီးလေးဟု ယောင်ပြီး ခေါ်မိတာကြောင့် ရှက်ပြုံးကလေး ပြုံးလိုက်သည်။ အောင်မြင်ဗိုဟာ ခပ်ရှက်ရှက်မျက်နှာထားဖြင့်

"ကိုယ် ပန်းကို ဘုရားမှာစတွေ့တာ။ ပန်းတော့ ကိုယ့်ကို မှတ်မိ မမှတ်မိမပြောတတ်ပေမယ့် ကိုယ်ကတော့ ပန်းကို ဘုရားမှစတွေ့ထဲက မှတ်မှတ်ထင်ထင်ရှိသွားတယ်"

အဲဒီနေ့က ပန်းက မြစိမ်းရောင်ကလေးဝတ်ထားတယ်လေ။ ပြီးတော့ ပန်းက မင်းသမီးလေးအတိုင်းပဲ ပဝါလေးနဲ့ ချောတာ။ ဒါကြောင့် ကိုယ်တို့ မြစိမ်းရောင်မင်းသမီးလေးလို့ နာမည်ဝှက်ပေးထားတာ"

ဟု ဝန်ခံလိုက်၏။ ပန်းသဇင်၏ပန်းနှစ်ဘက်မှာ အနီရောင် ရှက် သွေးကလေးပြေးသွားပြီး

"မြစိမ်းရောင်မင်းသမီးလေးတဲ့လားရှင်"

ဟု ပျော့ပျော့ပျောင်းပျောင်းနဲ့ နူးညံ့စွာရေရွတ်၏။

အောင်မြင်ဗို သူ့ဘာဘက်လက်နဲ့ သူ့နဖူးမှာ ဝဲခနဲကျလာသည့် ဆံပင်တို့ကို သပ်တင်လိုက်သည်။ အောင်မြင်ဗိုဏ်ညာဘက်လက် လက်သန်း ကြွယ်မှ လက်စွပ်ကလေးကို ပန်းသဇင် စိတ်ဝင်စားသွားမိ၏။

ပန်းသဇင်က အောင်မြင်ဗိုဏ် ညာဘက်လက် လက်သန်းကြွယ် လက်စွပ်ကလေးကိုကြည့်ရင်း

"အဲဒါ ဘာလက်စွပ်လဲ"

ဟု စိတ်ဝင်တစားဖြင့် မေးလိုက်၏။

အောင်မြင်ဗိုက သူ့ညာဘက်လက်ကို ဟန်ပါပါထောင်ပြရင်း

"ဩော် ဒါလား။ Demetoid Gernet (ဒီမင်တွိုက် ဥဒေါင်)လို့ ခေါ်တယ်။ ကျောက်တွေထဲမှာ ပွင့်အားအကောင်းဆုံးလေ။ ဥဒေါင်တွေထဲမှာ အလှဆုံးဥဒေါင်ပေါ့"

ဟု ခပ်အေးအေးရှင်းပြသည်။

ပန်းသဇင်က အင်မတန်လှပသည့် အပြုံးမျက်နှာလှလှလေးဖြင့်

"ဥဒေါင် ဟုတ်လား။ ပန်းက အဲဒါကို စိန်မှတ်နေတာ။ မသိရင် စိန်လက်စွပ်အတိုင်းပဲနော်"

ဟု ချိုသာသိမ်မွေ့သည့်လေသံကလေးဖြင့် ပြောသည်။

အောင်မြင်ဗိုကလည်း ပန်းသဇင်နှင့် ခုလိုတရင်းတနှီးစကား ပြောခွင့်ရနေရတာကြောင့် ပြောမပြတတ်အောင် ပျော်ရွှင်ဝမ်းမြောက်နေ မိသည်။ အတိုင်းအဆမဲ့ ချစ်ခင်စွဲလမ်းတွယ်တာနေရသည့် မိန်းကလေးနဲ့ ခင်ခွင့်ရတာ အောင်မြင်ဗိုပျော်လည်းပျော်သင့်ပါသည်လေ။

အောင်မြင်ဗိုက ပန်းသဇင်ကို နူးညံ့စွာကြည့်ရင်း

"ကိုယ်က ဇန်နဝါရီလဖွားလေ။ ဒါကြောင့် ကိုယ့်အဘွားက ကိုယ့်ရဲ့အဆောင်အဖြစ် ဥဒေါင်လက်စွပ်ဆင်ပေးထားတာ။ ဇန်နဝါရီလ ဖွားတွေအတွက် ဥဒေါင်က အဆောင်ကောင်းပဲ။

ဥဒေါင်ကို အင်္ဂလိပ်လို Garnet လို့ ခေါ်တယ်။ ဥဒေါင်လို့ဆိုလိုက် တာနဲ့ တချို့က နီညိုရောင် အကျည်းတန်တဲ့ဥဒေါင်ပဲလို့ ပြေးမြင်ကြတတ် တယ်။ တကယ်တော့ ဥဒေါင်က အပြာရောင်ကလွဲရင် အရောင်မျိုးစုံရှိ တယ်။

အနီရောင်ဥဒေါင်က ပတ္တမြားနဲ့တူပြီး အစိမ်းရောင်ဥဒေါင် ကတော့ ကျောက်စိမ်းလိုပဲ။ ပြီးတော့ ဥဒေါင်က ဘေးအန္တရာယ်ကိုလည်း ကာကွယ်ပေးတယ်"

ပန်းသဇင်လည်း အောင်မြင်ဗိုပြောသမျှကို စိတ်ဝင်တစားဖြင့် နားထောင်၏။

"ဩော်. . . ကိုယ့်လူက ပန်းသဇင်နဲ့ အလုပ်ကိစ္စဆွေးနွေးနေတာ လား"

ဆိုသည့် ခန့်ငြားမောင်၏အသံကြောင့် ပန်းသဇင်နှင့် အောင် မြင်ဗို အနောက်ကိုလှည့်ကြည်လိုက်ကြသည်။

အောင်မြင်ဗို ပန်းသဇင်နဲ့ နည်းနည်းခပ်ခွာခွာလေးမှာ ပြန်ပြီးရပ် လိုက်သည်။

အောင်မြင်ဗို အလုပ်ခန်းထဲမှာ ပြန်ရောက်နေသည့် ပန်းသဇင် ၏ အစ်ကိုသုံးယောက်ကို မျက်နှာချိုသွေးပြီး ပြုံးပြကာ

"ဩော်. . . ကျွန်တော် ပန်းသဇင်ကို အလုပ်အတွက် လိုအပ်တာ လေးတွေ မေးကြည့်နေတာပါ"

ဟု ဖြီးဖြန်းပြီး ဖြေလိုက်၏။

ခန့်ငြားမောင်က အောင်မြင်ဗို၏ပခုံးကိုဖြတ်ခနဲပုတ်ပြီး

"ခင်ဗျားနောက်တစ်ခါ ဆွေးနွေးစရာရှိရင် ကျုပ်တို့နဲ့ပဲပြော"

ခန့်ငြားမောင်၏အသံမှာ မာတောင့်တောင့်ဖြစ်နေ၏။

အောင်မြင်ဗိုမှာ ခန့်ငြားမောင်၏မာကြောကြောအပြောကြောင့် စိတ်ထဲ မျက်သွားမိသည်။ ဒါပေမဲ့ အောင်မြင်ဗိုမှာ မိမိက သူ့ညီမကိုသွား ပြီး စကားပြောမိတာကြောင့် မိမိမှာ တကယ်ပဲအပြစ်ရှိနေတာကြောင့် ဘာမှပြန်မပြောသာဘဲ နှုတ်ခမ်းကို သွားနဲ့သာဖိကိုက်လိုက်၏။

အောင်မြင်ဗို၏ အဲဒီအမူအရာလေးကို ပန်းသဇင် မှတ်မှတ်ထင် ထင်စွဲထင်သွား၏။ ဘာပဲဖြစ်ဖြစ် ယနေ့မှာ မြစိမ်းရောင်မင်းသမီးနှင့် ရင်းနှီးမှု ပိုလာခဲ့တာအမှန်ပါပဲ။

■

အခန်း (၂၂)
အကွက်ချတွက်ဆ

ခန့်ငြားကိုတို့ညီအစ်ကို ကာကာ၏အပြောတွေကြောင့် ကာကာနဲ့အတူ နဒီအိမ်ကိုရောက်သွားခဲ့သည်။

ကာကာက နဒီကို ပြုံးပြပြီး

"သူက ခန့်ငြားကို၊ သူက ခန့်ငြားမောင်။ နဒီရဲ့ ဟင်းချက်လက်ရာတွေကို ကိုယ်ကြွားလိုက်လို့ လိုက်လာတာ။ ခန့်ငြားလျှပ်စစ်ကုမ္ပဏီရဲ့ Boss လေ။ သူတို့ကတော့ ကျွန်တော်ပြောတဲ့ နဒီနဲ့ နရီပေါ့။ နဒီရဲ့ဟင်းချက်လက်ရာကို ခင်ဗျားစားပြီးရင် နတ်သုဒ္ဓါထင်မှတ်သွားမယ်ဗျာ"

ဟု တမင်ပင်ပိုပိုသာသာလေး ညွှန်းလိုက်၏။

နဒီညီအစ်မမှာ သူမတို့ကို ကာကာဖြတ်သွားပြီးမှ သူမတို့ရဲ့ ဖိတ်ကြားချက်ကြောင့် မဟုတ်ဘဲ ကာကာကိုယ်တိုင်က တက်တက်ကြွကြွ သူ့အိမ်ကိုလာတာကြောင့် သိပ်ကိုသွက်လက်နေ၏။ ပြီးတော့ ထမင်းစား

ဒည့်သည်ပါခေါ်လာပြီး ထမင်းစားမည်ဆိုတာကြောင့် ထမင်း၊ ဟင်းတွေကို ဂွတ်ရှယ်ပင်ချက်ထား၏။

နဒီက သွက်လက်စွာပြုံးလိုက်ပြီး

"ထမင်း တစ်ခါတည်းစားတော့မလား။ စကားလေး ဘာလေး ပြောပြီးမှ စားမလား"

ဟု သိပ်ကိုနားဝင်ချိုသည့်လေသံကလေးဖြင့် ပြောသည်။

ကာကာက ပြုံးစိစိမျက်နှာထားဖြင့်

"အခုပဲ စားမယ်လေ"

ဟု ပြောသည်။

ခန့်ငြားကိုတို့ညီအစ်ကိုမှာ ကာကာ ဟင်းချက်ကောင်းသည် ပြောသဖြင့် စားချင်စိတ်ပြင်းပြ၍သာ လိုက်လာမိသည်။ သို့သော်နဒီဆိုသည့် မိန်းကလေး၏အိမ်ကို သည်မျှ ခမ်းနားထည်ဝါလိမ့်မည်ဟု တစ်ခါမှ မတွေးစဖူး။ သိပ်ကို ထည်ဝါပြီး အပြင်အဆင်ခေတ်မီလှသည့် အိမ်ပဲ။

ပြီးတော့ ဟင်းချက်ကောင်းသည်ဆိုသည့် နဒီတို့ညီအစ်မကို သာမာန်ရွာက်ကြမ်းရေကျိုမျှသာ ထင်မှတ်ခဲ့သည်။ နဒီတို့၏ ဟင်းချက်လက်ရာကို ခန့်ငြားကိုတို့ မမြည်းစမ်းရသေးပေမယ့် နဒီ နဲ့ နရီကိုတော့ ဖွံ့ငြိတွယ်တာသွားမိ၏။

ဘောင်းဘီရှည်ရှည်လေးနဲ့ ဘလောက်အင်္ကျီကြည်ပြာရောင်လေးကိုတွဲဖက်ဝတ်ဆင်ထားသည့် နဒီမှာ သိပ်ကိုကြည့်ကောင်းနေတာအမှန်။ နဒီ စကားပြောတိုင်း လှုပ်လှုပ်သွားတတ်သည့် နဒီ၏ Fancy နားကပ်ကလေး ကလည်း နဒီအလှကို ပိုပြီးပေါ်လွင်စေ၏။ နရီကလည်း လည်ပင်းမှ Fancy ဆွဲကြိုးအပြာရောင်ကလည်း နရီကို တစ်မျိုးကလေး အလှတိုးစေ၏။

သူတို့ ညီအစ်မချက်ကျွေးသည့် ထမင်းဟင်းကို မစားသေးခင်

မှာပင် ခန့်ငြားကိုနှင့် ခန့်ငြားမောင်တို့ ညီအစ်ကိုနှစ်ယာက်အတွက် စိတ်ဝင်စားဖွယ် စွဲမက်မှုက စတင်ခဲ့ပါပြီ။

ခန့်ငြားကို၏အမြင်မှာ နဒီက တစ်မျိုးလှသလို။ နရီရဲ့အလှကလည်း ခန့်ငြားမောင်၏အမြင်မှာ ထူးထူးခြားခြားရှိနေသည်။ ထမင်းပွဲပြင်ဆင်ထားသည်ကိုလည်း ကြည့်ပါဦး။

ထမင်းပန်းကန်များ ရောက်မလာခင်မှာပင်။ ထမင်းစားပွဲ၏အလယ်မှာ နှင်းဆီပန်းတစ်ပွင့်ပါသည့် ပန်းအိုးက နေရာယူလျက်။ ဘဲဥပုံပန်းကန်များအတွင်း ငါးကင်ကြော်တစ်ကောင်၊ ထိုငါးကင်ကြော်၏ အပေါ်မှာ ခရမ်းချဉ်သီး နီနီရဲရဲကလေးများအကွင်းလိုက်။ မုန်လာဥအဖြူပြုတ်ပြီးသား အချောင်းလိုက်နှင့် နံနံပင်စိမ်စိမ်းလေးများ လှပစွာပုံဖော်ထား၍ ငါးကင်ကြော်၏ စားချင်စိတ်ကို ပိုမိုဖြစ်စေ၏။ ဝက်သားချိုချဉ်ကြော်မှာလည်း လက်ရာကောင်းကောင်း အငွေ့တထောင်းထောင်းနှင့်။ အစိမ်းကြော်အရွက်ကြော်မှာလည်း စိမ်းစိမ်းစိုစိုနှင့် စားချင်စဖွယ်။

ကြက်သားကာလသားချက်ကလည်း ဗူးသီးအနည်းငယ်နှင့် ဘာကိုစ၍ စားရမည်မသိ။ စားချင်စိတ်က တဖွားဖွားပေါ်နေ၏။

ထမင်းပွဲ၏အနီးပြင်ဆင်ထားသည့် အသီးအနှံများနှင့် လက်ဖက်ကလည်း စားချင်စိတ်အတွက် ဆွဲဆောင်မှုတစ်မျိုးပါလား။ ဒီအိမ်ကိုခေါ်လာပေးသည့် ကာကာဇော်ကို ခန့်ငြားကိုတို့ ညီအစ်ကိုကျေးဇူးအထူးတင်ရှိမိသည်။ သူတို့ကိုလည်း နဒီ၊ နရီ ညီအစ်မက ပြန်လေ့လာနေ၏။

စပါယ်ရှယ်ထမင်းဝိုင်းကြီးကို ကျကျနနဖြင့် စားချင်စဖွယ်ပြင်ဆင်ပြီးသည့်အခါ နရီက ပြုံးပန်းတွေဖူးပွင့်နေသော မျက်နှာထားဖြင့်

''ကဲ စားဖို့သောက်ဖို့ လက်ဆေးကြရအောင်''

ဟု နူးညံ့ညင်သာစွာပြောပြီး ထမင်းစားခန်းရှိ ဘေစင်မှာလက်ဆေးနေသည်။ ကာကာဇော် ဒီညီအစ်မကို စိတ်ညစ်သည့်အထဲမှာ အဲဒါ

တွေလည်း ပါသည်။ ကဲ ထမင်းကိုလက်နှင့်စားမည်တဲ့။ ကောင်းကြသေးရဲ့လားဗျာ။ ကာကာဇော် ငယ်ငယ်လေးထဲက ထမင်းကို ဇွန်း၊ ခရင်းနဲ့စားခဲ့သူမဟုတ်လား။ ထမင်း လက်ဖြင့်စားသူကို ကာကာဇော် အင်မတန်ဘူးတူးခါးခါးမုန်းသည်။ ဒါကလည်း ကာကာဇော်အကျင့်။ ကာကာဇော်အကျင့်နှင့် ဒီညီအစ်မနှစ်ယာက်၏ စရိုက်က လုံးလုံးကြီးအလှမ်းကွာနေသည်။

ကာကာဇော် လက်ဆေးရန်အတွက် ဘေစင်နားသွားဖို့ တွန့်ဆုတ်နေခဲ့ပေမယ့် ဟိုခန့်ငြားတို့ ညီအစ်ကိုနှစ်ယောက်ကတော့ ဘေစင်နားကို စွေ့ကနဲရောက်သွားပြီ။ ညီအစ်မနှစ်ယောက်လက်ဆေးအပြီး ညီအစ်ကိုနှစ်ယောက်လက်ဆေးနေချိန်မှာ ခန့်ငြားမောင်က

''အနောက်တိုင်းသားတွေက ဇွန်း၊ ခက်ရင်း၊ ဓားတွေ အသုံးပြုပြီး အစားအစာတွေစားသုံးကြတယ်။ အရှေ့အာရှတိုက်သားတွေကြပြန်တော့ တူကို အသုံးပြုကြတာပေါ့ဗျာ။ အိန္ဒိယလူမျိုးတွေကတော့ အစားအစာကို လက်နဲ့အသုံးပြုပြီး စားသုံးကြတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ လက်နဲ့စားရတဲ့ အရာသာထူးကို တစ်မျိုးကလေး နှစ်သက်နေတာပဲ''

ဟု ပွင့်ပွင့်လင်းလင်းဟောဟောဒိုင်းဒိုင်းပင် ပြောသည်။

ခန့်ငြားကိုတို့နဲ့ နဒီတို့တစ်တွေ လက်ဆေးပြီး ထမင်းဝိုင်းမှာစုံစုံလင်လင်ထိုင်တော့မှ ကာကာဇော်က နှောင့်နှေးလေးကန်သော ခြေလှမ်းများဖြင့် ဘေစင်ကိုသွားပြီး မဆေးချင်ဆေးချင်ဖြင့် လက်ဆေးသည်။ စိတ်ထဲမှလည်း

''ကာကာရေ၊ ပန်းသဇင်နဲ့ အမြန်နီးဖို့အတွက် ယောက်ဖတွေကို ရှင်းပစ်ဖို့ ဒီလောက်တော့ ကြိုးစားပြီး ကြိတ်မှိတ်သည်းခံထား''

သူ့ကိုယ်သူ ပြန်အားပေးနေမိသည်။

ခန့်ငြားကို၊ ခန့်ငြားမောင်၊ နဒီနဲ့ နရီတို့ မြိန်မြိန်ယှက်ယှက်စား သောက်ရင်း ခန့်ငြားကိုက

"ဒီနေ့ နဒီတို့ ညီအစ်မရဲ့ ထမင်းဝိုင်းက ကျွန်တော့်တစ်သက်မှာ အကောင်းဆုံးထမင်းဝိုင်းပဲဗျ။ နဒီတို့ ညီအစ်မရဲ့လက်ရာက နတ်သုဒ္ဓါလို့ ထင်မှတ်ရအောင်ကို ထူးကဲတယ်။ ဟင်းရနံ့တွေကလည်း သင်းပျံ့မွှေးကြိုင်နေတာပဲ။ ပြီးတော့ ထမင်းပွဲအပြင်အဆင်ကလည်း စားချင်စဖွယ်လည်းရှိသလို အမြင်လည်း ဆန်းသစ်တယ်။ အကောင်းဆုံးကတော့ဗျာ ကိုယ့်အိမ်ကိုယ်ယာမှာလို လက်ဆေးပြီး ထမင်းကို လက်နဲ့အရသာခံပြီး စားရတာပဲ။ လက်နဲ့စားတဲ့ ထမင်းက ဇွန်းနဲ့စားတဲ့ ထမင်းထက်ပိုပြီး ခံတွင်းလိုက်တယ်"

ဟု တရင်းတနှီးခင်ခင်မင်မင်နှင့် ပြောနေလေသည်။ ကာကာဇော်က အဲဒီအချိန်မှာ ထမင်းဝိုင်းမှာ မထိုင်ချင် ထိုင်ချင် ဝင်ထိုင်လိုက်ပြီး ထမင်းကို စိတ်မပါ လက်မပါ စားသည်။

ခန့်ငြားကို၏အပြောကို နဒီက စားရင်းသောက်ရင်းနဲ့ပင်

"ဟုတ်တာပေါ့ရှင်။ သိပ်မှန်တာပေါ့၊ လက်နဲ့အစားအစာကို ထိတွေ့ကိုင်တွယ်လိုက်တယ်ဆိုတာနဲ့ အစားအသောက်နဲ့ အပူအအေး အနေအထား၊ ချောမှု၊ ကြမ်းမှုအနေအထားကို ဦးနှောက်က သိရှိသွားတယ်။ လက်နဲ့စားတဲ့အခါ အပူ၊ အအေး၊ အချော၊ အကြမ်းကိုပါ အရာသာခံစားတော့ ခံတွင်းလိုက်ပြီး မြိန်ရေရှက်ရေရှိတာပေါ့ရှင်"

ဟု ပြုံးပြုံးလေးနှင့် ထောက်ခံစကားဆိုလိုက်သည်။ နရီကလည်း အပြုံးချိုချို အသံချိုချိုလေးနဲ့ပင်

"လက်ဆိုတာ အခြားသူတွေ ကိုင်တွယ်အသုံးမပြုနိုင်တဲ့ ကိုယ်ပိုင် ဇွန်းနဲ့ ခက်ရင်းပဲမဟုတ်လား"

ဟု ပြောနေပြန်သည်။

ဒီထမင်းဝိုင်းမှာ ခံတွင်းမလိုက်သူမှာ ကာကာဇော်တစ်ယောက်ထဲသာဖြစ်နေပြီး ကျန်သည့်လေးယောက်ကတော့ ခံတွင်းလိုက်ကာ မြိန်ရည်ယှက်ရည်ဖြင့် စားသောက်ကြသည်။

ကာကာဇော် ဒီညီအစ်မကို သဘောမကျဆုံး၊ မနှစ်မြို့ဆုံးအချက်က လက်နှင့်ထမင်းစားဖြင်းပင်ဖြစ်သည်။ ဒါကြောင့်လည်း ဒီညီအစ်မကို ချန်ရစ်ခဲ့တာပေါ့။

ဘာပဲဖြစ်ဖြစ် ယောက်ဖလောင်း ခန့်ငြားတို့ ညီအစ်ကိုကို ဒီညီအစ်မနဲ့ မြူဆွယ်ပြီး ရှင်းပစ်လို့ရသည့်အတွက် ကာကာဇော်ကျေနပ်နှစ်သက်ပြီး တစ်ချက်ပြုံးလိုက်မိသည်။ ထိုအပြုံးက မိမိကိုယ်မိမိယုံကြည်မှုအပြည့်အဝရှိပြီး ပိုင်နိုင်သေချာသောအပြုံး။

နဒီ့လက်သည်းရှည်ရှည်လေးမှာ အလှခြယ်ထားသည့် ပန်းပွင့်ပုံ လက်သည်းအလှကလည်း နဒီ့ကိုပိုပြီး အလှကြွယ်လွန်းစေသည်။ ခန့်ငြားကို၏အပြင်မှာ နဒီမှာလှပြီးရင်းလှနေပါသည်။ သေသေချာချာပုံသွင်းပြီး ဖြောင့်ထားသည့် နရီ့ဆံနွယ်ရွှေဝါရောင်လေးတွေကလည်း နရီ့ကိုပိုပြီး နပျိုသွက်လက်စေသည်။ ဂန္တဝင်ဆန်ဆန်လှရက်နိုင်လွန်းသည့် မျက်နှာပိုင်ရှင်လေး။ ခန့်ငြားမောင်အတွက်တော့ နရီ့အလှက ခန့်ငြားမောင်ကို ဆွဲဆောင်အားပိုစေသည်။

ရှင်းရှင်းပြောရရင် နဒီကို ခန့်ငြားကို ရင်ခုန်သွားမိ၏။ အချစ်ဆိုတာဒါများလားဟု ခန့်ငြားကို ကိုယ့်ဟာကိုယ်ပြန်တွေးသလို နရီပြင်ဆင်ထားသည့် ထမင်းဟင်းများကို ရာသက်ပန်စားဖို့ အခွင့်အရေးကို ခန့်ငြားမောင်မက်မောဟေလိုချင်တောင့်တနေမိ၏။

နရီက ပြုံးရွှင်နေသည့် မျက်နှာထားဖြင့်

"အားလုံးထည့်စားနော်၊ အားမနာနဲ့"

ဟု ပြောရင်း ခန့်ငြားမောင်ပန်းကန်ထဲသို့ ကြက်သားချိုချဉ်

ကြော်ထည့်ပေးလိုက်၏။ ပထမအကြိမ်တွင် နဒီ၊ နရီနှင့် ခန့်ငြားကိုတို့ စတင်ခင်မင်ရင်းနှီးခဲ့သည်။

■

အခန်း (၂၃)
မြုံးမိတဲ့ငါး

ဒုတိယအကြိမ် တွေ့ဆုံစားသောက်သည့်အကြိမ် စားသောက်နေစဉ်မှာ ကာကာ၏ phone က မြည်လာသည်။ ကာကာက Hand phone ကို ဘန်ပါပါဖြင့်ကိုင်လိုက်ပြီး ဖုန်းနားထောင်သည်။ ပြီးမှ ကာကာက အလေ့ာကြီးလေသံဖြင့်-

'ဟာ ဒါဆိုသိပ်အရေးကြီးတာပေါ့။ ကိုယ် အခုပဲလာခဲ့မယ်''

ဟု ဆိုကာ Hand phone ပိတ်လိုက်သည်။ ပြီးတော့ ကာကာက နဒီတို့ညီအစ်မဘက်လှည့်ပြီး

''ကိုယ် ကိစ္စအရေးကြီးလို့ ပြန်လိုက်ဦးမယ်။ နဒီပဲ ခန့်ငြားကို ကို ညှဉ်ခံလိုက်တော့နော်''

ဟု ပြောသည်။ နဒီတို့ ညီအစ်မမှာ ကာကာက အရေးကြီးကိစ္စကြောင့် ပြန်တော့မည်ဆိုသောကြောင့် စိတ်ထဲတစ်မျိုးဖြစ်သွားသည်။ မနက်

ကတည်းက ကာကာစားဖို့အတွက် အိမ်ဖော်တွေတောင်မခိုင်းဘဲ ကိုယ်တိုင် တပင်တပန်းချက်ပြုတ်ထားတာ မဟုတ်လား။ ဒါပေမဲ့ နဒီမှာ ကာကာကို့ ဘာမှမပြောသာ။

ကာကာက ခန့်ငြားကိုတို့ ညီအစ်ကိုကို ပြုံးပြပြီး

"ကိုခန့်ငြားတို့ကိုတော့ အားနာပါတယ်ဗျာ။ ကျွန်တော့်မှာအလုပ်က အရေးကြီးနေတော့ ပြန်ရဦးမယ်။ ကိုခန့်ငြားတို့အားမနာဘဲနဲ့ စိတ်ကြိုက်သာ စားသိလား။ နဒီနဲ့ နရီက သိပ်သဘောကောင်းတာ"

ဟု ဆိုကာ ပြောပြောပြေးပြေးဖြင့် ကာကာ ခပ်မြန်မြန်လေး ထမင်းစားခန်းထဲက ထွက်သွား၏။ အမှန်တော့ ကာကာ့မှာ ဘာအလုပ်ကိစ္စမှမရှိ။ နဒီတို့အိမ်ရောက်မယ့်အချိန် နေ့လည် (၁၂)နာရီကို ခန့်မှန်းပြီး ဒေဝီကို ဖုန်းဆက်ခိုင်ထားတာ။ ကာကာက နဒီတို့ညီအစ်မနဲ့ ခန့်ငြားကိုတို့ ညီအစ်ကိုနှစ်ယောက်ထဲချန်ထားခဲ့ပြီး ဇာတ်လမ်းဖြစ်သွားအောင် တမင်ပင် အကွက်ဆင်ထားခဲ့တာ။

ကာကာ သူ၏တီကိုကားပေါ်တက်ပြီး ကားစက်နှိုးရင်း တစ်ချက်ပြုံးလိုက်၏။ သူစီစဉ်သည့်အကွက်အတိုင်းသာ ဝင်သွားခဲ့လျှင် နဒီတို့နဲ့ ခန်ငြားကိုငြိသွားမှာအမှန်ပဲ။

ဘာပဲဖြစ်ဖြစ် မိမိဆင်သည့် ဇာတ်ကွက်မှာ ခန့်ငြားကိုတို့ ညီအစ်ကိုနှင့် နဒီတို့ ညီအစ်မ လှပစွာတင်ဆက်ကပြနိုင်မှာ သေချာသည်။ မိမိအတွက်တော့ ပထမစာမေးပွဲမှာ ဂုဏ်ထူးတွေ တပွေ့တပိုက်ကြီးဖြင့် အောင် မြင်ပါပြီ။

ကာကာဇော်ထောင်ဖမ်းခဲ့သည့် ပိုက်ကွန်အတွင်းမှာ ခန့်ငြားကို ခန့်ငြားမောင် ညီအစ်ကိုနှင့် နဒီ၊ နရီတို့ ညီအစ်မနှစ်ကလည်း ကျေကျေနပ်နပ်ကြီးအမိခံလိုက်ပြီဆိုတာ သံသယဖြစ်စရာမလို။

ကာကာဇော်ပြန်သွားပြီးနောက် နဒီနဲ့ နရီတို့ ညီအစ်မနှစ်ယောက်

က ခန့်ငြားကိုနှင့် ခန့်ငြားမောင်တို့ ညီအစ်ကိုနှစ်ယောက်အပေါ်ကောင်းမှန်ပြေပြစ်စွာ ဆက်ဆံလျှက် ဧည့်ခံကျွေးမွေးကြသည်။ ခန့်ငြားကိုတို့ ညီအစ်ကိုနှစ်ယောက်နှင့် နဒီ၊ နရီတို့ ညီအစ်မနှစ်ယောက် ကာကာဇော်ဘာလုပ်သွားသည်ကို ချက်ချင်းသဘောပေါက်ကြသည်။ ကာကာဇော်ဆင်သည့်ဇာတ်ကွက်အတွင်းမှာ သူတို့လေးဦးအလိုက်သင့်လွှင့်မျောမိကြ၏။

"နဒီ ချက်ထားတွေက အစုံပဲနော်"

ခန့်ငြားကိုက နဒီပြင်ဆင်ခူးခပ်ထားသည့် ထမင်းဝိုင်း ဝေ့ဝဲကြည့်ပြီး ပြောလိုက်သည်။ အမှန်ပါပဲ။ နဒီချက်ပြုတ်ထားတာတွေက တကယ့်ကို စုံလင်လှသည်။ ပြီးတော့ ပြင်ဆင်ခင်းကျင်းထားသည်ကလည်း လှပပြီး စားချင်စဖွယ်ကောင်း၏ ကြက်သားဆီပြန်ဟင်း၊ ကြက်သားချိုချဉ်ကြော်၊ ကြက်သားတောက်တောက်ကြော်၊ ငါးရံ့ခြောက်မီးဖုတ်၊ ငါးဖယ်ဟင်း၊ ငါးသလဲထိုးအိုးကပ်၊ ဂျူးမြစ်ချဉ်ရည်၊ ခဝဲသီးကြော်။ အိုစုံနေတာပါပဲ။ အရသာကောင်းကောင်းလေးကိုမှ နှစ်သက်တတ်သည့် ခန့်ငြားကိုမှာ ဟင်းတွေကိုကြည့်ရင် တကယ်သဘောကျသွား၏

"နရီရဲ့လက်ရာအရမ်းကောင်းတာပဲ။ ကိုယ်တော့စွဲသွားပြီ" ဟု ခန်းငြားမောင်က ဆို၏။

နရီက သူမအိမ်ကိုလာလည်သည့် ဧည့်သည်ဖြစ်တာကြောင့် အတတ်နိုင်ဆုံးဖော်ရွေစွာပြုံးပြီး-

"အစ်ကိုတို့ အဝသာထည့်စားနော်။ ဘာမှ အားမနာနဲ့"

ဟု ရင်းရင်းနှီးနှီးပြောလိုက်၏။

ခန့်ငြားတို့ညီအစ်ကိုလည်း ဟန်ဆောင်စားခြင်းမျိုးမဟုတ်ဘဲ တကယ်ပင် အားပါးတရစားကာ

"နဒီရဲ့ ကြက်သားတောက်တောက်ကြော်က သိပ်ကောင်းတာပဲ။

ကာကာက နဒီလက်ရာ ကောင်းတယ်၊ ကောင်းတယ် ပြောနေပေမယ့် ကျွန်တော်က ဒီလောက်ထိကောင်းလိမ့်မယ်လို့ မထင်မိတာအမှန်ပဲ။ နဒီက တကယ့်ကို အချက်အပြုတ်တော်တာပဲ''

ဟု အာပေါင်အားရင်းသန်သန်ဖြင့် ချီးကျူးလိုက်သည်။

နဒီမှာ သူမကို အချက်အပြုတ်တော်သည်ဟု ချီးကျူးတာကြောင့် ခန္ဓြားကို,ကို သဘောတွေ့သွားသည်။ သူမ ဘယ်လောက်ပဲ အပင်ပန်း ခံချက်ပြုတ်ထားထား ကာကာက သူမကိုတစ်ခါမှကို မချီးမွမ်းခဲ့ဘူး မဟုတ်လား။ သူမဘက်ကသာ ကာကာကို တန်းတန်းစွဲတွယ်တာခဲ့ရတာ။ ကာကာ့ရုပ်ရည်ကလည်း သူမတွယ်တာမြတ်နိုးလောက်အောင် စွဲမက်ဖွယ်လှနေခဲ့တာကိုး။

ခန္ဓြားကိုက ကြက်သားချိုချဉ်ကြော်ကို မြည်းစမ်းစားကြည့်ပြီး

''ဟာ. . . ဒီကြက်သားချိုချဉ်ကြော်ကလည်း ကောင်းတာပဲ ဘယ်လို ချက်ထားတာလဲ''

ဟု ထက်ထက်သန်သန်မေးလိုက်သည်။

နဒီ ပြုံးတုံ့တုံ့မျက်နှာထားနဲ့

''အရင်ဆုံး ကြက်သားကို အနေတော်ပါးပါးလေးတွေ လှီးထားတယ်။ ပြီးတော့ ကြက်သွန်နီကို အကွင်းလိုက်လှီး။ ချင်းလည်း ထုထောင်းထားရသေးတယ်။ ဂေါ်ဖီ၊ ပန်းဂေါ်ဖီ၊ မုန်လာဥနီ၊ baby cone တွေကိုလည်း အနေတော်လေးတွေ လှီးထားရသေးတယ်လေ။ အဲဒါတွေပြင်ဆင်ပြီးရင် ဒယ်အိုးပူအောင်ထား။ ဒယ်အိုးပူရင် ဆီထည့်ပေါ့နော်။ ဆီကျက်ရင် ကြက်သားထည့်။ ပြီးတော့ ရေနည်းနည်းပါထည့်ပြီး ကြက်သားနှမ်းအောင်ထား။ ကြက်သားနှမ်းရင် တရုတ်ပဲငံပြာရည်အနောက်တစ်ဖွန်း၊ အကြည်တစ်ဖွန်းထည့်။ ပြီးတော့ ရေဆေးပြီး လှီး၊ လှီးပြီးရေဆေးထားတဲ့ ဂေါ်

ဖူကိုတို့၊ ဂေါ်ဖီပွင့်တို့၊ မုန်လာဥနီတို့ baby cone တို့ထည့်ပေါ့။ အရွက်တွေစားဖို့ ကိုယ့်စိတ်ကြိုက်အနေအထားရလာပြီးဆိုရင် ကော်မွန့်ကိုဖျော်ပြီးထည့်။ ရှာလကာရည် တစ်ဖွန်း။ သကြားတစ်ဖွန်းကိုလည်း ကြက်သားချိုချဉ်အိုးထဲထည့်ပြီးမွှေ။ ငရုတ်ဆီတစ်ဖွန်းကိုလည်းထည့်ပြီးမွှေ။ ငရုတ်ဖွဲမ်းထည့်။ ပြီးရင် မီးဖိုပေါ်က ချလို့ရပြီ။

အဲဒီလိုနည်းစနစ်တကျနဲ့ စိတ်ရှည်လက်ရှည်ချက်ရင် အခုမြင်ရတဲ့အတိုင်း စားချင်စဖွယ် ချိုချဉ်ကြော်ကို ရတာပေါ့ရှင်''

ဟု စိတ်ရှည်လက်ရှည်ရှင်းပြသည်။

ခန္ဓြားကိုတို့ ညီအစ်ကိုကလည်း နဒီပြောသမျှကို စိတ်ရှည်သက်ရှည်နားထောင်သည်။

ခန္ဓြားကို အစားအသောက်ကောင်းတွေကို ချက်ပြုတ်တတ်သော နဒီ့ကို သဘောအကျကြီးကျသွားခဲ့သည်။ ခန္ဓြားကိုက နဒီ့ကို သဘောတကျမျက်ဝန်းများဖြင့်ကြည့်ပြီး . . .

''နဒီ ပြောတဲ့ ဟင်းချက်နည်းကို အိမ်က ညီမလေးပန်းသဇင်ကိုလည်း ပြန်ပြောပြီး ချက်ခိုင်းရမယ်''ပြောသလို၊ ခန္ဓြားမောင်ကလည်း

''နရီက ရုပ်လည်းချော၊ ဟင်းချက်လည်းကောင်းတယ်။ နရီ့ကို ရတဲ့ အမျိုးသားတော့ သိပ်ကံကောင်းမှာပဲ''

ဟု စိတ်ထဲရှိသည့်အတိုင်းပင် ပြောလိုက်၏။

ကာကာလောက်အချောကြီးမဟုတ်ပေမယ့် သူ့ဟာနဲ့သူ ဥပဓိရုပ်ကောင်းကောင်းနဲ့ လူကြီးလူကောင်းဆန်ဆန် သန့်သန့်ခန့်ခန့်ရှိသော ခန္ဓြားကို,ကို နဒီ့စိတ်ထဲတွင် အမှတ်ပေးနေမိသည်။ ပြီးတော့လည်း ကာကာကို သူမတို့ဘက်မှသာ အလိုလိုက်အကြိုက်ဆောင်ခဲ့ပေမယ့် ကာကာက သူမတို့ကို တစ်ခါမှကို လှသည်၊ ချောသည် မပြောစဖူး။ ကာကာနဲ့ လမ်းသွားရင်း သူမတို့ပါနေပါလျက် တခြားတစ်ယောက်ကို

မျက်စပစ်တတ်သေးသည် မဟုတ်လား။

ဘာပဲပြောပြော နဒီက ခန်ငြားကို,ကို အမှတ်တွေပေးနေမိတ်။ ခန်ငြားကိုကလည်း နဒီကို စပြီးငြိနေမိပြီ။ ခန်ငြားမောင်ကလည်း နဂိုလေးအပေါ် တသသမြတ်နိုးတွယ်တာသွားမိသည်။ နဂိုကလည်း ခန်ငြားမောင်ကို နှစ်သက်နေမိတ်။

■

အခန်း (၂၄)
သော့ချက်

အောင်မြင်ဖိုဟာ Autosuggestion နည်းဖြင့် မြစိမ်းရောင်းသီးထဲ မေတ္တာဓာတ်တွေပို့လွှတ်နေကြောင်း အောင်ဖြိုးနဲ့ ကာကာဇော်ကို ပြောထားတ်။ Autosuggestion နည်းဖြင့် အောင်မြဝို ကြိုးစားကြည့်တ်။ နိုးသဇင်၏အချစ်ကို မိမိရနိုင်မည်လား။ အဖြေကတော့ နီးလာပါပြီ။ သုအကြိမ် ကဿိရမျက်လုံးမှာ ဖန်လုံးကြည့်ရသည်မှာ ထူးထူးကဲကဲဖြစ်မိတ်။ ဘာကြောင့်များလဲ၊ ဝမ်းနည်းမိတ်။

အောင်မြင်ဖိုဟာ စိတ်ထဲမှာ အင်မတန်သည်းလှိုက်အူလှိုက်အလိုလိုနေရင်း ဝမ်းနည်းနေမိသည်။ ဘာအကြောင်းပြချက်မှ ခိုင်ခိုင်မာမာမရှိပါဘဲနဲ့ကို ဝမ်းနည်းကြေကွဲနေမိတ်။

AKA လုပ်ငန်းတွေအားလုံးလည်း အဆင်ပြေနေပါလျက် သားစုအိမ်တွင်းရေးလည်း သာယာပျော်ရွှင်နေပါလျက် မြစိမ်းရောင်

မင်းသမီးလေးနဲ့လည်း ဆက်ဆံရေးဖြောင့်တန်းနေပါလျက်နဲ့ ဘာကြောင့်
များ အလိုလိုနေရင်း ဝမ်းနည်းနေရသလဲဟု အောင်မြင်ဗို အဖြေမရှာ
တတ်။ အဖြေထုတ်ရခက်နေ၏။

ဝမ်းနည်းနေတာမှ သိပ်ကို အမြတ်တနိုးတန်ဖိုးထားရသည့်
တန်ဖိုးကြီးပစ္စည်းတစ်ခု ပျောက်ဆုံးသွားလို့ ဝမ်းနည်းနေတာမျိုး။ လူ
တစ်ယောက် ပျောက်ဆုံးသွားလို့ ဝမ်းနည်းနေတာမျိုး။ အတိုင်းအဆမ်
ဝမ်းနည်းနေပြီး ပြောမပြတတ်အောင်ပင် တိတ်တဆိတ်ကြေကွဲခံစားနေရ၏

အောင်မြင်ဗိုဟာ သူ့မှာ ဝမ်းနည်းစရာ ဘာကိစ္စမှမရှိပါဘဲနဲ့
အလိုလိုနေရင်း ဝမ်းနည်းနေသည့် သူ့စိတ်ကိုမကျေနပ်နိုင်အောင်ပင် ဖြစ်
နေမိ၏။

သူစိတ်သက်သာရာရလိုရငြား ဘုရားခန်းထဲဝင်ကာ တရားထိုင်
နေမိ၏။ တစ်နာရီခန့်တရားထိုင်ပြီးသည့်အခါ သူ့စိတ်အတော်အတန်အေး
ငြိမ်းမှု ရသွားသည်။

အောင်မြင်ဗို အေးငြိမ်းနေသည့် စိတ်နဲ့အတူ တယ်လီပသီဖန်လုံး
ကို အာရုံယူပြီးကြည့်သည့်အခါ သူနဲ့အမှုဟု ပြောရလောက်အောင်တူသော
လူတစ်ယောက်ဖန်လုံးထဲမှာ ငိုရှိုက်နေသော ရုပ်ပုံလွှာကို တွေ့လိုက်ရ၏

အောင်ဖြိုးအတွက် ထိတ်ခနဲဖြစ်သွားသည်။ အောင်ဖြိုးမျာ
တစ်ခုခု ဖြစ်နေမလားဟု ရင်ထဲပူပူပန်ပန်ဖြစ်သွား၏။

ရှင်းရှင်းပြောရရင် အောင်မြင်ဗိုသည် အောင်ဖြိုးကို သူ၏အမှု
ညီအစ်ကိုဟု ထင်မှတ်နေမိ၏။ အောင်မြင်ဗိုက သူ့မှာအမှုညီအစ်ကို
သလားဟု မေးသောအခါ မေမေကြီးမျက်နှာ သိသိသာသာပျက်သွားတတ်
သလို၊ မေမေဟာလည်း အောင်မြင်ဗိုနားမှ ချက်ချင်းထွက်သွားတတ်၏

အောင်မြင်ဗိုတစ်ယောက် အောင်ဖြိုးကို သိပ်ပူပန်သွားပြီး
အောင်ဖြိုး ရှိရာ AKA သို့သွားဖို့ ဆုံးဖြတ်လိုက်သည်။ အောင်ဖြိုးဆီသွား

အောင်မြင်ဗို ဘောင်းဘီရှည်အနက်ရောင်၊ အကျီလက်တိုအပြာနုရောင်ကို
ဘွဲဖက်ဝတ်ဆင်ပြီး အိမ်အောက်ထပ်ကို ဆင်းလာသည့်အခါ ဧည့်ခန်းထဲမှာ
ထိုင်နေသည့် မေမေကြီးက

"သား ဘယ်သွားမလို့လဲ"

ဟု ကြင်နာနွေးထွေးစွာ မေးလာ၏။ အောင်မြင်ဗိုက မေမေကြီးကို
ရင်းနှီးနွေးထွေးသည့် မျက်ဝန်းနဲ့ကြည့်ပြီး

"လှည်းတန်းက ရုံးခန်းသွားမလို မေမေကြီး၊ မေမေကြီး ဘာမှာ
ချင်သေးလဲ၊ မေမေကြီးအတွက် မုန့်တွေဘာတွေရော ဝယ်ပေးရဦးမလား"

ဟု အဘွားကို သိပ်ချစ်တတ်သည့် မြေးတစ်ယောက်ဖြစ်၍
အဘွား အတွက် မိမိဘာလုပ်ပေးရမလဲ၊ ဘာဝယ်ပေးရမလဲဆိုသည်ကို
အမြဲတစေ ဂရုတစိုက်မေးလေ့ရှိ၏။

မေမေကြီးက အောင်မြင်ဗိုကို ပြုံးပြုံး ပြုံးပြုံးနဲ့ကြည့်ပြီး

"မေမေကြီးအတွက် ဆရာကြီးဦးစံသာဆီက ဆေးဝင်ယူခဲ့ကွယ်"

ဟု ပြန်ပြောသည်။

အောင်မြင်ဗို သူ၏ပါဂျဲဒိုးကားဖြင့် AKA အိမ်အလှဆင်ခြင်းနှင့်
အလူမီနီယမ်လုပ်ငန်းရှိရာကို ထွက်ခွာလာခဲ့သည်။

■

အခန်း (၂၅)
စစ်တုရင်နဲ့ ဒေဝီခင်

အောင်ဖြိုးသည် ဒေဝီ ရေးဆွဲထားသည့် အလူမီနီယံ design များကိုကြည့်ရင်း စိတ်ကို အလုပ်ထဲမနည်းနှစ်မြုပ်ထားရသည်။ အမြဲတမ်းဆို အလူမီနီယံ design ကောင်းတယ် ဆိုးတယ်ဆုံဖြတ်ပြီး designကောင်းလေးတွေ ရွေးချယ်ရသည်မှာ ဒီလောက်ထိမခက်ခဲ။

အခု အလုပ်လုပ်ရင်းနဲ့ သူ့လည်ချောင်းတွေ နာလာသလိုလို၊ ရေ ငတ်သလိုလိုကြီး၊ အာခေါင်တွေချောက်လာသလိုလို ပြောရခက်သည့် ဝေဒနာဆိုးကြီးကြောင့် အလူမီနီယံ design တွေကို ဘယ်လိုမှ မကြည့်နိုင်အောင် ဖြစ်နေမိသည်။

အောင်ဖြိုးက သူ၏မလှမ်းမကမ်းမှာ computer တစ်လုံးနှင့် အလုပ်ရှုပ်နေသော ဒေဝီကို...

"ဒေဝီရေ ကိုယ့်ကို ရေခဲရေတစ်ခွက်လောက်ထည့်ပေးပါ"

ဟု ပြောလိုက်သည်။

ဒေဝီကလည်း ပေါ့ပေါ့ပါးပါး သွက်သွက်လက်လက်ဖြင့် ရေခဲရေတစ်ခွက်ခပ်ပြီး သူ့ဆီရောက်လာသည်။

ဒေဝီက ကြည်လင်သောမျက်နှာထားဖြင့်

"ကိုအောင်ဖြိုး ဒီမှာရေခဲရေနော်"

ဟု ပြောကာ သူ့စားပွဲမှာ ရေခဲရေဖန်ခွက်တင်ထားလိုက်၏။ အောင်ဖြိုး ဒေဝီခပ်ပေးသော ရေခဲရေကို ရေငတ်ပြေလိုပြေငြား ခပ်မြန်မြန်ကလေးသောက်လိုက်၏။

သို့သော် ဘာကြောင့်မှန်းမသိ ရေငတ်မပြေသည့်အပြင် ပိုလို့ပင် ရေငတ်လာသည်။ လည်ချောင်းတွေလည်း ပိုနာလာ၏။ လည်ချောင်းထဲမှ အက်ရှရှဝေဒနာကြီးမှာ အခံရခက်လွန်းလှ၏။

ဝေဒနာဆိုးကြီးကြောင့် သူဟာ ဘယ်လိုနည်းနဲမှ အလုပ်ထဲကို စိတ်နှစ်လို့မရတော့။ သူခေါင်းတွေဟာ တစ်ခုခုနဲ့ ဆောင့်မိထားသလိုမူး နောက်နောက်ကြီးဖြစ်နေသည်။ တကယ့်ကို မူးနောက်နောက်ကြီး။

ရေခဲရေတစ်ခွက်ထပ်သောက်လိုက်ရင်း သူ့ဝေဒနာသက်သာသွား နိုးနိုးဖြင့် သူ ကွန်ပျူတာတစ်လုံးနဲ့ အလုပ်တွေရှုပ်နေသည့် ဒေဝီကို

"ဒေဝီရေ... နောက်ထပ်ရေခဲရေတစ်ခွက်"

ဟု ထပ်မံခိုင်းလိုက်၏။ ဒေဝီက ခပ်သွက်သွက်ကလေးထပြီး ရေခဲရေတစ်ခွက်ခပ်လာပြီး အောင်ဖြိုးမျက်နှာအကဲခတ်ပြီး တစ်ချက်ကြည့်လိုက်ကာ...

"ကိုအောင်ဖြိုး... ရှင့်ကြည့်ရတာ တစ်မျိုးပဲ။ ရှင်ဖျားနေသလား"

ဟု ဆိုကာ ဒေဝီက အောင်ဖြိုး၏နဖူးလေးကို တယုတယဖြင့် စမ်းသပ်သည်။ နိုင်ငံခြားမှာ ကြီးပြင်းလာသူ ဒေဝီက ယောက်ျား၊ မိန်းမ

မခွဲခြားဘဲ အမှတ်တမဲ့ပြုမူလိုက်ခြင်းပါ။ အောင်ဖြိုးအတွက်တော့ မှတ်မှတ်ရရ တတ်တတ်မက်မက်ဖြစ်သွား၏။ အောင်ဖြိုး၏ နဖူးမှာ ခြစ်ခြစ်တောက်ပူနေသည်ကို သတိထားမိလိုက်၏။ ဒေဝီဟာ အောင်ဖြိုးကို ကရုဏာသက်စွာကြည့်ရင်း-

''ကိုအောင်ဖြိုး ရှင်ဖျားနေတာပဲ။ ဆေးသောက်မှဖြစ်မယ်''

ဟု ကြင်နာအပြည့်ဖြင့် ပြောသည်။

အောင်ဖြိုးသည် သူငယ်ငယ်ထဲက မေတ္တာတရားတော်မွတ်ခဲ့သူမို့ အခုလို ကြင်နာစွာပြောလာသည့် လေသံကြောင့် ရင်ထဲမှ လှုပ်ခနဲခံစားလိုက်ရသည်။ သူ၏ဘဝတစ်သက်တာမှာ တစ်ခါမှ ကြင်နာယုယမှု မခံရဘူးမဟုတ်လား။ မေတ္တာတရားဆိုသည်ကို ကြားသာကြားဖူးပေမယ့် တစ်ခါမှကို မေတ္တာတရား၏သိမ်မွေ့မှုကို မခံစားစဖူး။

အောင်မြင့်ဝိုတို့ ကာကာတို့နဲ့ ခင်မင်ရင်နှီးချစ်ကြသည်ဆိုသော်လည်း ယောက်ျားလေးအချင်းချင်းမို့ ခုလိုကြင်နာမျိုးမရှိစဖူး။ အောင်ဖြိုး ခုလို ကြင်နာယုယနွေးထွေးမှုကြောင့် သူ့ဝေဒနာတစ်ဝက်သက်သာသွားသလိုတောင် ခံစားလိုက်ရ၏။

အောင်ဖြိုးဟာ ဒေဝီကို နှစ်လိုဖွယ်အကြည့်နဲ့ ကြည့်ပြီး

''ဒေဝီပြောမှပဲ ဖျားမှန်းသတိထားမိလိုက်တော့တယ်။ အလုပ်ထဲစိတ်နှစ်ထားတော့ ကိုယ့်ဟာကိုယ်တောင် သတိမထားမိဘူး''.

ဟု ရင်းနှီးခင်မင်စွာဖြင့် ပြောသည်။

ဒေဝီက အောင်ဖြိုးကို ဂရုတစိုက်မျက်နှာထားဖြင့်

''ကိုအောင်ဖြိုး ဆေးသောက်လိုက်နော်''

ဟု ကြင်နာစွာပြောပြီး သူမစားပွဲသွားကာ သူမရဲ့ အိတ်ကိုဖွင့်လိုက်သည်။

သူမအိတ်ထဲမှ မွေ့နှောက်ရှာဖွေကာ ဗူးတစ်ဗူးကို ထုတ်လိုက်

သည်။ ထိုဗူးကို အောင်ဖြိုးအမှတ်တမဲ့လှမ်းကြည့်လိုက်သည့်အခါ စစ်တုရင်ဖြစ်နေသည်ကို တွေ့ရသည်။ သူမက စစ်ဘုရင်ဗူးကို အိတ်ထဲပြန်ထည့်လိုက်ပြီး ဆေးကဒ်ကလေးကို ထုတ်ပြီး သူ့ကိုကြင်နာယုယစွာဖြင့် တိုက်သည်။

အောင်ဖြိုး ခေါင်းထဲမှ တစစ်စစ်ကိုက်ခဲ့သည့် ဝေဒနာဆိုးကြီးကို ခံစားနေရသည်။ ခေါင်းကိုက်နေသည့်အတွက် အလုပ်စားပွဲမှာမှောက်ပြီး မှိန်းနေလိုက်၏။

အောင်ဖြိုး ငယ်စဉ်ကလေးဘဝထဲက မိဘနှစ်ပါးဆုံးသွားခဲ့သည်။ ကံဆိုးစွာဖြင့် မိဘမေတ္တာကို နားလည်ခွင့်မရခဲ့။ အောင်ဖြိုးဟာ သူ့ဘကြီးဘုန်းကြီးထံမှာ ဗေဒင်လက္ခဏာနှင့် နက္ခတ်ပညာသင်ရင်း သူ့ဘကြီးဘုန်းကြီးဆီမှာ ငယ်စဉ်ကလေးဘဝတစ်လျှောက်လုံးနေထိုင်ခဲ့သည်။ သူ့ဘကြီး ဘုန်းကြီးက သူ့ကိုအတန်းပညာ သင်ကြားနိုင်ဖို့လည်း ငွေကြေးထောက်ပံ့ခဲ့သည်။ သူ့ဘကြီးဘုန်းကြီးကြောင့် သူ လူတော်လူကောင်းဘစ်ယောက်ဖြစ်လာခဲ့၏။ ငယ်စဉ်ကလေးဘဝတစ်လျှောက်လုံး သူအတောင့်တဆုံး အတောင့်တဆုံးအရာ တစ်ခုမဲမရှိခဲ့သည်။ အဲဒါကတော့ မေတ္တာတရားပဲ။ ယုယနွေးထွေးကြင်နာမှုကို သိပ်ကို လိုလားတောင့်တခဲ့တာပေါ့။

◆◆◆

အောင်မြင့်ဝို အလူမိနီယံနှင့် အိမ်အလှဆင်လုပ်ငန်းကိုရောက်တော့ တပည့်မောင်တိုးက သူ့ပါဂျဲဒိုးကားနှား ခပ်သွက်သွက်ကလေးပြေးလာပြီး တံခါးလာဖွင့်ပေးသည်။ အောင်မြင့်ဝို ကားပေါ်ကဆင်းလိုက်ပြီး

''မင်း ဆရာအောင်ဖြိုးရှိလား''

ဟု မေးလိုက်၏။ မောင်တိုးက အောင်မြင်ဗိုကို တလေးတစား တရိုတသေမျက်နှာထားဖြင့်

"ရှိပါတယ်ဆရာ"

ဟု ဖြေသည်။ အောင်မြင်ဗိုက အလူမီနီယံတွေကို ပုံဖော်နေသည့် အလုပ်သမားတစ်ချို့ကို ဝေ့ဝဲကြည့်ပြီး သူ့ရုံးခန်းထဲကို ဝင်သွားသည်။

ရုံးခန်းထဲတွင် အလုပ်စားပွဲပေါ်မှာ ခေါင်းငိုက်ပြီး မှိန်းနေသည့် အောင်ဖြိုးနှင့် ကွန်ပျူတာတစ်လုံးဖြင့် အလုပ်ရှုပ်နေသော ဒေဝီကိုမြင်လိုက်ရသည်။

ဒေဝီက ကွန်ပျူတာကို စူးစိုက်ကြည့်ရင်း အလုပ်လုပ်နေရာမှ အောင်မြင်ဗိုဘက်ကို မျက်နှာမူလိုက်ပြီး

"ကိုအောင်မြင်ဗိုရေ. . . ကိုအောင်ဖြိုးကြီး ခေတ်မီနေတယ်လေ"

ဟု ဆိုလာသည်။ အောင်မြင်ဗိုက ဒေဝီ့စကားကို နားမလည်တာကြောင့်

"ခေတ်မီတယ် ဟုတ်လား"

ဟု တီးတိုးတီးတိုးရေရွတ်လိုက်၏။ ဒေဝီကတည်ကြည်တဲ့ မျက်နှာထားဖြင့်

"ဟုတ်တယ်. . . ကိုအောင်ဖြိုးတုတ်ကွေးမိနေပြီလေ"

ဟု ဆိုကာမှ သူရှင်းသွား၏။

အောင်ဖြိုးက အောင်မြင်ဗိုနဲ့ ဒေဝီတို့၏စကားသံကြောင့် ခပ်ဖြည်းဖြည်းခေါင်းထောင်လာပြီး

"အောင်မြင်ဗို. . . ကိုယ်တော့ဖျားနေပြီ၊ နေ့လည်မှာ လုပ်ငန်းအတွက် ချိန်းထားတာတွေရှိသေးတယ်။ ဒီပုံအတိုင်းဆို နေ့လည်သွားနိုင်ပါ့မလား မသိဘူး"

ဟု လေးတွဲ့တွဲ့ပြောသည်။

အောင်မြင်ဗို ခုမှပဲ သူဘာကြောင့် အလိုလို ဝမ်းနည်းနေသလဲ ဆိုတာကို သဘောပေါက်သလိုဖြစ်လာ၏။ အောင်ဖြိုးနဲ့ သူ့မှာ ထူးခြားသည့် စိတ်ချင်းဆက်နွယ်မှုရှိတာကြောင့် အခုလို ခံစားရတာပါလားဟု သုံးသပ်လိုက်မိ၏။

အောင်မြင်ဗိုသည် အောင်ဖြိုးအပေါ် နားလည်မှုရှိစွာဖြင့်

"အေးကွာ. . . မင်းနေမကောင်းရင်လည်း အပေါ်မှာ သွားနားနေ လိုက်ပေါ့။ နေ့လည်ချိန်းထားတဲ့ လုပ်ငန်းကိစ္စလည်း ကိုယ်မင်းကိုယ်စား သွားပေးမယ်"

ဟု နွေးနွေးထွေးထွေးဖြင့် ပြောလိုက်သည်။

အောင်ဖြိုးက အောင်မြင်ဗိုကို နေ့လည် (၂)နာရီမှာ ချိန်းထားသည့် လုပ်ငန်းနာမည်နဲ့ အလုပ်ကိစ္စအချက်အလက်တွေကို ပြောလိုက်၏။

အောင်ဖြိုး၏တာဝန်ကိုပါ အောင်ဖြိုးကိုယ်စားဆောင်ရွက်ပြီးမှ အောင်မြင်ဗို အိမ်ပြန်လာခဲ့၏။

ရုံးခန်းမှာ ကျန်ရစ်ခဲ့သည့် အောင်ဖြိုးကတော့ တုတ်ကွေးမိခြင်းမှ သက်သာသွားမည်ဟု မျှော်လင့်မိပါသည်။

■

အခန်း (၂၆)
တိမ်မယောင်နဲ့နက်

အောင်မြင်ဗို အိမ်ပြန်ရောက်သောအခါ အောင်မြင်ဗို မေမေကြီးနှင့် မေမေတို့ဟာ TVမှလာသည့် ခုနစ်နာရီဇာတ်ကားကို ကြည့်နေကြသည်။ အောင်မြင်ဗိုက သူ့မေမေကြီးနဲ့ မေမေ့နားရှိ မလှမ်းမကမ်းမှ ထိုင်ခုံမှာ ဝင်ထိုင်လိုက်၏။

မေမေကြီးက TV ကြည့်နေရာမှ သူ့ဘက်လှည့်ပြး

"မြေးလေး ဗိုက်ဆာပြီလား။ ဒီနေ့တော့ မြေးအကြိုက် ပုစွန်နဲ့ ဗုံလုံသီးဟင်းပါချက်ထားတယ်။ မြေးနဲ့အတူ စားရအောင် စောင့်နေတာ"

'ဟု ကြင်နာစွာ ပြောသည်။

အောင်မြင်ဗို မေမေကြီးကို ချစ်ခင်စွာကြည့်ပြီး

"မစားသေးဘူး မေမေကြီး။ ကျွန်တော်ရေချိုးပြီးမှပဲ စားတော့မယ်။ မေမေကြီး TV ပြီးမှပဲ အတူစားကြတာပေါ့"

ဟု ပြန်ဖြေသည်။

မေမေကြီးနဲ့ မေမေတို့က အောင်မြင်ဗိုကို ငုံထားမလောက်ရွှေ ပေါ်မြတင်ထားလျှက် ချစ်ခင်ယုယကြ၏။ မေမေကလည်း အောင်မြင်ဗိုကို နွေးထွေးသည့်မေတ္တာများစွာ သက်ဝင်နေသည့်အကြည့်ဖြင့်ကြည့်ကာ

"သားလေး ရေချိုးရင်လည်း မြန်မြန်ချိုးကွယ်။ တော်ကြာ ဖျားနာနေပါဦးမယ်"

ဟု မေတ္တာငွေ့တွေပျော်ဝင်နေသော လေသံဖြင့် ပြောသည်။

မေမေကြီးနဲ့ မေမေ TV ဇာတ်လမ်းတွဲကို စိတ်ဝင်တစားဖြင့် ပြန် ကြည့်နေကြသည်။ အောင်မြင်ဗိုကတော့ သူ့မေမေကြီးနဲ့ မေမေကို ကိစ္စ တစ်ခုပြောသင့် မပြောသင့် ချင့်ချိန်နေမိ၏။ အောင်မြင်ဗို အရဲစွန့်ပြီး

"မေမေကြီးနဲ့ မေမေ့ကို သားမေးစရာတစ်ခုရှိတယ်"

ဟု ဆိုလိုက်ရာ မေမေကြီးနဲ့ မေမေဟာ သူ့ဘက်ကိုလှည့်လာပြီး

"ဘာများလဲ သားလေးရဲ့"

ဟု ပြိုင်တူလိုလိုပင် ပြောသည်။

အောင်မြင်ဗို မေမေကြီးနဲ့ မေမေ့ကို တည့်တည့်ကြည့်ပြီး

"သားမှာ အမ္ဘာညီအစ်ကိုရှိသလား"

ဟု ရင်ထဲမှာ တအုံနွေးနွေးခံစားနေရသည့် အဖြေကို သိချင်လွန်းသည့်လေသံဖြင့် မေးလိုက်၏။

အောင်မြင်ဗို၏အမေးကြောင့် မေမေကြီး၏မျက်နှာထားပျက်သွားပြီး မေမေကြီး၏အသားဖြူဖြူမှာလည်း စိတ်ရှုပ်သည့် အမူအရာကြောင့် မည်မလိုဖြစ်သွားသည်ကို အောင်မြင်ဗို သေသေချာချာမြင်လိုက်ရသည်။

အောင်မြင်ဗို၏ မေမေကလည်း ရုတ်ရက်ဖြတ်ခနဲထလိုက်ပြီး ဆုံးစံအတိုင်း ဇည့်ခန်းထဲမှ ထွက်သွား၏။ ဤမေးခွန်းကို မိမိမေးမိလေတိုင်း မေးသည့်အခါတိုင်း မေမေရှောင်နေသလိုပါလား။ သေချာနေပါပြီ။ သူ့အမ္ဘာ

နဲ့ပတ်သက်ပြီး တစ်ခုခုဇာတ်လမ်းရှိမှန်း သူမသိစိတ်က သိလိုက်၏။

သူမေးမည့် မေးခွန်းကို မေမေကြီးမဖြေချင်မှန်းသိနေပေမယ့် သူ့အမွှာဟာ အောင်ဖြိုးများဖြစ်နေမလားဆိုပြီး သိချင်စိတ်ထက်သန်လွန်းနေတာကြောင့် အောင်မြင်ဗိုက မေမေကြီးကို

''သားမှာအမွှာများရှိနေသလား မေမေကြီး''

ဟု ဇွတ်ထပ်မံမေးလိုက်၏။

မေမေကြီးက အောင်မြင်ဗိုကို မကြည့်ဘဲ စားပွဲပေါ်ရှိ အလှပန်းအိုးလေးကို စိုက်ကြည့်ပြီး

''မြေးမှာ အမွှာရှိရင် ဘာအကျိုးရှိမလဲ။ မြေးမှာ အမွှာမရှိတော့ရော မြေးမှာ ဘာတွေဆုတ်ယုတ်သွားမလဲ။ မေမေကြီးကရော မြေးရဲ့ မေးခွန်းကို ဘာအတွက်ဖြေရမှာလဲ''

ဟု အမေးကို အမေးနဲ့သာပြန်လည်တုန့်ပြန်လိုက်၏။ အောင်မြင်ဗိုသည် သူ့မှာ အမွှာညီအစ်ကို ရှိမရှိ သူ၏အမွှာညီအစ်ကိုဟာ သူနဲ့အရာရာတူနိုင်လွန်းသည့် အောင်ဖြိုးများဖြစ်နေမလားဆိုတာ သိချင်စိတ်ထက်သန်လွန်းအားကြီးနေပေမယ့်လို့ မေမေကြီးနဲ့ မေမေဟာ သူ့ကို တိကျသည့်အဖြေတစ်ခုမှ မပေးခဲ့ပါ။ ဤမေးခွန်း၏အဖြေကို သူသိပ်သိချင်နေမိသော်လည်း ဖြေမှာမဟုတ်ဘူးဖြစ်၍ ဆက်မမေးရက်တော့ပါ။ သူ့အမွှာညီအစ်ကို နဲ့ ပတ်သက်သည့်ကိစ္စအတွက် တအုံနွေးနွေးနဲ့ ခံစားနေရသည်။

■

အခန်း (၂၇)
မဖိတ်ဘဲလာတဲ့ဧည့်သည်

ခန့်ငြားကိုက နဒီ သူ့ကိုပြောပြသည့် ကြက်သားချိုချဉ်ကြော်ချက်သည့်နည်းကို သူ့ညီမပန်းသဇင်ကို ပြန်ပြောပြလိုက်၏။ ပန်းသဇင်က ခန့်ငြားကိုပြောသည့် ဟင်းချက်နည်းကို စိတ်ဝင်တစားနားထောင်ပြီး သည့်အခါ

''အစ်ကိုကြီးက အရသာကောင်းတာလေးမှ စားချင်ရုံတင်မက ကောဘူး. . . ဟင်းချက်နည်းတွေပါ လေ့လာနေပြီလား။ ဒါနဲ့ နေပါဦး အစ်ကိုကြီးရဲ့။ ဘယ်လိုလုပ်ပြီး ကြက်သားချိုချဉ်ကြော်နည်းရလာတာလဲ''

ဟု မေးလိုက်သည်။ ပန်းသဇင်၏အမေးကြောင့် ခန့်ငြားကိုမှာ ပြုံးမျက်နှာကို ပြန်မြင်လာပြီး ရှက်ပြုံးပြုံးမျက်နှာထားဖြင့်

''အစ်ကို့ မိတ်ဆွေတစ်ယောက်ဆီက သိထားတာ''

ဟု တစ်မျိုးဖြစ်နေသည့်လေသံဖြင့် ဖြေသည်။ ပန်းသဇင်က

သူမ သိပ်ချစ်သည့် အစ်ကိုကြီး၏မျက်နှာထားရော လေသံရောတစ်မျိုးဖြစ်
နေတာကြောင့်

"အစ်ကိုကြီး. . . အသံကလည်း တစ်မျိုးကြီးပဲ။ နေစမ်းပါဦး
အစ်ကိုကြီးရဲ့ မိတ်ဆွေက ယောက်ျားလား၊ မိန်းမလား"

ဟု အစ်ကိုကို သိပ်ပြီးတွယ်တာကာ သံယောဇဉ်ကြီးလွန်းသည့်
လေသံဖြင့် မေးလိုက်သည်။

အစ်ကိုကြီးက ခန့်ငြားကိုမှာ တစ်သက်လုံး သူညီမကလေးကို
စောင့်ရှောက်နေခဲ့ပြီး ဘယ်မိန်းကလေးနဲ့မှ အလုပ်ကိစ္စကလွဲပြီး
အပိုအမိုတွေ ပြောဆိုဆက်ဆံတာမဟုတ်။ ခန့်ငြားကိုဟာ နဒီနဲ့ကမ္ဘာ
သူ့စိတ်တွေတစ်မျိုး ဖြစ်သွားတာကြောင့် သူညီမကို သူ့မှာ စိတ်ဝင်စားသည့်
မိန်းကလေးရှိနေ ပြီဆိုတာ ပြောဖို့ခက်ခဲနေသည်။ ဒါကြောင့် အစ်ကိုကြီး
ခန့်ငြားကိုမှာ ရှက်ရှက်နဲ့ မျက်နှာကြီးထူပူနေမိ၏။

"တီ . . . တီ"

ဆိုသည့် ခြံဝမှ လျှပ်စစ်ဘဲလ်သံကြောင့် သူအကြပ်အတည်
တစ်ခုမှ လွတ်မြောက်သွားသလို ခံစားလိုက်ရ၏။ သူခပ်သွက်သွက်ကလေး
ထရပ်ပြီး

"ဘယ်သူလာလဲ မသိဘူး။ အစ်ကိုကြီး သွားကြည့်လိုက်ဦးမယ်"

ဟု ဆိုကာ သူညီမရှေ့မှ သူတစ်ချိုးတည်းလစ်ထွက်လာခဲ့သည်။

ခြံဝမှာ တီကိုကား ကြက်သွေးရောင်လေးနဲ့အတူ ကာကာ့ကို
တွေ့လိုက်ရသည်။

ခန့်ငြားကိုက ကာကာ့ကို အင်မတန်ရင်းနှီးသည့် မျက်နှာထား
ဖြင့်

"ကာကာ မင်း ဘယ်ကလှည့်လာတာလဲ"

ဟု ဆိုကာ ခြံတံခါးကို ခပ်မြန်မြန်လေးဖွင့်ပေးသည်။ ကာကာက

ခန့်ငြားကို,ကို ကားပေါ်ကနေပြီး

"ဘယ်ကမှ လှည့်လာတာမဟုတ်ဘူး၊ အောင်မြင်ဗိုတို့ အိမ်လာ
ရင်း အစ်ကိုတို့ဆီ မရောက်ရောက်အောင်ပဲလာတာ။ အစ်ကိုခန့်ငြားကို
ဟိတစ်နေ့က နဒီအိမ်မှာ စားကောင်းရဲ့လား သိချင်လို့လာတာ"

ဟု ခပ်ကျယ်ကျယ်ပြောသည်။

ကာကာ သူ့တီကိုကားကြက်သွေးရောင်ကလေးကို ခန့်ငြားကိုတို့
ပေါ်တီကိုအောက်ထိမောင်းသွင်းလိုက်၏။ ခန့်ငြားကို ခြံတံခါးကို
ပြန်ပိတ်လိုက်ပြီး ခပ်သွက်သွက်ကလေးပေါ်တီကို အောက်ကို ပြန်လျှောက်
လာခဲ့သည်။

တကယ်တော့ ခန့်ငြားကိုတို့ ညီအစ်ကိုသုံးယောက်တော်ရုံတန်ရုံ
ယောက်ျားလေးမိတ်ဆွေတွေကို အိမ်သို့ဖိတ်ခေါ်လေ့မရှိ။ သူညီမလေး
ပန်း သဇင်ကို ထိုမိတ်ဆွေများ သဘောကျနှစ်သက်သွားမှာကို
ကြောက်ကြသည်။ ခုတော့ ခန့်ငြားကိုမှာ နဒီ့မျက်နှာကြောင့် ကာကာကို
အိမ်ထဲသို့ တရင်းတနှီး ခေါ်လာပေပြီ။

ကာကာက ကားပေါ်မှအဆင်း ခန့်ငြားကိုက ပေါ်တီကိုအရောက်
မှာဆုံကြတော့ ခန့်ငြားကိုက ကာကာ့ကို သိပ်ကို နှစ်လိုနေသည့်အမူအရာ
အထင်းသားနဲ့

"လာ ငါ့ညီ၊ ငါ့ညီကို အစ်ကို ပြောစရာတွေရှိနေတယ်"

ဟု ဆိုကာ ဧည့်ခန်းထဲသို့ ခေါ်သွားသည်။

ခန့်ငြားမောင်လည်း ခြံထဲမှာစာဖတ်နေရာမှ ကာကာ့ဆီ အပြေး
ကလေးရောက်လာသည်။ ခန့်ငြားညီအစ်ကိုနှစ်ယောက် ကာကာ့ကို
ဧည့်ခန်း ထဲသို့ ပျူဌာနွေးထွေးဖော်ရွေရင်းနှီးစွာ ဖိတ်ခေါ်၏။

◆◆◆

ခန့်ငြားကို၏ဧည့်ခန်းထဲမှာ တက်တင်းထိုးနေသည့် မြစိမ်းရောင်မင်းသမီးလေးကို အနီးကပ်တွေ့မြင်လိုက်ရသောကြောင့် ခန့်ငြားကို. ကိုပေါင်းရကျိုးနပ်သွားပြီဟု ကျေနပ်သွားမိ၏။

မြစိမ်းရောင်မင်းသမီးလေးကို အနီးကပ်တွေရတော့မှ ထင်ထားသည်ထက်ပို၍ ချောမောပြေပြစ်လှပနေကြောင့် ကာကာဇော်တွေ့လိုက်ရသည်။ ကာကာ၏အကြည့်စူးစူးကြောင့် မြစိမ်းရောင်မင်းသမီးလေးဟာ တက်တင်းထိုးနေရာမှ ကာကာ့ကို အပြစ်ကင်းစင်သည့် မျက်ဝန်းဝိုင်းဝိုင်းကလေးဖြင့် မော့ကြည့်၏။

ကာကာလည်း မြစိမ်းရောင်မင်းသမီးလေးနဲ့ အကြည့်ချင်းစုံသွားသည့် တဒင်္ဂလေးမှာ စွဲမက်ဖွယ်ရာအပြုံးနဲ့ ပြုံးပြလိုက်ပါသေးသည်။ တခြားမိန်းကလေးတွေဆို ကာကာ့အပြုံးကို မြင်သည်နှင့် ပြန်ပြီးဖော်ရွေစွာ ပြုံးပြသည်ချည်း။ မြစိမ်းရောင်မင်းသမီးလေးကတော့ ကာကာ့ကို မျက်နှာပင်လွှဲသွားသောကြောင့် ကာကာမှာအတော်ပင် အောင့်သက်သက်ကြီးဖြစ်သွားသည်။ ကာကာဇော် လုံးဝအားမလျော့ဘဲ မြစိမ်းရောင်မင်းသမီးလေးကို ဆက်လိုက်ဖို့ ဆုံးဖြတ်လိုက်၏။

ခန့်ငြားကိုက ညီမကို သဝန်တိုတတ်သော အစ်ကိုကြီးပီသစွာ

"ပန်းသဇင် ညီမ အပေါ်မှာသွားနေပါလား။ ဒီမှာ အစ်ကိုတို့စကားပြောရတာ ညီမရှိတော့မလွတ်လပ်ဘူး"

ဟုဆိုကာ သူ့ညီမပန်းသဇင်ကို ကာကာနဲ့ ဝေးရာမှာသွားနေခိုင်းလိုက်သည်။ သူ့အစ်ကိုစကားကို မြေဝယ်မကျနားထောင်ကာ ပန်းသဇင် ဧည့်ခန်းထဲမှ ရိပ်ခနဲ ထွက်သွားသည်။

ပန်းသဇင်ရဲ့ရိပ်ခနဲပျောက်ကွယ်သွားသည့် နောက်ကျောကိုကြည့်ရင်း ကာကာဇော် မောလျသွားသည်။ သို့သော် သူလုံးဝအားမလျော့

အစ်ကို သုံးယောက်ကို မိန်းမပေးစားပြီး ပန်းသဇင် သူ့အတွက်ဖြစ်လာစေခမည်။

သူ့ညီမကို ပြူးတူးပြဲတဲလိုက်ကြည့်နေသည့် ကာကာဇော့်အပေါ် ခန့်ငြားကို အလိုမကျသော်လည်း နဒီကို အသဲအသန်စိတ်ဝင်စားတာကြောင့် နဒီနဲ့ သူ့ကို အောင်သွယ်ခိုင်းဖို့ ကာကာ့ကို အလိုရှိနေတာကြောင့်

"ထိုင်လေ ကာကာ၊ မင်းမှာလည်း မိုးတိုးမတ်တပ်ကြီး၊ မင်းညောင်း နေပါ့မယ်"

ဟု သိပ်ကို ဖော်ရွေနေသည့်လေသံဖြင့် ပြောသည်။

ကာကာက ခန့်ငြားကိုတို့ ဧည့်ခန်းထဲမှာ ဝင်ထိုင်လိုက်ပြီး

"နဒီတို့အိမ်မှာ အစ်ကိုခန့်ငြားကိုတို့ ညီအစ်ကိုနှစ်ယောက်ပဲထားခဲ့ရတာ အစ်ကိုတို့စားရသောက်ရ အဆင်ပြေပါ့မလားလို့ ကျွန်တော် သိပ်ပူနေတာ"

ဟု ပိုပိုသာသာကလေးပြောလိုက်သည်။

ခန့်ငြားကိုက ကာကာ့ကို အားကိုးတကြီးကြည့်ပြီး

"အဆင်ပြေသလား မပြောနဲ့ ကာကာရယ်။ အဆင်ပြေလွန်းလို့ကို ခက်နေတာ။ အစ်ကိုလေ နဒီ့လက်ရာတွေ စွဲရုံတင်မကဘူး၊ နဒီ့ကိုပါ စွဲသွားပြီ"

ဟု ပွင့်ပွင့်လင်းလင်းကြီး ဆိုလိုက်သောအခါ ကာကာက သူဆင်ထားသည့်အကွက်ထဲ တန်းခနဲဝင်လာပြီးကောဆိုသည့် အဓိပ္ပာယ်သက်ဝင်နေသော အပြုံးတစ်ပွင့်လက်ခနဲဖြစ်သွား၏။

ကာကာက ဘာမှနားမလည်သော ဟန်ဖြင့် မျက်ခုံးတစ်ချက်ပင့်ပြီး

"ဘယ်လို. . . ဘယ်လို၊ အစ်ကိုခန့်ငြားကိုက နဒီ့ကို စွဲသွားပြီဟုတ်လား"

ဟု တအံ့တသြလေသံဖြင့် အံ့အားတသင့်ပြောသည်။

ခန့်ငြားမောင်က လူပျိုကြီးပိုင်းနီးလာမှ မိန်းကလေးတစ်ယောက်ကို ချစ်ကြိုက်နေပါသည်ဟု ပြောရမှာ ရှက်နေသောမျက်နှာထားဖြင့်

''ဟုတ်တယ်. . . အစ်ကိုလည်း နရီ့ကိုချစ်သွားမိပြီ။ မင်း ကူညီပြီး နရီနဲ့ အစ်ကို့ကို အဆင်ပြေအောင် အောင်သွယ်ပေးကွာ''

ဟု ရင်းရင်းနှီးနှီးဆိုလာသည်။

ကာကာက တမင်ဟန်လုပ်ထားသည့် အရိုးခံမျက်နှာထားဖြင့်

''အောင်သွယ်လုပ်ပေးရမယ်. . . ဟုတ်လား၊ ကျွန်တော်တစ်ခါမှ ဒီလိုကိစ္စမျိုးမလုပ်ဖူးဘူး။ ဘယ်လိုလုပ်ပေးရမလဲ''

ဟု အထိုင်းထိုင်းလေသံမျိုးဖမ်းကာပြောဇ်။

ခန့်ငြားတို့ကလည်း ကာကာဇ်လက်ကို အားကိုးတကြီးကိုင်ပြီး

''အားကိုးပါတယ် ကာကာရယ်၊ ကာကာ ကူညီမှ နရီတို့နဲ့ အစ်ကိုကြီးတို့ အဆင်ပြေမှာ''

ဟု ဆိုလာသည့်အခါ ကာကာက ဟန်နှင့် ပန်နှင့်

''ကျွန်တော်တတ်နိုင်သလောက်တော့ ကူညီပေးပါ့မယ်''ဟု ဆိုဇ်။

အဲဒီအချိန်မျာ ခြံရှေ့မှ ဘဲလ်သံကြားတာကြောင့် ခန့်ငြားကိုက

''ဟော့. . . မိရွှေရေ၊ ခြံဝကို သွားဦး''

ဟု အိမ်ဖော်မလေးကို အော်ပြီးခိုင်းလိုက်သည်။ တအောင့်လောက် အကြာမှာ ခန့်ငြားငယ် ဧည့်ခန်းထဲကို ဝင်လာသည်။ ခန့်ငြားကိုက သူ့ညီကို

''ကိုငယ်ထိုင်ဦးကွ. . . မင်းနဲ့ မိတ်ဆက်ပေးရဦးမယ်''

ဟု ဆိုပြီး ကာကာ့ကို လက်ညှိုးထိုးကာ

''သူက ကာကာတဲ့။ AKAအလူမိနီယံနဲ့ အိမ်အလှဆင်ခြင်းလုပ်ငန်းကပေါ့''

ဟု ဆိုလာဇ်။ ခန့်ငြားငယ်က ကာကာ့ကို အကဲခတ်သလိုတစ်ချက် ကြည့်သည်။ ကိုငယ်က ကာကာ့ကိုကြည့်ပြီး

''အောင်မြင်ဗိုတို့ လုပ်ငန်းကပေါ့''

ဟု ဆိုလာသည်။ ကာကာက တစ်ချက်ပြုံးပြီး

''ဟုတ်ပါတယ်။ ကျွန်တော်နဲ့ အောင်မြင်ဗိုဟာ partner တွေပေါ့ဗျာ''ဟု ဆိုဇ်။

ကာကာသည် ခန့်ငြားကို၊ ခန့်ငြားမောင်၊ ခန့်ငြားငယ်တို့ကို အတင်းပင်ဝင်ရောပြီး ခင်မင်အောင်ကြိုးစားလိုက်ပါတော့သည်။

ဘာပဲဖြစ်ဖြစ် ကာကာဇ်လူရည်လည်ကာ ပေါင်းသင်းဆက်ဆံရေးကောင်းမှုကြောင့် ရင်းနှီးမှုပိုလာခဲ့သည်။

ခန့်ငြားကို၊ ခန့်ငြားမောင်၊ ခန့်ငြားငယ်တို့နှင့် တခဏအတွင်းအဖွဲ့ကျသွားပြီး တစ်ယောက်ချင်းဇ်စိတ်ဓာတ်တွေကိုလည်း ကာကာဇော်လေ့လာမိသွားသည်။ မိမိဇ်အောင်ပွဲက နီးလာပြီ။

■

သာနေတဲ့။ အောင်မြင့်ဗို လေ့လာဆည်းပူးတတ်မြောက်ထားသည့် မော်ဖန်လုံး၊ တယ်လီပသီကျင့်စဉ်၊ အော်တိုဆပ်ဂျက်ရှင်းစသည့် ဂမ္ဘီရစိတ်ပညာရပ်ကိုလည်း လျော့တွက်လို့မရ။ ထိုပညာရပ်ကြောင့် မိန်းကလေးအတွေ့အကြုံကင်းရှင်းသည့် အောင်မြင့်ဗိုတစ်ယောက် ပန်းသဇင်အနီးမှာ အံ့သြစရာရှိနေတဲ့။

မိမိမှာသာ ယခုချိန်ထိ ဖုန်းအဆက်အသွယ်လေးမျှပင် မအောင်မြင်။ လူချင်းတွေ့ဆုံရင်းနှီးဖို့ဆိုရန်မှာ ဝေးမှဝေး။

ထိုပြင် ပန်းသဇင်၏စီးပွားရေးအနေအထားနှင့် မိမိအခြေအနေက ...

တွေးရင်း တွေးရင်းမှ အောင်ဖြိုးတွေဝေမူ ပိုများလာတဲ့။

ယခုအချိန် စောစောစီးစီကပင် အလံဖြူပြချင်နေပါပြီ။ နိဂုံးသူကို အရှုံးပေး နှလုံးအားသည်ဆေးဟု ဆိုထားသည်မဟုတ်လား။

■

အခန်း (၂၈)
အရှုံးပေးနှလုံးအား

ကာကာဇော်တစ်ယောက် အောင်မြင့်ဗိုနှင့် အောင်ဖြိုးတို့အပေါ် အနိုင်ယူကြွားဝါခွင့်ရရှိလာပါပြီ။ ပန်းသဇင်၏အစ်ကိုသုံးယောက်နှင့် မိမိ အထူးခင်မင်မိပြီဟု ဖွင့်ဟဝန်ခံကြွားဝါလိုက်တဲ့။ ကာကာဇော်၏အပြောအဖောတွေက အားကျချင်စရာပါ။ ပန်းသဇင်၏အစ်ကိုသုံးယောက် (ကာကာဇော့် အပြောအရ သူ့ယောက်ဖလောင်းသုံးယောက်)က သူ့ကို ပန်းသဇင်တို့ အိမ်သို့ တံခါးမရှိ ဓားမရှိ ဝင်ခွင့် ထွက်ခွင့်ပြုထားပြီဟုဆိုတဲ့။

ကာကာဇော်၏အပြောကောင်းမှကြောင့် အောင်ဖြိုးစိတ်ပျက်မိသည်။ ကာကာဇော်က သူ့ယောက်ဖလောင်းသုံးယောက်အိမ်ကို ဝင်ခွင့်ထွက်ခွင့် ရရှိပြီးနေပြီ။ အောင်မြင့်ဗိုကလည်း ပန်းသဇင်နှင့် နှစ်အိမ်ကျော်ဆိုတော့ အနေနီးတဲ့။ AKA လုပ်ငန်းနှင့် ခန့်ငြားလျှပ်စစ်လုပ်ငန်းတို့ပူးတွဲဆောင်ရွက်မှုကြောင့်လည်း ကံကြမ္မာက အောင်မြင့်ဗိုဘက်မှ အလေး

ပန်းသဇင်၏ ဟန်းဖုန်းကိုသာ ဆက်လေ့ရှိသည်။

"ပန်းလား. . . ကိုယ်ပါ"

ဟု အောင်မြင့်ဗို့က ပြောလိုက်သောအခါ

"ကိုအောင်မြင့်ဗို့လား။ ဘာကိစ္စရှိလို့လဲ"

ဟု ပန်းသဇင်က ချိုသာသိမ်မွေ့စွာမေးလာ၏။

"ကိုယ်လေ. . . ပန်းနဲ့အတူ ရွှေတိဂုံဘုရားဖူးချင်လို့ ပန်းအားတဲ့ရက်အတူတူသွားရအောင်လား"

အောင်မြင့်ဗို့ သူ့ဆန္ဒကို ဖွင့်ဆိုလိုက်သည်။

"အားတော့နာတယ် ကိုအောင်မြင့်ဗို့ရယ်၊ ပန်းလေ. . . ကိုအောင်မြင့်ဗို့ကို သိပ်ခင်ပါတယ်"

ကိုအောင်မြင့်ဗို့နဲ့အတူ ဘုရားလည်း သွားချင်ပါတယ်။ ဒါပေမဲ့ မဖြစ်ပါဘူး ကိုအောင်မြင့်ဗို့ရယ်၊ ပန်းရဲ့အစ်ကိုသုံးယောက်ကလေ ပန်းကို သိပ်ပြီး အချစ်ကြီးကြတာ။ ပန်းကိုလေ ယောကျ်ားလေးတွေ ဘာတွေနဲ့ အပေါင်းအသင်းလုပ်တာ သိပ်ကြိုက်တာမဟုတ်ဘူးလေ၊ ပန်းသာကိုအောင် မြင့်ဗို့နဲ့ နှစ်ယောက်တည်း ဘုရားသွားတာသိရင် အစ်ကိုတွေက စိတ်ဆိုးကြ မှာ ကိုအောင်မြင့်ဗို့ရဲ့။ အစ်ကိုငယ်ကတော့ တရုတ်ပြည်ဘက်ကို အလုပ်ကိစ္စနဲ့သွားပေ မယ့် ကျန်တဲ့အစ်ကိုနှစ်ယောက်ကတော့ ပန်းကို မျက်စိအောက်က အပျောက်မခံ ဒေါက်ထောက်ပြီး ကြည့်နေတာသိလား"

ဆိုသည့် ပန်းသဇင်၏ သိမ်မွေ့သောအသံလေးမှာ သူ့ကိုသိပ်ပြီး ခင်မင်နေကြောင်းကိုတော့ သူသတိထားမိလိုက်၏။

"ဒါဆိုလည်း ထားလိုက်ပါတော့ . . . ဒါပေမဲ့ဗျာ အခွင့်ရမယ်ဆိုရင် ပန်းနဲ့ ကိုယ်နှစ်ယောက်တည်း ဘုရားသွားချင်ပါတယ်"

အောင်မြင့်ဗို့ဟာ ရင်ထဲမှလာသည့်အသံဖြင့် ပန်းကို ပြောလိုက်၏။

အခန်း (၂၉)
ပြုံးမဲ့ဖုန်း

ယနေ့မနက် ဂ္ဂီရမျက်လုံးမှော်ဖန်လုံးကို ကြည့်မိ၏။ တယ်လီပသီနည်း၊ ကယ်လယ်ရာဇိုးယဲန်းစ်နည်းအရ ပန်းသဇင်နှင့်နီးစပ်ဖို့ အရေးကို သိရှိလိုခြင်းကြောင့်ဖြစ်၏။ တယ်လီပသီနှင့် ကလယ်ရာဇိုးယဲန်းစ်နည်းများအရတော့ ပန်းသဇင်နှင့် နီးစပ်ဖို့ နီးကပ်နေပါပြီ။ မိမိယခု ဘာဆက်လုပ်ရမည်နည်း။ မိမိဖြစ်ချင်သည့် ကိစ္စကိုဖြစ်လာအောင် မိမိကိုယ် မိမိတိုက်တွန်းမှု၊ အားပေးမှုတို့ကို ဖြစ်စေမည့် ကျင့်စဉ်တစ်ခုကို ထပ်ကျင့်မိသည်။ ဤကား အော်တိုဆပ်ဂျက်ရှင်း Autosuggestion ဖြစ်၏။

ပန်းသဇင်ကို သတိတရဖြင့် ဖုန်းဆက်လိုက်၏။ အောင်မြင့်ဗို့ဟာ ပန်းသဇင်ကို ဖုန်းဆက်တိုင်း ပန်းသဇင်၏ ဟန်းဖုန်းကိုသာ ဆက်လေ့ရှိသည်။ ပန်းသဇင်ဟာ သူ့အိမ်ဖုန်းမှာ ဖုန်းခွဲတွေ တပ်ထားကြောင်းပြောထားသည့်အတွက် သူ့အစ်ကိုတွေနဲ့ တိုးမှာစိုးသောကြောင့် ဘယ်တော့မဆို

"ဒီဖုန်းနံပါတ်ပေးတာတောင် အစ်ကိုတွေ မသိဘူး။ သိရင်လွယ်မှာမဟုတ်ဘူး၊ ဘုရားသွားဖို့ကိစ္စက လွယ်တာမဟုတ်ဘူး။ ဒါပေမဲ့ ကိုအောင် မြင်ဝိုသွားချင်တယ်ဆိုရင် ပန်းကြိုးစားကြည့်မယ်။ အဆင်ပြေရင် ထပ်ပြော မယ်။ ဒါပဲနော်"

ဟု ဆိုကာ ဖုန်းပိတ်သွားပေမယ့် အောင်မြင်ဝိုသည် ပန်းသဇင်၏ အသံလေးကို ကြားယောင်နေမိဆဲ။

■

အခန်း (၃၀)
ချစ်ဖိုးကံကောင်းလေး

ကာကာဇော် အောင်သွယ်ကောင်မှကြောင့် ခန့်ငြားကိုတို့နဲ့ နဒီတို့ဟာ အတော်ကြီးကို အဆင်ပြေသွားပြီး၊ မကြာမီချစ်သူဘဝကိုရောက်ရှိတော့မည်။ ခေတ်လူငယ်တွေဆိုတာ ဒီလိုပါပဲ။ အချစ်ရေးဆုံးဖြတ်ချက်မှာ မြန်သည်။ ပြတ်သားသည်။ နဒီနဲ့ နရီက ခန့်ငြားကိုတို့ကို သူတို့ယနေ့ချစ်အဖြေပေးတော့မည်ဖြစ်၍ ဘုရားသွားမည်ဟုဆိုကာ ကာကာ့ကိုပါခေါ်လာသောကြောင့် ကာကာဇော်ဘုရားပေါ်သို့ ရောက်လာခဲ့သည်။

ကာကာက ခန့်ငြားကိုနဲ့ နဒီတို့အတွဲ၊ ခန့်ငြားမောင်နဲ့ နရီတို့အတွဲ နောက်နားဆီမှ ပါလာသည်။ စနေထောင့်ရောက်တော့ နဒီတို့ ညီအစ်မက အဓိဌာန်ဝင်ပုတီးစိပ်သည်။ ခန့်ငြားကိုတို့ ညီအစ်ကိုကလည်း နဒီတို့ဘေးနားမှာ ဘုရားဝတ်ပြုနေသည်။ ကာကာကတော့ သူတို့ရဲ့နောက်နားမှနေပြီး

ဘုရားဝတ်ပြုနေတဲ့။

ဘာပဲဖြစ်ဖြစ် သူတို့နှစ်တွဲချစ်သူဖြစ်သွားတာကို ကာကာပျော်နေတဲ့။ အစ်ကိုကြီးတွေအလှည့်ပြီးရင်း အစ်ကိုငယ်အတွက် စီစဉ်ပေးရဦးမယ် ဟု ကာကာကြိတ်ပြီး တွေးနေမိသည်။

◆◆◆

ယနေ့ကြာသပတေးနေ့။ ထုံးစံအတိုင်း ဘုရားရှိခိုးအပြီး ဂျိမ့်ရမျက်လုံး မှော်ဖန်လုံးကို ကြည့်ရှုမိပြန်သည်။ မိမိနှင့် ပန်းသဇင်နီးစပ်ဖို့ အခြေအနေ ဘယ်လိုလဲ။ ကာကာဇော်ကတော့ အခြေအနေအတော် ကောင်းနေပြီဟု ကြွား ပြောသွားသည်။ မိမိလည်း မိမိနည်း မိမိဟန်ဖြင့် ကြိုးစားမှ Autosuggestion နည်းကို ဆက်လက်ကျင့်သုံးမိသည်။ ဤနည်းက မိမိကိုယ် မိမိယုံကြည်မှုရှိအောင်၊ မိမိကိုယ်မိမိယုံကြည်လာအောင် ကျင့်စဉ်ဖြင့် တည်ဆောက်သည့်နည်းစနစ်ဖြစ်သည်။

ကျွန်တော်အောင်မြင်ဖို့တစ်ယောက် ကျွန်တော်ချစ်သောပန်းသဇင်နှင့် နီးစပ်ခွင့်(ချစ်ခွင့်)အမြန်ရရှိနိုင်ပါစေ။ ကျင့်စဉ်ကို ကျင့်ပြီးတော့ ရုံးမသွားခင် အချိန်အတွင်းမိမိလုပ်ရမည့် လုပ်ငန်းကိစ္စရပ်များကို ကြိုတင်စီစဉ်မိတဲ့။

အလုပ်အတွက်လိုအပ်သည့် ဒီဇိုင်းပုံစံများကို Global standard ဖြစ်အောင် နိုင်ငံရပ်ခြားမှလာသည့် ဒီဇိုင်းစာအုပ်များကို လေ့လာနေမိစဉ်–

"တီ တီ"

ဟု သူ့ဟန်းဖုန်းမှ မြည်လာသည့်အတွက် ကိုင်ကြည့်လိုက်မိရာ ဟန်းဖန်းမှာပေါ်လာသည့် သင်္ကေတကြောင့် ထခုန်မိမတတ်ဝမ်းသာသွား၏။

ဘုရား. . . ဘုရား၊ မိမိအမြင်များလွဲနေသလား။ ဖုန်းသင်္ကေတက ပန်းသဇင်။

"ကိုအောင်မြင်ဗို့လား. . . ပန်းပါ"

ဆိုသည့် ပန်းသဇင်၏နှစ်လိုဖွယ်သာယာသည့် အသံလေးကြောင့် အောင်မြင်ဗို့ ရင်ခုန်သွားမိသည်။

"ပန်း. . . ကိုယ့်ဆီကို ဖုန်းဆက်တယ်"

ဟု အောင်မြင်ဗို့က လှိုက်လှိုက်လဲလဲပျော်နေသည့် လေသံဖြင့် ပြန်ပြောလိုက်မိသည်။

"ဟုတ်တယ်။ ဘုရားသွားဖို့ကိစ္စလေ။ အခု ကိုအောင်မြင်ဗို့အားမယ်ဆိုရင် သွားလို့ရတယ် သိလား"

မိမိ မနက်မှလေ့ကျင့်သော Autosuggestion နည်းက ချက်ချင်းသက်ဝင်ပင် အကျိုးထူးလာသည်။ အလွန်ထူးခြားအံ့သြဖွယ်ကောင်းသည့် နည်းပါလား။

"ကောင်းတာပေါ့"

အောင်မြင်ဗို့ ပြောလိုက်တဲ့။

"အစ်ကိုငယ်က တရုတ်ပြည်က ခုထိပြန်မရောက်သေးဘူး။ အစ်ကိုကြီးနှစ်ယောက်ကလည်း ထူးထူးခြားခြား ရှိုးတွေ မိုးတွေထုတ်ပြီး ဒွက်သွားလေရဲ့။ အစ်ကိုကြီးနှစ်ယောက်က သူတို့ကိစ္စအရေးကြီးလို့ ဘစ်နေကုန် ကြမယ်လို့ ပြောသွားတယ်သိလား"

ဆိုသော ပန်းသဇင်၏ အလွန်ပင်ချစ်စရာကောင်းသော လေသံလေးကြောင့် အောင်မြင်ဗို့ ရင်ထဲတဒိတ်ဒိတ်ခုန်သွားပြီး ကိုယ့်နှလုံးခုန်သံပင် ကိုယ်ပြန်ပြီး ကြားနေရသည်။

"ဒါဆို. . . ပန်းကို ကိုယ်ခုပဲလာခေါ်မယ်။ ပန်းခြေရှေ့မှာ အသင့်စောင့်နေနော်"

ဟု ဆိုကာ အောင်မြင်ဗို ဖုန်းပိတ်လိုက်၏။

ပန်းသဇင်နဲ့အတူ ဘုရားသွားရမည့်အဖြစ်ကို အောင်မြင်ဗို အံ့ဩမိ၏။ သူ့နားကိုပင် မယုံနိုင်အောင်ပင်ဖြစ်နေမိသည်။ ဒါပေမဲ့ ဒါအိပ်မက်မဟုတ်။ တကယ့်အဖြစ်အပျက်ပါ။ Autosuggestion နှင့်ဆက်နွယ်နေ၏။ ဆိုသည့်ကျင့်ရပ်က မိမိဖြစ်ချင်သည့် ဆန္ဒတို့ဖြစ်လာနိုင်၏။ Autosuggestion (အော်တိုဆပ်ဂျက်ရှင်း)ကျင့်စဉ်ကြောင့် ဆန္ဒနှင့် ဘဝထပ်တူကျနိုင်၏။

◆◆◆

ပန်းသဇင်၏ခြံရှေ့ကိုရောက်တော့ အသင့်ပြင်ဆင်ထားသည့် ပန်းသဇင်ကို သူငယ်ချင်းမတစ်ယောက်နှင့်အတူ ရပ်နေသည်ကို တွေ့လိုက်ရသည်။

ပန်းသဇင်သည် မြစိမ်းရောင်ရင်ဖုံးအင်္ကျီလည်ထောင်မှာ ပန်းထိုးထား၏။ ပြီးတော့ အစိမ်းရင့်ရောင်ချိတ်ထမီကလေးကို တွဲဖက်ဝတ်ဆင်ထားသည်မှာ နတ်မိမယ်လေးအလား ထင်မှတ်မှားလောက်အောင် အလှကြွယ်လွန်းလှသည်။ မြစိမ်းရောင်ပဝါလေးကိုလည်း ခြုံထားလိုက်သည်မှာ မြန်မာဆန်ဆန်နှင့် ဣန္ဒြေရှိရှိအလှပိုနေပါသည်။

အလှကြွယ်လွန်းလှသည့် ပန်းသဇင်ကိုကြည့်ရင်း အောင်မြင်ဗို တစ်ယောက်အသက်ရှူမှားမိမတတ်ပင်ဖြစ်မိ၏။ ပန်းသဇင်ဘေးမှာ ခပ်ချောချော မိန်းမလှလေးတစ်ယောက်လည်း ပါလာသည်။

ပန်းသဇင်တို့အထွက် ကားတံခါးဖွင့်ပေးပြီး

"ပန်း တက်လေ"

ဟု ကြင်နာမှုအပြည့်ဖြင့် အောင်မြင်ဗိုဆိုလိုက်၏။

ပန်းသဇင်က ဣန္ဒြေရသော ဟန်ပန်ကလေးဖြင့် ကားပေါ်ကို တက်လိုက်၏။ ပန်းသဇင် ကားမောင်းသူဘေးနေရာမှာ ဝင်ထိုင်လိုက်ပြီး ကားတံခါး ကို ပိတ်လိုက်သည်။ မိန်းမလှလေးက ကားနောက်ခန်းထဲမှာ ဝင်ထိုင်လေ၏။

အောင်မြင်ဗိုက ပန်းသဇင်ကို သဘောတကျဖြင့် ပြုံးကြည့်ကာ

"ပန်း သိပ်လှတာပဲ"

ဟု တီးတီးတိုးတိုးကလေးဆိုလိုက်၏။ ပန်းသဇင်က ရှက်ပြုံးကလေး ပြုံးပြီး အောင်မြင်ဗိုကို ပြန်ကြည့်သည်။

ပန်းသဇင်နဲ့ ခုလိုသွားလာခွင့်ရခြင်းကြောင့် ပြောမပြတတ်အောင်မင် အောင်မြင်ဗို ကြည်နူးနေမိတာ အမှန်ပါပဲ။

ပန်းသဇင်က မိန်းမလှလေးနဲ့ မိတ်ဆက်ပေးလာသည်။

"သူက ကလင်းလေ။ ပန်းရဲ့ အချစ်ဆုံးသူငယ်ချင်း။ ပန်းတို့ ဆက်အသွယ်ပြတ်နေတာကြာပြီသိလား။ ကလင်း . . . စက်ာပူသွားတည်းက ဆိုပါတော့။ ကလင်း စက်ာပူက ပြန်ရောက်တာ သုံးလလောက်ရှိပေမယ့် ပန်းတို့ မတွေ့ဖြစ်ကြဘူး။ ဟိုတစ်နေ့ကမှ အစ်ကိုမောင်နဲ့ ကလင်းလမ်းမှာပြန်ဆုံပြီး ဆက်သွယ်မိသွားတာ"

ကလင်းက သူ့ကိုတစ်ချက်ပြုံးပြပြီး ခင်မင်မှုအရိယ်အယောင်ပြသည်။ သူကလည်း တည်ကြည်စွာပြုံးပြပြီး

"ဟုတ်ကဲ့ခင်ဗျာ. . . တွေ့ရတာဝမ်းသာပါတယ်ခင်ဗျာ။ ကျွန်တော်က ပန်းသဇင်ရဲ့မိတ်ဆွေ အောင်မြင်ဗိုပါ"

ဟု ဖော်ဖော်ရွေရွေပင် ပြန်ပြောလိုက်သည်။

အောင်မြင်ဗိုနဲ့ ပန်းသဇင်တို့၏ အပြောအဆို၊ အပြုအမူတွေက ထာမန်ထက်ထူးခြားသည့် မိတ်ဆွေတွေဆိုတာ ကလင်းချက်ချင်းပင် အကဲခတ်နိုင်မိ၏။

အောင်မြင်ဗိုက ပန်းကို –

"ပန်းနဲ့ မြစိမ်းရောင်လေးနဲ့ သိပ်လိုက်တာပဲ။ မြန်မာဆန်တဲ့ အလှဆိုတာ ဒါမျိုးပဲ"

ပန်းက မခို့တရို့အပြုံး (ရှက်ပြုံးလို့ထင်ရသည့်အပြုံး)မျိုးလေးပြုံး လိုက်ပြီး

"ပန်းကို မြစိမ်းရောင်နဲ့လိုက်လို့ မြစိမ်းရောင်မင်းသမီးလေးတို့ နာမည်ဝှက်ပေးထားတယ်ဆိုတာ ကိုအောင်မြင်ဗိုပြောဖူးတယ်လေ ဒါကြောင့် တမင်မြစိမ်းရောင် ဝတ်လာတာ"

ပန်းက သူ့အမှတ်တမဲ့လွှတ်ကနဲပြောသည့်စကားကိုတောင် အရေး ထားတာကြောင့် သူ့ရင်ထဲ လှပ်ခနဲဖြစ်သွာသည်။

◆◆◆

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်ကြီးကို ရောက်လာကြသည်။ အောင်မြင်ဗိုး ပန်းသဇင်နဲ့ ကလင်းတို့က ဘုရားရင်ပြင်တော်မှာ လက်ယာရစ် ပတ်လျှောက်ပြီး အောင်မြင်ဗိုက ပန်းသဇင်ကို

"ကိုယ်. . . တနင်္ဂနွေနေ့ ဘုရားလာတိုင်း ကိုးနဝင်းရုပ်ပွားတော် မှာအဓိဌာန်ဝင်နေကြလေ"

ဟု တည်ကြည်သောလေသံဖြင့် ပြောသည်။

ပန်းသဇင်က ပြုံးတုံ့တုံ့မျက်နှာထားဖြင့်

"ကောင်းတာပေါ့ရှင်"

ဟု ချိုသာသိမ်မွေ့သော လေသံကလေးဖြင့် ပြောသည်။

ကလင်း။ ပန်းသဇင်နှင့် အောင်မြင်ဗိုတို့ လက်ယာရစ်အတိုင်း လျှောက်လာရင်း ကြာသပတေးထောင့်ရောက်သည့်အခါ ပန်းသဇင်က

ရ. မွေးနံထောင့်မှာ ဘုရားရေသပွာယ်ခြင်း။ ဘုရားဝတ်ပြုခြင်းတို့ကို ပြုလုပ်သည်။ ဘုရားဝတ်ပြုပြီးသည့်အခါ အောင်မြင်ဗိုနှင့် ပန်းသဇင်၊ ကလင်းတို့ ဆက်လျှောက်လာရင်း ပန်းသဇင်က ရွှေတိဂုံဘုရားကြီးကို ကြည်ညိုစွာဖူးရင်း

"ရွှေတိဂုံဘုရားမှာ စေတီရံတွေ အများကြီးပဲနော်။ သိပ်ပြီး ကြည်ညို ဖို့ ကောင်းတာပဲ'

ဟု ယဉ်ကျေးချိုအေးသော လေသံကလေးဖြင့်ဆိုသည်။

အောင်မြင်ဗိုက တည်ကြည်သောမျက်နှာထားဖြင့်

"ဟုတ်တယ်. . . ရွှေတိဂုံစေတီတော်ကြီးမှာ စေတီရံတွေအများ ကြီးပဲ ရှိတယ်။ အတိအကျေပြောရရင် အထက်ပစ္စယံမှာ စေတီရံပေါင်း (၆၈)ဆူ။ ရွှေတိဂုံစေတီတော်ကြီးရဲ့ ခြေတော်ရင်းရင်ပြင်တော်မှာ စေတီတော် ငယ် (၈၂)ဆူ ရှိတယ်။ စေတီအဆူဆူဟာ ထူးခြားတဲ့ ဂုဏ်တွေဆောင်နေ တာပါပဲ။

ဗညားရံမင်းတရားကြီးက သက်တော်(၄၈)နှစ်ပြည့်တာကို ရည်စူး ပြီး စေတီရံပေါင်း (၄၈)ဆူကို ရွှေတိဂုံဘုရားကြီးရဲ့ ပလ္လင်တော်မှာ ဝန်းရံပြီး ပထမဦးဆုံးတည်ထားကိုးကွယ်ခဲ့တာပဲ"

ဟု အသေးစိတ်ရှင်းပြသည်။

အောင်မြင်ဗိုး ပန်းသဇင်နှင့် ကလင်းတို့သုံးဦး စကားတပြောပြော နဲ့ လျှောက်လာရာ ရှင်အဇွဂေါဏဘုရားနားသို့ ရောက်လာကြ၏။

အောင်မြင်ဗိုက ပန်းသဇင်ကို ပြုံးပြပြီး

"ကိုယ်တို့ ရှင်အဇွဂေါဏဘုရားဝင်ဖူးရအောင်လား"

ဟု တည်ကြည်သောလေသံဖြင့် ပြောသည်။

ပန်းသဇင်က နူးညံ့သောမျက်နှာထားဖြင့်

"ဖူးကြတာပေါ့" ဟု ဆို၏

ပန်းသဇင်နဲ့ အောင်မြင့်ဇိုတို့ဟာ တနင်္ဂနွေထောင့်ရှိ ရှင်အရ
ဂေါဏဘုရားမှာ ဘုရားဝတ်ပြုခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်းတို့ကို စိတ်
လက်ကြည်သာစွာပြုပြီး...

"ကိုယ်... တနင်္ဂနွေနေ့ဘုရားလာရင် ကိုးနဝင်းအဓိဋ္ဌာန်မှာ ပါဝင်
တဲ့ ဒီရှင်အဇ္ဈဂေါဏဘုရားမှာလည်း အဓိဋ္ဌာန်ဝင်ဖြစ်တယ်"

ဟု တည်ကြည်စွာ ပြောသည်။

ပန်းသဇင်က ပြုံးတုံ့တုံ့ မျက်နှာထားဖြင့်

"ကောင်းတာပေါ့ရှင်၊ ပန်းကိုးနဝင်းရုပ်ပွားတော်တွေကို ကြား
သာကြားဖူးပေမယ့် ဘယ်ရုပ်ပွားတော်တွေကို ပြောမှန်းမသိဘူး။ ကိုအောင်
မြင့်ဇိုရှင်းပြပေးပါလား"

"နံပါတ်တစ်က **ပတ္တမြားမျက်ရှင်ဘုရား**။ တစ်ခါတစ်လေမှာ
မျက်လုံးနှစ်ဖက်ဟာ နီရဲတောက်ပလာပြီး ပတ္တမြားမျက်ရှင်ကွန့်မြူးတတ်
တယ်။ ဒုတိယဆင်းတုတော်တစ်ဆူဟာ **ကကုသန်လက်ပက်လက်
လာဘမုနိဘုရား**ပဲ။ ဂမုန်းပေါင်းဘုရားလို့လည်းခေါ်တယ်။ လောက
ပညာရှင်တွေက ဓနသိဒ္ဓိစည်းလို့ဆိုတယ်။ တတိယဆင်းတုတော်ကတော့
ကကုသန်လက်ပက်လက်ဘုရားရဲ့ ဝဲဘက်က **တဝကူသိဒ္ဓိအောင်ဘုရား**
ပဲ။ ပညာစည်းလို့ဆိုကြတယ်။ စတုတ္ထတစ်ဆူကတော့ **ပြဒါးရှင်မဟာ
မြတ်မုနိ** ဘုရားပဲ။ အဂါထောင့်မှာရှိတဲ့ အလောင်းတော်ကဿပရုပ်ပွား
တော်အနီးက မှန်ကျောင်းဆောင်အတွင်း တောင်ဘက်မျက်နှာမူထားတဲ့
ဘုရားပါ။ ပြဒါးရှင်စည်းလို့ နားလည်ကြတယ်။ ပဌမမြောက်ဆင်းတုတော်
ကတော့ **ဘိုးဘိုးအောင်ဘုရားကြီး**ပါ။ ရွှေတိဂုံစေတီတော်ရဲ့အရှေ့ဘက်
ခြမ်းမှာ သီတင်းသုံးတော်မူတယ်။ ဓမ္မစေတီတော်ရဲ့ ကျောချင်းကပ်လျက်
မှာရှိတယ်။ ပညာစခန်းပြီးတိုင်း အချုပ်လို့ဆိုကြတယ်။ ဆဋ္ဌမမြောက်
ဘုရားကတော့ **ပထမဘိုးဘိုးအောင် တဝဂူဆုတောင်းပြည့်ဘုရား**ပဲ

နောင်တော်လတ်စေတီတော်ရဲ့ အရှေ့မှဝဝတစ်ဝဂူအတွင်းမှာရှိတဲ့ ဘုရား
ပါ။ ဆုတောင်းပြည့်ဘုရားအောက်တည့်တည့်မှာ ဆဲတော်တိုက်ဥမင်လိုဏ်
သမိုးရှိတယ်။ 'ဂုမ္ဘာနိယက္ခစည်း'လို့ ခေါ်ကြတယ်။ သတ္တမမြောက်ဘုရား
ကတော့ မျက်လုံးတစ်ဖက်ကျဉ်း တစ်ဖက်ကျယ်နဲ့ **ဒီရှင်အဇ္ဈဂေါဏဘုရား**
ပါပဲ။ အဋ္ဌမမြောက်ဘုရားကတော့ လွန်ခဲ့တဲ့နှစ်ပေါင်း (၁၀၀၀)လောက်က
ရှင်မထီးဆရာတော်တည်သွားခဲ့တဲ့ ရှင်မထီးဘုရားပါပဲ။ နောင်တော်ကြီး
စေတီရဲ့ မြောက်ဘက်အာရုံခံတန်ဆောင်းဘေးမှာရှိတယ်။ နောက်ဆုံး
နဝဂံမြောက်ဘုရားကတော့ **မျက်ရှင်တော်ပညာသိဒ္ဓိစည်း**ပါပဲ။ နောင်
တော်ကြီးစေတီရဲ့ အရှေ့ဘက်တန်ဆောင်းအတွင်း ရာဟုထောင့်မှာရှိပြီး
တောင်ဘက်ကို မျက်နှာမူထားတယ်"

"ကျေးဇူးပဲ ကိုအောင်မြင့်ဇို။ ဒီနေ့တော့ ရွှေတိဂုံဘုရား
အကြောင်းကို အတော်သိလိုက်ရပါပြီ။ ဒါနဲ့ ရွှေတိဂုံဘုရားကုန်းတော်ကို
ပါဠိလို သိဂုံတ္တရကုန်းတော်လို့ ဘာကြောင့်ခေါ်တာလဲ"

ကလင်းရဲ့အမေးကို–

"သိန်းငှက်တစ်ကောင်ရဲ့ ခြေတစ်ဂုတ်စာလောက်ပဲရှိတဲ့
မြေကြီးဟာ ပင်လယ်ရေအောက်က စတင်ပေါ်လာတဲ့အတွက် သိဂုံတ္တရ
ကုန်းလို့ ပါဠိလိုခေါ်တာပေါ့"

ဟု ပန်းသဇင်က ဖြေသည်။ ဒီတော့ အောင်မြင့်ဇိုက

"ရွှေတိဂုံကုန်းတော်ကို ပါဠိလို ဘယ်နှစ်မျိုးခေါ်လဲသိလား"

"မသိဘူး"

ပန်းသဇင်နဲ့ ကလင်း ပြိုင်တူလိုလို ခေါင်းခါရင်းဖြေ၏။

"ရွှေတိဂုံကုန်းတော်ရဲ့ ပါဠိအမည်တွေက **သိဂုံတ္တရ၊ တိရိဟာဂုမ္ဘ
သတ္တဘူမိ၊ ဓညဝတီ၊ ပေါက္ခရဝတီ၊ ဘူရိဒတ္တ၊ သီဟရာဇာလို**
ခုနစ်မျိုးခေါ်ကြတယ်။"

ကလင်းက အောင်မြင်ဗိုပြောသမျှကို စိတ်ဝင်တစားနားထောင်ပြီး အကြည့်တစ်မျိုးကလေးနဲ့ (ချစ်စနိုးအကြည့်ဖြင့်) မက်မက်မောမောငေးကြည့်ရင်း . . .

"ဟုတ်လား"

ဟု ဆိုသည်။

ကိုအောင်မြင်ဗိုအပေါ် ကလင်း၏တွယ်တာစွဲငြိနေသောအကြည့်ကို ပန်းသဇင် သတိမပြုမိ။

"ဘာဖြစ်လို့ အဲဒီလိုခေါ်တာလဲ"

ပန်းသဇင်မေးသည်။ အောင်မြင်ဗိုလည်း ကလင်း၏အကြည့်ကို နည်းနည်းလေးမှမရိပ်မိဘဲ ဆက်ပြောနေ၏။

"ကျွန်တော် သိသလိုရှင်းပြမယ်။ **တိရိဟဂုမ္ဘ** လို့ခေါ်တဲ့ အကြောင်းရင်းက ဟိမဝန္တာတောင်ရဲ့တောင်ဘက်က ဖြာထွက်လာတဲ့ တောင်ကြော ကိုးဆယ့်ကိုးလုံးမြောက် တောင်စွန်းတောင်ထွက်သုံးလုံးဖိုခနောက်ဆိုင် ဆင်ဦးကင်းပုံစံတည်နေလို့ **တိရိဟဂုမ္ဘ** လို့ခေါ်တာပေါ့။ ရွှေတိဂုံကုန်းတော်ရဲ့ ပထဝီမြေအရောင်က ရွှေ၊ ငွေ၊ မြ၊ မဟူရာ၊ နီလာ၊ ပတ္တမြားစတဲ့ အရောင်ခုနစ်မျိုးရှိပြီး ချို၊ ချဉ်၊ ငန်၊ ဆိမ့်၊ စပ်၊ ဖန်၊ ခါးစတဲ့ အရသာခုနစ်မျိုးနဲ့ရှိလို့ **သတ္တဘူမိ** လို့ခေါ်တာ။ သစ်သီးဝလံပန်းမာလ်၊ ကောက်ပဲသီးနှံ၊ သယံဇာတ ပစ္စည်းတွေပေါများလို့လည်း **ဓညဝတီ**လို့ ခေါ်သေးတယ်။ နဝင်းစေတီကြီးကိုးဆူ၊ နဝင်းရုပ်ပွားတော်ကြီးကိုးဆူ၊ နဝင်းအောင်မြေကြီးကိုးဌာန၊ ရဟန္တာသိမ်ကြီးကိုးသိမ်၊ ရေကန်ကြီးကိုးကန်၊ ချောင်းကြီးကိုးချောင်း၊ အင်းကြီးကိုးအင်း၊ ကုန်းကြီးကိုးကုန်း၊ တန်းကြီးကိုးတန်း၊ ရွှေအိမ်ကြီးကိုးအိမ်၊ သချိုင်းကြီးကိုးသချိုင်း အနားမှာရှိနေတဲ့အတွက် **ပေါကွရဝတီ** လို့ခေါ်ကြတယ်။ ရှေးတုန်းက ဒီရွှေတိဂုံကုန်းတော်ထက်မှာ ဆင်တွေကို သတ်ဖြတ်စားတဲ့ ကင်းနက်ကြီး

တစ်ကောင်ရှိခဲ့ဖူးတယ်။ အဲဒီကင်းနက်ကြီးက စွယ်စုံဆင်ဖြူတော်ကို သတ်ဖြတ်ဖို့ကြိုစားစဉ် ဆင်ဖြူတော်က အည့်မခံ ခုခံပြီးပြန်သတ်လို့ နှစ်ကောင်စလုံးမောပန်းပြီး ရန်ပြေငြိမ်းခဲ့ဖူးလို့ **ဘူရိဒတ္တ** လို့ခေါ်တာတဲ့။ ဒီရွှေတိဂုံကုန်းတော်ကို လှမ်းမြင်ရင် ဒါမှမဟုတ် ကုန်းတော်ပေါ်ရောက်ရင် ဇာတိသွေးဇာတိမာန်တက်ကြွစေပြီး ခြသေ့ရဲ့စိတ်မာန်တွေဖြစ်စေလို့လည်း **သီဟရာဇာလို့** ခေါ်တယ်"

"အခုလို ရှင်းပြတာ သိပ်ကိုကျေးဇူးတင်ပါတယ်"

ဟု ကလင်းက ချိုချိုလွင်လွင်အသံလေးဖြင့် အသာအယာပင်ပြော၏။ ပန်းသဇင်က နှစ်လိုဖွယ်အပြုံးမျက်နှာထားဖြင့်

"ပန်းလည်း ကိုအောင်မြင်ဗိုကြောင့် ဗဟုသုတအများကြီးတိုးပွားခတယ်"

ဟု ကျေးဇူးတင်စွာ ပြောသည်။

ကလင်း၊ ပန်းသဇင်နဲ့ အောင်မြင်ဗိုမှာ ရှင်မထီးဘုရားမှ ထွက်လာသည့်အခါ သုံးယောက်စလုံး ပြိုင်တူခြေလှမ်းတန့်သွားကြသည်။

ပန်းသဇင်က သူ့အစ်ကိုကြီးခန့်ငြားတို့ကို တွေ့လိုက်တာကြောင့် အထိတ်တလန့်မျက်လုံးကလေးဝိုင်းသွားသည်။ ကံကောင်းသည်က ပန်းသဇင်ကို မတွေ့ခြင်းပဲ။ ခန့်ငြားတို့ ညီအစ်ကိုက မိန်းကလေးနှစ်ယောက်နဲ့ စကားအပြောကောင်းနေသည်မှာ ပတ်ဝန်းကျင်ကိုတောင် မမြင်နိုင်အောင် ဖြစ်နေမိသည်။

ပန်းသဇင်က အောင်မြင်ဗို၏လက်ကို ရုတ်တရက်ဆွဲပြီး

"လာ လာ အမြန် အမြန်"

ဆိုကာ ခန့်ငြားကို၏ဝေးရာကို သုတ်ခြေတင်လာခဲ့သည်။

အောင်မြင်ဗိုက ပန်းသဇင်ဆွဲခေါ်ရာနောက်ကိုပါလာရင်း အမှတ်တမဲ့ နောက်ကို ပြန်လှည့်ကြည့်ရာ ကာကာနဲ့ မျက်လုံးချင်းဆုံသွား၏။

ကာကာက နွားကို စိတ်ဆိုးသည်ဆိုသော ဟန်မျိုးဖြင့် မျက်နှာကြီးရုံ့မဲ့ပြသည်။ ဒါပေမဲ့ ကာကာ့ကို အောင်မြင့်ဝိကျေးဇူးတော့တင်သွားပါသည်။

ကာကာကိုယ်တိုင်က ပန်းသဇင်ကို ကြိုက်နေပါလျက်နှင့် တမင်အဆင်းဘီးတပ်ပြီး ခန့်ငြားကိုတို့ညီအစ်ကို့ကို ပန်းသဇင်နဲ့ သူတွဲလာသည်ကို မပြလိုက်တာကို သိပ်ပြီးကျေးဇူးတင်သွားမိ၏။

■

အခန်း (၃၁)
ယုံသလား အိပ်မက်

အောင်မြင့်ဝို၊ ပန်းသဇင်နှင့် ကလင်းတို့သုံးယောက်သား ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ကားပါကင်ကို ရောက်ရှိလာပါသည်။ အောင်မြင့်ဝိုက ပန်းသဇင်နှင့် ကလင်းကို ကားထဲအဆင်သင့်ကလေးဝင်ထိုင်နိုင်စေဖို့ ကား တံခါးကို ဖွင့်ပေးသည်။ အောင်မြင့်ဝို ကားတံခါးဖွင့်ပေးသည့်အတွက် ပန်းသဇင့် သက်တောင့်သက်သာကလေးဖြင့် ကားထဲဝင်ထိုင်လိုက်ပါသည်။

အောင်မြင့်ဝိုလည်း ကားမောင်းသူနေရာဝင်ထိုင်လိုက်ပြီးသည့် အခါ ပန်းသဇင်က အစ်ကိုနှစ်ဦးကို မကျေမနပ်ဖြစ်ကာ စူပုပုမျက်နှာကလေးဖြင့်–

"ခုနက အစ်ကိုကြီးခန့်ငြားတို့ကို ကြောက်လို့ပြေးခဲ့ရတာ။ ကိုအောင်မြင့်ဝိုနဲ့ ပန်း ခုလိုလာတာသိရင် အစ်ကိုကြီးတို့နှစ်ယောက်ဆူမှာ

သေချာတယ်'' ဟု ပြောသည်။ ကလင်းကလည်း မျက်နှာလေးရဲ့ ကျွ

''ဟုတ်တယ် ငါပါအဆူခံနေရမှာ''ဟု ပြော၏။

''ဒါပေမဲ့ ခုပြန်စဉ်းစားမိတယ်။ အစ်ကိုကြီးတို့တွေနဲ့ စကားပြော နေတဲ့ ခဝဲချောချောမိန်းကလေးနှစ်ယောက်က ဘယ်သူလဲမသိဘူး အစ်ကိုကြီး တို့တွေနဲ့သိတဲ့ မိန်းကလေးမိတ်ဆွေမှန်သမျှ ပန်းသိပါတယ်။ အစ်ကိုကြီးတို့က အဲဒီမိန်းကလေးတွေနဲ့ ဘယ်လိုပတ်သက်နေပါလိမ့်''

ဟု သူ့အစ်ကိုကြီးအပေါ်အနည်းငယ်သဝန်တိုနေသောလေသံ ကလေးဖြင့် ပန်းသဇင်က ပြောသည်။

အောင်မြင့်ဇိုက ကားစက်နှိုးလိုက်ရင်း

''အစ်ကိုကြီး ခန့်ငြားတို့နှစ်ယောက်ရဲ့ ချစ်သူများလား''

ဟု ပြောလိုက်သည်။ တကယ်တော့ အောင်မြင့်ဇိုက ကာကာ၏ အစ်ကိုသုံးယောက်ကို မိန်းမပေးစားမည်ဟူသော စကားကိုပြန်ကြားယောင် နေမိသလို-ကာကာနဲ့အတူ နဒီ၊ နရီကိုပါ ခန့်ငြားတို့နဲ့ အတူတွေ့လိုက်ရ၊ ကာ ကြောင့် ကာကာ၏တိုက်ကွက်တစ်ခုဟု သဘောပေါက်လိုက်မိသည်။ ဒါပေမဲ့ အောင်မြင့်ဇိုက ကာကာ့အကြောင်းတစ်ခွန်းမှမပြောတော့ဘဲ ကားကိုမောင်း ထွက်လာခဲ့သည်။ အောင်မြင့်ဇို ကားမောင်းလာရင်းနဲ့

''ကိုယ်တို့ တစ်ခုခုစားကြရအောင်။ ကိုယ်တော့ ဗိုက်ဆာနေပြီ''

ဟု ပန်းသဇင်ကို အကြည့်တစ်ချက်ဝေ့ရင်း ပြောလိုက်သည်။ ပန်း သဇင်က ချစ်စဖွယ်အပြုံးမျက်နှာထားဖြင့်

''ကောင်းသားပဲ''

ဟု ချစ်စဖွယ်ဟန်ပန်ကလေးဖြင့် ပြော၏။

ဒီလိုနဲ့ ပန်းသဇင်နဲ့ အောင်မြင့်ဇို rometic ဆန်သော ကော်ဖီ ဆိုင်လေးတစ်ခု သို့ရောက်လာသည်။ အောင်မြင့်ဇိုက ပန်းသဇင်ကို နှုးညှဲစွာ ကြည့်လိုက်ပြီး

''ပန်းတို့ ဘာသောက်မလဲ''

ဟု အကြင်နာအပြည့်ဖျော်ဝင်စွာနဲ့ မေးလိုက်သည်။ ပန်းသဇင်က သူမအပေါ် သိပ်ပြီးနွေးထွေးလွန်းသည့် အောင်မြင့်ဇိုကို နှစ်သက်စပြု လာ၏။ ပန်းသဇင်က ဂျာန္ဒြေရသောအပြုံးမျက်နှာထားလေးဖြင့်

''Ice coffee ပဲ သောက်တော့မယ်''

ဟု ဆိုလိုက်သည့်အခါ အောင်မြင့်ဇိုစာ တစ်ချက်ပြုံးလိုက်ပြီး

''ပန်းက ကိုယ်နဲ့သိပ်တူပါလား။ ကိုယ်လည်း Ice coffee ပဲကြိုက် တယ်''

ဟု သဘောတကျလေသံဖြင့် ပြောလိုက်၏။

''ကလင်းလည်း Ice coffee ပဲ သောက်မယ်''ဟု ဆိုပြီး waiter လေးကို သုံးခွက်မှာ လိုက်သည်။

ပန်းသဇင်က အင်မတန်နူးညံ့ပျော့ပျောင်းသည့် အပြုံးမျက်နှာ ထားဖြင့်

''ကိုအောင်မြင့်ဇို အဘွားနဲ့ အမေက သိပ်ပြီးချောတာပဲနော်။ နောက် ပြီး အရမ်းလည်း ခင်ဖို့ကောင်းတာပဲ သိလား။ ဟိုတစ်လောက ပန်းတို့ အိမ်ရဲ့ ဆွမ်းကျွေးပွဲကို လာကြတယ်လေ''

ဟု ယဉ်ကျေးသောလေသံဖြင့် ပြောသည်။

အောင်မြင့်ဇိုက တည်ကြည်သော မျက်နှာထားဖြင့်

''ကိုယ်က အဲဒီနေ့က ပန်းတို့ ဆွမ်းကျွေးပွဲကို လာချင်တာ။ ပန်းနဲ့လည်း တွေ့ချင်တယ်လေ။ ဒါပေမဲ့ ကိုယ့်သူငယ်ချင်းအောင်ဖြိုးက နေမကောင်းတော့ အလုပ်မှာ ကိုယ်နဲ့ ကာကာနှစ်ယောက်တည်းဖြစ်နေတာ ဘယ်လိုမှ ကို မအားဘူး''

ဟု ပြောသည်။ ပန်းသဇင် ယောကျ်ားပီသစွာချောမောပြီး တည် တည်ကြည်ကြည်နဲ့ အနည်းငယ်အနေတည်သော အောင်မြင့်ဇိုကို စိတ်ထဲမှ

စွဲလမ်းစပြုလာသည်။ နောက်ပြီး ကိုအောင်မြင်ဗိုနဲ့ ခုလိုစကားပြောနေရ သည်ကိုလည်း ဘာကြောင့်မှန်းမပြောတတ်ဘဲ စိတ်ထဲမှာကြည်နူးမှုတစ်မျိုး ကလေးဖြစ်နေမိ၏။ waiter ကလေးက ice coffee သုံးခွက်ကို လာချ ပေးသည်။

ပန်းသဇင် ice coffee သောက်သည့် ဟန်ပန်ကလေးကို အောင်မြင်ဗို သဘောတကျဖြင့် ငေးကြည့်နေမိသည်။ ပန်းသဇင် အောင်မြင်ဗိုကို ကြည့်ပြီး

"ဘာလို့ လူကို ဒီလောက်တောင် ကြည့်နေရတာလဲ။ မျက်နှာမှာ ဘာပေနေလို့လဲ"

ဟု ပြောကာ သူ့မျက်နှာလေးကို ပြန်ပြီး ပွတ်ကြည့်နေ၏။ အောင်မြင်ဗိုဟာ ခါတိုင်းနဲ့မတူ အနည်းငယ်ပြုံးစိစိဖြစ်နေသော မျက်နှာ ထားဖြင့်

"ဘာမှမပေပါဘူး။ ကြည့်ကောင်းလို့ ကြည့်နေတာ။ ပန်းက သိပ် ကြည့်ကောင်းတာပဲ"

ဟု ရယ်ကျဲကျဲလေသံကလေးဖြင့် ပြောလိုက်သည်။

ကလင်းက အောင်မြင်ဗိုနှင့် ပန်းသဇင်ကို ကြည့်ပြီး အထူး အဆန်း စကားတစ်ခွန်းကို အဆက်အစပ်မရှိ ဆိုလာသည်။ အဲဒါကတော့

"ပန်းနဲ့ အောင်မြင်ဗို အိပ်မက်မက်ဖူးကြသလား။ အဲဒီ အိပ်မက် တွေက လက်တွေ့ဖြစ်တတ်တယ်ဆိုတာယုံလား"

ဒီတော့ ပန်းသဇင်က

"ပန်းလေ အိပ်မက်တွေတော့ မက်ဖူးပါတယ်။ ဒါပေမဲ့ အိပ်မက် နဲ့ လက်တွေ့ဆက်စပ်မှုကိုတော့ လုံးလုံးမှ အယုံအကြည်မရှိဘူး"

"ကျွန်တော်လည်း အိပ်မက်တွေ မက်တော့မက်ထတ်တယ်ဗျ။ ဒါပေမဲ့ အိပ်မက်ကို သိပ်ယုံလှတယ်တော့ မဟုတ်ဘူး"

ဟု အောင်မြင်ဗိုက ပြောလိုက်၏။

ပန်းသဇင်က လက်ပတ်နာရီအပြာရောင်ကလေးကို ငုံကြည့်ပြီး

"ပြန်မှနဲ့တူတယ်။ တော်ကြာ အစ်ကိုကြီးပြန်ရောက်နေရင် ရှင်းရ ကန်နေမယ်"

ဟု သူ့အစ်ကိုကြီးကို ချစ်ခင်ကြောက်တတ်တဲ့ လေသံကလေးဖြင့် ပြောသည်။ အောင်မြင်ဗို၊ ပန်းသဇင်နဲ့ဆက်ပြီး နေချင်သေးပေမယ့် ပြန်လာ ခဲ့ရသည်။

■

ပန်းသင်္ဂ အစ်ကိုကြီးရဲ့အခန်းတံခါးကို နှစ်ချက်ခေါက်လိုက်သည်။ အစ်ကိုကြီးက သူ့အခန်းတံခါးဖွင့်လာပြီး

"ညီမလေး ဘာလဲ"

ဟု ပန်းသင်္ဂ၏ ခေါင်းမှ ဆံပင်တွေကို ချစ်စနိုးဖြင့် လှမ်းဖွလိုက်ပြီးမေးတယ်။ ပန်းသင်္ဂက ညင်ညင်သာသာလေးသံကလေးဖြင့်

"ထမင်းစားကြရအောင် အစ်ကိုကြီးတို့ရေ" တဲ့လေ။

ဒီလိုနဲ့ ပန်းသင်္ဂတို့မောင်နှမသုံးယောက်လုံး ထမင်းလက်ဆုံစားကြသည်။ အစ်ကိုကြီးက ထမင်းပွဲမှ ဟင်းတွေကု ကြည့်ပြီး

"ဒီနေ့ ညီမလေးချက်ထားတာတွေက စားကောင်းမယ့်ပုံပဲ"

ဟု ပြောပြီး ကြက်သားဆီပြန်ဟင်းကို သူ့ပန်းကန်ထဲကို ထည့်သည်။ ပန်းသင်္ဂက အိမ်ဖော်မိန်းကလေးကို

"မိရွှေရေ အစ်ကိုကြီးတို့အတွက် ဟင်းချိုပူပူလေးခပ်ခဲ့တော့လေ"

ဟု ပြောလိုက်သည်။ အိမ်ဖော်မိန်းကလေးမိရွှေကလည်း ဟင်းချိုပူပူလေးကို စားပွဲပေါ်လာတင်ပေးသည်။ ပန်းသင်္ဂက သူ့အစ်ကိုကြီးကို သိပ်ချစ်တတ်သော မျက်နှာထားဖြင့်

"အစ်ကိုကြီးအကြိုက် ကင်ပွန်းချဉ်ဟင်းချိုလေးလေ"

ဟု နူးညံ့စွာ ပြောလိုက်သည်။ အစ်ကိုကြီးခန့်ငြားကိုက ကင်ပွန်းချဉ်ဟင်းချိုကလေးကို သောက်ပြီး

"ဟာ. . . သိပ်ကောင်းတာပဲ" ဟု ဆိုသည်။

"အစ်ကိုကြီးတို့ကလည်း အိမ်က အစားအစာတွေကောင်းရဲ့သားနဲ့ ဘာလို့များနေ့တိုင်းလိုလို အပြင်ထွက်စားမှ ကျေနပ်တာလဲ"

ပန်းသင်္ဂက သူမအစ်ကိုကြီးတွေကို နွဲ့ဆိုးဆိုးတတ်သောအလေးလေးတစ်ယောက်၏ ဟန်ပန်ဖြင့် ပြောလိုက်သည်။

အခန်း (၃၂)
နတ်သုဒ္ဓါ

အစ်ကိုငယ် တရုတ်ပြည်က ပြန်မရောက်သေးတာကြောင့် ပန်းသင်္ဂတို့ အိမ်ဟာအနည်းငယ်ခြောက်ကပ်ကပ်နိုင်နေသည်။ ပန်းသင်္ဂဟာ အိမ်ဖော်မလေးမိရွှေနဲ့အတူ ထမင်းပွဲပြင်ဆင်ပြီး

"မိရွှေရေ. . . ဟင်းချိုလေး နွေးထားဟော့။ အစ်ကိုကြီးတို့က ဟင်း ချိုပူပူလေးမှကြိုက်တာ။ အစ်ကိုကြီးကို သွားခေါ်ပြီး ပြန်လာခဲ့မယ်"

ဟု ဆိုကာ မီးဖိုခန်းထဲမှနေပြီး အိမ်ပေါ်ထပ်ကို တက်လာခဲ့သည်။ အစ်ကိုကြီး၏အခန်းနားရောက်တော့ အစ်ကိုကြီး၏သီချင်းညည်းနေသံကို မကြားစဖူးကြားလိုက်ရ၏။ အင်း. . . အစ်ကိုကြီးတော့ ဘုရားပေါ်မှာ တွေ့ခဲ့ရသည့် မိန်းမချောလေးနှင့် တစ်နည်းမဟုတ် တစ်နည်းဘယ်လိုများပတ်သက်ဆက်နွယ်နေပါလိမ့်။

"ဒါကတော့ ဒီလိုရှိတယ် ညီမလေးရဲ့။ အစ်ကိုကြီးတို့ရဲ့ပါးစပ်ကကို အရသာကောင်းတာလေးကိုမှ စားချင်နေတာလေ။ ဒါကြောင့် အရသာကောင်းတဲ့ဆိုင်တွေရဲ့ အရသာလေးတွေလည်းလိုက်ပြီး မြည်းစမ်းနေရတာ"

ခန့်ငြားမောင်က ထမင်းစားရင်းနဲ့ ပြန်ပြောတယ်။

ပန်းသဇင်ဟာ တကယ်လို့ သူမ အစ်ကိုသာ ဘုရားပေါ်မှာတွေ့ခဲ့သည့် မိန်းမချောလေးနှင့် ချစ်သူများဖြစ်နေခဲ့လျှင် သူမအစ်ကိုရဲ့ အချစ်တွေ လျော့နည်းသွားမှာလားဟု တွေးမိပြန်သည်။ ရှင်းရှင်းပြောရရင် အစ်ကိုကြီးတို့ကို တခြားမိန်းကလေးတစ်ယောက်လက်ထဲထည့်ရမှာကို သူမ ပူလောင်ပြင်းပြစွာဖြင့် သဝန်တိုချင်နေမိသည်။ သိပ်ကို သဝန်တိုနေမိသည်။ အစ်ကိုကြီးတို့ကလည်း သူမအပေါ်သိပ်ချစ်၏။ သူမကလည်း အစ်ကိုကြီးကိုရော၊ အစ်ကိုမောင်အပေါ်ရော၊ အစ်ကိုငယ်အပေါ်မှာပါ သံယောဇဉ်တွယ်ပြီး ပြောပြရခက်အောင်ပင် ချစ်ခင်နေမိ၏။ သူမ ချစ်သော အစ်ကို့ကို တခြားတစ်ယောက်လက်ထဲထည့်လိုက်ဖို့ဆိုတာ သူမအတွက် သိပ်ကိုဝန်လေးနေသောကိစ္စပါ။ ပန်းသဇင် ထမင်းစားနေရင်းမှ သူမ အစ်ကိုတို့ကိုကြည့်ကာ တစ်ချက်ငိုင်သွားမိသည်။

အစ်ကိုကြီးခန့်ငြားကိုက ညီမမျက်နှာကို အရိပ်လိုဖတ်ရှုတတ်သော အစ်ကိုပီသစွာ–

"ညီမလေး ငိုင်နေတယ်။ ဘာလို့လဲ"

ဟု ခပ်သွက်သွက်ကလေး မေးလာသည်။

"ဘာမှမဟုတ်ပါဘူး အစ်ကိုကြီး"

ဟု ပန်းသဇင်က ပြန်ဖြေလိုက်ပေမယ့် အစ်ကိုကြီးက သူ့ ညီမလေးပန်းသဇင်ကို နွေးထွေးသောအကြည့်ဖြင့် ကြည့်ပြီး

"ညီမလေးကသာ ဘာမှမဟုတ်ပါဘူး ပြောတာ။ ညီမလေး

မျက်နှာကလည်း တစ်မျိုးကြီးပဲ"

ဟု မေတ္တာပြည့်ဝသော လေသံဖြင့် ပြောလာသည်။

ဘာပဲဖြစ်ဖြစ် ပန်းသဇင် အစ်ကိုတို့ကို ဆုံးရှုံးရမှာ ကြောက်နေမိသည်။

■

အခန်း (၃၃)
အကြိတ်အနယ်

"ငါက သူ့အစ်ကိုကြီးနှစ်ယောက်ကို ရှင်းထားရတယ်။ မင်းက လည်လို့ ပတ်လို့ ဟန်ကိုကျနေတာပဲ"

ဟု ကာကာက တမင်ဟန်လုပ်ထားသည့် စူပွပွ မျက်နှာထားဖြင့် ပြောလာသည်။ အောင်မြင်ဗိုက ရယ်ကျဲကျဲမျက်နှားထားဖြင့်

"ဒါကတော့ ကိုယ့်ကံနဲ့ ကိုယ်ပဲလေကွာ။ပန်းသဇင်မျက်နှာလေးက အနီးကပ်ကြည့်မှ ပိုလှနေတာကွ"

ဟု ကာကာမခံချင်အောင် တမင်ပင် စ,နောက်လိုက်သည်။ ကာကာက အောင်မြင်ဗိုမျက်နှာနားထိတိုးကပ်ပြီး မျက်လုံးချင်းတည့်တည့် ဆိုင်ကာ

"ပွဲမသိမ်းဘူးလေ အောင်မြင်ဗို။ နောက်ဆုံးရလဒ်မှာ ပန်းသဇင်

တော်ကြာ ငိုနေရဦးမယ်"

ဟု ချက်ချင်းပင် တုန့်ပြန်ပြောဆိုသည်။

"ဟင်. . . ကိုအောင်မြင်ဗိုနဲ့ ကိုကာကာ ဘာဖြစ်နေကြတာလဲ"

ရုံးခန်းထဲ ဝင်လာသော ဒေဝီမှာ အောင်မြင်ဗိုနဲ့ ကာကာတို့ ရန် ဖြစ်နေသည်အထင်နဲ့ ခြေလှမ်းတန့်ခနဲဖြစ်သွားသည်။ ကာကာက ခပ်ပြောင် ပြောင်မျက်နှာထားနဲ့. . .

"လာ. . . ဒေဝီ ဘာမှမဖြစ်ဘူး။ ကိုယ်တို့က ဒီလိုပဲ တစ်ခါတစ်ခါ တစ်ယောက်ကိုတစ်ယောက် ကျီစယ်နေကြတာလေ"

ဟု ဆိုမှ ဒေဝီဟာ ရုံးခန်းထဲဝင်လာတော့သည်။ ကာကာက အောင်မြင်ဗို ပခုံးကို ခပ်ဖွဖွကလေးတစ်ချက်ပုတ်လိုက်ပြီး

"ငါ. . . ဒီနေ့သွားရမယ့် လုပ်ငန်းတွေ သွားလုပ်တော့မယ်"

ဟု ဆိုကာ ရုံးခန်းထဲမှ ဖြတ်ခနဲထွက်သွားသည်။ ကာကာထွက်သွားတော့ အောင်မြင်ဗိုက ဒေဝီလက်လှည့်ပြီး

"ဒေဝီ ဒီလချုပ်စာရင်းတွေပြီးပြီလား"

ဟု တည်ကြည်သောလေသံဖြင့် မေးလိုက်သည့်အခါ ဒေဝီက နူးညံသော မျက်နှာထားဖြင့်

"ပြီးပါပြီ ကိုအောင်မြင်ဗို"

ဟု ဆိုကာ လချုပ်စာရင်းဖိုင်တွဲကို အောင်မြင်ဗို၏ အလုပ်စားပွဲပေါ်လာတင်ပေးသည်။

အောင်မြင်ဗိုဟာ လချုပ်စာရင်းတွေလုပ်နေသည့်အချိန်မှာ အောင်ဖြိုးက ရုံးခန်းထဲဝင်လာပြီး

"Flower Construction က တို့နဲ့ စာချုပ်ချုပ်မယ်တဲ့။ အဲဒီလုပ်ငန်းနဲ့ စာချုပ်ချုပ်လိုက်ရင် တို့လုပ်ငန်းအတွက် အကျိုးများမှာ သေချာတယ်"

ဟု တက်ကြွစွာပြောဆိုသည်။ အောင်မြင့်ဇိုက အောင်ဖြိုးကို အား ပေးအပြုံးပြုံးပြဦး

"ကောင်းတယ်ကွာ၊ အောင်ဖြိုးအလုပ်လုပ်တာ သိပ်ကောင်းတယ်။ congratulation"

ဟု ချီးကျူးပြောဆိုပြီး ဒေဝီဘက်လှည့်ကာ

"ဒေဝီရေ. . . အောင်ဖြိုးစာချုပ်ချုပ်မယ့် ကိစ္စ ကူညီပေးလိုက်ပါဦး"

ဟု ပြောလိုက်သည်။ အမှန်တော့ သူမပြောလည်းဘဲ ဒေဝီက အောင်ဖြိုးကို အသာတကြည် ကူညီမှာပါပဲ။ ဘာလို့လဲဆိုရင် ခုတလော ဒေဝီနှင့် အောင်ဖြိုးတတွဲတွဲရှိနေသည် မဟုတ်လား။ သူတို့နှစ်ယောက် ခပ်တိုး တိုးဖြင့် စကားပြောနေလျှင် ပြောနေ၊ ပြောနေမလျှင်လည်း နှစ်ယောက်သားစစ်တုရင်ထိုးနေတတ်သည်။

■

အခန်း (၃၄)
ကလင်းနှင့် နွေးကြူ

ပန်းသဇင်၏အချစ်ဆုံးသူငယ်ချင်းမလေး ကလင်းကြောင့် ပန်းသဇင် စိတ်ချမ်းမြေ့ကြည်နူးရပါသည်။ ကလင်းက အပေါင်းအသင်းခင်တတ်သူပီပီ နွေးကြူကိုပါ ခေါ်လာခဲ့သည်။ နွေးကြူက ပန်းသဇင်၏ သူငယ်ချင်းမဆိုပေမယ့် ပန်းသဇင်နှင့် အဆက်အသွယ်ပြတ်နေတာကြာပြီလေ။ ရှင်းရှင်းပြောရရင် ရန်ကုန်မြို့ တစ်မြို့တည်းမှာရှိနေသည့် နွေးကြူ၏ လိပ်စာကို ပန်းသဇင်မသိပေမယ့် ကလင်းကတော့ သွက်လက်သူပီပီ နွေးကြူလိပ်စာ သိနေသည်လေ။

"ဟာ. . . ကလင်းနဲ့ နွေးနွေးကြူတို့လာတယ်"

ဟု ပန်းသဇင်က သူမရဲ့သူငယ်ချင်းမတွေကို ပျော်ရွှင်တက်ကြွသော လေသံဖြင့် ကြိုဆိုလိုက်သည်။

ကလင်းက မျက်နှာလေးကို ချစ်စဖွယ်ဟန်ပန်ဖြင့် ရှုံ့မဲ့ပြီး

''ပန်းသဇင်က နေနိုင်လိုက်တာနော်။ တို့ဆီတောင်လာဖော်မရဘူး''

ဟု မကျေမနပ်လေသံကလေးဖြင့် ပြောသည်။ ပန်းသဇင်က ချိုပြသော အပြုံးမျက်နှာထားကလေးဖြင့်

''နင့်လိပ်စာက အထားမှားလို့ ပျောက်သွားတယ်လေ။ အဲဒါ ဟိုတစ်လောကမှ ကလင်းခဲ့ပြန်တွေ့ပြီး နင့်လိပ်စာသိရတာ။ နင့်လိပ်စာသိတော့လည်း လိုက်ပို့မယ့် အစ်ကိုငယ်က တရုတ်ပြည်ဘက် အလုပ်ကိစ္စနဲ့သွားနေတယ်။ အလုပ်ကအရေးကြီးတယ် မဟုတ်လား။ ပန်းတို့ ဦးလေးနဲ့အတူ မန္တလေးမှာလုပ်တဲ့ လျှပ်စစ်လုပ်ငန်းကို ရန်ကုန်မှာ ပြန်ခွဲလုပ်တာလေ။ ဦးလေးက ပန်းတို့မောင်နှမလေးယောက်ကို စီးပွားခွဲပေးလိုက်တာ။ အစ်ကိုငယ်က တရုတ်ပြည်ကအပြန် မန္တလေးက ဦးလေးဆီလည်း ဝင်ရသေးတယ်။ မနေ့ကမှ တရုတ်ပြည်က ပြန်ရောက်တာလေ။ မနက်ဖြန် နင့်ဆီပို့ပေးဖို့တောင် အစ်ကို ငယ်ကို ပြောထားသေးတယ်''

ဟု အသာအယာပင် နူးညံ့စွာပြောသည်။ ပန်းသဇင်က အိမ်ဖော် မိန်းကလေးကိုလည်း

''ဟော့. . . မိရွှေ့ ညည့်သည်တွေအတွက် စားစရာတစ်ခုခုစီစဉ်ပြီး မမအခန်းထဲယူခဲ့''

ဟု လှမ်းအော်လိုက်သေးသည်။

ပန်းသဇင်ရဲ့အခန်းထဲရောက်တော့ ကလင်းနှင့် နွေးနွေးကြူက ပန်းသဇင်၏အခန်းထဲရှိ ဆိုဖာထိုင်ခုံကြီးပေါ်ထိုင်လိုက်ကြသည်။ ပန်းသဇင်က နှစ်လိုဖွယ်အပြုံးမျက်နှာလေးဖြင့်

''နင်တို့ နှစ်ယောက်အတွက် ငှါးစ်ကို တရုတ်ပြည်က ပါလာတဲ့ လက်ဆောင်တွေ ပေးရဦးမယ်''

ဟု ready made အင်္ကျီလေးနှစ်ထည်ကို သူမဗီရိုထဲမှ ထုတ်

ယူသည်။ ကလင်း စကားပူမှ ပြန်လာတုန်းကလည်း သူမအတွက် လက်ဆောင်တွေပေးဖူးသည်လေ။

''ကလင်းက ပန်းရောင်ကြိုက်တယ်။ ဒါကြောင့် ပန်းရောင်လေး ပေး၊ နွေးကြူက အနီရောင်ခရေစီ၊ ရော့. . . အနီလေး''

ဟု ဆိုကာ ပန်းသဇင်က အင်္ကျီနှစ်ထည်ကို သူငယ်ချင်းနှစ်ယောက်ကို ပေးလိုက်သည်။

ကလင်းက ပန်းဆီရောင် ready made အင်္ကျီလေးကို သဘောကျကြည့်ရင်း

''သိပ်လှတာပဲ''

ဟု ဆိုသည်။ နွေးကြူက အနီရောင် ready made အင်္ကျီလေးကို ရှေ့ကိုယ်မှာကပ်ကြည့်ရင်း

''အတော်ပဲ၊ တို့ကိုကိုနဲ့တွေ့ရင် ဝတ်သွားရမယ်''

ဟု သဘောတကျလေးပြောသည်။ ပန်းသဇင်က အံ့အားတသင့်ဖြစ်ဖြင့် မျက်ခုံးကလေးပင့်ကာ

''ကိုကို ဟုတ်လား။ ဘယ်ကလဲ။ နွေးကြူ နင့်မှာအစ်ကိုရှိတယ်လို့ မကြားဖူးပါဘူး'' ဟု ပြောသည်။

ကလင်းက ချစ်စဖွယ်ဟန်ကလေးဖြင့်

''နင်က နင့်လုပ်ငန်းတွေနဲ့ပဲရှုပ်ပြီး ကလင်းတို့ကို အဆက်ဖြတ်သားတာကိုး။ နွေးကြူ မကြာခင် စေ့စပ်တော့မှာ။ သူ့မှာ ကိုကိုရှိနေပြီ။ သူ့ အိမ်က သဘောတူတာပေါ့''

ဟု လက်ဟန်ခြေဟန်ကလေးတွေပါ ပါပြီးပြောတယ်။ ပန်းသဇင်က သူ့ငယ်ချင်းမလေး နွေးကြူကို ပြုံးပြီးကြည့်ကာ

''ဩော် ဒီလိုကိုး'' ဟု ပြောသည်။

''မမပန်းရေ မုန့်ယူလာပြီ''

ဆိုသော အိမ်ဖော်မလေး မိရွှေ၏ခေါ်သံကြောင့် ပန်းသဇင်က တံခါးသွားဖွင့်ပေးသည်။ အိမ်ဖော်မလေးမိရွှေက စားပွဲပေါ်မှာ မုန့်ယူလာသည့် လင်ဗန်းထားခဲ့ပြီး ပြန်ထွက်သွားသည့်အခါ ပန်းသဇင်က တံခါးကို ပိတ်လိုက် ပြီး ကလင်းနဲ့ နွေးကြူနားလျှောက်လာပြီး

''ပန်းလေ ကလင်းနဲ့ နွေးကြူတို့ကို ပြောစရာတစ်ခုရှိနေတယ် ပန်းရဲ့ အစ်ကိုတွေမှာ ချစ်သူရှိနေပြီလား မသိဘူး။ ပန်းလေ အစ်ကိုတွေ ပန်းကို အချစ်လျော့သွားမှာ ကြောက်နေမိတယ်''

ပန်းသည် အစ်ကိုကြီးအပေါ်သိပ်ပြီး သံယောဇဉ်တွယ်တာနေသော ညီမလေးတစ်ယောက်ဖြစ်သည်။

ကလင်းက ဟက်ဟက်ပက်ပက်ရယ်လိုက်ကာ

''နင့်ဟာကလည်း သူငယ်တန်းကလေးက အမေကို တွယ်တာနေတဲ့ လေသံမျိုးနဲ့။ နင့်အစ်ကိုကြီးလည်း ချစ်ရမယ့်သူရှိတာ ရှိသင့်ပါတယ် နင်လည်း တစ်နေ့ကျရင် ချစ်ရမယ့်သူ တွေ့လာမှာပဲဥစ္စာ''

ဟု ပွင့်ပွင့်လင်းလင်း ဟောဟောဒိုင်းဒိုင်းပဲ ပြောလိုက်သည်။

နွေးကြူကလည်း အေးမြသော အပြုံးမျက်နှာလေးနှင့်

''ပန်း. . . နင်က အချစ်နဲ့ မေတ္တာကို သေချာမခွဲခြားတတ်သေးတာပဲ။ အချစ်ဆိုတာက အတ္တဆန်တယ်။ ရယူပိုင်ဆိုင်လိုစိတ်များတယ်။ အချစ်သက်သက်ကြီးပဲက မကောင်းဘူး။ မေတ္တာတရားလေးပါ ရောယှက်နေမှ ကောင်းတာ။ မေတ္တာတရားနဲ့ ပင်ကိုယ်သဘောကိုယ်က အေးချမ်းတွေပါနေတာ။ မေတ္တာတရားက အချစ်နဲ့ဆန့်ကျင်ဘက်ပဲ။ သူက ရယူချင်တာ ထက်ပေးဆပ်လိုတာက များတာ။

ဒီတော့ နင်က နင့်အစ်ကိုကြီးကို အချစ်သက်သက်ကြီးမဟုတ်ဘဲ မေတ္တာတရားပါထားကြည့်ပါ။ နင့်အစ်ကိုကြီးမှာ ချစ်သူရှိမယ်ဆိုလည်း ရှိသင့်တယ်ဆိုတာ နင်သဘောပေါက်လာလိမ့်မယ်။ နင်လည်း တစ်နေ့ကု

ရင် နင့်အစ်ကိုတွေဆီက ပျံထွက်သွားမယ့် ငှက်ကလေးတစ်ကောင်ပဲ မဟုတ်လား''

ဟု သိမ်မွေ့စွာပြောသည်။

ပန်းသဇင်ဟာ ကလင်းနဲ့ နွေးကြူတို့ရဲ့စကားကြောင့် အစ်ကိုကြီးအပေါ် သဝန်တိုနေတာတွေ လျော့နည်းသွားသည်။ သူမ အစ်ကိုကြီးအပေါ် နားလည်သွားမိသည်။

ဘာပဲဖြစ်ဖြစ် သူမတောင် အစ်ကိုကြီးမသိအောင် ကိုအောင်မြင့်ကို ခင်မင်ခဲ့သေးတာပဲ မဟုတ်လား။ အောင်မြင့်ဝိုက် ဖြတ်ခနဲ သတိတရ ဖြစ်လိုက်သည့် တစ်ပြိုင်တည်းမှာပဲ ကလင်း ဟိုတစ်နေ့က ပြောသွားသည့် အိပ်မက်ကိုလည်း သတိတရဖြစ်သွားမိသည်။

''ဩော် ဒါနဲ့ ကလင်း နင်ဟိုတစ်နေ့က အဆက်အစပ်မရှိ ပန်းနဲ့ ကိုအောင်မြင့်ဝိုတို့ကို အိပ်မက်အကြောင်း မေးတယ်။ နင်ရော ကလင်း အိပ်မက်မက်ဖူးသလား။ အိပ်မက်ကိုရော ယုံသလား''

မုန့်စားနေရာမှ ကလင်းက . . .

''အေး. . . မက်ဖူးတယ်။ ထူးခြားတဲ့ အိပ်မက်တွေပေါ့။ အဲဒီလို ထူးထူးခြားခြားမက်တဲ့ အိပ်မက်တိုင်းကလည်း ကလင်းအတွက် အတိတ်နိမိတ် တွေဖြစ်တယ်။ အိပ်မက်ကို ကလင်းယုံတယ်။ မယုံလို့လည်း မရဘူးလေဟယ်။ အဲဒီအိပ်မက်တွေက လက်တွေ့ဖြစ်ဖြစ်လာတယ်။ စကားပူမှာ ကလင်း အိပ်မက်တစ်ခုမက်ခဲ့တယ်။ အဲဒီအိပ်မက်ကြောင့် ကလင်း ရန်ကုန်ပြန်လာတာ။ အဲ. . . ဒါပေမဲ့ စကားပူမှာ ကလင်းမက်ခဲ့တဲ့ အိပ်မက်ကတော့ လက်တွေ့ဖြစ်လာတော့မှာ မဟုတ်ဘူး''

ကလင်း၏အပြောကြောင့် ပန်းသဇင်နှင့် နွေးကြူတို့ အံ့သြတသင့် ဖြစ်သွားသ်။ သွက်လက်ဖြတ်လတ်ပြီး အရာရာကို သိပ်နည်းကျကျ ဖမ်းကြည့်သူ။ မိမိယုံကြည်မှုအတွက် စကားပူလိုနိုင်ငံလိုမျိုးကိုပင် အသက်

(၂၀)အရွယ် မှာတစ်ဦးတည်း သွက်သွက်လက်လက် သတ္တိရှိရှိ သွားလာခဲ့သူ။ သူလို လူမျိုးက ညမှာ မက်သည့်အိပ်မက်ကို ယုံသတဲ့လား။ နွေးကြူက ကလင်းကို . . .

''ဟုတ်လား. . . ဘာဖြစ်လို့လဲ''

ဟု စိတ်ဝင်တစားမေးလိုက်သည်။

ကလင်းက ပန်းသဇင်ကို မျှော့ဖက်လျက်

''ပန်းသဇင်ကို ငါ နှင့်ကိုသိပ်ချစ်တယ်။ ဒါကြောင့်မို့လို စက်ာပူမှာ မက်တဲ့ အိပ်မက်ကို ငါလက်တွေ့ မဖြစ်ချင်တော့ဘူး''

''ဘာဖြစ်လို့လဲလို့''

ဟု ပန်းသဇင်က မေးသလို

''နင့် အိပ်မက်က ဘာလဲ''ဟု နွေးကြူတို့ အမေးကို ကလင်း ဘာမှမဖြေတော့ ။ ပန်းသဇင်နှင့် နွေးကြူတို့နှစ်ဦး ဇဝေဇဝါဖြစ်သွားရသည်။ အဓိပ္ပာယ်မရှိလိုက်တာ ကလင်းရယ်။

■

အခန်း (၃၅)
စိတ်ကူးမမှား သိပ်ထူးခြား

ကာကာဇော် သူ၏တိုက်ကွက်တစ်ခုကို ထပ်မံသုံးလာပါသည်။ ဆံပင် အရှည်ကြီးနှင့် မဟာဆန်ဆန်ချောမောလှပသော ပန်းဝတ်မှန်ဆိုသော သူ၏ရည်းစားဟောင်း (သူနဲ့ ကင်းရှင်းသွားပြီဖြစ်သော ရည်းစားဟောင်း)ကို ခန့်ငြားကိုတို့ အိမ်ကိုခေါ်လာခဲ့သည်။ ပန်းဝတ်မှန်ကိုတော့ ကာကာက အစ်ကိုအငယ်ဆုံးခန့်ငြားငယ်နဲ့ ရည်ရွယ်ထား၏။ အစ်ကိုငယ် ခန့်ငြားငယ်ဟာ ပညာတတ်မိန်းကလေးတွေကို အထင်ကြီးတတ်သည် မဟုတ်လား။

''အစ်ကိုကြီးနဲ့ ကိုခန့်ငြားငယ်ကို ကျွန်တော်မိတ်ဆက်ပေးရဦးမယ်။ သူက ပန်းဝတ်မှုံတဲ့။ ကွန်ပျူတာတက္ကသိုလ်က ကျူတာလေ။ ပန်းဝတ်မှုံက ပန်းတွေကို သိပ်ကြိုက်တတ်တာ။ အဲဒါ အစ်ကိုကြီးတို့ အိမ်မှာ ရွှေဝါရောင်သစ်ခွကလေးတွေရှိတယ်ဆိုလို့ ဝတ်မှုံက လိုချင်တယ်တဲ့ဗျာ။

ပန်းတွေကို ပေးနိုင်ပါ့မလား'

ဟု ကာကာက ပန်းဝတ်မှုံနဲ့ ခန်ငြားငယ်တို့ကို မိတ်ဆက်ပေးရင်း ပန်းဝတ်မှုံကိုခေါ်လာသည့် အကြောင်းကိုပြောလိုက်သည်။

ခန့်ငြားငယ်က ပန်းဝတ်မှုံဆိုသော မိန်းမချောလေးကို ကွန်ပျူတာ တက္ကသိုလ်က ကျူတာဆိုတာကြောင့် စိတ်ဝင်တစားနဲ့ လှမ်းကြည့်လိုက်မိ သည်။ ခန်ငြားငယ်က ပညာရေးကို အလေးထားတတ်လို့ ပညာတတ်မိန်းကလေးတွေကို လေးစားတတ်တာ သူ့အကျင့်ပဲမဟုတ်လား အဲဒီလို တလေးတစားနဲ့ ကြည့်တော့မှ မိန်းမချောလေး၏ ပြစ်မျိုးမဲ့မထင် သည့် အလှကို သတိပြုမိသွား၏။

ပန်းဝတ်မှုံကလည်း ခန်ငြားငယ်က သူ့ကိုကြည့်နေတာကြောင့် မျက်လွှာကလေးချနေလိုက်မိသည်။ ပန်းဝတ်မှုံ ကာကာကို သိပ်ချစ်ခဲ့ပေမယ့် ကာကာ့ဆီမှ ချစ်မေတ္တာကို မျှော်လင့်သလို မရရှိခဲ့တာကြောင့် အချစ်ကို နည်းနည်းလန့်နေမိပြီ။

ခန်ငြားငယ်က ပန်းဝတ်မှုံအပေါ် သဘောတွေစွတ်ကောင်းကာ

"ပန်းဝတ်မှုံ ပန်းတွေကြိုက်တာယူနိုင်ပါတယ်။ ပန်းတွေက ကျွန်တော့်ညီမလေးစိုက်ထားတာလေ။ ကျွန်တော့် ညီမလေးက သိပ်ပြီး တွန့်တွန့်တိုတိုထဲ မဟုတ်ပါဘူး"

ဟု ပန်းတွေကို လိုက်လိုက်လျောလျောဖြင့် ပေးသည်။

ကာကာက ပန်းသဇင်ကို တွေ့ချင်နေတာကြောင့်

"ကိုခန်ငြားငယ် ညီမလေးရော မတွေ့ပါလား။ ကိုခန်ငြားငယ် ညီမလေးကိုယ်တိုင်ပန်းတွေ ခွဲပေးတော့ ပိုကောင်းတာပေါ့"

ဟု စကားစလိုက်သည်။ ခန်ငြားကိုက ကာကာ့ကို

"ပန်းသဇင်က ဒီနေ့သူငယ်ချင်းတွေဆီသွားတယ်လေ။ အစ်ကို မောင်က ပန်းသဇင်ကို သွားပို့တယ်လေ"

ဟု ဆိုသည်။ ကာကာမှာ ပန်းသဇင်ကို မတွေ့ရသောကြောင့် ဆွေးသွားသည်။ သူလာတိုင်း ပန်းသဇင်နဲ့ လွဲလွဲသွားတတ်သော ကံကြမ္မာကို အပြစ်ပင်တင်ချင်နေမိတော့သည်။ ကာကာ၏မျက်နှာထားမှာ အနည်းငယ် ရှုံ့တွတွဖြစ်သွား၏။ ခန်ငြားငယ်ကတော့ သိပ်ကိုပြုံးရွှင်နေသော မျက်နှာထား ဖြင့်

"ပန်းဝန်မှုံလိုချင်တဲ့ ပန်းတွေ စိတ်ကြိုက်သာယူ။ လာ. . . ပန်းခြံ ထဲသွားရအောင်" ဟု ဆိုသည်။

ပန်းဝတ်မှုံက ခန်ငြားငယ်နောက်လိုက်သွားမိသည်။ ကာကာက တော့ တမင်ပင် ဧည့်ခန်းထဲမှာ ခန်ငြားကိုနဲ့ စကားပြောရင်း ချန်နေခဲ့၏။

ပန်းတွေ စုံလင်စွာ စိုက်ပျိုးထားသည့် ပန်းခြံထဲသို့ ပန်းဝတ်မှုံ ရောက်သွားသည့်အခါ ပန်းတွေကို သိပ်ချစ်ခင်မြတ်နိုးတတ်သော ပန်းဝတ်မှုံ အမျက်နာကလေး ဝင်းလက်သွားသည်။ ပန်းဝတ်မှုံက ပန်းတွေကို သဘော ကျကြည့်ရင်း-

"ပန်းတွေက တော်တော်စုံတာပဲ"

ဟု ပျော်နေသော လေသံကလေးဖြင့် ဆိုသည်။

ခန်ငြားငယ်က ပန်းဝတ်မှုံကို ပြုံးပြီးကြည့်ကာ

"အဲဒီပန်းတွေအားလုံးက ကျွန်တော့် ညီမလေးစိုက်ထားတာလေ။ ကျွန်တော့်ညီမလေးက ပန်းဆိုသိပ်ချစ်တာ"

ဟု ပြောလိုက်သည်။ ခန်ငြားငယ်က ပန်းဝတ်မှုံ၏ ဖြူစင်ပြီး သုပချော့မွေ့နေသော မျက်နှာကလေးကို သိပ်ပြီး သဘောကျသွားသလို ပန်းဝတ်မှုံ၏ရှည်လျားနက်မှောင်နေသော ဆံပင်ရှည်ကြီးကို နှစ်သက်သွား ဒီသည်။ ခန် ငြားငယ်က သစ်ခွပန်းလှလှလေးတစ်ပွင့်ကို ခူးပြီး

"ပန်းဝတ်မှုံအတွက်"

ဟု ဆိုကာ ပန်းဝတ်မှုံကို ပေးလိုက်သည်။ ပန်းဝတ်မှုံက ခန်ငြား

ငယ်ပေးလိုက်သည့် သစ်ခွပန်းလေးကို ခေါင်းမှာ ပန်ဆင်လိုက်သည်။

ခန္ဓြားငယ်ဟာ သစ်ခွပန်းလေးကြောင့် ပန်းဝတ်မှုံပိုလှသွားသည်ဟုပင် ထင်လိုက်မိသည်။

ပန်းဝတ်မှုံက ပန်းပင်တွေကို စိတ်ဝင်တစားဖြင့် ကြည့်ရင်း

''ပိန်းပန်းတွေက အရောင်လည်း စုံနေတာပဲနော်။ ဝတ်မှုံဆီမှာ အဲဒီလောက် စုံစုံလင်လင်မရှိဘူး''

ဟု ဆိုသည့်အခါ ခန္ဓြားငယ်က ပြုံးနေသော မျက်နှာထားဖြင့်

''ပန်းဝတ်မှုံ ကြိုက်တဲ့ ပန်းတွေ ယူသာယူဗျာ။ အိုးလိုက်သာယူသွား''

ဟု သူ့ပန်း မဟုတ်တိုင်း သဘောတွေစွတ်ပြီး ကောင်းနေ၏။ ပန်းဝတ်မှုံ သူမစိတ်ကြိုက်ပန်းအိုး(၃)အိုး ယူသွားလေသည်။ ပန်းဝတ်မှုံက သူအပေါ်ဆက်ဆံရေးနွေးထွေးသော ခန္ဓြားငယ်ကို မှတ်မှတ်ထင်ထင်ပင် ရှိသွား၏။

ပန်းဝတ်မှုံက ပြန်ခါနီးမှာ

''ကိုခန္ဓြားငယ်ကို သိပ်ပြီးကျေးဇူးတင်တယ် သိလား''

တဲ့လေ။ ခန္ဓြားငယ်ကတော့ အဲဒီကျေးဇူးတင်ပါတယ်ဟူသော စကားတစ်ခွန်းနဲ့တင် ကျေနပ်သွားမိသည်။

■

အခန်း (၃၆)
ဆဋ္ဌမအာရုံ

ကျွန်တော်အောင်မြင်ဖို့ ဒီကနေ့မနက်မှာ ဂဗ္ဘီရမျက်လုံးမှော်ဖန်လုံးကိုကြည့်မိစဉ်ခဏ ပျော်ရွှင်မှုက အတိုင်းမသိဖြစ်မိ၏။ တယ်လီပသီ၊ ကလယ်ရာဝိုးယဲန်းစ် ကျင့်စဉ်တို့မှသည် အော်တိုဆပ်ဂျက်ရှင်းကျင့်စဉ်တို့ကြောင့် ယုံကြည်မှုတစ်ခုတည်ဆောက်နိုင်ခဲ့သည်။ ယနေ့ရရှိသည့် ယုံကြည်မှုက ထူး၏။ မိမိပျော်ရွှင်မိသည်။ ဘာကြောင့်ပျော်ရွှင်မိသလဲ။

အောင်မြင်ဖို့ အကြောင်းပြချက်မရှိဘဲ ပျော်နေမိသည်။ အူလိုက်သည်းလိုက်ဝို ပျော်နေတာမျိုး။ မနက်အိပ်ရာထ,ထချင်းထဲကကို ပျော်နေမိတာ။ ပျော်လို့လွန်းလို့ ထပြီးတောင်ကချင်နေမိသည်။

အောင်မြင်ဖို့ သူ့မှာခိုင်လုံသော အကြောင်းပြချက်မရှိပါဘဲနဲ့ အလိုလို ပျော်ရွှင်နေသော စိတ်ခံစားချက်ကို နားမလည်နိုင်အောင်ပင် ဖြစ်နေမိသည်။ ထူးဆန်းသော သူ့စိတ်ခံစားချက်ကို နားလည်ရခက်မိသည်။

အောင်မြင်ဗို အပျော်လွန်နေသော သူ့စိတ်ခံစားချက်ကို ပြန်ပြီး တည်ငြိမ်သွားစေရန် ဘုရားခန်းထဲမှာဝင်ပြီး တစ်နာရီခန့်လောက်ကြာ အောင်ပင် တရားထိုင်နေမိသည်။ တရားထိုင်ပြီးသောအခါ အောင်မြင်ဗို စိတ်ပြန်လည်ပြီး ဟည်ငြိမ်မှုရသွား၏။

အောင်မြင်ဗို တည်ကြည်အေးချမ်းနေသော စိတ်အခြေအနေဖြင့် တယ်လီပသီဖန်လုံးကို အာရုံယူပြီး ကြည့်ရှုလိုက်၏။ တယ်လီပသီဖန်လုံးထဲမှာ သူနဲ့သိပ်ပြီးဆင်တူသော လူတစ်ယောက်၏မှိုရသကဲ့ ပျော်ရွှင်နေသော မျက်နှာကြီးကို တွေ့လိုက်ရသည်။ အောင်မြင်ဗို သူ့စိတ်တွင်းမှ အောင်ဖြိုးဟာ သူ၏အမွှာညီအစ်ကိုဟု ထင်မှတ်နေမိသည့် မဟုတ်လား။ ဒီတော့ သူ့စိတ်တွင်းမှနေ အောင်ဖြိုး သိပ်ပျော်နေပါလားဟု မှတ်ချက်ချလိုက်မိသည်။

အောင်မြင်ဗိုဟာ အောင်ဖြိုး ဘာကြောင့်များ ပျော်နေသလဲဟု ထပ်ပြီး အာရုံယူကြည့်ရာ အာရုံခံနေစဉ်မှာပင်

"တီ တီ"

ဟူသော သူ့ဟန်းဖုန်းမှ ရုတ်တရက်မြည်လာသောအသံကြောင့် သူ့အာရုံပြတ်သွားသည်။ အောင်မြင်ဗို ဟန်းဖုန်းကိုကောက်ကိုင်လိုက်ပြီး

"အမိန့်ရှိပါ ခင်ဗျာ"

ဟု ဆိုလိုက်သည့်အခါ တစ်ဖက်မှ

"Morning အောင်မြင်ဗို"

ဆိုသည့် အောင်ဖြိုး၏တရင်းတနှီးအသံကို ကြားလိုက်ရသည်။

" Morning အောင်ဖြိုး။ ဒါနဲ့ ဘာကိစ္စရှိလို့လဲ"

အောင်မြင်ဗိုက အောင်ဖြိုးကို စိတ်ဝင်စားစွာ မေးလိုက်၏။

"ငါတို့ သုံးယောက် ကာကာ့အိမ်မှာဆုံကြရအောင်။ ငါ မင်းတို့ကို ဝမ်းသာစရာကိစ္စပြောဖို့ရှိတယ်။ (၁၀)နာရီမှာ ငါ ကာကာ့ အိမ်ကစောင့်နေမယ်"

ဟူသော အောင်ဖြိုး၏ နှစ်လိုဖွယ်ကောင်းသည့် အသံကိုကြားရ၏။

"အေးကွာ. . . ဆက်ဆက်လာခဲ့တာပေါ့"

ဟု ပြောပြီး အောင်မြင်ဗို ဖုန်းပိတ်လိုက်သည်။

အောင်မြင်ဗိုဟာ သူဘာကြောင့် အလိုလိုနေရင်း ပျော်နေရတာလဲ ဆိုသည်ကို ကောင်းကောင်းသဘောပေါက်လိုက်မိသည်။ အောင်ဖြိုးနဲ့ သူ့မှာ ထူးခြားသော စိတ်ချင်းဆက်နွယ်နေသောကိစ္စကြောင့် သူဟာ ခုလိုခံစားနေရတာပဲလို့ပဲ မှတ်ထင်လိုက်သည်။

■

အခန်း (၃၅)
စိန်ခေါ်ပြီး ပြေးခွင့်မပေါ်

ကာကာတစ်ယောက်တည်းနေထိုင်ရာ တိုက်ခန်းကိုရောက်တော့ ကာကာက တံခါးလာဖွင့်သည်။ ကာကာက လက်ဟန်ဖြင့် ဝင်လို့ပြသည်။ အောင်မြင့်ဇိုအခန်းထဲဝင်လိုက်တော့ ကာကာက တံခါးပြန်ပိတ်လိုက်သည်။ အောင်ဖြိုးကလည်း ကြိုရောက်နှင့်နေပြီ။

ကာကာ၊ အောင်ဖြိုးနှင့် အောင်မြင့်ဇိုတို့ စုပြီးထိုင်မိကြသည့်အခါ အောင်ဖြိုးက အတော်ကို ပြုံးပျော်နေသော မျက်နှာထားဖြင့်

"ငါပြောတာကို မင်းတို့နားထောင်ပြီးရင် မင်းတို့လည်း ပျော်သွားလိမ့်မယ်"

ဟု စကားစလာသည့်အခါ ကာကာက

"မင်းကလည်းကွာ ပြောစရာရှိခဲ့ပြော။ နိဒါန်းတွေ အချီးတွေ မနေစမ်းပါနဲ့"

ဟု စိတ်မရှည်ဟန်ဖြင့် ဆိုလာပါသည်။ အောင်ဖြိုးက တော်တော်ကြီးပျော်နေသော မျက်နှာထားဖြင့်ပင်-

"ငါ မြစိမ်းရောင်မင်းသမီးလေးကို လက်လျော့လိုက်ပြီ။ ပြိုင်ပွဲက နုတ်ထွက်လိုက်ပြီ"

ဟု ဆိုလာသောအခါ ကာကာက ပြုံးဖြီးဖြီးမျက်နှာထားနဲ့

"ဒီလိုပဲ ဖြစ်ရမှာပေါ့။ မင်းဟာ မြစိမ်းရောင်မင်းသမီးလေးနဲ့ ချစ်စာ ဖက်မဟုတ်ဘူးဆိုတာ ငါအရင်ကတည်းက သိနေတယ်။ အောင်မြင့်ဇိုမင်းရော ဘယ်လိုလဲ ခုကတည်းက အရှုံးပေးလိုက်တော့မလား"

ဟုဆိုကာ သူငယ်ချင်းအချင်းချင်း ကျိစယ်နောက်ပြောင်စကားဆိုလိုက်သည်။ အောင်မြင့်ဇိုက ကာကာ့ကို အံကြိတ်ပြပြီး

"ဘာလို့ အရှုံးပေးရမှာလဲ ကာကာ။ ဟိုတစ်နေ့က တို့နှစ်ယောက်ဘည်း ဘုရားသွားကြတာ မင်းတောင်မြင်လိုက်သေးတာပဲ မဟုတ်လား။ လျော့မတွက်နဲ့။ အခြေအနေက အိုကေတော့မယ်။ လက်ဖွဲ့ပစ္စည်းဝယ်ဖို့သာစဉ်းစားထား။ ဒါနဲ့ နေပါဦး အောင်ဖြိုး။ မင်းက ဘယ်တော့မဆို လွယ်လွယ်နဲ့ အရှုံးပေးတတ်တာမဟုတ်ပါဘူး။ အခု ပွဲတောင်မစသေးဘူး။ ဘာလို့ အရှုံးပေးချင်ရတာလဲ"

ဟု စိတ်ဝင်တစားလေး လေသံဖြင့် မေးလိုက်သည်။ အောင်ဖြိုးက ပြုံးစိစိမျက်နှာထားဖြင့်

"ငါ့မှာ ချစ်ရမယ့်သူရှိနေပြီ။ အချစ်စစ်စစ်တစ်ခုကို ရှာဖွေတွေ့ရှိထားတယ်ဆိုပါတော့"

ဟု ဆိုလိုက်သောအခါ အောင်မြင့်ဇိုနဲ့ ကာကာတို့ နှစ်ယောက်၏ အကြည့်တွေက အောင်ဖြိုးဆီရောက်လာပြီး

"အချစ်စစ်စစ်"ဟု ပြိုင်တူလိုလိုရေရွတ်လိုက်သည်။ အောင်ဖြိုးက ခေါင်းတစ်ချက်ညိတ်ပြီး-

''ဟုတ်တယ် အချစ်စစ်စစ်။ တကယ့်လေးနက်ပြီး ဂန္ဓဝင်ဆန်တဲ့ အချစ်စစ်စစ်ပဲ။ အချစ်ဆိုတာ သူလေးကြောင့် ငါကောင်းကောင်းသဘော ပေါက်သွားတာပဲ။ အခုချိန်မှာ ငါလေ သူလေးကလွဲရင် ဘယ်သူ့ကိုမှ မချစ်နိုင်ဘူး''

ဟု ဆိုသောအခါ ကာကာက မျက်လုံးကလေးကို တစ်ချက်တွန့်လိုက်ပြီး

''ကဗျာဆန်လှချည်လား။ ဩော်. . . ငါ့သူငယ်ချင်းတစ်ယောက် ကဗျာဆရာဖြစ်သွားပြီးကို။ အင်း. . . ပွင့်ပွင့်လင်းလင်းလေးပြောပါဦး။ မင်းပြောတဲ့ သူလေးက ဘယ်သူလဲ''

ဟု သိချင်စိတ်ထက်သန်သောလေသံဖြင့် မေးသည်။ အောင်ဖြိုးက နှုတ်ခမ်းကလေးတွန့်ပြီး ပြုံးလိုက်ပြီး

''စစ်သူကြီးတစ်ယောက်လေ''

ဟု နှလုံးသားထဲမှလာသောလေသံဖြင့် ဖြေလိုက်သည်။ အောင်မြင့်ဝိုနဲ့ ကာကာဟာ အဓိပ္ပာယ်တစ်ခုနဲ့ တစ်ယောက်နဲ့တစ်ယောက် အကြည့်ချင်းဖလှယ်လိုက်ကြပြီး

''စစ်သူကြီးတစ်ယောက်''

ဟု တအံ့တသြနဲ့ ဒုတိယအကြိမ်မြောက်တူ ရေရွတ်ကြသည်။ အောင်ဖြိုးက တော်တော်ကို ပျော်နေသော ဟန်ပန်ဖြင့်

''ဟုတ်တယ်၊ စစ်သူကြီးကို ချစ်နေမိပြီ။ ဒါကြောင့် ငါစစ်သူကြီးအချစ်ကိုပဲရအောင် ကြိုးစားတော့မယ်။ ငါမျှော်လင့်နေတဲ့ မိသားစုကလေးကို စစ်သူကြီးနဲ့အတူ တည်ဆောက်နိုင်အောင်ကြိုးစားမယ်''

ဟု Feel အပြည့်ပါသော လေသံဖြင့်ဆိုသည်။ အောင်ဖြိုး၏စကားကြောင့် ကာကာနှင့် အောင်မြင့်ဝိုတို့ တစ်ယောက်ကိုတစ်ယောက်ပြုံးပြရင်း အကြည့်ချင်းဖလှယ်လိုက်ကြသည်။

''မင်းစစ်သူကြီးက ဘယ်သူလဲ''

ဆိုသော ကာကာ၏အမေးကို အောင်ဖြိုးက ပြုံးစိစိမျက်နှာထားနဲ့

''ဒါကတော့ မပြောချင်သေးဘူး။ ထိပ်တန်းလျှို့ဝှက်ချက်ပေါ့ကွာ။ မြစိမ်းရောင်မင်းသမီးရဲ့ ပြိုင်ပွဲက တရားဝင်နှုတ်ထွက်လိုက်ပြီဆိုတော့ မင်းတို့နှစ်ယောက်သာ ဆက်ပြိုင်ကြပေါ့''

ဆိုတာကြောင့် သူများလျှို့ဝှက်ချက်ကို အတင်းအကြပ်ဆွဲထုတ်မေးသင့်တာကြောင့် သူနဲ့ ကာကာဖော်ဆောင်မမေးတော့။ ဘာပဲဖြစ်ဖြစ် သူ ကြည်နူးရင်ခုန်သည်။ ဒါကလည်း ပန်းသဇင်နဲ့ သူ နီးစပ်ဖို့အတွက် အောက်တိုဆပ်ဂျက်ရှင်း၏ အစွမ်းသတ္တိပဲလား။

အောင်မြင့်ဝို၊ အောင်ဖြိုးနှင့် ကာကာတို့ သုံးယောက်သား စကားအတော်ကြာအောင်ပြောဆိုပြီး သုံးယောက်လုံး အလုပ်သို့ အတူတူထွက်လာကြသည်။ ကာကာတို့ လေ့ကားက ဆင်းလာသည့်အခါ အသားဝပ်ညိုညိုနဲ့ ကြည့်ပျော်ရွှင်ပျော်ရှိသော မိန်းကလေးတစ်ယောက်နဲ့ဆုံသည်။ ကာကာဆိုမိန်းကလေးကို မျက်လုံးတစ်ဖက်မှိတ်ပြလိုက်သေးသည်။ မိန်းကလေးက မျက်စောင်းဆတ်ခနဲထိုးသွား၏။ ကာကာ၏ စံသတ်မှတ် ချက်အရဆိုလျှင်တော့ ထိုမိန်းကလေးသည် ဘယ်လိုနည်းနဲ့မှ မိန်းမလှတစ်ယောက်မဟုတ်။ အောင်မြင့်ဝိုက ကာကာကို. . .

''မင်းက ချောတာ လှတာလည်း မဟုတ်ဘဲ၊ ဘာလို့ မျက်စိမှိတ်ပြရပြန်တာလဲ''

ဟု မကျေမနပ်လေသံဖြင့် ပြောသည်။ ကာကာက အပြုံးမပျက် မျက်နှာထားဖြင့်

''ဟာ အဲဒီရုပ်ဆိုးဆိုးကောင်မလေးက ငါတို့ရှေ့ခန်းကလေ။ ငါနဲ့ သိပ်အကြောမတဲ့ပါဘူး။ ဒါကြောင့် သူ့ကိုမျက်စိမှိတ်ပြလိုက်တာ''

ဟု ဆိုသောအခါ အောင်ဖြိုးက ကာကာကိုကြည့်ပြီး

''မင်းဟာက ကြည့်မရလည်း မျက်စိမှတ်ပြရပြန်တာပဲလား''

ဟု ပြောသည်။ ကာကာကတော့ မချိမချဉ်မျက်နှာထားဖြင့် သဘောတကျနဲ့ ပြုံးပပြုံးနေသည်။

ကာကာနေထိုင်ရာ တိုက်ခန်းနဲ့ အလူမီနီယံနဲ့ အိမ်အလှဆင်လုပ်ငန်းက သိပ်ပြီးမဝေးလွန်းတာကြောင့် သုံးယောက်သား လမ်းလျှောက်ပြီး လာခဲ့ကြသည်။

ကာကာက ခပ်ပြုံးပြုံးမျက်နှာထားနဲ့

''ငါတော့ မြစိမ်းရောင်မင်းသမီးလေးရဲ့အစ်ကိုနှစ်ယောက်ကို နေရာချ ထားဖို့ စီစဉ်ထားပြီးပြီ။ တစ်ယောက်ပဲကျန်တော့တယ်။ မကြာမီ ငါနဲ့ မြစိမ်း ရောင်မင်းသမီးလေးရဲ့ ဇာတ်ပေါင်းခန်းလာဖို့ပဲရှိတယ်''

ဟု ဟန်ပန်နဲ့ ဂုဏ်ယူဝင့်ကြွားစွာ ပြောသည်။ အောင်မြင့်ဇိုက ခပ်တည်တည်မျက်နှာထားနဲ့

''မင်းက ပွဲမပြီးသေးဘဲ ကြိုပြောနေတာကိုးကွ''

ဟု ပြန်ချေပလိုက်၏။

■

အခန်း (၃၈)
ကံမရှိလို့ ဝိရိယကူ

ကာကာဟာ မြစိမ်းရောင်မင်းသမီးလေး၏ အစ်ကိုသုံးယောက်နဲ့ ငယ်ပေါင်းကြီးဖော်တမျှ ခင်မင်သွားမိသည်။ ကာကာနဲ့ မြစိမ်းရောင်မင်းသမီးလေး၏ အစ်ကိုသုံးယောက် စားအတူ လာအတူ သွားအတူဖြစ်လာကြပေမယ့်လို့ ကာကာ မြစိမ်းရောင်မင်းသမီးလေးကို ခင်မင်ခွင့်မရရှိသေး။

ဒီနေ့လည်း ကာကာ မြစိမ်းရောင်မင်းသမီးလေး၏ အစ်ကိုငယ်နဲ့ အတူ ပန်းဝတ်မှုအိမ်သို့သွားပြီး မြစိမ်းရောင်မင်းသမီးအိမ်သို့ပြန်လာခဲ့ရာ ခြံတံခါးလာဖွင့်ပေးသော မြစိမ်းရောင်မင်းသမီးလေးကို ကာကာက

''ပန်းသင်္ဂ အမြဲတမ်းလှနေတာပဲနော်''

ဟု အစ်ကိုငယ် မကြားအောင် ခပ်တိုးတိုးလေးပြောသည်။ ပန်းသင်္ဂက ကာကာကို မကြည်ကြည့် တစ်ချက်ကြည့်ပြီး သူမရဲ့ ပန်းဥယျာဉ်ဆဲကို လှစ်ခနဲထွက်သွားတာကြောင့် ကာကာရဲ့ရင်ထဲမှာ လစ်ဟာပြီးကျန်ခဲ့တယ်။

ကာကာ အစ်ကိုသုံးယောက်ကိုသာ ဖွတ်အတင်းရင်းနှီးခင်မင်ရန် ဝင်ရောနှိုင်ပြီး ပန်းသဇင်၏ ခင်မင်မှုကို နည်းနည်းမှ မရရှိသေးတာကြောင့် စိတ်ထဲမှာ ခိုးလို့ခုလုကြီး ဖြစ်ကျန်ခဲ့သည်။ ကာကာ ဟူးခနဲသက်ပြင်းရှည်ကြီးမှုတ်ထုတ်ပြီး ပန်းသဇင်ကို မြတ်နိုးတွယ်တာသည့်အကြည့်နဲ့ တစ်ချက်ငဲ့ကြည့်ပြီး အစ်ကိုငယ်နဲ့အတူ ဧည့်ခန်းထဲကို ဝင်သွားသည်။ ခန္ဓြားကိုကာလည်း ဧည့်ခန်းထဲမှာ ဘောလုံးပွဲကြည့်ရင်းရှိနေတာကြောင့် ခန္ဓြားကိုကာကာ့ကို ဖော်ဖော်ရွေရွေနဲ့

''လာ... ကာကာ၊ မင်းကိုတော့ တို့တွေက ညီအစ်ကိုလိုပဲ ခင်နေမိပြီကွာ။ မနေ့က မင်းမလာတော့ ငါတို့ ပျင်းတောင် ပျင်းနေသေးတယ်''

ဟု တရင်းတနှီးကြီးနဲ့ပြောသည်။ ခန္ဓြားကို အနီးရှိထိုင်ခုံတစ်ခုမှာ ဘောလုံးပွဲထိုင်ကြည့်ပြီး ဘောလုံးပွဲအကြောင်း ဝေဖန်သုံးသပ်ဖြစ်နေခဲ့သည်။

■

အခန်း (၁၉)
တိုင်းရင်းဆေးဆရာဦးစံသာ

ပန်းသီးတစ်ထုတ်၊ လိမ္မော်သီးတစ်ထုတ်ကိုဆွဲကာ သူ အိမ်ထဲဝင်လာ၏။ မေမေကြီးက ဧည့်ခန်းထဲမှာ တရားစာအုပ်ဖတ်လျက်။ သူ့ဧည့်ခန်းထဲရောက်လာတော့ မေမေကြီးက မျက်မှန်ကိုတစ်ချက်ပင့်လိုက်ပြီး

''သား ပြန်လာပြီလား''

''ဟုတ်ကဲ့ မေမေကြီး။ မေမေကြီး ထမင်းစားပြီးရင် စားရအောင် လိမ္မော်သီးနဲ့ ပန်းသီး ဝယ်ခဲ့တာ''

''အေး... ကောင်းတယ်၊ ကောင်းတယ်''

ဟု ပြောသော မေမေကြီးအသံက သိပ်ချစ်ဖို့ကောင်း၏။ သူတို့ခြံးအဘွားလို တစ်ယောက်နှင့် တစ်ယောက်သံယောဇဉ်ကြီးသော မြေးအဘွားက ခပ်ရှားရှားဟုထင်သည်။

မေမေကြီးကလည်း သူ့အပေါ် အင်မတန်ကြင်နာယုယသည်။

သူကလည်း မေမေကြီးကို အရိပ်တကြည့်ကြည့်ဖြင့် ဂရုစိုက်သည်။ အထူးသဖြင့် မေမေကြီး၏ ကျန်းမာရေးကို သူအလေးထားသည်။ ကျန်းမာခြင်းဆိုတာ လာဘ်ကြီးတစ်ပါး မဟုတ်လား။

"မေမေကြီး တိုင်းရင်းသမားတော်ကြီးဦးစံသာဆီ သွားဖို့လိုသေးလား။ လိုရင်အခိုန်မရွေး သားကိုပြောနော်။ မြေးအဘွားချင်းအားမနာနဲ့"

သူက မေမေကြီးလက်ကို ကြင်နာစွာဆုပ်ကိုင်ရင်း ပြောလိုက်သည်။

"တိုင်းရင်းဆေးသမားတော်ကြီးဦးစံသာပေးတဲ့ဆေးတွေ မေမေကြီးဆီမှာရှိပါသေးတယ်။ ဦးစံသာကျေးဇူးတွေက မေမေကြီးအပေါ်မှာ များလှပါတယ်။ ကျန်းမာရေးအတွက်ဆို ဦးကံသာပဲ အားကိုးနေရတာ မဟုတ်လား။ အားကိုးလောက်အောင်လည်း စေတနာကကောင်း။ စိတ် သဘောထားက ရှင်းသန့်တယ်။ ဆေးစွမ်းကလည်း ထက်တယ်။ အထူး သဖြင့် ငွေမျက်နှာမကြည့်ဘဲ လူနာမျက်နှာကြည့်ပြီး ဂရုစိုက်ဆက်ဆံ တတ်တာက ဦးစံသာရဲ့ အကောင်းဆုံးအချက်ပဲ။ ဒီလိုလူတိုင်းအပေါ် စေတနာထားလို့လည်း ဦးစံသာ အသက်(၉၀)ရှိတောင်ရှိပြီ။ သူ့မြေး ရာဇမြင့်မြတ်ကလည်း အဘိုးရဲ့ပညာအမွေကို ဆက်ခံနေတယ်"

မေမေကြီးချီးကျူးပြောဆိုရအောင်လည်း တိုင်းရင်းဆေးသမား တော်ကြီးဦးကံသာက ဆေးစွမ်းထက်၏။ ဒါကြောင့် သူလည်း ဆရာကြီးကို အထူးတလည် လေးစားမိပါသည်။

■

အခန်း (၄၀)
အပွင့်နိုနိ အရွက်စိမ်းစိမ်း

အောင်မြင့်ဝို တစ်ယောက် ပန်းသဇင်ရဲ့ မျက်နှာလှလှလေးကို မြင်ရသည်မှာ တစ်ပတ်တိတိပင်ရှိပြီ။ ပန်းသဇင်၏ ချောမွေ့ပြေပြစ်သော လှုပသည့် မျက်နှာကလေးကို တောင့်တမျော်လင့်နေမိသည်။ ပြစ်မှီးမဲ့ ဆင်လှသည့် မျက်နှာလေးကိုမမြင်ရရင် မနေနိုင်အောင်ပင် ဖြစ်နေမိသည်။ နော်မိမယ်အလားလှပသည့် ပန်းသဇင်၏မျက်နှာကလေးကို တွေ့မြင် ခွင့်စိတ်ကိုထိန်းချုပ်၍မရနိုင်အောင်ပင်ဖြစ်နေသည်။

အောင်မြင့်ဝိုသည် ပန်းသဇင်၏မျက်နှာလှလှလေးကို တွေ့လိုတွေ့ ခြင်းဖြင့် ပန်းသဇင်ကို အိမ်ဘက်နားကိုလျှောက်လာမိသည်။ အဆင်သင့်ချင် တော့ ပန်းသဇင်တစ်ယောက် သူမ၏ပန်းဥယျာဉ်ထဲမှာ ပန်းတွေကို ရေလောင်းနေသည်ကို တွေ့မြင်လိုက်ရသည်။

အောင်မြင့်ဝို ဘာပဲလုပ်လုပ် သိက္ခာတရားကို အလေးထားကာ

ဦးစားပေးတတ်ပေမယ့် ခုတော့ ပန်းသဇင်ကြောင့် ဘာမှစဉ်းစား
တော့ဘဲ ပန်းသဇင်တို့ ခြံစည်းရိုးနားကပ်သွားပြီး

"ပန်းသဇင်. . . ပန်းသဇင်"

ဟု ခေါ်လိုက်မိသည်။ ပန်းသဇင်သည် ခြံစည်းရိုးကို ကျောခိုင်း
ပန်းပင်တွေကို အာရုံစိုက်နေတာကြောင့် အောင်မြင်ဗိုဏ်ခေါ်သံကို မကြား

အောင်မြင်ဗိုက လေသံကို နည်နည်းထပ်မြှင့်လိုက်ပြီး

"ပန်းသဇင်. . . ပန်းသဇင်"

ဟု ထပ်မံခေါ်လိုက်ပြန်သည်။ ဒီတောမှ ပန်းသဇင်သည် အောင်
မြင်ဗိုဏ် ခေါ်သံကိုကြားသွားသည်။ ခြံစည်းရိုးဘက်သို့ လှည့်ကြည့်ပြီး
ဝိုင်းစက်ပြီး တောက်ပရွန်းလဲ့သွားသည့် အံ့သြဝမ်းသာမျက်ဝန်းဖြင့်

"ကိုအောင်မြင်ဗို"

ဟု ခပ်တိုးတိုးလေးရွတ်ဆိုကာ ခြံစည်းရိုးနားတိုးကပ်လာသည်
သူမလက်ထဲမှ ပန်းပင်ရေလောင်းနေသည့် ရေပိုက်ကလေးကို ခြံစည်း
နားမှာ ချထားလိုက်သည်။

ပန်းသဇင်က ကြည်လင်ဝင်းပနေသော မျက်နှာထားဖြင့်

"ကိုအောင်မြင်ဗို ပန်းဆီလာတယ်"

ဟု ပျော်ရွှင်မှုတွေ လှိုက်ပျော်နေသောလေသံဖြင့် ပြောသည်
အောင်မြင်ဗိုက ခေါင်းတစ်ချက်ဆတ်ပြလိုက်ပြီး ပြုံးစိစိမျက်နှာထားဖြင့်

"ဟုတ်တယ်. . . ပန်းကို သတိရလို့ လာတာ။ ရုတ်တရက် ပန်း
သိပ်ပြီးတွေ့ချင်လာလို့"

ဟု ရင်ဘတ်ထဲကလာသော လေသံဖြင့် ပြောလိုက်သည်။

ပန်းသဇင်က ရှက်ပြုံးကလေးကို ချစ်စဖွယ်ပြုံးပြီး အောင်မြင်
ကိုကြည့်သည်။ သူမ၏မျက်နှာသည် အမြဲတစေ သိမ်မွေ့ညင်သာချောမွေ့
လွန်းနေပါကလား။ အောင်မြင်ဗိုကလည်း ပန်းသဇင်ကို နှစ်လိုဖွယ်ကောင်

သော မျက်ဝန်းနှင့်ကြည့်နေသည်။

ပန်းသဇင်က ရှက်ဝဲဝဲလေသံကလေးဖြင့်

"ဘာလို့ ရုတ်တရက်တွေ့ချင်ရတာလဲ"

ဟု ဆိုကာ ပြောလာသည်။ အောင်မြင်ဗိုကလည်း အချစ်ကြောင့်
နူးညံ့နေသော မျက်နှာထားဖြင့်

"ပန်းက လှတာကိုး"

ဟု ဆိုသည်။ ပန်းသဇင်က အင်မတန်လှပသော အပြုံးမျက်နှာ
ထားဖြင့်

"လှတိုင်းတွေ့ချင်တာပဲလား"

ဟု သိမ်မွေ့စွာ မေးလိုက်သည်။

အောင်မြင်ဗိုနဲ့ ပန်းသဇင်တို့နှစ်ယောက်သားပြုံးဟယ် ရယ်ဟယ်
ဖြင့်စကားပြောနေကြသည်ကို ဝရန်တာမှာ လေညင်းခံရန် ထွက်ရပ်လာ
သည့် အစ်ကို ခန့်ငြားမောင်က မြင်သွားသည်။

ခန့်ငြားမောင်သည် သူ့ညီမလေးပန်းသဇင်ကို သည်းသည်းလှုပ်
ချစ်သူဖြစ်သည်။ သူ့ညီမငယ်လေး ပန်းသဇင်ကို သိပ်ပြီး သံယောဇဉ်တွယ်
တာသူဖြစ်သည်။ ခန့်ငြားမောင်တစ်ယောက် သူ့ညီမလေးပန်းသဇင်နဲ့
အောင်မြင်ဗိုတို့ ခုလိုတရင်းတနှီးစကားပြောနေကြသည်ကို ရင်ထဲမှာ ဘယ်
လိုမှ မခံနိုင်ဘူးဖြစ်သွားသည်။ ဒေါသလည်းထောင်းခနဲ ဖြစ်သွားသည်။
အောင်မြင်ဗိုကိုလည်း ဆွဲထိုးပစ်ချင်လောက်အောင်ပင် ဒေါသက ပြင်းထန်
သွားသည်။

တောက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်ပြီး အိမ်အောက်ထပ်
ဧည့်ခန်းထဲကို ပြေးဆင်းလာခဲ့သည်။ ခန့်ငြားမောင်ဟာ အသားတွေတဆတ်
ဆတ်တုန်အောင်ပင် ဒေါသထွက်နေသလို ဒေါသကြောင့် မျက်လုံးတွေ
လည်း နီရဲနေသည်။

ရှူးရှူးရှဲရှဲ ဒေါသတကြီးဧည့်ခန်းထဲကို ဝင်လာသည့် ခန့်ငြားမောင်ကို ဧည့်ခန်းထဲမှာ ဘောလုံးပွဲစိတ်ဝင်တစားကြည့်နေသော ခန့်ငြားကို ခန့်ငြားငယ်၊ ကာကာတို့ သုံးယောက်က ဝိုင်းကြည့်ပြီး အစ်ကိုကြီးခန့်ငြားကိုက

"ကိုလတ်... မင်းဘာဖြစ်လာတာလဲ"

ဟု အလောတကြီးလေသံနဲ့ မေးလိုက်သည်။ ခန့်ငြားမောင်က ဒေါသထွက်နေသည့် မျက်နှထားဖြင့်

"ခြံရှေ့မှာ ညီမလေးပန်းသဇင်ကို ဟိုကောင် စကားပြောနေတယ်"

ဟု ဆိုကာ ခပ်သွက်သွက်ကလေး ခြံထဲကို ပြေးထွက်သွားသည်။ ခန့်ငြားကိုနဲ့ ခန့်ငြားငယ်တို့နှစ်ယောက်လည်း ညီမလေးအတွက် သွေးပူသွားကာ ခြံထဲကို ပြေးထွက်သွားသည်။ ကာကာကလည်း သူတို့တစ်တွေနောက်မှ ခပ်သုတ်သုတ်ကလေးပြေးထွက်သွား၏။

ခန့်ငြားမောင်ကို မြင်လိုက်ရသည့် အောင်မြင်ဗိုနှင့် ပန်းသဇင်တို့ ကြောင်အမ်းအမ်းဖြစ်သွားသည်။ ခန့်ငြားမောင်က ခြံတံခါးကိုဖွင့်ပြီး ခြံပြင်ပြေးထွက်ကာ အောင်မြင်ဗိုနားအထိ တိုးကပ်သွားပြီး

"မင်း... မင်း ငါ့ညီမနဲ့ ဘာလုပ်နေတာလဲ"

ဟု ဒေါသတကြီးနဲ့ ပြောသည်။ ခန့်ငြားငယ်၊ ခန့်ငြားကိုနဲ့ ကာကာတို့လည်း ခြံပြင်ကိုရောက်လာကြသည်။ ပန်းသဇင်လည်း သူ့အစ်ကိုသုံးယောက် အောင်မြင်ဗိုကို ပွဲကြမ်းတော့မှာကို ကြိုမြင်သဖြင့် ခြံပြင်ကို အလောတကြီးနဲ့ ပြေးထွက်လာသည်။

ပန်းသဇင်က အစ်ကိုတွေနဲ့ အောင်မြင်ဗိုပြဿနာဖြစ်မှာ ပူပန်နေသောမျက်နှာထားဖြင့်

"ညီမနဲ့ကိုအောင်မြင်ဗို အလုပ်အကြောင်းဆွေးနွေးနေကြတာပါ"

ဟု လေချိုသွေးပြီး ပြောဆိုသည်။ ခန့်ငြားကိုက အံကြိတ်ပြီး

"အောင်မြင်ဗို မင်းအလုပ်အကြောင်းပြပြီး ငါ့ညီမကို လာမရောနဲ့။ မင်းနဲ့ ငါ့ညီမခင်မင်တာကို ငါတို့ မလိုလားဘူး"

ဟု ခပ်ပြတ်ပြတ်ပင် ပြောသည်။ ခန့်ငြားငယ်ကလည်း မျက်နှာကြောမာမာဖြင့်

"မင်း ဟိုတစ်ခါကလည်း ငါ့ညီမကို လာရောတယ်။ ငါတို့ မင်းကို ဆုံးမလိုက်တာ အမှတ်ကို မရှိဘူးလား"

ဟု နားထဲမှာ ကန်လန့်ဖြစ်စေသည့် လေသံဖြင့် ပြောသည်။

အောင်မြင်ဗိုက တည်ကြည်သော မျက်နှာထားဖြင့်

"ကျွန်တော်က မိကောင်းဖခင်သားသမီးပါ။ အစ်ကိုတို့ မျက်မြင်ပဲ ကျွန်တော်ဟာ အဆင့်အတန်းမြင့်မြင့်မားမားနဲ့ နေနိုင်ပါတယ်။ အစ်ကိုတို့ ညီမလေးကိုလည်း ကျွန်တော် ဖြူစင်စိတ်နဲ့ ခင်မင်တာပါ"

ဟု အေးအေးဆေးဆေးပဲ ရှင်းပြသည်။ ခန့်ငြားငယ်က ဒေါသကို ထိန်းမထားနိုင်တော့ဘဲ

"ဟေ့ကောင်... မင်းဘာမှပြောမနေနဲ့တော့။ မင်းကို ငါထိုးမိတော့မယ်"

ဟု ဆိုကာ လက်သီးလက်မောင်းတန်းကာပြောဆိုသည်။ ကာကာက အောင်မြင်ဗိုရှေ့မှာ ဝင်ကာရပ်ပြီး

"ကျွန်တော့်သူငယ်ချင်းကို ကျွန်တော့်မျက်နှာထောက်ပြီး ဘာမှ မလုပ်ပါနဲ့ခင်ဗျာ"

ဟု ခပ်သွက်သွက်ဝင်ပြောသည်။ ခန့်ငြားကိုက ခပ်တည်တည် မျက်နှာထားနဲ့

"အေး... ကာကာ့ မျက်နှာထောက်ပြီး မင်းကို ခွင့်လွှတ်လိုက်မယ်"

ဟု ဆိုကာ ပန်းသဇင်ကို ဆွဲခေါ်ပြီး ညီအစ်ကို သုံးယောက်ခြံထဲ ဝင်သွားသည်။ ပန်းသဇင်က အောင်မြင်ဗိုကို သံယောဇဉ်မပြတ်ဘဲ တစ်ချက်ငဲ့ကြည့် သွားသေး၏။

ခြံပြင်မှာ ကာကာနဲ့ အောင်မြင်ဗို နှစ်ယောက်ထဲကျန်ခဲ့သည်။ အောင်မြင်ဗိုက ကာကာ့ကို

"ကျေးဇူးပဲကွာ"

ဟု ဆိုသောအခါ ကာကာက အောင်မြင်ဗိုကို

"မင်း. . . ဒီညီအစ်ကိုသုံးယောက်ကို ရင်ဆိုင်ဖို့ကြိုးစားရဦးမယ်။ မင်းခုထဲက နောက်ဆုတ်မယ်ဆိုလည်း ရတယ်နော်"

ဟု ကျီစယ်ကာ ပြောဆိုလိုက်သေးသည်။

◆◆◆

ကာကာတစ်ယောက် ပန်းသဇင်တို့ ခြံထဲဝင်သွားတော့ ဧည့်ခန်း ထဲမှာ မောင်နှမတွေ ပြဿနာတက်နေသည်ကို ကြားရသည်။ ပြဿနာ တက်နေတာကြောင့် ကာကာအလိုက်တသိဖြင့် ကားပေါ်သို့ သုတ်ခြေ တင်ပြီး တက်ကာ ခပ်သွက်သွက်လေး ကားမောင်းပြီး ထွက်လာခဲ့သည်။

"အစ်ကိုကြီးရော၊ အစ်ကိုလတ်ရော၊ အစ်ကိုငယ်ရော သုံးယောက် စလုံး မတရားဘူး။ လုံးဝ လုံးဝမတရားဘူး"

ပန်းသဇင် ခေါင်းကို ယမ်းကာ မကျေမနပ်လေသံကလေးဖြင့် နှုတ်ခမ်းကလေးဆူကာ ပြောသည်။

ခန့်ငြားကိုက သူ့ညီမလေးနားမှာထိုင်ပြီး

"အစ်ကိုသုံးယောက်လုံးက ညီမလေးကို အချစ်ဆုံးပဲ။ ညီမအပေါ် မတရားတာ လုံးဝမလုပ်ပါဘူး"

ဟု လေသံအေးအေးကလေးနဲ့ ပြောသည်။ ပန်းသဇင်က စိတ် မကောင်းဖြစ်နေသည့် မျက်နှာထားဖြင့်

"ဘာလို့ ကိုအောင်မြင်ဗိုကို ဒီလိုဆက်ဆံရတာလဲ၊ သူဟာ လူ ကောင်းသူကောင်းတစ်ယောက်ပဲ မဟုတ်လား။ ညီမနဲ့ သူနဲ့ခင်တာ ဘာဖြစ် သလဲ။ အစ်ကိုတို့ သူ့အပေါ်ဒီလိုဆက်ဆံတာ ဘယ်တရားပါ့မလဲ"

ဟု ရှိုက်သံကလေးဖြင့် ပြောဆိုသည်။ ခန့်ငြားမောင်ကလည်း သူ့ညီမလေးနားလာပြီး လက်ကလေးကို တယုတယကိုင်ပြီး

"ညီမလေးကို အစ်ကိုတို့ သိပ်ချစ်တယ်။ ညီမလေးနဲ့ ဘယ်တစိမ်း ယောက်ျားလေးနဲ့မှ ပတ်သက်တာ မလိုချင်ဘူး"

ဟု သူ့ညီမလေးကို ချော့မော့မှုအနည်းငယ်ပါသော လေသံဖြင့် ပြောလိုက်သည်။

"အဲဒါ အစ်ကိုတို့သုံးယောက် ညီမကို သက်သက်ချုပ်ချယ်တာပဲ။ ညီမကတော့ ကိုအောင်မြင်ဗိုကို ခင်မှာပဲ"

ဟု ပန်းသဇင်က တဇွတ်ထိုးလေသံကလေးဖြင့် ပြောသည်။

ခန့်ငြားငယ်က ညီမနဲ့ ပတ်သက်လာရင် ဆတ်ဆတ်ထိမခံနိုင် သောမျက်နှာထားဖြင့်

"ငါတို့ကတော့ ငါ့ညီမကိုလာလုတဲ့ ဒီကောင့်ကို ဘယ်လိုမှ မကြည် ပြုနိုင်ဘူး"

ဟု ဒေါနဲ့ မာန်နဲ့ ပြောသည်။

ပန်းသဇင်ဟာ သူ့အစ်ကိုသုံးယောက်၏မေတ္တာတရားကို ရားလည် ပေမယ့်လို့ စိတ်ကျဉ်းကျပ်နေမိသည်။

■

အခန်း (၄၁)
မန္တလာမှစာ

ပန်းသဇင်တို့ မောင်နှမတွေ ပြဿနာနည်းနည်းဖြစ်သွားခဲ့ပေမယ့် နောက်နေ့တွေမှာ ပြန်လည်သင့်မြတ်သွားခဲ့သည်။ ပန်းသဇင်အောင်မြင်ဗိုကို တွေ့ချင်နေပေမယ့်လည်း အစ်ကိုတွေရဲ့ဆန္ဒကြောင့် အောင်မြင်ဗိုကို ရှောင်နေခဲ့သည်။

ပန်းသဇင် အောင်မြင်ဗိုကို သတိတရဖြစ်နေမိသည်။ သတိတရဖြစ်နေသည့် စိတ်ကလေးပြေပျောက်သွားစေရန် ပန်းသဇင်တစ်ယောက်တက်ထင်းထိုးနေမိသည်။

အစ်ကိုကြီး ခန့်ငြားကိုကတော့ ပန်းသဇင်နဲ့ မလှမ်းမကမ်းမှာ ကုမ္ပဏီမှအလုပ်သမားတွေ လစာပေးရန် စာရင်းတွက်ချက်ထားသည်ကို စစ်ဆေးနေသည်။

အဲဒီအချိန်မှာ ခြံဝမှ လျှပ်စစ်ဘဲလ်သံကို ကြားလိုက်ရသည်။

ပန်းသဇင်ဟာ တက်တင်းထိုးနေရာမှ

"မိရွှေရေ ခြံဝကို သွားကြည့်ဦး"

ဟု အိမ်ဖော်မိန်းကလေးကို လှမ်းအော်ပြောလိုက်သည်။ မိရွှေမိဖိုထဲမှနေပြီး ထွက်လာကာ ပန်းသဇင်ရှေ့မှာ ရိပ်မနဲပြေးထွက်သွားပြီး ခြံထဲကို ပြေးဆင်းသွားသည်။

ခဏနေတော့ မိရွှေတစ်ယောက်ပန်းသဇင်တို့ နားရောက်လာပြီး

"စာပို့သမားလာတာ။ အစ်ကိုကြီးခန့်ငြားကို ဆီကိုလာတာ"

ဟု ဆိုကာ စာတစ်စောင်ကို အစ်ကိုကြီးခန့်ငြားကိုလက်ထဲသည့် ပြီးထွက်သွားသည်။

အစ်ကိုကြီးခန့်ငြားကိုက စာကိုဖွင့်ဖတ်လိုက်သည်။ စာထဲမှာ ရေးထားတာက . . .

သို့

အစ်ကိုကြီးခန့်ငြားကို ကို သတိတရအားကိုးတကြီးနဲ့ ကျွန်တော် စာရေးလိုက်ပါတယ်။ မန္တလေးမှာတုန်းက အစ်ကိုကြီးခန့်ငြားကိုတို့ဆီကို သဟင်းစာမှန်မှန်လာပို့ပေးတတ်တဲ့ ကျွန်တော့်ကို အစ်ကိုကြီး မှတ်မိနေမယ်လို့ မျှော်လင့်နေပါတယ်။

အစ်ကိုကြီးတို့တတွေရော နေကောင်းကြတယ် မဟုတ်လား။ ကျွန်တော်ကတော့ အနှစ်နှစ်အလလကကြိုးစားပြီး ဖြေခဲ့ရတဲ့ ဆယ်တန်းစာမေးပွဲ ကြီးအောင်သွားပြီ အစ်ကိုကြီး။ ဒါကတော့ ကျွန်တော့်တဝအတွက် သိပ်ကို ဝမ်းသာစရာပါ။

စိတ်မကောင်းစရာကတော့ အစ်ကိုကြီးရယ်၊ ကျွန်တော့်အတွယ်တာရဆုံးအချစ်ခင်ရဆုံး ကျွန်တော့် ဖေဖေဆုံးပါးသွားတာပဲ။ မန္တလေးက ဖေဖေ့ဆွေမျိုးတွေနဲ့ ကျွန်တော်ကလည်း သိပ်အဆင်ပြေတာမဟုတ်ဘူးဆို

တာ အစ်ကိုကြီးတို့ ညီအစ်ကိုတစ်တွေ အသိပဲလေ။

ကျွန်တော်လေ ရန်ကုန်မှာ ဘဝတိုးတက်မှုအတွက် ကျောင်းဆက်တက်ရင်း အလုပ်လုပ်ချင်တယ်။ ပြီးတော့ ရန်ကုန်မှာ ကျွန်တော့် မေမေကိုလည်း ရှာချင်ပါတယ်။ ကျွန်တော်အတွက် ရန်ကုန်မြို့ကြီးမှာ အစ်ကိုကြီးတို့ကလွဲရင် တခြားအသိမိတ်ဆွေက မရှိဘူး။ ဒါကြောင့် ကျွန်တော် ရန်ကုန်က အစ်ကိုကြီးတို့ အိမ်မှာလာပြီး နေလို့ရမလားလို့ အားကိုး တကြီးနဲ့အကူအညီတောင်း စားရေးလိုက်ရတာပါ။

ကျွန်တော် အစ်ကိုကြီးတို့ရဲ့ အကြောင်းပြန်စာကို မျှော်နေပါမယ်။ အစ်ကိုကြီးတို့ မောင်နှမတစ်တွေ ကျန်းမာချမ်းသာပါစေလို့ ဆုတောင်းလိုက်ပါတယ်။

အစ်ကိုကြီးကိုခင်တဲ့
ထက်မြက်

ခန့်ငြားကိုတစ်ယောက် မန္တလေးမြို့မှ ရိုးသားကြိုးစားပြီး အရက်သမားဖခင်ကြီးကို လုပ်ကိုင်ကျွေးမွေးနေသည့် ထက်မြက်ဆိုသည့် သူငယ်လေးကို မြင်ယောင်သွားမိသည်။ ထက်မြက်ကို သူ့အိမ်မှာခေါ်ထားလျှင် အိမ်အတွက်လည်း လိုအပ်တာလေးတွေ ခိုင်းနိုင်မှာဖြစ်သလို လုပ်ငန်းအတွက်လည်း ယုံကြည်စိတ်ချရသော တပည့်တစ်ယောက်ရမှာဖြစ်ပါသည်။ ခန့်ငြားကို က ထက်မြက်ကို ခေါ်ထားဖို့ကိစ္စမှာ သူ့သဘောတစ်ခုထဲနဲ့ မဆုံးဖြတ်ချင်ဘဲ မောင်နှမတစ်တွေရဲ့ ဆန္ဒပါတောင်းခံချင်တာကြောင့်

"ညီမလေး. . . အစ်ကိုလတ်နဲ့ အစ်ကိုငယ်ကို အစ်ကိုကြီးခေါ်တယ်လို့ သွားခေါ်ခဲ့"

ဟု အနီးအနားမှာ တက်တင်းထိုးနေသော ညီမလေးကို ပြောလိုက်သည်။ ခဏနေတော့ ညီမလေးပန်းသဇင်နဲ့အတူ ခန့်ငြားမောင်နဲ့

ခန့်ငြားငယ်ပါ ပါလာသည်။ ခန့်ငြားမောင်က အစ်ကိုကြီးနဲ့ မလှမ်းမကမ်းက ထိုင်ခုံမှာ ဝင်ထိုင်လိုက်ရင်း

"အစ်ကိုကြီး ခေါ်တယ်ဆို"

ဟု အစ်ကိုကြီးကို ကြည့်ကာ မေးလိုက်သည်။ ခန့်ငြားကိုက ခေါင်းညိတ်ပြပြီး

"ဟုတ်တယ်။ အစ်ကိုကြီး မင်းတို့နဲ့ တိုင်ပင်စရာလေးရှိလို့"

ဟု လေးသံအေးအေးနဲ့ပဲပြောသည်။ ခန့်ငြားငယ်က အစ်ကိုကြီး ပြောမယ့်အကြောင်းအရာကို စိတ်ဝင်တစားဖြင့်

"ဘာများလဲ အစ်ကိုကြီး"

ဟု မေးလာသည်။ အစ်ကိုကြီးက တည်ကြည်သောမျက်နှာထားဖြင့်

"မင်းတို့မန္တလေးတုန်းက သတင်းစာလာပို့တဲ့ ထက်မြက်ကို မှတ်မိတယ်မဟုတ်လား"

ဟု မေးသည်။ ပန်းသဇင်က အောင်မြင်ဗိုနဲ့ ရုပ်ချင်းအင်မတန်ဆင်သော ထက်မြက်ကိုမှတ်မိကာ

"မှတ်မိပါတယ် အစ်ကိုကြီး။ အရက်သမားအဖေကြီးကို လုပ်ကျွေးနေတာ မဟုတ်လား"

ဟု ဆိုသည်။ အစ်ကိုကြီးက ခန့်ညားသည့် မျက်နှာထားဖြင့်

"ဟုတ်တယ် . . . ဟုတ်တယ်။ အခုတော့ သူ့အဖေဆုံးပါးသွားပြီတဲ့။ နောက်ပြီး သူတဖုတ်ဖုတ်ကျနေတဲ့ ဆယ်တန်းလည်း အောင်မြင်သွားပြီတဲ့။ အခုပဲ စာလာတယ်"

ထက်မြက်က ရန်ကုန်မှာလာပြီးတော့ ကျောင်းတက်ရင်းနဲ့ အလုပ်.လုပ်ချင်တယ်တဲ့။ သဘောကတော့ အစ်ကိုကြီးတို့အိမ်မှာ နေခွင့်တောင်းတာပေါ့။ အဲဒါ မင်းတို့သဘောက ဘယ်လိုလဲ"

ဟု မောင်နှမတွေ၏ စိတ်ဆန္ဒကို အလေးထားသော လေသံဖြင့် ပြောသည်။

ခန့်ငြားမောင်က ခပ်ပြုံးပြုံးမျက်နှာထားနဲ့

''ကောင်းသားပဲ။ ထက်မြက်က အလုပ်ကို အကွက်မြင်မြင်လုပ်တတ်တယ်။ အလုပ်လုပ်တဲ့အခါ စေတနာလည်း ပါတယ်။ သူ ကျွန်တော်တို့ အိမ်မှာလာနေရင် ကျွန်တော်တို့အတွက် အဖော်ရတာပေါ့''

ဟု ဆိုသည်။ ခန့်ငြားငယ်ကလည်း ပုံမှန်မျက်နှာထားနဲ့

''ထက်မြက် လာနေဖို့ ကိစ္စကို ကျွန်တော်က မကန့်ကွက်ပါဘူး''

ဟု ဆိုသည်။ အစ်ကိုကြီးက ပန်းသဇင်ကို တစ်ချက်ကြည့်လိုက်ပြီး-

''ညီမလေး သဘောကရော''

ဟု မေးလိုက်သည်။ ပန်းသဇင်က အစ်ကိုကြီးကို ပြုံးပြီးကြည့်ကာ

''ရပါတယ်။ ထက်မြက်လာနေတော့ ကောင်းပါတယ်''

ဟုဆိုသည်။

နောက်ဆုံးတော့...ထက်မြက်တစ်ယောက် ပန်းသဇင်တို့ အိမ်ကြီးမှာနေဖို့ ခွင့်ပြုလိုက်သည်။

■

အခန်း (၄၂)
ဖူးစာရေးနတ်

ကာကာက ခန့်ငြားငယ်ကို ဝိန်းမပေးစားဖို့ကိစ္စ စပြီးလှုပ်ရှားပါပြီ။ ကာကာက ခန့်ငြားငယ်ရဲ့ ဟန်းဖုန်းကို ဆက်လိုက်ပြီး

''ကိုငယ်လား''

''ဟုတ်တယ်''

ဆိုသည့် ခန့်ငြားငယ်၏ ပွင့်လင်းပြီး ပြတ်သားသည့် လေသံကို ကြားလိုက်ရသည်။

''ငါ့ညီ အစ်ကိုပါ။ ကာကာလေ''

''ပြော ကိုကာကာ၊ ဘာကိစ္စရှိလို့လဲ''

ဆိုသည့် ကိုငယ့်၏အသံ ကာကာ၏နားထဲမှာ ဘယ်လိုမှ နားဝင်မချိုပါ။ သူညီမအငယ်ဆုံးလေး ပန်းသဇင်ကို ပိုးပန်းချင်စိတ်ကြောင့်သာ သူတို့သုံးယောက်လုံးနဲ့ အဆင်ပြေအောင်ပေါင်းနေရခြင်းပါ။ ကာကာက ခန့်ငြားငယ်ကို တရင်းတနှီးလေသံဖြင့်

"ဒီလို ကိုငယ်ရေ။ အစ်ကို မင်းဆီက အကူအညီတစ်ခုတောင်းချင်လို့။ အစ်ကို သိပ်ပြီးအလုပ်များနေတယ် ငါ့ညီရယ်။ ချိန်းထားတဲ့ ကိစ္စတစ်ခုကလည်း ရှိနေတော့ ငါ့ညီများသွားပေးနိုင်မလားလို့ တခြားတော့ မဟုတ်ဘူး။ ပန်းဝတ်မှုံနဲ့ dinner အတူစားဖို့ ချိတ်ထားတာလေ"

"ရပါတယ် ကျွန်တော်လည်း တခြားချိန်းထားတာမရှိဘူး။ ဘယ်အချိန်၊ ဘယ်နေရာဆိုတာသာ ပြောလိုက်ပါ။ ကျွန်တော်သွားပြီး အစ်ကို မအားတဲ့အကြောင်းပြောပေးပါ့မယ်"

ဆိုသည့် ခန့်ငြားငယ်၏ လျောလျောလျူလျူအကူအညီပေးမယ်ဆိုသည်ကို ကြားလိုက်ရသည်။ အမှန်တော့ ပန်းဝန်မှုံနှင့် တွေ့ဆုံရမည်ဖို့ ခန့်ငြားငယ် လိုက်လိုက်လျောလျောကူညီခြင်းဖြစ်သည်။

ကာကာက ချိန်းထားသည့် ဆိုင်နှင့် အချိန်ကို တိတိကျကျပြောပြီး သူ့အကွက်အတိုင်း ဝင်လာအောင် စီစဉ်လိုက်သည်။ ကာကာ ပန်းဝတ်မှုံကို ချောရက်လှရက်နဲ့ သဘောမကျသည့် အချက်မှာ သူမ၏ ဆရာလုပ်တတ်လွန်းသည့် အကျင့်ကြောင့်ဖြစ်၏။

ကာကာ၏ လိမ္မာပါးနပ်စွာ ပေါင်းသင်းဆက်ဆံတတ်မှုကြောင့် ပန်းသဇင်၏ အစ်ကိုသုံးယောက်မှာ သူ့သဘောအတိုင်းဖြစ်လာကြပါပြီ။

◆◆◆

ခန့်ငြားငယ် ကာကာပြောသည့် ဆိုင်လေးသို့ ကာကာပြောသည့် အချိန် ညနေ(၅)နာရီခွဲမှာရောက်သွားပြီး ဆိုင်ထဲတွင် ငယ်ငယ်ချောချော ပန်းဝတ်မှုဆိုသည့် အမျိုးသမီးကို ဝေ့ဝဲကြည့်လိုက်သည်။

ဆိုင်ထောင့်ကလေးက စားပွဲတစ်ခုမှာ ယဉ်ကျေးသိမ်မွေ့လှပသော ဝတ်မှုထိုင်နေတာကို တွေ့ရ၏။ ခန့်ငြားငယ်က တည်ကြည်စွာတစ်ချက်

ပြုံးလိုက်ပြီး ဝတ်မှုထံသို့ ပုံမှန်ခြေလှမ်းဖြင့် လျှောက်သွားသည်။

"ပန်းဝတ်မှု"

ဟု အရဲစွန့်ခေါ်ကြည့်သည်။ မိန်းကလေးက သူ့ကို ဇဝေဇဝါအကြည့်ဖြင့် ပြန်ကြည့်ပြီး

"ကိုခန့်ငြားငယ် ဒါနဲ့"

ဟု ဆိုသောအခါ ခန့်ငြားငယ် ဝတ်မှု့၏ မျက်နှာချင်းဆိုင်က ဆိုင်ခုံမှာ တည်တည်ကြည်ကြည်ဖြင့် ဝင်ထိုင်လိုက်ပြီး

"ကာကာက သူသိပ်အလုပ်များနေလို့ dinner စားဖို့မအားတော့လို့ ကျွန်တော်ကို သူ့ကိုယ်စားလွှတ်လိုက်တာပါ"

ဟု ရည်ရည်မွန်မွန်လေသံဖြင့် ပြောသည်။

ဝတ်မှုကို ခနီးကပ်ကြည့်မှ ဟိုတစ်ခါကထက်ပင် အရမ်းလှပနေသောကြောင့် ခန့်ငြားငယ်လိုအပ်တာထက်ကို သဘောမနောပိုပြီးကောင်းနေမိတာအမှန်။ စိတ်ထဲမှလည်း ကာကာ ဒီလောက်လှတဲ့ မိန်းကလေးနဲ့အတူ dinner စားဖို့ချိန်းထားပြီးမှ ဘာလို့ဖျက်လိုက်ရတာလဲဟု တွေးမိသလိုကာကာ့ကိုလည်း ကျေးဇူးတင်နေမိသည်။ ပြီးတော့ ကာကာ၏ အကွက်ကိုလည်း ဖြတ်ထိုးဉာဏ်ကောင်းသူပီပီ ချက်ချင်းရိပ်မိ၏။

ခန့်ငြားငယ်က waiter လေးကိုခေါ်ကာ ကာကာတစ်ယောက် ကြိုတင်လုပ်ထားသည့် တရုတ်အစားအစာများကို မှာလိုက်သည်။

ခန့်ငြားငယ်က အလွန်ပင်ပြုံးချိုနေသော မျက်နှာထားဖြင့်

"ဝတ်မှု့ ကျောင်းပိတ်တယ်လား"

ဟု စကားမရှိ စကားရှာကာ ခင်မင်ရင်းနှီးလိုစိတ်ဖြင့် မေးလိုက်သည်။

ဝတ်မှုနှင့်က ပြုံးမနေပေမယ့် ချစ်စရာကောင်းသည့် မျက်နှာထားနဲ့ပဲ . . .

"ဟုတ်ကဲ့"

ဟု ပြန်ဖြေသည်။ ဝတ်မှုံဟာ သူမ သိပ်ချစ်ရသော ချစ်သူကာကာ၏ချိန်းဆိုချက်ကြောင့် ရောက်ရှိလာခဲ့တာပါ။ ကာကာကို သူမသိပ်ချစ်ရပေမယ့် ကာကာက သူမကို စွန့်ခွာသွားခဲ့သည်။ သူမဘက်က ဘယ်လိုပဲပြန်ပြီး ဇာတ်လမ်းဆက်ဆက် ကာကာကတော့ သူမကိုချန်ထားခဲ့သည်။ မနေ့က သူမသိပ်ချစ်ရသည့် ကာကာက dinner အတူစားရအောင်လား ဆိုပြီး ဖုန်းဆက်တာကြောင့် သူမဝမ်းသာလုံးဆိုပြီး ချိန်းထားသည့် ဆိုင်ကို ချိန်းထားသည့် အချိန်အတိုင်း ရောက်လာခဲ့တာပါ။

Waiter လေးကရောက်လာပြီး တရုတ်အစားအစာများ လာချပေးသည်။ ခန်ငြားငယ်က မိန်းမချောလေးကို မျက်နှာလို မျက်နှာဖြင့်

"အားမနာနဲ့နော်၊ ကြိုက်တာထည့်စား။ လိုအပ်တာရှိလဲပြော၊ အစ်ကို ဝယ်မှာပေးမယ်"

ဟု ပြောသည်။ ခန်ငြားငယ် မိန်းမချောလေးနဲ့အတူ သာယာတဲ့ ညနေခင်းလေးမှာ dinner အတူစားခွင့်ရတာကြောင့် အကျေနပ်ကြီး ကျေနပ်နေမိသည်။ ပန်းဝတ်မှုံက ခန်ငြားငယ်ကို လက်သုတ်ပဝါအဖြူလေးပေးပြီး

"ဒါလေးခင်းပြီးစား"

ဟု ပြောကာ သူမကိုယ်တိုင်လည်း ခင်းပြီးမှ စားသည်။ သိပ်ကြင်နာတတ်တဲ့ မိန်းကလေးပဲ။ ခန်ငြားငယ်က ဝတ်မှုံကိုပြုံးပြီး

"ဟိုတစ်နေ့က ပန်းပင်တွေရှင်ရဲ့လား"

ဟု မေးလိုက်သည်။ ပန်းဝတ်မှုံက ထမင်းစားနေရင်းမှ

"ဟုတ်ကဲ့၊ ရှင်တယ်ရှင့်၊ အပွင့်တောင် ပွင့်နေပြီ"

ဟု ပြေပြေပြစ်ပြစ်ရှိသော လေသံကလေးဖြင့် ပြန်ဖြေသည်။

ခန်ငြားငယ်က ဝတ်မှုံ၏လှုပ်ရှားဟန်လေးတွေကို သဘောတကျ ကြည့်ရင်း-

"ညီမ စားရတာ အဆင်ပြေရဲ့လား"

ဟု ဂရုတစိုက်ဖြင့် ကြင်ကြင်နာနာမေးလိုက်သည်။ ဝတ်မှုံက ပြုံးပြီး

"ဟုတ်ကဲ့ အဆင်ပြေပါတယ်"

ဟု သိမ်သိမ်မွေ့မွေ့ပဲ ပြန်ဖြေလိုက်သည်။

ဝတ်မှုံဟာ ချိန်းထားပြီး ကိုယ်တိုင်ရောက်မလာသည့် ကာကာ့ကို စိတ်တိုသွားပေမယ့် သူမအပေါ် စိတ်ဝင်စားဟန်ပြပြီး ရည်ရည်မွန်မွန်နှင့် ဂရုတစိုက်ရှိလှသည့် ခန်ငြားငယ်ကိုတော့ ခင်မင်နှစ်သက်သွားမိသည်။

ဝတ်မှုံက ခန်ငြားငယ်ကို ကြည့်ပြီး

"အစ်ကိုကလည်း ထမင်းစားနေတုန်း စကားသိပ်မပြောနဲ့လေ။ တော်ကြာအစာမကြေဖြစ်နေဦးမယ်။ ထမင်းစားပြီးတော့မှ ဝတ်မှုံတို့ စကားပြောကြတာပေါ့"

အဲဒီလို အပြောအဆိုဆုံးမမှုလေးတွေကို ခန်ငြားငယ်ကြိုက်ပြီး သဘောကျနေမိသည်။ သူမသည် သန့်ရှင်းပြီး ကြင်နာတတ်ပါလား။ ဝတ်မှုံက ပညာတတ်မိန်းကလေးပီပီ ကာကာ့ တမင် သူမနဲ့ ခန်ငြားငယ်ကို ဆုံပေး မှန်းသိသည်။

ထမင်းစားပြီးသောအခါ သစ်သီးစုံရေခဲမုန့် မှာလိုက်သည်။ ဝတ်မှုံနဲ့ သူ သစ်သီးစုံရေခဲမုန့်စားပြီးမှ စကားတွေအများကြီးပြောဖြစ်ကြသည်။

"ဝတ်မှုံက ခင်တဲ့လူကို ဆုံးမတတ်တယ်နော်။ ဆရာလုပ်တာ ဝါသနာပါတယ်သိလား"

"ရပါတယ်ဗျာ။ ကိုယ်ကလည်း ဆရာလုပ်တဲ့ဝတ်မှုံကို ခင်မှာပါပဲ"

"ကာကာကတော့ ဝတ်မှုံဆရာလုပ်တာကို မကြိုက်ဘူး သိလား"

"ကိုယ်ကိုတော့ ဝတ်မှုံစိတ်ထဲရှိတဲ့အတိုင်း ဆရာလုပ်နိုင်ပါတယ်ဗျာ"

ဝတ်မှုံ၏စကားပြောဟန်၊ ဆိုဟန်လေးများသည် သိပ်ကိုယဉ်ကျေးသိမ်မွေ့ပြီး ချစ်ဖို့ကောင်းလှသည်။ သူက ဝတ်မှုံကို အိမ်တိုင်ရာရောက်ပြန်ပို့ပေးခဲ့သလို ဝတ်မှုံကို ဆက်သွယ်နိုင်ရန်လည်း ဖုန်းနံပါတ် တောင်ထားလိုက်သည်။

ဝတ်မှုံနဲ့သူတွေ့ဆုံရပုံမှာ အိပ်မက်ဆန်ပြီး သိပ်လည်း ကြည်နူးဖို့ကောင်းတာအမှန်။

◆◆◆

ပန်းသဇင်၊ ခန္ဓားကိုနဲ့ ခန္ဓားမောင်တို့ ကမ္ဘာ့ဦးမှ ပြန်လာသည့် အခါ ပန်းသဇင်တို့အိမ်မှာ ထက်မြက်ရောက်ရှိနေပြီ။

ထက်မြက်က ခြံတံခါးကို အပြေးအလွှား လာဖွင့်ပေးပြီး။

"အစ်ကိုကြီးနဲ့ အစ်ကိုလတ် မတွေ့ရတာကြာပြီနော်။ အစ်ကိုတို့ ပိုခန့်လာကြတယ်နော်"

ဟု ပျူပျူငှာငှာဖြင့် နှုတ်ဆက်သည်။ ခန္ဓားကိုက ထက်မြက်ကို

"မင်း ရောက်နေပြီလား၊ မြန်သားပဲ"

ဟု ဖော်ဖောရွေရွေ နှုတ်ဆက်ပြီး ကားကို ဂိုဒေါင်ထဲထိမောင်းသွင်းလိုက်သည်။

■

အခန်း (၄၃)
ဧည့်သည်

ပန်းသဇင်၊ ခန္ဓားကိုနဲ့ ခန္ဓားမောင်တို့ သုံးယောက်နားကို သက်မြက်က ပေါ့ပေါ့ပါးပါးဖြင့်ပြေးလာပြီး

"ကျွန်တော် ဘာကူသယ်ပေးဖို့ရှိလဲခင်ဗျာ"

ဟု ရိုရိုသေသေမေးသည်။ ခန္ဓားမောင်က အလုပ်ရှင်၊ အလုပ်သမားမခွဲခြားတတ်သည့် ဟန်ပန်မျိုးဖြင့်

"ဘာမှ ကူသယ်ဖို့ မရှိပါဘူးကွာ။ မင်းလည်း ဒီနေ့မှရောက်တာ ခရီးပန်းနေမှာပေါ့ကွာ။ နားပါဦး"

ဟု စာနာထောက်ထားတတ်သောလေသံဖြင့် ပြောသည်။

ပန်းသဇင်၊ ခန္ဓားကို၊ ခန္ဓားမောင်နဲ့ ထက်မြက်တို့ ကားကိုဒေါင်လေးမှနေပြီး ဧည့်ခန်းထဲကို လျှောက်လာကြသည်။ ဧည့်ခန်းထဲမှာ ခန္ဓားယဉ်တစ်ယောက် ကုမ္ပဏီကိစ္စအတွက် ဖုန်းဆက်နေသည်။

ပန်းသင်္ဘင်က ဧည့်ခန်းထဲမှနေပြီး သူ့အခန်းထဲကို ဆက်လျှောက်သွားပေမယ့် ခန့်ငြားကို ၊ ခန့်ငြားမောင်နဲ့ ထက်မြက်တို့က ဧည့်ခန်းထဲမှာ ကျန်ခဲ့သည်။ ခန့်ငြားကိုက ထက်မြက်ကို ခင်မင်သောလေသံဖြင့်

''မင်း ဘယ်အချိန်ကရောက်လဲ''

ဟူ၍ မေးသည်။ ထက်မြက်က ရိုရိုကျိုးကျိုးမျက်နှာထားဖြင့်

''ကျွန်တော်နေ့လည်(၁၂)နာရီထဲက ရောက်တာပါ''

ဟု ကောင်းကောင်းမွန်မွန်ပြန်ဖြေသည်။ ခန့်ငြားမောင်က

''မင်းအဖေဆုံးသွားတာ စိတ်မကောင်းဘူး။ မင်းတို့ အဖေတစ်ခုသားတစ်ခုဘဝမို့ မင်းကို စာနာပါတယ်''

ဟု ထက်မြက်အကြောင်းကို စိတ်ဝင်တစားလေသံဖြင့် မေးသည်။

ခန့်ငြားငယ်ကလည်း ဖုန်းပြောပြီးသွားပြီမို့ ထက်မြက်တို့ စကားဝိုင်းနားရောက်လာသည်။

ထက်မြက်က ကရုဏာသက်စရာမျက်နှာဖာဖြင့်

''ကျွန်တော့်ဘဝမှာ အဖေတစ်ခု သားတစ်ခုဘဝနဲ့ ကြီးပြင်းခဲ့ရတာပါ။ အဖေဟာ အရက်သမားကြီးတစ်ယောက်ဖြစ်ပေမယ့် ကျွန်တော့်အတွက် အဖေကောင်းတစ်ယောက်ပါ။ ကျွန်တော်လေ အဖေ့ကို သိပ်ချစ်ချစ်ပါတယ်။ အဖေကလည်း ကျွန်တော့်ကို ချစ်တယ်ဆိုတာ သဘောပေါက်ပါတယ်။ အဖေနဲ့ သားနှစ်ယောက်တည်း တစ်ဘဝတည်ဆောက်နေရတာကြောင့် ကျွန်တော်တို့ သားအဖသိပ်ပြီး သံယောဇဉ်ကြီးပါတယ်။ ကျွန်တော့် ဖေဖေ ကျွန်တော့်တဝထဲက ထွက်ခွာသွားတာ ကျွန်တော့်အတွက် သိပ်ခံစားရပါတယ်။ အတိုင်းအဆမဲ့ ခံစားရပါတယ်။ ရူးသွားမတတ်ကို ခံစားရပါတယ်။

ကျွန်တော်အဲဒီလို ခံစားနေရတဲ့အချိန်မှာ ကျွန်တော့်ဖေဖေနဲ့ ယေသူငယ်ချင်းတစ်ယောက်က ရန်ကုန်မှာ ကျွန်တော့်မေမေရှိတယ်လို့

ပြောပါတယ်။ ကျွန်တော့်ဖေဖေက ကျွန်တော့်မေမေအကြောင်းကို ဖွင့်မပြောဘဲ တားမြစ်ထားလို့ ဖွင့်မပြောရတာပါတဲ့။ အခု ကျွန်တော့် ဖေဖေလည်းဆုံးသွားပြီမို့ တစ်ကောင်ကြွက်တစ်မျက်နှာဖြစ်နေတဲ့ ကျွန်တော့်ကို သနားလို့ ဖွင့်ပြောရတာပါတဲ့။

ကျွန်တော်တစ်သက်ဆုံးသွားပြီလို့ မှတ်တမ်းထင်ထားတဲ့ မေမေ ရန်ကုန်မှာ သက်ရှိထင်ရှားရှိသေးတာကို သိရတော့ ပြောမပြတတ်အောင်ဝမ်းသာသွားမိတယ်။ ကျွန်တော့်မေမေ ရန်ကုန်မှာရှိတယ်ဆိုတဲ့ အကြောင်းကလွဲရင် လိပ်စာတွေ၊ ဘာတွေ ကျွန်တော်မသိရပေမယ့် ကျွန်တော်မေမေ့ကို တွေ့အောင်ရှာဖို့ ဆုံးဖြတ်ထားတယ် အစ်ကိုကြီး''

ဟူ၍ စိတ်ထဲမှာခံစားနေရသည့်အတိုင်း မခြွင်းမချန်ဘဲ ဖွင့်ပြောလိုက်သည်။

ခန့်ငြားငယ်၊ ခန့်ငြားမောင်၊ ခန့်ငြားကိုတို့ သုံးယောက်လုံး သက်မြက်ပြောသမျှကို စိတ်ဝင်တစားဖြင့် စာနာတတ်စွာနားထောင်သည်။ သူတို့ သုံးယောက်လုံး ထက်မြက်ဟာ ဆင်းရဲပေမယ့် မိဘမေတ္တာကို အလေးထားထုတ်သောလူငယ်တစ်ယောက်ဖြစ်တာကြောင့် လေးစားသွားခဲသည်။

ခန့်ငြားငယ်က ထက်မြက်ကို အားပေးသည့်မျက်ဝန်းဖြင့် ကြည့်ပြီး . . .

''မင်းအမေကို ငါတို့လည်းကူညီပြီး စုံစမ်းပေးပါ့မယ်။ ဒင်းလို စိတ်ထားကောင်းတဲ့လူငယ်က အမေကိုအမြန်ဆုံးတွေ့မှာပါ။ မင်း ဘာမှအားမငယ်နဲ့။ ငါတို့အစွမ်းကုန် ကူညီပေးမယ်''

ဟူ၍ အားပေးစကားပြောလိုက်သည်။

ခန့်ငြားမောင်က ထက်မြက်ကို တစ်ချက်ကြည့်ပြီး

''မင်းကျောင်းတက်ဖို့ရော ဘယ်လို စီစဉ်ထားလဲ''

ဟူ၍ စေတနာသန့်သန့်ဖြင့် အကူအညီပေးလို၍ မေးလိုက်သည်။ ထက်မြက်က ပုံမှန်မျက်နှာထားဖြင့်. . .

"ကျွန်တော် အဝေးသင်ဆက်တက်ပြီး ဘွဲ့တစ်ခုရအောင် ကြိုးစားဖို့ ဆုံးဖြတ်ထားပါတယ်"

ဟူ၍ ကောင်းကောင်းမွန်မွန် ယဉ်ယဉ်ကျေးကျေးပြန်ဖြေသည်။

ခန့်ငြားကိုက တည်ကြည်သောမျက်နှာထားဖြင့်

"ကောင်းတယ်ကွာ။ သိပ်ကောင်းတယ်။ ဒီလိုလုပ် မင်းက အိမ်နဲ့ ကုမ္ပဏီအလုပ်တွေမှာ ကူညီလုပ်ပေး။ မင်းအတွက်နေဖို့ စားဖို့ စားရိတ်ငြိမ်း စီစဉ်ပေးမယ်။ ကျောင်းလခပေးမယ်။ လခကတော့ (၁၀၀၀၀)ပဲပေးမယ်။ နေက်မှ မင်းအရည်အချင်းကိုကြည့်ပြီး လခထပ်တိုးပေးတာပေါ့။

အရင်ဆုံး မင်းကားမောင်းသင်ရမယ်။ မင်းကားမောင်တတ်မှ ကုမ္ပဏီအတွက် တချို့ကိစ္စတွေ မင်းဆောင်ရွက်နိုင်မှာ"

ဟူ၍ တည်တည်တံ့တံ့ ပြောလိုက်သည်။

ထက်မြက်က ရိုရိုကျိုးကျိုးမျက်နှာထားဖြင့်

"အဲဒီ့အစီအစဉ်ကို ကျွန်တော်သဘောတကျ လက်ခံပါတယ်။ အစ်ကိုတို့ သုံးယောက်လုံးကိုလည်း ကျွန်တော်သိပ်ကျေးဇူးတင်ပါတယ်"

ဟု တကယ့်ကို နှလုံးသားထဲမှ ကျေးဇူးတင်စွာ ပြောသည်။

ခန့်ငြားမောင်က ထက်မြက်ကို တစ်ချက်ကြည့်ပြီး

"ကဲ. . . ကဲ မင်းလည်း ခရီးပန်းနေမှာပေါ့ကွာ။ ကားဂိုဒေါင်အပေါ်ထပ်မှာ မင်းအတွက်အခန်းစီစဉ်ထားတယ်။ သွားနားတော့"

ဟု စာနာတတ်သောလေသံဖြင့် ဆိုလိုက်သည်။ ထက်မြက်က ဧည့်ခန်းထဲမှနေပြီး သူနေထိုင်ဖို့စီစဉ်ထားသော ကားဂိုဒေါင်ဘက်ကို ထွက်သွားသည်။

ထက်မြက် ဧည့်ခန်းထဲမှ ထွက်သွားသည့်ကျောပြင်ကို ညီအစ်ကို သုံးယောက်မတိုင်ပင်ဘဲနဲ့ ကြည့်လိုက်မိပြီး ခန့်ငြားငယ်က

"ထက်မြက်က အောင်မြင်ဗိုနဲ့ တော်တော်တူနေတယ်"

ဟူ၍ မှတ်ချက်ချသည်။ ခန့်ငြားမောင်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီး

"ဟုတ်တယ် တော်တော်တူတယ်။ အသားမည်းတာ ဖြူတာနဲ့ အဝတ်အစားပဲကွာတယ်။ လမ်းလျှောက်ပုံကအစတူတယ်။ ညီအစ်ကိုဆိုယုံရတယ်"

ဟူ၍ ထောက်ခံလိုက်သည်။ ခန့်ငြားကိုက ခေါင်းတချက်ခါယမ်းလိုက်ပြီး

"မင်းကလည်းကွာ။ အောင်မြင်ဗိုက အိမ်ကြီးကိုဟီးလို့။ စီးတဲ့ကားကလည်း အပျံစား။ ပြီးတော့ အောင်မြင်ပြီး ဝင်ငွေကောင်းရတဲ့လုပ်ငန်းကို ဦးဆောင်နေတဲ့ဥစ္စ။ သူ့အဘွားအငြိမ်းစား ကျောင်းအုပ်ဆရာမကြီးကလည်း မျိုးနဲ့ ရိုးနဲ့ချမ်းသာတယ်ဆိုတာ တို့ ပတ်ဝန်းကျင်မှာ ကြားနေရတာပဲ မဟုတ်လား"

ဘယ်လောက်ပဲ ထက်မြက်နဲ့ ရုပ်ချင်းဆင်ဆင် ထက်မြက်ဟာ အောင်မြင်ဗိုရဲ့ ညီအစ်ကိုတော့ မဖြစ်နိုင်ပါဘူ"

ဟူ၍ စဉ်းစားဆင်ခြင်ပြီး ပြောလိုက်သည်။

◆◆◆

"ထက်မြက် ခဏလာခဲ့ဦး"

ဆိုသည့် ခန့်ငြားကို၏ခေါ်သံကြောင့် ထက်မြက် ကားရေဆေးပြီး ရေသုတ်နေရာမှ ခန့်ငြားကိုဆီကို အပြေးအလွှားရောက်လာသည်။

ထက်မြက်က ခန့်ငြားကိုနားမှာ ရိုရိုကျိုးကျိုးရပ်လိုက်ပြီး

''အစ်ကိုကြီး ကျွန်တော်ရောက်ပါပြီ''

ဟူ၍ ယဉ်ယဉ်ကျေးကျေးပြောသည်။ ခန့်ငြားကိုက ထက်မြက်လက်ထဲကို အိတ်နှစ်အိတ်ထည့်ပေးပြီး

''မင်းအတွက်''

ဟု ဆိုကာ ပေးသည်။ ထက်မြက်က ခန့်ငြားကို ပေးသော အိတ်ကိုဖွင့်ကြည့်သောအခါ အံအားတသင့်ဖြင့် ဝမ်းသာသွားပြီး

''ဟာ. . . ပုဆိုးအကောင်းစားကြီးပါလား။ ဦးဂျမ်းပုဆိုးပဲ။ ကျွန်တော်တစ်ခါမှ ဒီလိုဈေးကြီးတဲ့ ပုဆိုးတံဆိပ်မျိုးမဝတ်ဖူးဘူး။ ဟာ ဒီဘက်အိတ်ထဲမှာလည်း အကျီတွေကောင်းလှချည်လား။ ဒီလောက်သန့်ပြန့်တောက်ပြောင်တဲ့ အကျီမျိုးဝတ်ဖို့ တွေးတောင်မတွေးဖူးဘူး။

အစ်ကိုကြီးရယ်. . . အားနာစရာကြီး။ ဘာလို့ ဒီလိုအကောင်းစားကြီးတွေ ဝယ်ပေးရတာလဲဗျာ''

ဟူ၍ အားလည်း အားနာ၊ ဝမ်းလည်း ဝမ်းသာ၊ ကျေးဇူးလည်း တင်ရှိသောလေသံဖြင့် ပြောသည်။

ထက်မြက် သတင်းစာရောင်းရသောငွေ၊ တောက်တိုမယ်ရလုပ်ခဲ့ရသော ငွေကြေးတို့ဖြင့် အဖေနဲ့ သူတို့နှစ်ယောက်၏စားစရိတ်ကို ဖြေရှင်းရသည့်အပြင် အဖေ၏အရက်ဖိုးကိုလည်း ကြည်ကြည်ဖြူဖြူအကုန်အကျခံရသောကြောင့် အဝတ်အစားကောင်းကောင်းမွန်မွန် ဝတ်ခဲ့ရသည်ဟု မရှိပါ။ ဒါပေမဲ့ သူ့လုပ်အားဖြင့် အဖေ့ကို ရှာဖွေကျွေးမွေးရသည့်အတွက် သိပ်ကို ကျေနပ်မိတာအမှန်။

ခန့်ငြားကိုက ဝမ်းသာပြီးပြုံးနေသော ထက်မြက်၏မျက်နှာကို ကြည့်ပြီး

''ထက်မြက် မင်းဟာ အစ်ကိုတို့ အိမ်သားဖြစ်နေပြီလေ။ ပြီး

တော့ ကုမ္ပဏီအတွက် မင်းအလုပ်တွေလုပ်တဲ့အခါ အဝတ်အစားသန့်သန့်ပြန့်ပြန့်ရှိတော့ ပိုကောင်းတာပေါ့။ မင်းအတွက် ကုမ္ပဏီဝတ်စုံလည်း ထုတ်ပေးဦးမယ်။ ရော့. . . ဒီမှာ နာရီဗူးယူ။ ပြီးတော့ ဒီမှာက မင်းနဲ့သင့်တော်မယ့် ဖိနပ်ဝယ်ဖို့ ပိုက်ဆံ''

ဟု ဆိုကာ လိုအပ်တာတွေကို ကြည်ကြည်ဖြူဖြူနဲ့ မတွန့်တိုဘဲ ထုတ်ပေးသည်။

ထက်မြက်က ခန့်ငြားကို.ကို ကျေးဇူးတင်သော မျက်ဝန်းနဲ့ ကြည့်ပြီး . . .

''အစ်ကိုကြီးရဲ့ ကျေးဇူးတွေ သိပ်ကို များလွန်းနေပါပြီ''

ဟူ၍ ရင်ထဲမှလာသော လေသံဖြင့် ပြောလိုက်သည်။

◆◆◆

ထက်မြက်က ခန့်ငြားကိုပေးသည့် သူတစ်ခါမှမဝတ်ဘူးသေးသော အဝတ်အစားကောင်းများကို သူ့ဟာသူ ဝတ်ကြည့်ပြီး သဘောတွေကျနေမိသည်။ အခုလို ကံကောင်းနေသည်ကို သူ့အဖေကို သိစေချင်သည်။ ဆယ်တန်းအောင်သည်ကိုလည်း သူ့အဖေမြင်သွားစေချင်၏။

ခန့်ငြားကိုတို့ မိသားစုဟာ သူ့အပေါ်အလွန်ကောင်းသည့်အတွက် သိပ်ပြီးကြည်နူးမိသည်။ ထက်မြက်က ခန့်ငြားကိုတို့ အိမ်မှနေပြီး သူ့မေမေကို ရှာဖွေလိုစိတ်ပြင်းပြနေသည်။ ထက်မြက် သူ့မေမေ၏ရပ်ပုံလွှာကို အမျိုးမျိုးခန့်မှန်းကြည့်ပြီး ကြည်နူးနေတတ်သည်။

ခုတလော သူ့အတွက် ကံကောင်းခြင်းရောင်ခြည်များသန်းလာပြီဖြစ်သောကြောင့် သူ့၏မေမေကို တွေ့မည်ဟုယုံကြည်နေမိသည်။ ပြီးတော့ သူ့အမွှာညီအစ်ကိုတစ်ယောက်ကို တွေ့ချင်နေမိတာအမှန်။

ရှင်းရှင်းပြောရရင် သူ့အဖေ၏မိတ်ဆွေက သူ့မေမေနဲ့ အမှု
ညီအစ်ကိုအကြောင်းကို မပြောချင်ကတည်းက သူရဲ့မသိစိတ်မှာ အမှု
ညီအစ်ကို ရှိနေသလိုလို ခံစားနေရသည်မှာ မကြာခဏပါ။

သူဟာ အဝတ်အစားသစ်သစ်လွင်လွင်တောက်တောက်ပြောင်
ပြောင်ဝတ်ဆင်ပြီး ခန့်ငြားကိုတို့မောင်နှမကုမ္ပဏီသွားမယ့် ကားနားဝ
ရောက်ရှိလာသည်။

ခန့်ငြားကိုက ထက်မြက်၏အဝတ်အစားပြောင်းလဲမှုကြောင့်
အသွေးအမွေးပြောင်းလဲသွားသည်ကို တအံ့တသြကြည့်ပြီး

"မင်းက ဒီလိုမှ ပိုကြည့်ကောင်းသွားတာကွ"

ဟူ၍ချီးကျူးစကားဆိုသည်။ ပန်းသဇင်ကလည်း ကုမ္ပဏီသွား
ဖို့ပြင်ဆင်ပြီး ထွက်လာသည့်အခါ ထက်မြက်၏သန့်သန့်ပြန့်ပြန့်အပြ
အဆင်ကိုကြည့်ပြီး အောင်မြင့်ဝိုခဲ့ ခွဲမရအောင်တူပါလားဟူ၍ စိတ်တွင်း
မှ မှတ်ချက်ချလိုက်သည်။

ထက်မြက်ဝိုသည် ဟိုယခင်က နေပူစပ်ခါးမှာ ကြမ်းကြမ်းတမ်
တမ်း ဝမ်းရေးအတွက် အလုပ်လုပ်ခဲ့ရပြီး ခုတော့ ခန့်ငြားတို့ ညီအစ်ကို
၏ ပံ့ပိုးကူညီမှုကြောင့် မပင်ပန်းသည့်အလုပ်မျိုးကိုပဲလုပ်ရတာကြောင့်
အသားအရည်အသွေးအမွေးပြောင်းလဲစပြုလာသည်။

◆◆◆

"ထက်မြက်ရေ. . . ဒီပန်းပင်လေးတွေ နေရိပ်တဲ့ဘက်ရွှေ့ပေး
ပါဦး"

ဟူ၍ ပန်းသဇင်က ပန်းပင်လေးတွေကို တယုတယရေလောင်း
ပြီးထက်မြက်ကို အပင်တွေကို နေသားတကျရွှေ့ပေးဖို့ ခိုင်းလိုက်သည်

ထက်မြက်ကလည်း ခိုင်းလိုက်တိုင်း ပေါ့ပေါ့ပါးပါးသွက်သွက်လက်လက်
ဖြင့် ပန်းပင်တွေကို နေရိပ်တဲ့ဘက် ပြောင်းရွှေ့ပေးသည်။

ပန်းသဇင် ပန်းပင်ရေလောင်းနေရာမှာ ထက်မြက်ကိုတစ်ချက်
ငဲ့ပြီးစောင်းကြည့်လိုက်သည့်အခါ အောင်မြင့်ဝိုခဲ့ တူပဲတူနိုင်လွန်းသည်ကို
တွေ့မြင်ရသည့်အတွက် မနေနိုင်တော့ဘဲ ထက်မြက်၏မွေးနေ့များ မိမိ
အမှတ်ပဲမှားနေသလားဆိုပြီး

"ထက်မြက်. . . မွေးနေ့က ဘယ်နေ့လဲ"

ဟူ၍ မေးလိုက်သည်။

ထက်မြက်သည် သူ့ကို ပန်းသဇင်က အလုပ်ကိစ္စမှလွဲပြီး ကျန်
တာ ဘာမှမပြောဘူးတာကြောင့် အနည်းငယ်အံ့အားတသင့်တော့ ဖြစ်
သွားသည်။ ပန်းသဇင်၏အမေးကို မဖြေသေးဘဲ အံ့အားတသင့်ဟန်ဖြင့်
အောက်နှုတ်ခမ်းကို သွားကလေးဖြင့် ဖိကိုက်ထားသည်။

ပန်းသဇင်က ထက်မြက်၏ သူ့အောက်နှုတ်ခမ်းကို သွားဖြင့်
ဖိကိုက်ဟန်ကိုကြည့်ပြီး ဝိုလို့ပင် တုန်လှုပ်သွားမိသည်။ အောင်မြင့်ဝိုဟာ
လည်း တစ်ခုခုစိတ်လှုပ်ရှားလျှင် ဒီလိုပဲ အောက်နှုတ်ခမ်းကို သွားကလေး
ဖြင့် ဖိကိုက်တတ်သည်မဟုတ်လား။

အောင်မြင့်ဝိုခဲ့ ထက်မြက်ဟာ တော်တော်ကြီးကို တူလွန်းလှ
သည်။ စကားပြောပုံ၊ လမ်းလျှောက်ပုံ၊ မျက်လုံးကြည့်ဟန်၊ စိတ်လှုပ်ရှား
ဟန်တွေလည်း အတော်ကြီးဆင်လှသည်။ အရာအားလုံးဆင်တူပြီး
အသားအရည်သာကွာခြားသည်။ အောင်မြင့်ဝိုဟာ သူဌေးတစ်ဦးလို့
ပြောစရာမလိုအောင်ပင် အသားအရည်စိုစိုပြေပြေရှိလွန်းလှသည်။
ထက်မြက်ကတော့ နေလောင်နေသော ခပ်ခြောက်ခြောက်အသားအရည်
နဲ့။ ဒါပေမဲ့ ခုတော့ ထက်မြက်တစ်ယောက် ပန်းသဇင်တို့ အိမ်ရောက်လာ
ပြီးမှ နေပူထဲမှာ သိပ်ပြီး အလုပ်မလုပ်ရတာကြောင့် အသားအရည်ဟာ

ဟိုတုန်းကထက်စာရင် ပိုပြီးတောက်ပလာသည်။

ထက်မြက်က ပန်းသဇင်၏အမေးကို

''၃၁-၁၂-၁၉၇၇၊ စနေသားပါခင်ဗျာ''

ဟူ၍ ယဉ်ယဉ်ကျေးကျေးပြန်ဖြေသည်။

''အင်း. . . အောင်မြင့်ဝိုက (၁-၁-၁၉၇၈)၊ တနင်္ဂနွေသား။ ထက်မြက်က (၃၁-၁၂-၁၉၇၇)၊ စနေသား။ ဘယ်လိုမှလည်းမတူပါလား။ သူတို့နှစ်ယောက် အမွှာမဖြစ်နိုင်ပါဘူးလေ''

ဟူ၍ ပန်းသဇင်က တွေးလိုက်ပြန်သည်။ ပန်းသဇင်က ထက်မြက်ကို . . .

''ဒါနဲ့ မင်းအဖေနာမည်က''

ဟူ၍ မေးခွန်းထုတ်လိုက်ကောင်းကောင်းနဲ့ ထပ်မေးလိုက်သည်။ ထက်မြက်က ပန်းသဇင်ကို ရိုရိုကျိုးကျိုးဟန်ဖြင့်

''ဦးထွန်းဇော်ဝိုပါခင်ဗျာ'' ဟူ၍ဆိုသည်။

ပန်းသဇင်သည် အောင်မြင့်ဝိုနဲ့ ထက်မြက်က အမွှာညီအစ်ကို မဟုတ်ပေမယ့် အောင်မြင့်ဝိုကို ခေါ်ပြီး သူနဲ့ သိပ်တူလွန်းသော ထက်မြက်ကို ပြချင်နေမိသည်။ ဘယ်သူမဆို ကိုယ်နဲ့ သိပ်တူလွန်းသော သူကိုတော့ စိတ်ဝင်စားမှာပဲ မဟုတ်လား''

ဒါပေမဲ့ ပန်းသဇင်တစ်ယောက် သူ့အစ်ကိုသုံးယောက်ကြောင့် အောင်မြင့်ဝိုနဲ့ ဆက်ဆံရေးကျဲနေသည့်အတွက် အောင်မြင့်ဝိုကို ပြောပြဖို့အခွင့်အရေးမရနိုင်ပါ။

အစ်ကိုများနှင့် အောင်မြင့်ဝိုတို့ ထိပ်တိုက်ပြဿနာတက်ပြီး သည့်နောက်ပိုင်းမှာ ပန်းနဲ့ အောင်မြင့်ဝိုကို ဆက်သွယ်မှာစိုးတာကြောင့် အစ်ကိုတို့က ဟန်းဖုန်းကို သိမ်းထားလိုက်သည်။

◆◆◆

ပန်းသဇင် ခုတလော အောင်မြင့်ဝိုကို စွဲလမ်းတမ်းတစိတ်တို့ ရှင်သန်နေ၏။ သို့သော် အစ်ကိုသုံးယောက်၏ထိန်းချုပ်မှုကြောင့် အောင်မြင့်ဝိုကို ဆက်သွယ်ခွင့်မရ။ အောင်မြင့်ဝိုကို ပြောမပြတတ်တောင် သတိတရတသသဖြစ်နေမိ၏။ ဟိုစဉ်ကလို ဖုန်းခိုးဆက်ဖို့ အခွင့်အရေးပင် မရ။

ဟိုစဉ်က အစ်ကိုသုံးယောက် ဘောလုံးပွဲကြည့်နေချိန်မျိုးအလစ်မှာ အစ်ကိုတွေ၏ ဟန်းဖုန်းဖြင့် အောင်မြင့်ဝိုကို ဆက်သွယ်ခဲ့တာ မဟုတ်သား။ ခုတော့ အစ်ကိုတွေက ဘောလုံးပွဲကြည့်ဖို့ပင် သတိမရ။ တစ်နေ့တစ်နေ့ ကိစ္စအမျိုးမျိုးဖြင့် အပြင်ထွက်နေကြ၏။ အစ်ကိုကြီးသုံးယောက်က ခန့်ငြားလျှပ်စစ်လုပ်ငန်း၏လုပ်ငန်းတိုးချဲ့မှုကိစ္စရပ်များအပြင် ချစ်ခင်ကြင်နာစာ နဒီ၊ နရီ၊ ပန်းဝတ်မှုန်တို့ကြောင့် အလုပ်ရှုပ်နေ၏။ ထက်မြက်၏အမေနှင့် ညီလေးရှာဖွေဖို့ကိစ္စကို ပါးစပ်ကသာ ကူညီပေးမည်ပြောခဲ့ကြပေမယ့် လက်တွေ့မှာ သတိပင်မရခဲ့ကြ။ အစ်ကိုတွေ အလစ်ချောင်းပြီး ဟန်းဖုန်းဖြင့် အောင်မြင့်ဝိုကို ဆက်သွယ်ခွင့်မရ။ ခက်လိုက်တာရှင်။

ပန်း အောင်မြင့်ဝို့အသံလေးကို မက်မက်မောမောတောင့်တနေမိသည်။ အောင်မြင့်ဝို့အပေါ်ထားသည့် ပန်းအချစ်က အနှိုင်းအဆမဲ့ပါပဲ။

ပန်း အောင်မြင့်ဝို့အပေါ် အသက်တမျှ ချစ်ပေမယ့် အစ်ကိုသုံးယောက်၏ဆန္ဒကိုပယ်ရှားပြီး အောင်မြင့်ဝိုနဲ့ လူချင်းတွေ့ဆုံမှာတော့ မဟုတ်။

ပန်းလေ ဖူးစာမှန်လျှင် အောင်မြင့်ဝိုနဲ့ ဆုံဆည်းကြည်နူးရမည်ဟု စွဲစွဲမြဲမြဲယုံကြည်နေမိသည်။

◆◆◆

ကာကာတစ်ယောက် သူ့စီစဉ်သည့်အတိုင်း အစ်ကိုသုံးယောက်ကို ရှင်းပစ်ဖို့အတွက် ချစ်သူသုံးယောက်ရှာဖွေပေးသည့် အစီအစဉ်မှာ အောင်မြင်ခဲ့ပါပြီ။ အစ်ကိုသုံးယောက်လုံး အသီးသီးချစ်သူတွေရရှိခဲ့ပါပြီ။ သို့သော် သူနဲ့ ပန်းသဇင်တို့၏ ဆက်ဆံရေးမှာ မေးထူးခေါ်ပြောအဆင့်ပင်မရှိ။ ပန်းသဇင်ဟာ တခြားမိန်းကလေးတွေလို မဟုတ်။ သူ၏ရူပကာကို နည်းနည်းမှ စိတ်ဝင်စားဟန်မပြ။ ပန်းသဇင်၏ဟန်က သူ့ကို ဘယ်လိုမှကို အလေးမထား။

ဒီနေ့လည်း ကာကာက ပန်းသဇင်နဲ့ နီးစပ်ဖို့အတွက် တမင်ပင် အစ်ကိုသုံးယောက်နဲ့ အချိန်ကုန်အောင်ပင်နေသည်။ သူအချိန်ကုန်ခံရ ကျိုးနပ်သည်ဟု ဆိုရမည်။ ပန်းသဇင်က အပေါ်ထပ်မှနေပြီး ဆင်းလာသည်နဲ့ ကြုံသောအခါ သူက အခွင့်အရေးကို အမိဖမ်းကာ

''ပန်းသဇင်နဲ့ မတွေ့ရတာတောင် ကြာပြီနောက်''

ဟူ၍ နှုတ်ဆက်စကားဆိုလိုက်သည်။ ပန်းသဇင်က ခပ်တည်တည်မျက်နှာထားဖြင့်

''ဟုတ်ကဲ့''

ဟုသာပြောသည်။ အစ်ကိုသုံးယောက်သည် တခြားတစ်ယောက်ယောက်သာ သူ့ညီမကို ဒီလိုလာရောလျှင် ကျေနပ်မှာ မဟုတ်ပေမယ့် ကာကာဖြစ်နေတာကြောင့် ဘာမှမပြောတော့။ ကာကာက ပန်းသဇင်၏ ခပ်တည်တည်မျက်နှာထားကို လုံးဝမဖြုံသောဟန်ဖြင့်

''ပန်းအတွက် ကိုယ် စလင်းဘတ်တစ်အိတ်တောင်ဝယ်ထားသေးတယ်။ ကိုယ် ကားထဲမှာ သွားယူလိုက်ဦးမယ်။ ပန်း ခဏစောင့်''

ဟု ဆိုသောအခါ ပန်းသဇင်က ပုံမှန်မျက်နှာထားဖြင့်

''ရပါတယ်ရှင်. . . ပန်းမှာလည်း အိတ်တွေဝယ်ထားတာရှိတယ်။ တခြားအသိတစ်ယောက်ယောက်ကိုသာ ပေးလိုက်ပါ''

ဟူ၍ ကာကာ့စေတနာကို လက်မခံလိုသောလေသံဖြင့် ပြောသည်။ ကာကာဟာ သူ့အပေါ် ခပ်စိမ်းစိမ်းဆက်ဆံသော ပန်းကြောင့် ဆောင့်သက်သက်ကြီးဖြစ်သွားပေမယ့် ပန်းအပေါ် စိတ်ဝင်စားနေသော သူ၏စေတနာမေတ္တာတွေတော့ မပျက်သွားပါ။ သူဟာ ပန်းအပေါ်ချစ်မြဲ ချစ်လျက်ပါ။

ပန်း ဧည့်ခန်းမှနေပြီး မီးဖိုထဲကို ဝင်သွားသည်ကို သူအပြုံး မပျက်ဘဲ ငေးကြည့်နေပါသည်။

ခန့်ငြားကိုက သူ့ကို

''ကာကာရဲ့လုပ်ငန်းက အစုစပ်နော်''

ဟူ၍ သူ့လုပ်ငန်းအကြောင်းကို စိတ်ဝင်တစားဖြင့် မေးလာသည်။ သူက ခန့်ငြားကို ကိုကြည့်ပြီး

''ဟုတ်တယ် အစ်ကိုကြီး၊ သုံးဦးစပ်ပါ။ ကျွန်တော်နဲ့ အောင်မြင်ဗိုက ငွေအားရော၊ လူအားရောစိုက်တယ်။ အောင်ဖြိုးကတော့ လုပ်အားပဲ စိုက်နိုင်တယ်''

ဟူ၍ ပြေပြေလည်လည်ရှင်းပြသည်။

ခန့်ငြားကိုက မျက်မှောင်တစ်ချက်ကျုံ့ပြီး

''မင်း ဒီလို သုံးဦးစပ်လုပ်တာက မဟုတ်သေးပါဘူး။ တော်ကြာပြဿနာတွေ ဘာတွေဖြစ်လာဦးမယ်။ မင်းမှာ ငွေအားရော၊ လူအားရောရှိတာပဲ။ ကိုယ့်ဟာကိုယ် သီးသန့်လုပ်ကြည့်ပါလား''

ဟူ၍ ကာကာ့အတွက်စိတ်ပူပြီး အကြံဥဏ်ပေးလာပါသည်။ ကာကာက ခပ်ရွှင်ရွှင်မျက်နှာထားနဲ့ပဲ

''ကျွန်တော်တို့ သုံးယောက်က ငယ်ငယ်ကတည်းက ခင်ကြတာ။ ပြီးတော့ ညီအစ်ကိုအတိုင်းပဲ ချစ်ကြတာ။ ကျွန်တော်တို့ သုံးယောက်လုံး ဖြူစင်တဲ့ စိတ်ရင်းနဲ့ပဲ တစ်ယောက်နဲ့ တစ်ယောက်ဆက်ဆံကြတယ်။

တစ်ယောက်နဲ့ တစ်ယောက် လိမ်တာ ကောက်တာလုံးဝမရှိဘူး။ တစ်ယောက်နဲ့ တစ်ယောက် မကျေနပ်တာရှိရင်လည်း ဘယ်တော့မှ စိတ်ထဲမှာ အငြိုးတကြီးနဲ့ မှတ်ထားတာမျိုး၊ တေးထားတာမျိုး လုံးဝမရှိဘူး။ တစ်ယောက်နဲ့ ကစ်ယောက်ပွင့်ပွင့်လင်းလင်းပဲ ဖြေရှင်းလိုက်ကြတာ။ ကျွန်တော်လည်း သူတို့နှစ်ယောက်ကို ဘယ်တော့မှ လိမ်မှာမဟုတ်ဘူး သူတို့နှစ်ယောက်ကလည်း ကျွန်တော့်အပေါ်ကောက်ကျစ်မှာ မဟုတ်ဘူးလို့ ကျွန်တော်ယုံကြည်တယ်။ တကယ်လို့ သူတို့နှစ်ယောက်က လုပ်ငန်းရဲ့ငွေတွေကို အလွဲသုံးစားလုပ်ခဲ့ရင်တောင်မှ ကျွန်တော်အပြုံးမပျက်ဘဲ သူတို့နှစ်ယောက်ကို ခွင့်လွှတ်ပေးမှာပါ။ အစ်ကိုကြီး ကျွန်တော့်ကို ခုလိုမျိုးအကြံပေးတာကိုတော့ တကယ့်ကို ကျေးဇူးတင်တယ်ဗျာ''

ဟူ၍ ရယ်ရယ်မောမော နဲ့ ပြန်ပြောလိုက်ပါသည်။

ခန့်ငြားငယ်က သူ့အစ်ကိုကြီးဘက်လှည့်ပြီး

''အစ်ကိုကြီးကလည်း သူတို့ဟာသူတို့ အဆင်ပြေနေတဲ့ဟာဘာလို့ သွားပြောတာလဲ''

ဟု ပြောသည်။ ခန့်ငြားကိုက ခန့်ငြားငယ်ကို

''ငါကလည်း ကာကာ့အတွက် စိတ်ပူလို့ အကြံပေးလိုက်တာပါကွာ။ သူတို့သုံးယောက်ကို အပေါ်ယံရှုပ်ပြီး ခင်တဲ့သူငယ်ချင်းလို့ပဲ ထင်တာကိုး''

ဟူ၍ ပြန်လည်ဖြေရှင်းသည်။ ကာကာကတော့ ပြုံးပြုံးပြုံးပြုံး နဲ့ပင်

''ရပါတယ် အစ်ကိုကြီးရဲ့စေတနာကို ကျွန်တော်နားလည်တာပဲဗျာ''

ဟူ၍ အသာအယာပင်ပြောသည်။ ခန့်ငြားမောင်က နာရီကို တစ်ချက်ကြည့်လိုက်ပြီး

''ထက်မြက် အဝေးသင်ဖောင်သွားတင်တာ တော်တော်ကြာပြီ။ ဒီကောင် ဘာလို့ ကြာနေတာလဲ''

ဟု ညည်းညည်းတွားတွားဖြင့် ပြောဆိုသည်။ ခန့်ငြားငယ်က

''ကျွန်တော် ပြောသားပဲ။ ထက်မြက် ရန်ကုန်ကားတွေစီးတာ မကျွမ်းသေးပါဘူးလို့။ ကြည့်ရတာ ထက်မြက် ရွာလည်နေပြီနဲ့တူတယ်''

ဟု ခန့်ငြားမောင်ကို ပြောသည်။ ကာကာက

''ဘယ်က ထက်မြက်လဲ''

ဟူ၍ သူတစ်ခါမှ မကြားဖူးတာကြောင့် ဖြတ်ခနဲမေးလိုက်သည်။ ခန့်ငြားကိုက တည်ကြည်သောမျက်နှာထားဖြင့်

''အစ်ကိုတို့ မန္တလေးမှာနေတုန်းက သတင်းစာပို့တဲ့ကောင်လေးလေ။ သူ့အဖေလည်း ဆုံးသွားပြီ။ ပြီးတော့ ဟိုမှာရှိတဲ့ သူ့အဖေအမျိုးတွေကလည်း သူနဲ့အဆင်မပြေတော့ ဒီမှာခေါ်ထားတာ ထက်မြက်က မဆိုးပါဘူး။ ခိုင်းရပြုရတာလည်း ပေါ့ပေါ့ပါးပါးရှိတယ်။ ကာကာနဲ့ ဆက်မြက် တစ်ခါမှ မဆုံးသေးဘူးနဲ့ တူတယ်'' ဟူ၍ ပြောသည်။

ခန့်ငြားငယ်က ကာကာ့ကို

''ထက်မြက်က ကာကာ့သူငယ်ချင်း အောင်မြင်ဗိုနဲ့တော့ အတော်ကြီးရှုပ်တူတယ်။ အသားနည်းနည်းညှိတာနဲ့ ဖြူတာပဲကွာတယ်''

ဟု တရင်းတနှီးဆိုလာသောအခါ ကာကာက

''အင်း... အမွာရှူးရှူးနေတဲ့ အောင်မြင်ဗိုသာ ဒီတစ်ယောက်ကို ခွေ့ပေးလိုက်ချင်တယ်။ တွေ့မျှားတွေ့ရင် ဘယ်လိုဖြစ်မလဲ''

ဟု ကြိတ် တွေးပြီး တစ်ချက်ပြုံးလိုက်မိသည်။

ကာကာက ပန်းသင်္ဘောတို့ အိမ်မှာ အတော်ကြာအောင်နေပြီးမှ ပြန်လာခဲ့သည်။

◆◆◆

အခန်း (၄၄)
မေတ္တာ

ဒီနေ့ AKA အလူမီနီယံနှင့် အိမ်အလှဆင်လုပ်ငန်းမှာ ကာကာဇော်၊ အောင်မြင့်ဝိုနှင့် အောင်ဖြိုးတို့ သုံးဦးလုံး ဆုံနေကြသည်။ အပြင်ထွက် အလုပ်လုပ်စရာမရှိဘဲ သုံးယောက်လုံးလုပ်ငန်းမှာ ဆုံရသောအချိန်က ခပ်ရှားရှားရယ်။

အောင်မြင့်ဝိုက အလုပ်သမား(၃၀)ကျော်၏ လုပ်ငန်းဆောင်ရွက်နေပုံကို ကြီးကြပ်စစ်ဆေးပြီး ရုံးခန်းထဲဝင်လာသည်။ ရုံးခန်းထဲ မဝင်ခင် တပည့်မောင်တိုးကိုလည်း လက်ဖက်ရည်ဝယ်ဖို့ မှာလိုက်သေး၏။ အောင်မြင့်ဝိုတို့ သူငယ်ချင်းသုံးယောက်လုံး လက်ဖက်ရည်ကြိုက်ကြတာ မဟုတ်လား။

ရုံးခန်းထဲမှာ ဒေဝိနှင့် အောင်ဖြိုးတို့က နှစ်ယောက်သားစကား တပြောပြောနှင့် စစ်တုရင်ထိုးနေကြသည်။ ကာကာဇော်ကတော့ AKA လုပ်ငန်းနှင့်ပတ်သက်သော ဒီဇိုင်းပုံစံတွေကို ကြည့်ရှုဆန်းစစ်နေသည်။

ကာကာဇော်က ဒီဇိုင်းအမြင်ဆန်းသစ်လွန်းသူပါ။ အောင်မြင့်ဝိုက သူ့အလုပ်စားပွဲမှာ ထိုင်ပြီး

"မေမေ နေမကောင်းဖြစ်နတယ်"

ဟု စကားစလိုက်မိသည်။ အောင်ဖြိုးက စစ်တုရင်ထိုးနေရင်းမှ

"ဟုတ်လား ဘာဖြစ်တာလဲ"

"ဘာဖြစ်မှန်းမသိသေးဘူး"

ဟု သူက ပြန်ဖြေလိုက်၏။

"ဟုတ်လား. . . ဆေးခန်းမသွားဘူးလား"

ဟု ကာကာဇော်က ဝင်ပြောသည်။

"မေမေကြီး မိတ်ဆွေတိုင်းရင်းဆေးဆရာကြီးဦးစံသာဆီမှာ သွားပြတယ်လေ။ ဒီမနက်အလုပ်မလာခင်သွားပြတာ။ မေမေနဲ့ မေမေကြီးကတော့ ဘာရောဂါပဲဖြစ်ဖြစ် ဦးစံသာကိုပဲ အားကိုးတယ်လေ။ အားကိုးရအောင်လည်း ဆေးစွမ်းထက်တာ"

ဟု သူက အသာအယာပင်ပြောလိုက်သည်။ အဲဒီအချိန်မှာ အောင်တိုးက လက်ဖက်ရည်ခွက်တွေကို သူတို့ရှေ့အရောက်လာချပြီး ထွက်သွားသည်။

"မင်းကလည်း နာမည်ကြီးဆေးခန်းတွေ ဒီလောက်ရှိနေတာပြီးတော့ ငွေလည်းတတ်နိုင်တာပဲ။ အဲဒီလို ဆေးခန်းတွေသွားပြတာ မဟုတ်ဘူး"

ဟု ကာကာက လက်ဖက်ရည်တစ်ကျိုက်သောက်ပြီးပြောသည်။ ကာကာ၏စေတနာကို သူနားလည်ပါသည်။

"အဲဒီ နာမည်ကြီးဆေးခန်းတွေလည်း သူ့ဟာနဲ့သူကောင်းတာပါပဲတယ်။ ဒါပေမဲ့... ကိုယ့်မေမေကြီး ဆေးဆရာကြီးကလည်း အဲ့သြဠာလောက်အောင်ကို ဆေးစွမ်းထက်တာ"

အောင်မြင်ဝိုက ပြန်လည်ပြောဆိုလိုက်သည်။

တစ်အောင့်လောက်ကြာအောင်ပင် အောင်မြင်ဝိုတို့ အခန်းထဲမှာ တိတ်ဆိတ်မှုက နေရာယူသွားသည်။

''ကြည့် ကိုအောင်ဖြိုးရှုံးပြန်ပြီ။ ဒေဝီကို မတူရင် မတုပါနဲ့''

''တစ်ပွဲတစ်လေရှုံးတာနဲ့ ဘာမှမဖြစ်ဘူး။ နောက်တစ်ပွဲ ဆက်ပြိုင်ကြတာပေါ့။ ဒီပွဲတော့ ကျွန်တော်နိုင်မှာသေချာတယ်''

ဒေဝီနှင့် အောင်ဖြိုးတို့ နှစ်ယောက်သားအသည်းအသန်စစ်တုရင်ထိုးနေကြသည်။ အငြင်းအခုန်လေးတွေလည်းပါသေးသည်။

''ကာကာ မင်းနဲ့ မြစိမ်းရောင်မင်းသမီးလေးအခြေအနေဘယ်လိုလဲ''

အောင်မြင်ဝိုက ကာကာဖော့အနားလျှောက်သွားပြီး ကာကာဖော့ဘေးမှ ထိုင်ခုံမှာထိုင်လိုက်ကာ ဒေဝီမရိပ်မိအောင် ခပ်တိုးတိုးပင်ပြောလိုက်သည်။ ကာကာက မထိတထိ အပြုံးမျက်နှာလေးဖြင့်

''သူ့အစ်ကို ယောက်ဖလောင်းတွေနဲ့ သိပ်ရင်းနှီးနေပြီ။ ဒါပေမဲ့ သူညီမလေး ငါချစ်ချစ် ပန်းသဇင်နဲ့တော့ စကားပြောခွင့်ကို မရဘူး။ ပန်းက ငါ့တွေ့ရင် ဘာလို့မှန်းမသိ ရှောင်ရှောင်နေတယ်။ စိတ်ပူစရာမရှိပါဘူး။ ငါသမိုင်းမှာ ငါကိုမငြိတဲ့ မိန်းကလေးမရှိစေရဘူး''

ဟု ပခုံးကို တစ်ချက်ဆတ်ခနဲ တွန့်လိုက်ပြီး ဟန်ပါပါပြောသည်။ ကာကာဖော့ပုံက သူပဲ ပန်း၏အရှင်သခင်ဖြစ်လာမည့်ပုံပဲ။ ပန်းကို ခြံရှေ့မှာဖြစ်ခဲ့သည့် ပြဿနာကြောင့် ပန်းနှင့်တွေ့ရန် အောင်မြင်ဝို အခွင့်မသာ။ စက်မှုဇုန်မှကိစ္စကြောင့် အလုပ်များနေ၍ ပန်းနဲ့မဆုံဖြစ်တာကြာပြီ။

ဘာပဲဖြစ်ဖြစ် တစ်ချိန်ကျရင် ဘယ်သူက မြစိမ်းရောင်မင်းသမီး ပန်း၏ ပိုင်ရှင်ဖြစ်လာမလဲဟု အဖြေက ပေါ်လာမှာပါ။

■

အခန်း (၄၅)
အရှိ အရှိအတိုင်း

ကာကာဟာ ပန်းသဇင်ကို ချဉ်းကပ်၍မရသောကြောင့် သူ့အစ်ကို တွေဆီကပဲ ပန်းသဇင်နဲ့ လက်ထပ်ခွင့်တောင်းဖို့ ဆုံးဖြတ်လိုက်သည်။ ကာကာဟာ အနောက်တိုင်းဝတ်စုံကို ခါတိုင်းထက်ပို၍ ကျော့ကျော့မော့မော့ဝတ်ကာ ပန်းသဇင်၏ အစ်ကိုသုံးယောက်ထံ သွားခဲ့သည်။

''ကျွန်တော် ရှေ့မျက်နှာနောက်ထားပြီး အစ်ကိုတို့ သုံးယောက်ကိုတောင်းဆိုစရာရှိလို့လာခဲ့တာ''

ကာကာက ခါတိုင်းနဲ့မတူ တည်ကြည်ပြီး ကရုဏာသက်စရာကောင်းသော မျက်နှာထားဖြင့် ပန်းသဇင်၏အစ်ကိုသုံးယောက်ကို စကားစလိုက်သည်။

ပန်းသဇင်၏ အစ်ကိုသုံးယောက်မှာ ခါတိုင်းနဲ့မတူထူးခြားနေသော ကာကာ၏မျက်နှာထားကြောင့် ကာကာတစ်ယောက် ဘာများပြော

မလဲဟု စိတ်ဝင်စားသွားကြသည်။ ခန်ဘြားကိုက ကာကာ့ကိုကြည့်ပြီး

''မင်း ပြောမယ့်ကိစ္စက အရေးကြီးတယ်နဲ့တူတယ်။ ပြော၊ ဘာမှ အားမနာနဲ့''

ဟူ၌ ပြောလိုက်မိသည်။ ကာကာက တည်ကြည်ပြီး ကရုဏာသက်စရာ မျက်နှာထားလေးနဲ့ပဲ

''ကျွန်တော်ပြောမယ့်စကားကို အစ်ကိုတို့ နားနဲ့မနာ ဖဝါးနဲ့နာပါခင်ဗျာ။ ကျွန်တော် အခုတောင်းဆိုမယ့်ကိစ္စက အစ်ကိုတို့ကို စော်ကားသလိုဖြစ်သွားရင်လည်း ခွင့်လွှတ်ပါဗျာ။ ကျွန်တော့်မှာလည်း နှလုံးသားဝေဒနာကို အသည်းထဲမှာ ခံစားနေရလွန်းလို့သာ တောင်းဆိုရတာပါ။ ကျွန်တော်လေ ပန်းသဇင်ကို သိပ်ချစ်နေပါတယ်''

ဟု သနားစဖွယ်လေသံကလေးဖြင့် ပြောသည်။

ကာကာ၏စကားကြောင့် ခန်ဘြားကိုတို့ ညီအစ်ကိုသုံးယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိသွားသည်။

တစ်ခြားတစ်ယောက်ယောက်သာ သူတို့ ညီမချောလေးကို လာပြီး ချစ်ရေးဆိုပါက သူတို့သုံးယောက်လုံး ထိန်းမနိုင်သိမ်းမရ ဒေါသထွက်မှာဖြစ်ပေမယ့် ကာကာဖြစ်နေတာကြောင့် သူတို့ ဘာမှပြန်ပြီး မတုန့်ပြန်မိကြ။

ကာကာက နှလုံးသားထဲမှ ခံစားနေရသော ဟန်ပန်ဖြင့်

''အစ်ကိုတို့လည်း ကျွန်တော့်ရဲ့လုပ်ရည်ကိုင်ရည်နဲ့ ကျွန်တော်ရဲ့စီးပွားရေးလုပ်ငန်းတွေအကြောင်း သိနေတာပဲမဟုတ်လား။ ကျွန်တော် အခြေအနေက ပန်းသဇင်ကို တင့်တောင့်တင်တယ်ထားနိုင်ပါတယ်''

ဟူ၌ အလွန့်အလွန်ယဉ်ကျေးသော လေသံဖြင့် ပြောလိုက်သည်။

ကာကာကို ညီအစ်ကိုသုံးယောက်လုံးက ခင်ကြပါသည်။ သို့သော် ညီမလေး ပန်းသဇင်ကို ပေးရလောက်အောင်တော့ မခင်မင်နိုင်ပါ။

ခန်ဘြားကိုက ကာကာ့ကို

''ညီမလေးနဲ့ပတ်သက်နေတဲ့ကိစ္စမှာတော့ ငါတို့ဝင်ပြီး ဆုံးဖြတ်ပေးလို့ မရဘူးကွ။ ပန်းသဇင်လည်း အဲဒီလောက်ထိ လက်ခံမယ် မထင်ဘူး။ ကာကာ မင်းကိုတော့ အစ်ကိုကြီး သိပ်ကိုအားနာပါတယ်''

ဟု ပြေပြောလည်လည်ပဲ ပြောသည်။

ကာကာဟာ အစ်ကိုသုံးယောက်လုံး သူ့ဘက်မှာရပ်တည်နေမယ်သင်ထားပေမယ့် ထင်ထားသလို မဖြစ်လာတာကြောင့် ခေါင်းငိုက်စိုက်ကျကာ အကြီးအကျယ်ပင် စိတ်ထိခိုက်သွားသည်။

◆◆◆

ကာကာ ပြန်သွားသောအခါ ခန်ဘြားကိုတို့ ညီအစ်ကိုသုံးယောက် ခေါင်းချင်းတိုက်ကာ ဆွေးနွေးကြသည်။ ခန်ဘြားငယ်က

''ဟုတ်တယ်. . . ကာကာက အားလုံးတော်တာတော့ မှန်တယ်။ အရင်ကရည်းစားတွေ သိပ်များပြီး အခုမှခြေငြိမ်သွားတာ ကျွန်တော်တို့ အသိပဲမဟုတ်လား။ ကာကာနဲ့တော့ လုံးဝမဖြစ်နိုင်ပါဘူး''

ဟူ၌ စိတ်ရင်းအတိုင်းပင်ပြောသည်။ ခန်ဘြားကိုက

''အေးကွာ. . . ကာကာ့ကို မိတ်ဆွေအပေါင်းအသင်းအနေနဲ့တော့ လက်ခံနိုင်ပါတယ်။ ဒီကောင် ဒီလိုပြောလာမယ်တော့ လုံးဝမထင်ဘူး။ ဒီကောင်နဲ့ယှဉ်ရင် အောင်မြင်ဝိုကမှ ပိုပြီးတည်တည်တံ့တံ့ရှိသေးတယ်။ ပြောလို့ ပြောတာမဟုတ်ဘူး။ ကာကာနဲ့ ယှဉ်ရင် အောင်မြင်ဝိုက မှ ဟုတ်သေးတယ်''

ဟူ၌ အောင်မြင်ဝိုကို အမုတ်ပေးသော စကားပြောသည်။

ခန်ဘြားငယ်က

''အစ်ကိုကြီးကလည်း မဟုတ်သေးပါဘူး။ သူဟာသူ တည်တည်တံ့တံ့ရှိတာနဲ့ ညီမတစ်ယောက်လုံး ပေးလိုက်ရမှာလား''

ဟူ၍ ညီမလေးအပေါ် သဝန်တိုကာ မကျေမနပ်ဖြင့် ပြောသည်။ ခန့်ငြားကိုက

''ဘာပဲဖြစ်ဖြစ် အစ်ကိုကြီးတို့မှာလည်း မေတ္တာရှိရမယ့်သူတွေကိုယ်စီရှိနေပြီ မဟုတ်လား။ ညီမလေးလည်း အောင်မြင့်ဗိုအပေါ်မှာ မေတ္တာရှိနေတာ အစ်ကိုကြီးတို့အသိပဲ မဟုတ်လား။ ဟိုတလောတုန်းက ဖြစ်တဲ့ ပြဿနာကြောင့်သာ ညီမလေးက အစ်ကိုကြီးတို့ သုံးယောက်ကို ငဲ့ကွက်ပြီး အောင်မြင့်ဗိုကို အဆက်အသွယ်မလုပ်တာ မဟုတ်လား။ အစ်ကိုကြီးတို့ သုံးယောက်ကလည်း ညီမလေးအပေါ် နားလည်ပေးမှဖြစ်မှာပေါ့''

ဟူ၍အေးအေးဆေးဆေးတစ်ခွန်းချင်းပြောသည်။ ခန့်ငြားမောင်က အစ်ကိုကြီးခန့်ငြားကို၏စကားကို ခေါင်တည်တည်ဖြင့် နားထောင်ပြီး

''အစ်ကိုကြီး ပြောတာ နည်းလမ်းကျတယ် ကိုငယ်။ ဘာပဲဖြစ်ဖြစ် တို့တွေက ညီမလေးကို နားလည်ပေးရမှာပေါ့။ ဒါမှလည်း ငါတို့ ညီမလေးကို မှန်ကန်တဲ့ ချစ်ခြင်းနဲ့ ချစ်ရာရောက်တော့မှာပေါ့''

ဟူ၍ ဆိုသည်။

ခန့်ငြားငယ်က တစ်ချက်ငြိမ်သွားပြီး စဉ်းစားသည်။ အစ်ကို နှစ်ယောက်၏ပြောစကားကို အလေးအနက်ပြန်စဉ်းစားသည်။ အစ်ကို နှစ်ယောက်ပြောတာမှန်ပေမယ့်လို့ သူ့နှုတ်ဖြင့် ဝန်ခံဖို့ တွန့်နေမိသည်။ ဘာပဲဖြစ်ဖြစ် သူညီမလေးစိတ်ချမ်းသာတာကိုပဲ သူမြင်ချင်သည်။

ခန့်ငြားငယ်က

''အစ်ကိုတို့နှစ်ယောက်ပြောတာကို ကျွန်တော်လက်ခံလိုက်ပါ့မယ်''

ဟူ၍ မလှုပ်တလှုပ်လေသံဖြင့် ပြောသည်။ သူတို့ ညီအစ်ကို သုံးယောက်လုံး ကာကာနဲ့ သူညီမကို လုံးဝလုံးဝ သဘောမတူနိုင်ပေ။ ဘကယ်တမ်း ညီမလေးကို အိမ်ထောင်ချပေးရမည်ဆိုလျှင်တော့ အောင်မြင့်ဗိုကိုပဲ ရွေးချယ်စေချင်သည်။

''ဘယ်သူ့ကိုမှတော့ ညီမလေးကို မပေးချင်ဘူး''

''ဒါဆို ငါတို့ အိမ်ထောင်ပြုရင် ညီမလေးတစ်ယောက်တည်း ဖြစ်နေမှာ''

''အင်းလေ. . . ညီမလေးကို မဖြစ်မနေအိမ်ထောင်ပြုပေးရမယ်ဆိုရင်တော့ အောင်မြင့်ဗိုကတော့ မဆိုးဘူးကွ။ သူ့အလုပ်အကိုင် သူ့ကိုယ်ရည်ကိုယ်သွေး ဘာတစ်ခုမှ အပြစ်ပြောစရာမရှိဘူး။ လူတော်ဘစ်ယောက်ပဲ''

သူတို့ သုံးယောက်တိုင်ပင်ညှိနှိုင်းနေသည့် စကားကို ပန်းသင်္ဘင်အမှတ်တမဲ့ကြားပြီး ပြုံးလိုက်မိသည်။ နောက်ဆုံးတော့လည်း ကိုအောင်မြင့်ဗိုသည် အစ်ကိုသုံးယောက်၏ စားမေးပွဲတွင် ဂုဏ်ထူးများစွာဖြင့် အောင်မြင်ခဲ့လေပြီ။

■

''မေမေကြီးရယ် တရားနဲ့ဖြေပါ။ မေမေကြီးပဲ သားကို ပြောခဲ့ဘယ်လေ။ လူတိုင်းတစ်နေ့ကျရင် ဒီလမ်းပဲသွားရမှာပဲဆို။ မသွားချင်ကသိုလ်ကောင်းမှုသာများများလုပ်ထားလို့ မေမေကြီးခဏခဏပြောဘယ်လေ။ ဘာပဲဖြစ်ဖြစ် သမားတော်ကြီး ဦးစံသာလို မကောင်းမှုရှောင်ကောင်းမှုဆောင်ပြီး စိတ်ကိုဖြူအောင်ထားတတ်တဲ့ သူက ကောင်းရာသုဂတိရောက်မှာပါ''

သူက မေမေကြီးကို ကြဖန်အားပေးနေသော်လည်း သူ့အသံကဆို့နစ်နစ်ကြီးဖြစ်နေတာ သူသာအသိဆုံး။ တိုင်းရင်းဆေးသမားတော်ကြီး ဦးစံသာအတွက် နှလုံးသားထဲမှာ တမြွေမြွေခံစားနေရပါသည်။

မနေ့တစ်နေ့ကမှ မေမေ့ကို ဆေးကုပေးသည့် ဆရာကြီးဦးစံသာကို စိတ်မျက်စိတွင် မြင်ယောင်နေမိ၏။

■

အခန်း (၄၆)
ကြယ်ပွင့်ကြွေ

ဒီနေ့ သူအလုပ်မှ ပြန်လာသည့်အခါ မေမေကြီးမျက်နှာ မသာမယာဖြစ်နေ၏။ မေမေလည်း မေမေကြီးနည်းတူ မျက်နှာမကောင်းလှတာကြောင့် သူရင်ထိတ်သွားမိသည်။

''မေမေကြီး ဘာတွေ စိတ်မကောင်းစရာရှိလို့လဲ''

သူကြင်နာနွေးထွေးစွာ မေးလိုက်၏။ မေမေကြီးက စိတ်ပင်ပန်းနေသော မျက်နှာထားဖြင့်

''တိုင်းရင်းဆေးဆရာကြီးဦးစံသာ ဆုံးသွားပြီ သား''

ဟု ရိုက်သံဖြင့် ဖြေသည်။ မေမေကြီးစကားကြောင့် သူ တုန်လှုပ်သွားမိသည်။ ပြောမပြတတ်အောင် ဝမ်းနည်းကြေကွဲမိသည်။ ဆရာကြီးလို မေတ္တာအလင်းရှင်တစ်ယောက်ဆုံးပါးသွားသည်ကို ဆို့နစ်စွာ ခံစားရသည်။

''ပန်းသဇင်ဆီ အရောက်လာခဲ့ရတာပေါ့''

ဟူ၍ ခပ်သွက်သွက်လေသံကလေးဖြင့် ပြောသည်။ ထူးတော့ ထူးဆန်းသည်။ ကလင်း လာတိုင်း လာတိုင်း ထက်မြက်ခဲ့ အမြဲဆုံသည်။ နွေးကြူက ချစ်စဖွယ်ဟန်ပန်ဖြင့် မျက်နှာကို တစ်ချက်ရှုံ့မဲ့လိုက်ပြီး

''ငါ ဗိုက်ဆာနေပြီ။ အိမ်က စားခဲ့တာတွေက လမ်းမှာ အစာကြေကုန်ပြီနဲ့တူတယ်။ ပန်းသဇင်ရယ် စားဖို့စီစဉ်ပါဦး''

ဟူ၍ သူ့ဗိုက်ကိုကာပြောသည်။ ပန်းသဇင်က ချိုသာသိမ်မွေ့သော မျက်နှာထားဖြင့်

''အတော်ပဲ။ အိမ်မှာ ဖက်ထုပ်လုပ်ထားတာရှိတယ်''

ဟူ၍ အသာအယာလေသံဖြင့် ပြောသည်။ ပန်းသဇင်က သူ့အနားမှာ ကြက်မွေးတစ်ချောင်းဖြင့် ဖုန်သုတ်နေသော မိရွှေကို

''မိရွှေရေ နင့်အစ်မတွေအတွက် ဖက်ထုပ်ယူခဲ့။ လက်သေချာဆေးပြီးမှ ယူခဲ့နော်''

ဟူ၍ ပုံမှန်လေသံဖြင့် ပြောလိုက်သည်။ မိရွှေက ကြက်မွေးလေးကို ကိုင်ပြီး

''ဟုတ်ကဲ့...မမပန်းသဇင်''

ဟု ဆိုကာ ထွက်သွားပါသည်။ ကလင်းက ဧည့်ခန်းထဲကို ဝင့်ဝါကြည့်ရင်း

''ပန်းသဇင်... နင့်အိမ်က တိတ်ဆိတ်လှချည်လား။ နင့်အစ်ကို တွေရော မတွေ့ပါလား''

ဟူ၍ပေါ့ပေါ့ပါးပါးလေသံကလေးဖြင့် မေးလာသည်။ ပန်းသဇင်က မျက်နှာလှလှလေးကို ချစ်စဖွယ်ဟန်ပန်ဖြင့် ရှုံ့မဲ့ပြီး

''ပန်းရဲ့အစ်ကိုသုံးယောက်က ဟိုတုန်းကလို မဟုတ်တော့ဘူးလေ''

အခန်း (၄၇)
နီးနီးလေးနဲ့ ဝေး

ကလင်းက ထက်မြင်ပေးသည့် နှင်းဆီပန်းကို မြတ်မြတ်နိုးနိုးကိုင်ပြီး အိမ်ထဲဝင်လာသည်။

''ကလင်းနဲ့ နွေးကြူ... နင်တို့ နှစ်ယောက် ဘယ်က လှည့်လာတာလဲ''

ဟူ၍ ပန်းသဇင်က သူငယ်ချင်မနှစ်ယောက်ကို ဝမ်းသာအဲလယ်လေသံဖြင့် မေးလိုက်သည်။ ကလင်းက ဧည့်ခန်းထဲမှ ဆိုဖာထိုင်ခုံပေါ်မှာ စွေ့ခနဲ ထိုင်လိုက်ပြီး

''ဘယ်ကမှ လှည့်လာတာမဟုတ်ဘူး။ ပန်းသဇင်ဆီပဲ တန်းလာတာ။ ပန်းသဇင်ကို သတိရလို့''

''ဟုတ်ရဲ့လား။ ထက်မြက်ဆီလာတာ မဟုတ်လား''

ပန်းသဇင်ရဲ့ အမေးကို ကလင်းက ရှက်စနိုးနဲ့

ဟူ၍ အနည်းငယ်ညည်းညူသံပါသည့်လေသံဖြင့် ပြောသည်။ နွေးကြူက သူ့လက်ညှိုးနှစ်ဖက်ကို ခေါင်းမှာ ကျိုကလေးနဲ့ ထောင်ပြပြီး

''ဘယ်ဖြစ်နေလို့လဲ။ ကျိုတွေ ဘာတွေများပေါက်နေလို့လား''

ဟူ၍ ကျိကယ်ကာမေးသည်။ ကလင်းကလည်း နွေးကြူကို ဘတ်ခနဲ လှမ်းပုတ်ပြီး

''ဟယ်. . . နင်ကလည်း သူများအစ်ကိုတွေကို အဲဒီလို မစော်ကားနဲ့လေ။ သူ့အစ်ကိုတွေက လူတွေဟာ။ ကျိပေါက်မလား။ အမြီးပဲ ပေါက်ချင်ပေါက်မှာပေါ့''

ဟူ၍ နောက်တီးနောက်တောက်ပြောသည်။

ပန်းသဇင်က ကလင်းနဲ့ နွေးကြူတို့၏ စနောက်ပြောဆိုမှုကြောင့် လှိုက်လှိုက်လဲ့လဲ့ရယ်မောလိုက်သည်။ နဂိုထဲက လှပြီးသားပန်းသဇင်ဟာ ရယ်မောလိုက်တာကြောင့် ပိုပြီးလှပသွားသည်။

မိရွှေက ဖက်ထုပ်ပန်းကန်လေးကိုင်ပြီး ညှော်ခန်းထဲပြန်ရောက်လာပြီး ကလင်းနဲ့ နွေးကြူနားရှိ စားပွဲပုလေးပေါ်မှာ ဖက်ထုတ်ပန်းကန်ကို ချပေးသည်။ ပန်းသဇင်က မိရွှေကို

''မိရွှေ. . . အဝတ်တွေ ဆပ်ပြာစိမ်ထားပြီးသားတွေ လျှော်လိုက်တော့။ အစ်ကိုငယ် အဝတ်တွေတော့ ထားလိုက်။ အစ်ကိုငယ် အဝတ်ကတော့ ငါကိုယ်တိုင်လျှော်မှဖြစ်မှာ။ အစ်ကိုငယ်က သိပ်ပြီး အသန့်အပြန့်ကြိုက်တာ''

ဟူ၍ ပုံမှန်မျက်နှာထားဖြင့် ပြောသည်။

မိရွှေက ပန်းသဇင်ကို ခေါင်းတစ်ချက်ညိတ်ပြပြီး ထွက်သွားသည်။ ပန်းသဇင်နဲ့ နွေးကြူနဲ့ ကလင်းတို့ကို

'ဖက်ထုပ်စားလေ''

ဟူ၍ နွေးနွေးထွေးထွေးလေသံဖြင့် ပြောပြီး သူလည်း ဖက်ထုပ်

(၁)ခုယူစားသည်။ ပန်းသဇင်က ဖက်ထုပ်စားရင်းနဲ့

''အခု အစ်ကိုကြီးရော၊ အစ်ကိုလတ်ရော၊ အစ်ကိုငယ်ရော အတွဲ ကိုယ်စီရှိနေပြီလား။ ဒါကြောင့် ဟိုးတုန်းကလို ငါ့နားမှာချည်းမနေတော့ဘူးလေ'' ဟူ၍ ပျော့ပျော့ပျောင်းပျောင်းလေသံဖြင့် ပြောသည်။

နွေးကြူက ခပ်ပြုံးပြုံးမျက်နှာထားဖြင့်

''ဒါဆိုလည်း ကောင်းတာပေါ့။ နင့်မှ အစ်မသုံးယောက်ရလာတာပေါ့''

ဟူ၍ သိမ်မွေ့သော လေသံဖြင့်ပြောသည်။

ကလင်းက ဖက်ထုတ်စားရင်းနဲ့

''မုန့်စားပြီးတော့ လူက ရေဆာလာပြီ''

ဟု ဆိုသည့်အခါ ပန်းသဇင်က နွေးကြူတို့ ကလင်းတို့ကို ရေခဲရေပုလင်းနဲ့ ဖန်ခွက်တွေ ယူပေးလိုက်သည်။

နွေးကြူက ဖက်ထုပ်စားရင်းနဲ့

''ငါ့ကိုကိုလည်းလေ ဖက်ထုပ်သိပ်ကြိုက်တာ။ ဖက်ထုပ်စားရင်းနဲ့ ကိုကို့တောင်သတိရတယ်။ ကိုကိုက တစ်ခါတစ်ခါ သိပ်ချစ်ဖို့ကောင်းသလို၊ တစ်ခါတလေ သိပ်မုန်းဖို့ကောင်းတယ်။ ဟိုတစ်နေ့က ငါနဲ့ကိုကို စိတ်ကောက်ကြသေးတယ်ဟယ်။ ကိုကိုက သိပ်ပြီးအငြင်းသန်တာ သိလား။ ငြင်းလို့ရှိရင်သူ အနိုင်ရမှ ကျေနပ်တာ။ ပြောမပြေချင်ဘူး။ အဲဒီနေ့ကလည်း ငါ့မွေးနေ့နဲ့ သူ့မွေးနေ့တိုက်ကြည့်တာ။ ငါ့မွေးနေ့က ၁-၁-၁၉၇၉။ သူ့မွေးနေ့က ၃၁-၁၂-၁၉၇၈။ အမှန်တော့ သူက ငါ့ထက် တစ်ရက်ပဲကြီးတာ။ ဒါကို သူက ငါ့ထက်တစ်နှစ်ကြီးတယ်လို့ အတင်းကိုငြင်းတာ''

ဟူ၍ ဟန်နှင့် ပန်နှင့်ပြောပြသည်။ နွေးကြူ၏စကားကြောင့် ပန်းသဇင်မျက်လုံးကလေးဝိုင်းခနဲဖြစ်သွားပြီး အရောင်တောက်သွားသည်။ ၁၁-၁-၁၉၇၉ နဲ့ ၃၁-၁၂-၁၉၇၈ ဆိုတာက တစ်ရက်တည်းကွာတာတဲ့။

ခုမှပဲ ပန်းသဇင် ကိစ္စတစ်ခုကို နားလည်သွားမိသလို ကိုယ့်ဘာကိုယ်လည်း တောတော်ညံ့ပါလားလို့ပင် အပြစ်တင်ချင်မိသွားသည်။

ထက်မြက်မွေးနှေ့က ၃၁-၁၂-၁၉၇၇။ အောင်မြင့်ဝို မွေးနေ့က ၁-၁-၁၉၇၈။ သူတို့နှစ်ယောက်ရဲ့ မွေးနေ့ဟာ တစ်ရက်ထဲကွာပါလား။ အို ဒါဆို သူတို့နှစ်ယောက်က. . . ။

ပန်းသဇင်ဟာ စိတ်ထဲမှာကြည်နူးသွားပြီး ခေါင်းတညိတ်ညိတ် ဖြင့် ပြုံးလိုက်မိသည်။ နွေးကြူက အလိုလိုနေရင်းပြုံးနေသည့် ပန်းသဇင်ကို ကြည့်ပြီး

"ပန်း. . . ဘာတွေ ကြိတ်ပြီး သဘောကျနေတာလဲ"

ဟု မေးလိုက်သည်။ ပန်းသဇင်က အင်မတန်မှ လှပသိမ်မွေ့သော အပြုံးမျက်နှာထားဖြင့်

"နင်တို့နဲ့ တွေ့မှပဲ ငါလည်း မွေးနေ့တစ်ခုကို ကောင်းကောင်း တွက်တတ်သွားတော့တယ်။ ငါရှမ်းပြီး အတွက်မှားနေတဲ့ကိစ္စကို ခုမှပဲ အဖြေမှန်ရတော့တယ်"

ဟူ၍ ကြည်နူးနေသောလေသံဖြင့် ပြောသည်။

ပန်းသိပ်ကို ပျော်သွားမိသည်။ ထက်မြက်သည် အောင်မြင့်ဝို နဲ့ အမွှာညီအစ်ကိုဖြစ်နိုင်ပြီ မဟုတ်လား။

ဒါထက်ပိုပျော်သည်က ကလင်းအတွက်။ ကလင်းသည် စက်ာမူ တွင် အိပ်မက်တစ်ခုမက်ပြီး အိပ်မက်ထဲမှ ဖူးစာရှင်ကိုရှာဖို့ ရန်ကုန် ပြန်လာခြင်းပါ။ အဲဒီဖူးစာရှင်သည် ထက်မြက်ဖြစ်သည်ဟု ကလင်း နှုတ်မှ ဖွင့်ဟအသိပေးဖူးသည်။ အခုတော့ ကလင်းချစ်ရသည့် ဖူးစာရှင် ထက်မြက် သည် အညတရတစ်ယောက်မဟုတ်တော့ဘဲ ဆွေကြီးမျိုးကြီးထဲက ဖြစ်နေသည့်အတွက် ကလင်းကိုယ်စား ပန်း ဂုဏ်ယူဝမ်းသာမိသည်။

■

အခန်း (၄၈)
ဆေး

ကန်စွန်းရွက်၊ ထန်းလျက် ပြီးတော့ ချင်းထည့်ကာ သုံးခွက် တစ်ခွက်တင်ကြွေချက်ထားသော အရည်ကို မေမေကြီးသောက်နေသည်။

ကန်စွန်းရွက်၊ ထန်းလျက်နှင့် ချင်းတို့ သုံးမျိုးပေါင်းစပ်ပြီး ဖြစ် ပေါ်လာသော သင်းရနံ့က သူ့နှာခေါင်းကို ကလူကျီစယ်လှုပ်နေပါသည်။ ဒီကန်စွန်းရွက်ဆေးက သမားတော်ကြီးဦးစံသာ၏ ညွှန်းဆိုမှုကြောင့် မေမေကြီး မကြာခဏသောက်တတ်၏။

ဆေး၏သင်းရနံ့ထူးကြောင့် သမားတော်ကြီးကို သူဖြတ်ခနဲ သတိရလိုက်မိ၍ မေမေကြီးက

"သားကို ပြောရဦးမယ်။ ဆရာကြီးဦးစံသာရဲ့မြေး ရာဇာမြင့် မြတ်က ဆေးကုနေပြီတဲ့။ သူလည်း ဆရာကြီးလိုပဲ ဆေးစွမ်းထက်တယ်။ စေတနာကောင်းတယ် ပြောတယ်။ ဘာပဲဖြစ်ဖြစ် မေမေကြီးကတော့

ဆရာကြီးရဲ့မြေးရာဇာမြင့်မြတ်က ဆရာကြီးခြေရာနင်းမယ်လို့ ယုံတယ်။ သားလေးအားတဲ့တစ်နေ့ ဆရာကြီးအိမ်သွားပြီး သူ့မြေးဘယ်မှာ ဆေးကုတယ်ဆိုတာ စုံစမ်းပေးပါဦး''

ဟု အသာအယာပြောလာသည်။ သူကလည်း မေမေကြီး၏ ဆန္ဒကိုဖြည့်ဆည်းပေးချင်သော မြေးပီသစွာ

''မနက်ဖြန်ပဲ သား သွားပြီး စုံစမ်းပေးမယ်''

ဟု လိုက်လိုက်လျောလျောပင် ပြောလိုက်၏။

သမားတော်ကြီးဦးစံသာ၏မြေးကို သူ စိတ်ဝင်စားမိသည်။ သမားတော်ကြီး ဦးစံသာ၏အံ့မခန်းဆေးစွမ်းထက်ပုံကို သိမြင်ထားသော သူက ဦးစံသာ၏မြေးဆေးစွမ်းက ဘယ်လိုများလဲဟု တွေးတောမိသည်။

■

· အခန်း (၄၉)
ဈေးဦး (၁၂)ကောင်

AKA အိမ်အလှဆင်ခြင်းနှင့် အလူမိနီယံလုပ်ငန်းအရှိန်အဟုန်မြင့်မားစွာဖြင့် တိုးတက်လာခြင်းကြောင့် စက်မှုဇုန်တွင်ပါ လုပ်ငန်းထပ်မံတိုးချဲ့ခဲ့၏။ စက်မှုဇုန်တွင် လုပ်ငန်းပထမဆုံး ဈေးဦးပေါက်လက်ခံရရှိသည့် အလုပ်ကအဆန်းသား။

''မှန်တင်ခုံ (၁၂)ခုကို အကောင်းဆုံးလုပ်ပေးပါဗျာ''

လူရွယ်ခပ်ချောချောလေးက အောင်မြင်ဝိုကို အလုပ်လာအပ်လေသည်။ အောင်မြင်ဝိုက မျက်လုံးတစ်ချက်ပင့်ရင်း ဟန်ပါပါဖြင့်

''မှန်တင်ခုံ အရောင်းဆိုင်ဖွင့်မလို့လား''

လို့ ဝယ်သူကို ရယ်ကာမောကာ ပြောလိုက်၏။ လူရွယ်ခပ်ချောချောလေးက ဟက်ခနဲရယ်လိုက်ပြီး

''မဟုတ်ရပါဘူးဗျာ။ မေတ္တာလျော်ကြေးအဖြစ် မိန်းကလေး

(၁၂)ယောက်ကို ပေးချင်လို့ပါ''

အောင်မြင့်ဗို လူရွယ်စကားကြောင့် အံ့သြပြီးရင်း အံ့သြရသည်။ လူရွယ်က စာရွက်ကလေးတစ်ရွက်ထုတ်ပြပြီး

''မှန်တင်ခုံတစ်ခုစီမှာ စာရွက်ထဲက မိန်းကလေးတစ်ယောက်စီရဲ့ နာမည်လေးကို ခမ်းခမ်းနားနားထွင်းပေးပါဗျာ''

လို့ဆိုလာတာကြောင့် အောင်မြင့်ဗို စာရွက်ကိုကြည့်ကြည့်သော အခါ မိန်းကလေးနာမည်လှလှလေးများ၏နောက်ဝယ် ကွင်းစကွင်းပိတ်ဖြင့် မကြွက်၊ မန္တား၊ မကျား၊ မယုန်၊ မနဂါး၊ မမြွေ၊ မမြင်း၊ မဆိတ်၊ မမျောက်၊ မကြက်၊ မခွေး၊ မဝက်ဆိုသော အကောင်(၁၂)ကောင်နာမည်လေးများပါနေသည်ကို အထူးအဆန်းသတိပြုလိုက်မိသည်။

''စိတ်ချဗျာ။ ခင်ဗျားအပ်တဲ့ မှန်တင်ခုံကို အကောင်းဆုံး လုပ်ပေးမယ်။ ခင်ဗျား စိတ်ကြိုက်ဖြစ်စေရမယ်။ ဒီလုပ်ငန်းခွဲအတွက် ခင်ဗျားက ပထမဆုံး ဖောက်သည်ပဲဗျ။ ဒါနဲ့ ကျသင့်ငွေရဲ့ တစ်ဝက်ကိုတော့ စရံအရင်ပေးသွားပါ''

အောင်မြင့်ဗိုက တက်တက်ကြွကြွပဲ ပြောသည်။

''ရပါတယ်ဗျာ။ အခုပဲ အကုန်ငွေချေပါ့မယ်။ ပြီးတော့ မှန်တင်ခုံတွေကို ကျွန်တော်ပြောတဲ့ လိပ်စာအတိုင်းပို့ပေးပါ''

ဟု လူရွယ်က ဆိုသည်။ ဒါကြောင့် အောင်မြင့်ဗိုက ကျသင့်ငွေကို တွက်ချက်ပြီး ကျသင့်ငွေကို ပြောလိုက်သည့်အခါ ချက်ချင်းပင် ငွေချေသော ထိုလူကို စိတ်တွင်းမှလည်း မှတ်မှတ်ထင်ထင်ရှိသွား၏။

''ဒါနဲ့ ခင်ဗျားနာမည်လေး''

''နေဇင်မော်ပါ''

ဟု ဆိုကာ လူရွယ်က ကျသင့်ငွေကို ချေသည်။ အောင်မြင့်ဗို နေဇင်မော့်နာမည်ဖြင့် ဘောက်ချာဖွင့်ပြီး ကျသင့်ငွေချေပြီးကြောင်း

ဘောက်ချာကို နေဇင်မော်ကို ပေးလိုက်၏။ ပြီးမှ

''ကျေးဇူးပဲဗျာ။ ကျွန်တော်တို့လုပ်ငန်းမှာ လာအားပေးတဲ့အတွက် ကျွန်တော်တို့ကလည်း ဝန်ဆောင်မှုအကောင်းဆုံးနဲ့ ဆောင်ရွက်ပေးမှာပါ''

ဟု ဖော်ရွေနွေးထွေးစွာ ပြောလိုက်သည်။ လူရွယ်က သူ့လိပ်စာနှင့် မိန်းကလေး(၁၂)ယောက်၏လိပ်စာကို ပေးသွား၏။ မိန်းကလေး(၁၂)ယောက်အတွက် မှန်တင်ခုံ(၁၂)ခု လာအပ်သော လူရွယ်ကိုတော့ အောင်မြင့်ဗို မှတ်မှတ်ရရရှိသွားသည်။

အောင်မြင့်ဗိုက အသစ်ဖွင့်သည့် စက်မှုဇုန်မှ လုပ်ငန်းခွဲကို ဘာဝန်ယူထားရသောကြောင့် မှန်တင်ခုံ(၁၂)ခုအတွက် အလုပ်ရှုပ်နေ၏။ ဒါကြောင့် (၁)လနီးပါးပင် ပန်းသဇင်နဲ့သူ မဆုံဆည်းဖြစ်။ ပြီးတော့ ပန်းဆံ ဖုန်းဆက်လို့လည်း မရ။ မြစိမ်းရောင်မင်းသမီး၏အစ်ကိုသုံးယောက်နဲ့ သူပြဿနာတက်သည်ကြောင့် မြစိမ်းရောင်မင်းသမီးလေးနဲ့သူ ဝေးနေရဲ့။

■

သျှင် သူအသည်းအသန်ကို ခံစားရမည်ဟု ထင်မှတ်ထားခဲ့သော်လည်း ဘကယ်တမ်းလက်တွေ့မှာ မြစိမ်းရောင်မင်းသမီးလေး၏ ချစ်မေတ္တာ မရရှိခဲ့ပေမယ့် သူဘယ်လိုမှ မခံစားရ။

ကာကာ အသည်းအသန်ခံစားရမည့် နှလုံးသားဝေဒနာကို ကာကာ လုံးဝမထင်မှတ်ထားသော မိန်းကလေးတစ်ဦးက ကုစားပေးသွားသည်။ တကယ်တမ်းတော့ ကုစားပေးသည်ဆိုရအောင်လည်း ထိုမိန်းကလေးကို ကာကာကို စကားတစ်ခွန်းတောင် ကောင်းကောင်း ပြောတာမဟုတ်။ ကာကာနဲ့ တွေ့တိုင်း ထိုမိန်းကလေးနဲ့ ကာကာဟာ ဘုဘောက်ကျနေကြ။ ကာကာလို ချောမောလှပပြီး ရုပ်ဖြောင့်ကာ မိန်းကလေးတစ်ယောက်ကြွေသွားစေနိုင်မယ့် ရုပ်ရည်ရှိသူကို ဘုဘောက်ကျရဲသော မိန်းကလေးဟာ ခေသူမဟုတ်။

မစိမ်းရောင်မင်းသမီးလေးအပေါ် စိတ်ရှင်းသွားပြီးဖြစ်ကြောင်း ခန့်ငြားကိုတို့ကိုပြောလိုသဖြင့် ခန့်ငြားကိုတို့ အိမ်ဂေဟာဆီ ကာကာဖော်သာခဲ့သည်။

မြစိမ်းရောင်မင်းသမီးလေး၏ အိမ်ဂေဟာရှေ့ရောက်သည့် အခါ ကာကာ မျက်လုံးပြူးသွားရသည်။ အောင်မြင့်ဝို။ ဟုတ်သည်။ အောင်မြင့်ဝိပါ။

ကြည့်စမ်း အောင်မြင့်ဝို။ လူပုံက လက်နှေးမလိုနဲ့ ပန်းသဇင်တို့ ခြံဝန်းထဲမှာရောက်နေပြီး။ ကာကာက ကားမောင်းသူနေရာမှ ထိုင်နေရင်း နဲ့ပဲ

"ဟေ့. . . အောင်မြင့်ဝို၊ အောင်မြင့်ဝို"

ဟူ၍ အသံပြုကြီးနဲ့ အော်ခေါ်လိုက်သည်။

ထက်မြက်မှာ ကုမ္ပဏီသွားဖို့အတွက် ပန်းသဇင်တို့ မောင်နှမတွေ ထွက်အလာကို စောင့်စားနေမိသည်။ ခြံရှေ့မှာ ကားတစ်စီးထိုး

အခန်း (၅၀)
ရေမသောက်ဖြစ်တဲ့ မြစ်

ယနေ့မနက်စောစောမှာ အောင်မြင့်ဝိုတစ်ယောက် မြစိမ်းရောင်မင်းသမီးလေးနဲ့ နီးစပ်မှုရစေရန် ဂန္ဒီရမျက်လုံး မှော်ဖန်လုံးကိုကြည့်မိပြန်သည်။ မှော်ဖန်လုံးတွင် မြင်ရသည့် သဏ္ဌာန်က သူငယ်စဉ်က မကြာခဏတွေ့မြင်နေကြဖြစ်သည့် သူ၏အမွာပုံ။

ဂန္ဒီရမျက်လုံးမှော်ဖန်လုံးတွင် တွေ့ရသည့် မြင်ကွင်းကြောင့် မိမိ၏အနီးအပါးမှာ မိမိ၏ဝန်းကျင်မှာ သူရှိများရှိနေမလား။ အမွာရှိများ ရှိနေမလား။

◆◆◆

ကာကာဟာ မြစိမ်းရောင်မင်းသမီးလေး၏ ချစ်မေတ္တာကိုမရ

ရပ်လာပြီး တကြော်ကြော်အော်ခေါ်နေတာကြောင့် ထက်မြက်ခြရွေ့ကို ခပ်သွက်သွက်ကလေး ထွက်သွားသည်။

ထက်မြက်က ခြံတံခါးဝရောက်သည့်အခါ

''အစ်ကို ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ'

ဟူ၍ ရိုရိုကျိုးကျိုးလေးမေးလိုက်သည်။

ကာကာဇော်က (ရန်ကုန်ရောက်တာ တစ်လလောက်ကြာပြီမို့ အသားအရည်ပြောင်းပြီး အောင်မြင်ဝိုနဲ့ တူလာတဲ့) ထက်မြက်ကို အောင်မြင်ဝိုဟု ထင်သွားပြီး။ သူ့ကို အောင်မြင်ဝို ရုတ်တည်ကြီးနဲ့ စနောက်နေသည်ဟု ထင်သွားသည်။ အောင်မြင်ဝို တစ်ယောက်မည်သို့ ဖြစ်သွားပါလိမ့်။ အမြဲတမ်းဆို စ,နောက်ခဲသော်လည်း ခုမှ ရုပ်တည်ကြီးနဲ့ ဘာလို့ စ,နောက်နေပါသလဲဟု အံ့အားတသင့်ဖြစ်နေမိသည်။

ကာကာကလည်း စိတ်အချဉ်ပေါက်သွားပြီး

''ပန်းသဇင်နဲ့ တွေ့ချင်လို့လာတာ။ ပန်းသဇင်ရဲ့ ချစ်သူလို့ ပြောလိုက်''

ဟူ၍ ပြန်ပြီး ကျိစယ်လိုက်သည်။

ထက်မြက်ကလည်း ကာကာ့ကို ပန်းသဇင်၏ချစ်သူဟု တကယ် ထင်မှတ်သွားပြီး

''ဟုတ်ကဲ့... အစ်ကို၊ ကျွန်တော် ပန်းသဇင်ကို သွားပြောပေးပါ့မယ်''

ဆိုကာ ပန်းသဇင်တို့ အိမ်မကြီးထဲ ဝင်သွားပြီး ပန်းသဇင်ကို သွားအကြောင်းကြားသည်။

ပန်းသဇင်ကလည်း ထက်မြက်စကားကြောင့် ခြံဝထွက်လာသည့် အခါ ခြံဝမှာ တီကိုကားလေးဘေးနားမှာ ကာကာတစ်ယောက် စမတ်ကျကျနဲ့ ရပ်နေသည်ကို တွေ့လိုက်ရသည်။ ပန်းသဇင်က ခြံဝနားထိရောက်

သားပြီး ကာကာ့ကို

''အစ်ကိုကြီးတို့နဲ့ တွေ့ချင်လို့လား''

ဟူ၍ အသာအယာပဲ မေးလိုက်သည်။ ကာကာက ခေါင်းတစ်ချက်ညိတ်ပြပြီး ကားပေါ်ပြန်တက်လိုက်သည်။ ပန်းသဇင်က ခြံတံခါးကို ပွင့်ပေးလိုက်သည်။

ကာကာက သူ့ကားကို ခြံထဲမောင်းဝင်သွားသည်။ ပန်းသဇင်သည်း ခြံတံခါးပြန်ပိတ်ပြီး ပေါ်တီကိုဘက်လျှောက်လာခဲ့သည်။

ကာကာတစ်ယောက် သူ့အပေါ်စိမ်းစိမ်းကားကားဖြင့် ခပ်တည်တည်ကြီးနေနိုင်သော အောင်မြင်ဝိုကို အတော်ကြီးအသည်းယားသွားမိသည်။ ကာကာဟာ သူ့ကားပေါ်မှဆင်းလိုက်ပြီး ထက်မြက်နားသို့ ခပ်သွက်သွက်လျှောက်သွားပြီး ထက်မြက်ကို အောင်မြင်ဝိုအမှတ်ဖြင့် လက်သီးဖြင့် ခပ်ဖွဖွထိုးလိုက်ရင်း

''ဟေ့ကောင်... အောင်မြင်ဝို၊ မင်းကကွာ ဒီလောက်ကြီးရုပ်ကြီးတည်မနေပါနဲ့''

ဟူ၍ ပြောလိုက်သည်။

ထက်မြက်က ကာကာ့စကားကြောင့်

''အစ်ကို လူမှားနေပြီနဲ့တူတယ်။ ကျွန်တော်က အောင်မြင်ဝိုမဟုတ်ပါဘူး။ ထက်မြက်ပါ။ ပန်းသဇင်တို့ အိမ်က အလုပ်သမားပါ''

ဟူ၍ ကယျာကယာပြန်ရှင်းပြသည်။ ကာကာက ထက်မြက်ကို အောင်မြင်ဝိုအမှတ်ဖြင့် မခိုးမခန့်ရယ်ကာ

''ဟေ့ကောင်... အောင်မြင်ဝို၊ မင်းဘာမှ မူရာမာယာများမနေနဲ့၊ မင်းနဲ့ငါ ဟိုးငယ်ငယ်လေးထဲက ပေါင်းလာတာ။ မင်းအကြောင်းကောင်းကောင်း သိတယ်။ မင်းရုပ်ကြီး ခွေးချီသွားတာတောင် မှတ်မိတယ်။ ဘာလဲ... မင်းက ပန်းသဇင်နဲ့ အဆင်ပြေပြီဆိုပြီး ငါ့ကို မခေါ်

နိုင်မပြောနိုင်လောက်အောင် မာန်တက်သွားတာလား''

ဟူ၍ ပြောသည်။

ပန်းသဇင်ဟာလည်း ကာကာနဲ့ ထက်မြက်တို့ စကားအပြောအဆိုကိုကြည့်ပြီး ကာကာ ထက်မြက်ကို အောင်မြင်ဗိုနဲ့ လူမှားနေကြောင်း သဘောပေါက်သွားမိသည်။

ပန်းသဇင်က ကာကာနဲ့ ထက်မြက်နားရောက်သွားပြီး

''ကိုကာကာ. . . လူမှားနေပြီ။ သူက ကိုအောင်မြင်ဗိုနဲ့ သိပ်ကို တူတဲ့ ထက်မြက်။ မန္တလေးက ရောက်လာတာ မကြာသေးဘူး''

ဟူ၍ သိပ်သိပ်မွေ့မွေ့ရှင်းပြသည်။

ပန်းသဇင်၏ရှင်းပြမှုကြောင့် ကာကာ ဇဝေဇဝါဖြစ်သွားပြီး ထက်မြက်ကို အကဲခတ်ပြီး ကြည့်သည်။ ဟုတ်တော့လည်း ဟုတ်သည်။ ခုမှပဲ သေချာကြည့်မိတော့သည်။ ထက်မြက်သည် အောင်မြင်ဗိုနဲ့ ယှဉ်ရင် အသားနည်းနည်းညိုသည်။ ခန့်ငြားညီအစ်ကိုပြောသည့် အောင်မြင်ဗိုနဲ့ တူသည့်လူတစ်ယောက် သူတို့ အိမ်မှာရှိသည်ဆိုသောစကားကို ချက်ချင်းပင် သတိရလိုက်မိသည်။ အံ့သြသည်။ သည်လောက်တူမည်ဟု ထင်မထားမိ။ ကာကာက တအံ့တသြမျက်နှာထားဖြင့်

''တော်တော်တူတယ်''

ဟူ၍ အံ့အားတသင့်ဆိုသည်။ ပန်းသဇင်က သိမ်မွေ့သော မျက်နှာထားနဲ့ပဲ

''ဟုတ်တယ်. . . ပန်းသဇင်တောင် ကိုအောင်မြင်ဗိုကို စတွေ့တဲ့နေ့တုန်းက ထက်မြက်လို့ထင်ခဲ့တာ။ ဒါနဲ့ ကိုကာကာ၊ ကိုအောင်မြင်ရဲ့ အဖေနာမည်ကို သိလား''

ဟူ၍ မေးလိုက်သည်။ ပန်းတို့သုံးယောက်အငြင်းအခုံဖြစ်နေခြင်းသည်ကို ခန့်ငြားညီအစ်ကိုကလည်း အသာကြည့်နေသည်။ ကာကာက

မျက်လုံးတစ်ချက်မှိတ်ကာ စဉ်းစားလိုက်ပြီး

''ဦးထွန်းဇော်ဗို . . . ဟုတ်တယ်၊ ဦးထွန်းဇော်ဗို''

ဟူ၍ တစ်ခွန်းချင်းပြောသည်။ ထက်မြက်ရဲ့ မျက်နှာမှာအံ့အားတသင့်ဖြစ်မှုတွေ၊ ပျော်ရွှင်မှုတွေနဲ့ တဖျတ်ဖျတ်အရောင်လက်ခနဲဖြစ်သွားပြီး

''အဲဒါ ကျွန်တော့်အဖေနာမည်ပဲ''

ဟူ၍ ဝမ်းသာအားရပြောသည်။ ကာကာက ထက်မြက်ကို တအံ့တသြမျက်ဝန်းဖြင့်ကြည့်ပြီး

''ဒါဆို အောင်မြင်ဗိုနဲ့ ထက်မြက်က''

''ဟုတ်တယ်။ တစ်ရက်ကြီး တစ်ရက်ငယ်တဲ့ အမွာညီအစ်ကိုတတွေပဲ။ ကိုထက်မြက်က အကြီး၊ ကိုအောင်မြင်ဗိုက အငယ်။ ပန်းလည်း အဲဒါကို မနေ့ကမှ တွေးမိလိုက်တာ။ ပိုပြီးသေချာအောင် အဖေနာမည်မေးလိုက်ရတာ''

ဟူ၍ ပန်းသဇင်က အောင်မြင်ဗိုနဲ့ ထက်မြက်အတွက် ကြားထဲမှ ဝမ်းသာသွားသောလေသံဖြင့် ပြောလိုက်သည်။

ထက်မြက်ဟာ သူ့ သိပ်တွေ့ချင်နေသော သူ့အမေနဲ့ အမွာကို ပြန်တွေ့ရမည်ဆိုသည့်အတွက် ပြောမပြတတ်အောင် ဝမ်းသာသွားမိသည်။ ရင်ထဲမှ တလှပ်လှပ်ဖြစ်သည်အထိတောင် ကြည်နူးသွားမိသည်။ ထက်မြက်က ဝမ်းသာနေသည့် အပြုံးမျက်နှာထားဖြင့်

''ကျွန်တော့် အမွာညီနာမည်က အောင်မြင်ဗို ဟုတ်လား။ ပန်းသဇင်တို့နဲ့ သိတယ်လား။ သူတို့ ဘယ်မှာနေတာလဲ။ ကျွန်တော် သိပ်တွေ့ချင်တယ်ဗျာ''

''သူတို့က နှစ်အိမ်ကျော်မှာ။ အောင်မြင်ဗိုတို့က ဆွေကြီးမျိုးကြီးတွေလေ။ ဒီလိုမျိုး ညီအစ်ကိုရှိနေပါတယ်လို့ ဒဲ့ဒိုးသွားပြောလို့ကောင်းပါ

မလား။ သူတို့မှာ လျှို့ဝှက်တဲ့ အတွင်းရေးပြဿနာတစ်ခုခုရှိ နေမလား မသိဘူး။ တို့တွေ ထက်မြက်ဝိုက်စွက်ကို သူတို့အိမ်မှာသွားမပြောဘဲ။ အောင်မြင့်ဝိုအလုပ်မှာပဲ အောင်မြင့်ဝိုနဲ့ အရင်သွားပြောကြည့်ရင်ကောင်းမယ်''

ခန့်ငြားကို စကားကြောင့် ကာကာကလည်း သူလာရင်းကိစ္စကိုတောင် စိတ်မဝင်စားနိုင်တော့ဘဲ

''ကျွန်တော်ရော ဘာကူညီပေးရမလဲ''

ဟူ၍ အားတက်သရောပြောသည်။ ပန်းသင်္ဘက ပြုံးနေသည့် မျက်နှာထားဖြင့်

''ဒီလိုလုပ်ပါလား။ ကိုအောင်မြင့်ဝိုကို ဒီနေ့ မနက် (၁၀)နာရီမှာ ရုံးခန်းမှာ စောင့်ခိုင်းလိုက်။ ပန်းတို့လာခဲ့မယ်။ အခုကိစ္စတွေ ကိုအောင်မြင့်ဝိုကို ဘာမှကြိုမပြောထားနဲ့။ ပန်းလာမှပဲ ပန်းကိုယ်တိုင်ပြောလိုက်မယ်။ ကိုထက်မြက်လည်း အဲဒီကျတော့ ကိုအောင်မြင့်ဝိုကို တွေ့တာပေါ့''

ဟူ၍ အမြူးဓာတ်ကလေးပါသည့် လေသံဖြင့် ပြောသည်။

ကာကာလည်း ချက်ချင်းပဲ အောင်မြင့်ဝိုကို ယနေ့ စက်မှုဇုန်ကို မသွားဘဲ လှည်းတန်းမှ ရုံးခန်းကိုသာလာရန်နှင့် ပန်းတို့ မောင်နှမတွေနဲ့ သူအတူလာပြီး ကိုယ်ရေးကိုယ်တာကိစ္စ ဆွေးနွေးကြမည်ဟု ဟန်းဖုန်းဆက်အကြောင်းကြားလိုက်သည်။

■

အခန်း (၁၅)
လောကဓာတ်ခုံဖြစ်မျိုးစုံ

ကာကာဇော်က အောင်မြင့်ဝို၏မိသားစုအတွင်းရေးကို သေချာသိတာကြောင့် အောင်မြင့်ဝိုကို ထက်မြက်အကြောင်းကြိုမပြောထား။ ပန်းသင်္ဘတို့ မောင်နှမတွေလာမှပဲ ရှင်းပြပါစေဆိုသော သဘောနှင့် အရိပ်အငွေ့လေးတောင် အသိမပေးထား။ အောင်မြင့်ဝိုကို ပန်းသင်္ဘတို့ မောင်နှမတွေ (၁၀)နာရီလာမည်ဟူ၍သာ ပြောထား၏။

အောင်မြင့်ဝိုဟာ နာရီတကြည့်ကြည့်ဖြင့် ပန်းသင်္ဘတို့ မောင်နှမ အလာကို မျှော်နေမိသည်။ (၁၀)နာရီထိုးဖို့ (၅)မိနစ်။ သူ့ရင်ထဲမှာ တဒိတ်ဒိတ်ခုန်လာပြီ။ ပန်းသင်္ဘ သူ့ဆီလာမှာကို တွေးပြီးပျော်နေမိသည်။ တစ်မှိန်စိမ့်တွေးပြီးပျော်နေမိ၏။

အောင်မြင့်ဝိုဟာ သူ့ဘေးနားမှာ ပြုံးစိစိနဲ့ထိုင်နေသော ကာကာ့ကိုလည်း တစ်ချက်ကြည့်လိုက်သည်။ ကာကာ သူ့ကို နောက်များနောက်

သလားဟု အောင်မြင့်ဝို တစ်ချက်တွေးလိုက်သေးသည်။

အောင်ဖြိုးနဲ့ ဒေဝီကတော့ အလုပ်ကိစ္စတစ်ခုနဲ့ အပြင်ထွက်သွားတာကြောင့် ရုံးခန်းထဲမှာ အောင်မြင်ဝိုနဲ့ ကာကာနှစ်ယောက်ထဲသာ ရှိနေသည်။

တိုင်းပြည်နာရီမှ (၁၀)နာရီထိုးသံ တီးလုံးလေးထွက်ပေါ်လာ သည့် အခါမှာတော့ အောင်မြင်ဝိုရင်ခုန်သံတစ်ချက် မြန်သွားမိသလို အောင်မြင်ဝို မျှော်လင့်နေသော မျက်နှာလှလှလေးလည်း ပေါ်လာပါသည်။

အောင်မြင်ဝိုလည်း ပြုံးသွားမိသည်။ အောင်မြင်ဝို၏ သွားဖြူဖြူလေးများပင် ပေါ်သွားပါသည်။

"ပန်းသဇင် လာ၊ ထိုင်ဗျာ"

ဟူ၍ အောင်မြင်ဝိုက ပျာပျာသလဲဖြင့် ပြောသည်။ ပန်းသဇင်တို့ မောင်နှမက အောင်မြင်ဝိုချပေးထားသည့် ထိုင်ခုံများမှာ ဝင်ထိုင်လိုက်ပြီး

"ပန်း. . . ကိုအောင်မြင်ဝိုကို လူတစ်ယောက်နဲ့ မိတ်ဆက်ပေးမလို့ လာခဲ့တာ"

ဟူ၍ ကြည်မြူးနေသောလေသံဖြင့် ပြောသည်။ သူမအစ်ကို တတွေကလည်း ထက်မြက်ကိစ္စကြောင့် ပန်းနှင့်သူကို စကားပြောခွင့်ပေးပေမယ့် အကဲခတ်နေ၏။ ကိုအောင်မြင်ဝိုက တည်ကြည့်သောမျက်နှာထားဖြင့်

"လူတစ်ယောက်. . . ဟုတ်လား။ ဘယ်သူများလဲ"

ဟူ၍ ခပ်အေးအေးလေသံဖြင့် ပြောသည်။ ခန့်ငြားငယ်က အခန်းဝဘက်ကို တစ်ချက်ကြည့်ပြီး

"ထက်မြက်ဝိုရေ. . . ဝင်ခဲ့တော့"

ဟု ခေါ်လိုက်သည်။ အောင်မြင်ဝိုဟာ အခန်းဝကိုကြည့်လိုက်

သည်။ အခန်းဝမှနေပြီး ရုံးခန်းထဲကို ဝင်လာသူကြောင့် အောင်မြင်ဝိုဟာ မိမိကိုယ် မိမိမှန်ထဲမှာ ပြန်မြင်နေရသလိုတောင် ခံစားသွားမိသည်။ အောင်မြင်ဝိုက တအံ့တသြမျက်နှာထားဖြင့်

"သူက. . . "

ဟူ၍ ရေရွတ်လိုက်သည်။ ပန်းသဇင်က ပျော့ပျောင်းသောမျက်နှာထားဖြင့်

"သူက ထက်မြက်ဝိုတဲ့. . . မန္တလေးက၊ ပန်း မိတ်ဆက်ပေးချင်တယ်ဆိုတာ သူလေ"

ဟူ၍ ဆိုသည်။ ထက်မြက်ဝိုက အောင်မြင်ဝို၏ ဘေးနားမှာ ဝင်ထိုင်လိုက်သည်။ အောင်မြင်ဝိုက ထက်မြက်ဝိုကို စိတ်ဝင်တစားဖြင့် ကြည့်ပြီး ဂမ္ဘီရမျက်လုံးမှော်ဖန်လုံးထဲမှာ တွေ့ရသည့် အမွှာညီအစ်ကို ဟု ချက်ချင်းသိလိုက်သည်။ သူ၏ အမွှာအစ်ကို့ကို အောင်ဖြိုးဟု ထင်မှတ်ခဲ့သော်လည်း အောင်ဖြိုးမဟုတ်ဘဲ ထက်မြက်ဝိုဖြစ်နေပါလား။

အောင်မြင်ဝို ခါတိုင်းထက်ပိုပြီ ရွှင်လန်းနေသော မျက်နှာထားဖြင့်

"ထက်မြက်ဝို. . . မင်းမွေးနေ့က ဘယ်နေ့လဲ"

ဟူ၍ မေးလိုက်သည်။ အောင်မြင်ဝို၏ အသံမှာ စိတ်လှုပ်ရှားမှုကြောင့် တုန်ယင်နေသည်။

ထက်မြက်ဝိုက သူ၏အမွှာညီအောင်မြင်ဝိုကို ပြုံးပြီးကြည့်ကာ

"၃၁-၁၂-၁၉၇၇၊ ည (၁၁)နာရီ၊ (၄၅)၊ စနေနေ့"

ဟူ၍တိကျသောလေသံဖြင့် ပြန်ဖြေသည်။ အောင်မြင်ဝိုက ထက်မြက်ဝိုကို ကြည့်ပြီး

"ဒါဆို ထက်မြက်ဝိုက ကျွန်တော့်အစ်ကိုပေါ့။ ကျွန်တော် ငယ်ငယ်လေးထဲက ကျွန်တော့်မှာ ပြောရခက်တဲ့ အသိတစ်ခုရှိနေခဲ့တယ်။

အဲဒီအသိက ကျွန်တော့်မှာ ကျွန်တော်နဲ့ သိပ်တူတဲ့ အမွှာညီအစ်ကိုတစ်ယောက်ရှိနေတယ်ဆိုတာပဲ။

ကျွန်တော်လေ ကျွန်တော့်မေမေနဲ့ ဘွားဘွားကို ကျွန်တော်မှာ အမွှာညီအစ်ကိုရှိသလားလို့ ခဏခဏ မေးဖူးတယ်။ ဒါပေမဲ့ အဲဒီမေးခွန်းကို ကျွန်တော်မေးတိုင်း မေမေက ကျွန်တော့်နားက ထွက်သွားသလို ဘွားဘွားက အမှုအရာတစ်မျိုးဖြစ်သွားတတ်တယ်။ ခုတော့ ကျွန်တော် သိပ်သိချင်နေတဲ့ သိပ်တွေ့ချင်နေတဲ့ အမွှာညီအစ်ကိုကို တွေ့ရပြီပေါ့''

ဟူ၍ ဝမ်းသာအားရလေသံဖြင့် ပြောသည်။ ထက်မြက်ဗိုက်လည်း သူ့အမွှာညီအောင်မြင့်ဗိုကို အနီးကပ်တွေ့ဆုံခွင့်ရပြီး သူ့အပေါ်လည်း လိုက်လိုက်လဲလဲရနေသောကြောင့် ပျော်နေမိသည်။

ထက်မြက်ဗိုနဲ့ အောင်မြင့်ဗိုတို့ ပြန်လည်ဆုံဆည်းသည်ကို ကြည့်ပြီး ပန်းသင်္ဘင်တို့ မောင်နှမတွေနှင့် ကာကာတို့လည်း ဝမ်းသာပီတိဖြစ်နေကြသည်။ ထက်မြက်ဗိုက အောင်မြင့်ဗိုကို

''ညီလေးအောင်မြင့်ဗို့. . . အမေရော နေကောင်းတယ်မဟုတ်လား။ ကျွန်တော်လေ အမေ့ကိုလည်း သိပ်တွေ့ချင်တယ်။ အမေ့အရွယ် အမျိုးသမီးကြီးတွေ တွေ့တိုင်း အမေများဖြစ်မလားဆိုပြီး လိုက်ကြည့်ရတာ အမောပဲ။ အမေ့မျက်နှာကိုလည်း ဘယ်လိုများဖြစ်မလဲဆိုပြီး တွေးကြည့်နေရတာ''

ဟူ၍ မိခင်မေတ္တာကို တမ်းတမျှော်လင့်နေသော လေသံဖြင့် ပြောသည်။

အောင်မြင့်ဗိုက ထက်မြက်ဗိုကို

''အစ်ကိုနဲ့ အမေတွေ့ဖို့ ကျွန်တော်စီစဉ်ပေးပါမယ်၊ မေမေနည်းနည်းနေမကောင်းဘူး။ မေမေကြီး အဘွားကိုလည်း အစ်ကို့ကြောင်းပြောပြပါ့မယ်။ ဒါပေမဲ့ အချိန်နည်းနည်းတော့ယူဖို့လိုတယ်''

ဟူ၍ တွေးတွေးဆဆလေသံဖြင့် ပြောသည်။ ထက်မြက်ဗိုက အောင်မြင့်ဗိုကို

''အစ်ကို့မှာ မေမေကြီး အဘွားလည်းရှိသေးတယ် ဟုတ်လား။ ဝမ်းသာလိုက်တာ''

ဟူ၍ ကြည်နူးနေသောလေသံဖြင့် ပြောသည်။ အောင်မြင့်ဗိုက ပန်းသင်္ဘင်ကို ကျေးဇူးတင်သောမျက်ဝန်းဖြင့် ကြည့်ကာ

''ပန်းသင်္ဘင်က ဘယ်လိုလုပ်ပြီး ကျွန်တော့် အမွှာအစ်ကိုနဲ့ တွေ့လာတာလဲ''

ဟူ၍ သိချင်စိတ်ထက်သန်သော လေသံဖြင့် မေးလိုက်သည်။ ပန်းသင်္ဘင်က အောင်မြင့်ဗိုကို စိန်ပွင့်အပြုံးနဲ့ကြည့်ကာ

''ဒီလိုလေ ပန်းတို့ မန္တလေးနေတုန်းက ကိုထက်မြက်ဗိုက ပန်းတို့ဆီ သတင်းစာလာပို့ပေးတယ်။ အဲဒီထဲက ကိုထက်မြက်ဗိုက ပန်းတို့အိမ်နဲ့ ရင်းနှီးနေတာ။

ပန်းလေ ကိုအောင်မြင့်ဗိုကို ဘုရားမှာစတွေ့တုန်းက ကိုထက်မြက်ဗိုလို့ ထင်ခဲ့တာ။ နောက်မှ ကိုထက်မြက်ဗို မဟုတ်မှန်းသိလို့ နှုတ်မဆက်တော့တာ။ ဒါကြောင့် ကိုအောင်မြင့်ဗိုရဲ့ မွေးနေ့ကို မေးခဲ့တာပေါ့။

ဒါပေမဲ့ ပန်းက တစ်ခုအတွက်လွဲသွားတယ် သိလား။ ကိုအောင်မြင့်ဗိုမွေးနေ့က ၁-၁-၁၉၇၈။ ကိုထက်မြက်ဗိုမွေးနေ့က ၃၁-၁၂-၁၉၇၇ ဆိုပြီး တလွဲစီလို့ ထင်ခဲ့တာ။ ဟိုတစ်နေ့ကမှ သူငယ်ချင်းတွေနဲ့ စကားပြောရင်းနဲ့မှ အဲဒါပြန်တွက်မိသွားတာ''

ဟူ၍ ရယ်သံစွက်ပြီး ပြောသည်။

''ကျွန်တော့်ကို ည(၁၁)နာရီ (၄၅)၊ စနေနေ့မှာမွေးတယ်''

ထက်မြက်စကားအဆုံးမှာ အောင်မြင့်ဗိုက

''ကျွန်တော့်ကို တနင်္ဂနွေနေ့ နံနက် (၁)နာရီမှာမွေးတယ်။

ကျွန်တော်တို့က (၁)နာရီ (၁၅)မိနစ်ပဲကွာတဲ့ အမွာပေါ့''

အောင်မြင့်ဗိုက ပန်းသဇင်ကို ပြုံးပြီးကြည့်ကာ

''ပန်းတို့ မောင်နှမကို တကယ်ပဲကျေးဇူးတင်တယ် သိလား''

ဟူ၍ လှိုက်လှိုက်လဲလဲ ရင်းရင်းနှီးနှီးလေသံဖြင့် ပြောသည်။

ကာကာက အောင်မြင့်ဗိုကို

''ဟေ့. . . မင်းက ပန်းသဇင်တို့မောင်နှမတွေပဲ ကွက်ပြီးကျေးဇူးတင်မှာလား။ ငါ့ကိုကော ကျေးဇူးမတင်တော့ဘူးလား''

ဟူ၍ ကျီစယ်သော လေသံဖြင့် ပြောသည်။

ထက်မြက်က ကာကာ့ကို

''အစ်ကို့ကို ကျွန်တော် ကျေးဇူးတင်ပါတယ်''

ဟူ၍ ရင်ထဲမှလာသော လေသံဖြင့်ပြောသည်။

ကာကာက ရယ်ရယ်မောမော မျက်နှာဖြင့်

''အစ်ကို . . . အစ်ကိုလို့ မခေါ်နဲ့လေ ကိုထက်မြက်ဗို့။ ကျွန်တော့်က အစ်ကို့အမွာညီအောင်မြင့်ဗိုထက်တောင် နှစ်လငယ်တာဗျ''

ဟူ၍ ကျီစယ်သောလေသံဖြင့် ပြောသည်။

အောင်မြင့်ဗိုက ထက်မြက်ဗိုကို

''အစ်ကို. . . အခုဘယ်မှာနေသလဲ''

ဟူ၍ ညီအစ်ကိုမေတ္တာ၊ စေတနာဖြင့် မေးသည်။ ထက်မြက်က အောင်မြင့်ဗိုကို

''ကျွန်တော် အခု ပန်းသဇင်တို့အိမ်မှာပဲနေတယ်။ ပန်းသဇင်တို့ မိသားစုက ကျွန်တော့်အပေါ် သိပ်ကောင်းကြတယ်''

ဟူ၍ လေးနက်သောလေသံဖြင့် ပြောသည်။ အောင်မြင့်ဗိုက ထက်မြက်ဗိုကို

''ဒါနဲ့ အစ်ကို. . . အခု ကျွန်တော်တို့ အဖေရော၊ အစ်ကို

မန္တလေးမှာ အဖေ့ကို ထားခဲ့တာလား''

ဟူ၍ အဖေကိုမျော်လင့်နေသောလေသံဖြင့် မေးလိုက်သည်။

ထက်မြက်ဗိုက ရုတ်ခြည်းလိုလို မျက်နှာညှိုးကျသွားပြီး

''အဖေ ဆုံးသွားပြီ။ ဒီနှစ်ဖွန်လထဲမှာပဲ။ အဖေက အရက်ပြတ်သွားမှ ဆုံးရတာကို ကျွန်တော်သိပ်ပြီးရင်နာတယ်။ အဖေအရက်သောက်တတ်ပေမယ့် ကျွန်တော့်ကို သိပ်ချစ်တာ။ အဖေက သူသာအရက်သောက်ပြီးမူးနေတတ်ပေမယ့် ကျွန်တော့်ကိုတော့ ဘယ်တော့မှ အရက်မဝယ်ခိုင်းခဲ့ဖူးဘူး။ ကျွန်တော်အရက် ဝယ်ရင်းနဲ့ သူ့လိုအရက်သမားဖြစ်သွားမှာကို စိုးရိမ်တယ်တဲ့လေ။

ပြီးတော့ ကျွန်တော့်ကို အဖေက သိပ်ပြီးပညာတတ်ကြီးဖြစ်စေချင်တာ။ ရှင်းရှင်းပြောရရင် ကျွန်တော်က ဉာဏ်ထိုင်းလို့ ဆယ်တန်းကို အကြိမ်ကြိမ်ကျရှုံးခဲ့တယ်။

နောက်ဆုံး အဖေနဲ့ ကျွန်တော် အပေးအယူတစ်ခုလုပ်ခဲ့တယ်။ အဲဒါကတော့ သူလည်း အရက်ကိုပြတ်အောင်ဖြတ်မယ်။ ကျွန်တော်လည်း ဆယ်တန်းကို အောင်.အောင်ဖြေမယ်ပေါ့။

အဖေက ကြိုးကြိုးစားစားနဲ့ အရက်ဖြတ်ရှာပါတယ်။ လုံးဝကိုဖြတ်လိုက်တာ။ အဖေက ရုတ်တရက်အရက်ဖြတ်လိုက်တော့ အရက်နာကျပြီး အိမ်မပျော်ဘဲ စိတ်ဂယောင်ချောက်ချားဖြစ်လာတယ်။ အဖေက အဲဒီဒဏ်တွေကို ကြိတ်မှိတ်ခံစားပြီး အရက်ဖြတ်ခဲ့တယ်။ အဖေ အရက်ဖြတ်တာအောင်မြင်ခဲ့တယ်။

ကျွန်တော်လည်း အနှစ်နှစ်အလလက အရက်စွဲခဲ့တဲ့ အဖေတောင် အရက်ဖြတ်နိုင်သေးတာ ကျွန်တော်က ဘာလို့ ဆယ်တန်းမအောင်နိုင်ရမှာလဲဆိုပြီး ကြိုးစားခဲ့တယ်။ ကျွန်တော် မဆုတ်မနစ်နဲ့ ကိုကြိုးစားခဲ့တယ်။

ကျွန်တော် ဆယ်တန်းဖြေပြီးတဲ့အချိန်လောက်မှာ အဖေဟာ မကျန်းမမာဖြစ်လာတယ်။ စစ်ဆေးကြည့်တော့ အသည်းကင်ဆာတဲ့ဗျာ။ အဖေတစ်ခု သားတစ်ခုဘဝမို့ ကျွန်တော့်မှာ အဖေ့အတွက်ပြောမပြတတ်အောင်ကို ကြေကွဲဝမ်းနည်းရတယ်။ ကျွန်တော်လည်း ရရာအလုပ်တွေကို နင်းကန်လုပ်ပြီး ရသမျှပိုက်ဆံကို အဖေ့ဆေးဖိုးအတွက် သုံးခဲ့တယ်။ ဒါပေမဲ့ ကံတရားက ကျွန်တော်တို့ သားအဖတွေကို မျက်နှာသာမပေးခဲ့ဘူး။ အဖေဆုံးပါးသွားခဲ့တယ်။ အဖေဆုံးပြီးမှ ဖေဖေ့သူငယ်ချင်းက အမေနဲ့ ညီတစ်ယောက်ရှိတာပြောပြတယ်။ ကျွန်တော်မှာ အူလိုက်သည်းလိုက်နာကျင်ခံစားရတာ။ အသည်းခိုက်အောင် ကြေကွဲဝမ်းနည်းရတယ်။

အဖေဆုံးပြီး တစ်လကျော်ကျော်လောက်မှာ အောင်စာရင်းထွက်တယ်။ ကျွန်တော် ဆယ်တန်းအောင်ခဲ့တယ်။ ရှင်းရှင်းပြောရရင် ကျွန်တော် အူထဲအသည်းထဲကနေ ဝမ်းသာနေမိသလို အဖေ့ကိုလည်း တမ်းတမ်းတတနဲ့ သတိတရရှိနေခဲ့မိတယ်။ ကျွန်တော်ဆယ်တန်းအောင်တဲ့အကြောင်းကို အဖေ့ကို ပြောပြချင်နေပေမယ့် မပြောပြနိုင်ခဲ့ဘူး''

ဟူ၍ သူ့ရင်ထဲမှ ခံစားချက်များကို ရင်ဖွင့်ပြောဆိုသည်။ အောင်မြင်ဝိုလည်း သူ၏အဖေအကြောင်း တစ်စွန်းတစ်စကြားရသည်ကိုပင် ဝမ်းပန်းတသာဖြင့်နားထောင်၏။ အောင်မြင်ဝိုဟာ သူငယ်ငယ်လေးထဲမှ အဖေသေပြီလို့သာသိခဲ့ပြီး အဖေ့မေတ္တာလည်း မရရှိခဲ့။ အဖေ့ကို အဖေလို့လည်း ခေါ်ခွင့်မရခဲ့သည့်အတွက် ဝမ်းနည်းသွားမိသလို ထက်မြက်ဝိုလည်း အဖေနဲ့တရင်းတနှီးနေပြီး အဖေ့ကို အဖေဟုခေါ်ခဲ့ရတာကို အားကျသွားမိသည်။

ပြီးတော့ သူ့ဂမ္ဘီရမျက်လုံးမှော်ဖန်လုံးထဲမှာ မြင်မြင်နေရသည့် သူနဲ့သိပ်တူသော အရိပ်မှာ အောင်ဖြိုးမဟုတ်ဘဲ ထင်မြက်ဝိုဟု သိလိုက်သည်။ ပြီးတော့ သူ ဟိုတစ်လောဆီတုန်းက အလိုလိုနေရင်း ဝမ်းပန်း

တနည်းဖြစ်နေခဲ့သည်မှာ အဖေဆုံးပါးသွားသည့်အတွက် ထက်မြက်တစ်ယောက်ဝမ်းနည်းနေသည်များ သူ့ဆီကူးစက်လာပါလားဟု နားလည်လိုက်သည်။ အလိုလိုနေရင်း အူလိုက်သည်းလိုက်ဖျော်နေခဲ့တာဟာလည်း ထက်မြက်ဝို ဆယ်တန်းအောင်သည့်အတွက် ဖျော်နေသည်များ သူထံကူးစက်လာပါလားဟု သဘောပေါက်လိုက်သည်။ ထက်မြက်ဝို စိတ်အခြေအနေတွေ သူ့ထံကူးစက်လာပါလားဟုလည်း တွေးနေမိလိုက်သည်။

အခု အောင်မြင်ဝို၏မေမေလည်း သိပ်နေမကောင်းသေး။ မေမေ့ကို ထက်မြက်ဝိုအကြောင်း ပြေလိုက်လျှင် မေမေဘယ်လိုများ ခံစားသွားရမလဲ။ ဘယ်လိုများ ခံစားချက်တွေ ပြင်းထန်စွာပေါက်ကွဲသွားမလဲ။ ပွင့်လင်းပြီး တစ်ယောက်အပေါ်တစ်ယောက် သိပ်နားလည်စာနာသည့် သူတို့ မိသားစုမှာ ဘာကြောင့်များ ဒီလောက်ကြီးမားသည့် လျှို့ဝှက်ချက်ကြီးရှိနေရတာလဲ။ မည်သို့ပင်ဖြစ်စေ နွမ်းပါးနုံချာနေသော သူ့ကိုကိုကို အိမ်ခေါ်ထားမှဖြစ်မှာ။ ထိုသို့ခေါ်ထားဖို့အတွက် မေမေကြီးနှင့် မေမေ့ကို ညှိနှိုင်းသည့်အခါ မေမေကြီးနှင့်မေမေ့ကို မထိခိုက်စေချင်။ အစ်ကိုထက်မြက်ဝိုကိုလည်း မနစ်နာစေချင်။ အားလုံးအဆင်ပြေသာယာချမ်း မြေ့မှုရရှိစေဖို့ အောင်မြင်ဝို အကောင်းဆုံး အဖြေတစ်ခုကို ရှာဖွေတွေ့ရှိချင်သည်။

အောင်မြင်ဝိုက ထက်မြက်ဝိုကို

''အစ်ကို. . . ကျွန်တော်တို့အိမ်မှာလာပြီးနေနိုင်အောင် ကျွန်တော် စီစဉ်ပေးမယ်။ လောလောဆယ် မေမေ နေမကောင်းသေးတော့ အချိန်နည်းနည်းလောက်ပေးပါ။ သိပ်မကြာဘူး။ တစ်ရက်၊ နှစ်ရက်လောက်ပဲ''

အောင်မြင်ဝိုတို့ မိသားစု သာယာချမ်းမြေ့ပျော်ရွှင်ကြည်နူးရေးအတွက် ဆုမွန်ကောင်းတောင်းနေမိသည်။

■

မကြောင့်မကြနေရပြီး ထက်မြက်သွက်လက်နေပေမယ့် မြေးကြီးရော ကျန်းမာမှ ကျန်းမာပါ့မလား။ ကောင်းကောင်းမွန်မွန် နေရပါ့မလားဆိုပြီး ခဏခဏ စိတ်ပူခဲ့ရတာအမှန်။

မြက်ခုတ်နေသော ကောင်လေးဟာ မြေးကြီးနဲ့တူလွန်းတာကြောင့် မြေးကြီးများဖြစ်လေမလားဆိုသည့် သံယောဇဉ်အတွေးဖြင့် မြက်ခုတ်နေသော ကောင်းလေးနားသွားပြီး

"ကလေး. . . မင်းက ဘယ်အိမ်ကလဲ"

ဟူ၍ နွေးနွေးထွေးထွေးမေးလိုက်သည်။

ထက်မြက်ဝိုက သူ့နားသို့ရောက်လာပြီး ရုပ်ရည်သန့်ပြန့်လွန်းပြီး ဥပဓိရုပ်ကောင်းလှသည့် ဘွားဘွားကို စိတ်ထဲမှ ဘာကြောင့်မှန်းမသိ ခင်မင်သွားမိသည်။ ထက်မြက်ဝိုက မြက်ခုတ်ဓားကို အောက်ချပြီး

"ကျွန်တော် ခန့်ငြားကိုတို့ အိမ်ကပါ ခင်ဗျာ"

ဟူ၍ ယဉ်ယဉ်ကျေးကျေးပြန်ဖြေသည်။ ဒေါ်မြင့်မြင့်ဟာ ကောင်လေးကို ကြည့်ရင်းကြည့်ရင်းနဲ့ အောင်မြင်ဝို ပိုပိုပြီးတူလာသလိုခံစားရသလို ကောင်လေးရဲ့အသံဟာလည်း အောင်မြင်ဝိုနဲ့ တူလွန်းလှသည်။ ဟုတ်နေပါပြီ။ ဟုတ်နေပါပြီ။ ဒေါ်မြင့်မြင့်က ကောင်လေးကို နွေးထွေးသောမျက်ဝန်းဖြင့် ကြည့်ပြီး

"သားက ခန့်ငြားကိုတို့နဲ့ ဘယ်လိုတော်လဲကွဲ့။ ဘွားဘွားကို ဝပ်စုတယ်လို့တော့ မထင်နဲ့နော်။ သားကို ချစ်လို့ မေးကြည့်တာပါ"

ဟူ၍ ပျော့ပျောင်း နူးညံ့သောလေသံဖြင့် ပြောသည်။ ထက်မြက်ဒိဟာ ဘွားဘွား၏အပြောအဆိုယဉ်ကျေးမှုကိုကြည့်ရင်း သူ၏ဘွားဘွားဖြစ်ရင် သိပ်ကောင်းမှာပဲဟု တွေးလိုက်မိသည်။ ထက်မြက်ဝိုက ဖော်ဖော်ရွေရွေမျက်နှာထားဖြင့်

"ဘာမှ မတော်ပါဘူးခင်ဗျာ။ ကျွန်တော်က သူတို့အိမ်က အလုပ်

အခန်း (၅၂)
မြင်လျှင် မြင်ချင်း

အငြိမ်းစားကျောင်းဆရာမကြီးဒေါ်မြင့်မြင့်တစ်ယောက် သမီးခင်နှင်းဆီနလန်ထမှာစားဖို့ ကြက်သားစွပ်ပြုတ်ကလေးပြုတ်ရန် အိမ်ဖော်မိန်းကလေးနဲ့အတူ ဈေးဘက်လျှောက်လာခဲ့သည်။ အမြဲတမ်းဆိုဒေါ်မြင့်မြင့် ဈေးသွားလေ့မရှိ။ သမီးဒေါ်ခင်နှင်းဆီ ဈေးသွားတတ်ပါသည်။

နှစ်အိမ်ကျော်ရှိ ခြံဝင်းရှေ့ရောက်သည့်အခါ မြက်ခုတ်နေသော ကောင်လေးကြောင့် ဇဝေဇဝါဖြစ်သွားရပါသည်။ သူ့မြေးအောင်မြင်ဝိုနဲ့ တူနိုင်လွန်းသည့်ကောင်လေး။ ဒေါ်မြင့်မြင့်တစ်ယောက် မန္တလေးမှာ အရက်သမား သမက်ထွန်းဇော်ဝိုနှင့်အတူ ထားခဲ့သည့် မြေးကြီးထက်မြက်ဝိုကို ဖြတ်ခနဲသတိရသွားမိသည်။ ဒေါ်မြင့်မြင့်ဟာ အရက်သမားကြောင့်သာ မြေးကြီးကို အသည်းနာနာဖြင့် ထားခဲ့ရပေမယ့် သတိတရဖြစ်နေတတ်သည်။ မြေးလေးဟာ အမေနဲ့ အဘွားရဲ့ ရင်ခွင်မှာ မတောင့်မတ

သမားပါ။ ကိုခန့်ငြားကိုတို့ မန္တလေးမှာနေကတည်းက ကျွန်တော်နဲ့ သိကျွမ်း နေတာပါ''

ဟူ၍ ပြောပြီး သူ့မျက်နှာမှာ စီးကျလာသော ချွေးစက်ချွေး ပေါက်တို့ကို သုတ်လိုက်သည်။ မန္တလေးက ဆိုပါကလား။

မိမိမြေးနဲ့တူလွန်းသည့်အပြင် မန္တလေးကဆိုသောစကားကြောင့် သိသိသာသာပင် စိတ်လှုပ်ရှားသွားမိသည်။

ဒေါ်မြင့်မြင့်က စိတ်လှုပ်ရှားနေသော မျက်နှာထားဖြင့်

''သားက မန္တလေးကပေါ့ ဟုတ်လား''

ဟူ၍ အနည်းငယ်တုန်ခါနေသောလေသံဖြင့် ထပ်မေးသည်။ ထက်မြက်ဗိုက ဘွားဘွားကို

''ဟုတ်တယ်ခင်ဗျာ။ ကျွန်တော်က မန္တလေးကပါ''

ဟူ၍ စိတ်ရှည်လက်ရှည်ဖြင့် ဖြေသည်။ ဒေါ်မြင့်မြင့်က ထက်မြက်ဗို၏လက်ကို နွေးထွေးစွာဆုပ်ကိုင်လိုက်ရင်း

''သားက ဘယ်သူ့သားလေးလဲ။ သားနာမည်ကရော''

ဟူ၍ အနည်းငယ်စိတ်လှုပ်ရှားပြီး တုန်ခါနေသော လေသံဖြင့် ပြောသည်။ ထက်မြက်ဗိုက ခင်မင်နှစ်လိုဖွယ်ကောင်းသော ဘွားဘွားကို

''ဦးထွန်းဇော်ဗိုသားပါ။ ကျွန်တော့်နာမည်က ထက်မြက်ဗိုပါ''

ဟူ၍ နာမည်ပြည့်စုံစွာဖြင့် ယဉ်ယဉ်ကျေးကျေးပြောလိုက်သော အခါ ဒေါ်မြင့်မြင့် ဘာတစ်ခွန်းမှ ပြန်မပြောနိုင်တော့ဘဲ ငြိမ်သက်သွား သည်။ ဒေါ်မြင့်မြင့်သည် အတန်ကြာအောင်ပင် သူ့မြေးကြီးထက်မြက်ဗို ကို ငေးကြည့်ပြီး ရင်ထဲမှာ စို့စို့နစ်နစ်ကြီး ဝမ်းသာသွားမိသည်။ သို့ကြောင့်လည်း ဒေါ်မြင့်မြင့်တစ်ယောက် ထက်မြက်ဗိုကို ဘာစကားမှ ဆက် မပြောနိုင်တော့ဘဲ သူ့အိမ်သို့ ပြန်လာခဲ့မိသည်။ အိမ်ရောက်မှ အိမ်ဖော် မိန်းကလေးကိုပဲ ဈေးလွှတ်လိုက်သည်။

ဒေါ်မြင့်မြင့်တစ်ယောက် အခန်းထဲမှာ ငြိမ်သက်စွာထိုင်နေရင်း မှ မြေးကြီးထက်မြက်ဗို မြက်ခုတ်နေသောဟန်ကို ပြန်မြင်ယောင်နေမိ သည်။ အင်း. . . မြေးကြီးဟာ မြေးလေးလိုကောင်းကောင်းမွန်မွန် မနေရ ရှာပါလားဟု ကရုဏာသက်မိသလို အိမ်မှာလည်း ပြန်ပြီးခေါ်ထားချင်သည်။

ဒေါ်မြင့်မြင့်သည် မြေးလေးအောင်မြင်ဗိုကို မြေးကြီးထက်မြက်ဗို ရှိသည့်အကြောင်းတစ်ခါမှ အသိမပေးဘူးပါ။ အမှာကလေးချင်းသံယော ဇဉ်ငင်ခြင်းကြောင့် ဇာတ်လမ်းထပ်ရှည်မည်စိုးသောကြောင့် မြေးလေးကို မြေးကြီးရှိကြောင်း အရိပ်အမြွက်ပင် ဖွင့်ဟမပြောဆိုခဲ့။ အခုတော့ မြေး လေးအောင်မြင်ဗိုကို မြေးကြီးထက်မြက်ဗိုရှိကြောင်း အသိပေးကို ပေးရ တော့မည်။ ဒေါ်မြင့်မြင့် အခက်ကြုံရပြီ။ မြေးလေးအောင်မြင်ဗိုကို မြေးကြီး ထက်မြက်အကြောင်း ပြောဆိုဖို့ နှုတ်လေးနေမိသည်။ ဘာပဲဖြစ်ဖြစ် မြေး အမှာညီအစ်ကိုနှစ်ယောက်ကို ခွဲခဲ့တာကြောင့် သူ့မှာအပြစ်ရှိနေသလိုလို ပင်ခံစားနေရ၏။

■

မှာ ဘွားဘွား၏အရိပ်က တစ်စတစ်စရှင်သန်လာ၏။ မမေကြီးနှင့် ထက်မြက်ဗိုတို့ ဖန်လုံးထဲမှာ ပြူးရယ်နေသည်ကို တွေ့လိုက်ရသည့်အတွက် အောင်မြင်ဗိုဟာ သာယာချမ်းမြေ့သွားသည်။

မမေကြီးနှင့် ထက်မြက်ဗိုတို့ အရိပ်ဘေးနားမှာ မမေ့အရိပ်က ထပ်မံထင်ရှားလာပြန်သည်။ မမေ့အရိပ်မှာလည်း အပြုံးရိပ်တွေ သန်းနေပါသည်။

မမေကြီးလည်း ထက်မြက်ဗိုကို လှိုက်လှိုက်လဲ့လဲ့ နွေးနွေး ထွေးထွေးကြီးဆိုမှာပါလားဟု တွေးလိုက်မိပြီး ဒီနေ့ပဲ ဖွင့်ဟအသိပေးဖို့ ဆုံးဖြတ်ချက်အခိုင်အမာချလိုက်သည်။ ဘာပဲဖြစ်ဖြစ်။ ဘာပဲဖြစ်လာဖြစ်လာ။ သည်နေ့ ပြောကိုပြောတော့မည်။

◆◆◆

ထက်မြက်ဗိုအကြောင်းကို အောင်မြင်ဗိုက ဖွင့်ပြောဖို့ဆင်းအလာ အောင်မြင်ဗိုကိုလည်း မမေကြီးက ထက်မြက်ဗိုအကြောင်း ဖွင့်ပြောဖို့ တက်အလာ လေ့ကားအလယ်မှာ ဆုံမိကြသည်။

''ဟာ. . . မမေကြီး အပေါ်တက်လာတယ်။ မမေကြီး မောနေပါ့မယ်''

ဟူ၍ အောင်မြင်ဗိုက သူ့မမေကြီးကိုကြင်နာတတ်စွာဖြင့် ပြောလိုက်သည်။ မမေကြီးဒေါ်မြင့်မြင့်က အောင်မြင်ဗိုကို

''သားကို မမေကြီးသိပ်ပြီးအရေးကြီးတဲ့ကိစ္စတစ်ခုပြောဖို့ ရှိလို့လာခဲ့တာ''

ဟူ၍ တိုးတိုးသက်သာလေသံဖြင့် ပြောသည်။ အောင်မြင်ဗိုက ထက်မြက်အကြောင်းကို အရေးတကြီးပြောချင်နေမှ မမေကြီးကလည်း

အခန်း (၅၃)
ခေါက်ရွာငှက်ပျံ လောကဓံ

ထက်မြက်ဗိုနဲ့ ပြန်တွေ့ရသဖြင့် အင်မတန်ကို ကြည်နူးပီတိဖြစ်ကာ ပျော်နေမိသလို ထက်မြက်ဗိုအကြောင်းကို မမေနဲ့ မမေကြီးကို အသိပေးဖို့လည်း ချီတုံချတုံဖြစ်နေမိသည်။

ဟိုရက်တွေတုန်းကတော့ မမေနေမကောင်းသဖြင့် ဘာမှ အသိမပေးဘဲထားခဲ့သည်။ ခုတော့ မမေလည်း အတော်ပင်နလန်ထလာသည့်အတွက် မမေနဲ့ မမေကြီးကို အသိပေးချင်မိသော်လည်း မမေကြီးတို့က ထက်မြက်ပေါ် ဘယ်လိုသဘောထားသလဲဆိုတာ သိချင်နေမိပြန်တယ်။

အောင်မြင်ဟာ စိတ်ငြိမ်သွားအောင် (၁၅)မိနစ်ခန့် တရားထိုင်ပြီးမှ ဂမ္ဘီရမျက်လုံးမှော်ဖန်လုံးကို အာရုံယူပြီးကြည့်လိုက်သည်။ ဖန်လုံးထဲမှာ ထက်မြက်ဗို၏ အရိပ်စတင်လှုပ်ရှားလာသည်။ ထက်မြက်ဗို၏ဘေး

သိပ်အရေးတကြီးကိစ္စရှိနေသေးသည်ဆိုသောကြောင့် တအံ့တသြဖြစ်သွားပြီး

"တိုက်တိုက်ဆိုင်ဆိုင် မေမေကြီးရယ်၊ သားလည်း မေမေကြီးကို အရမ်းအရေးကြီးတဲ့ကိစ္စပြောစရာရှိနေတယ်"

ဟူ၍ ပြေလိုက်သည်။

မေမေကြီးက မျက်လုံးကြီးမြင့်တက်သွားပြီး

"ဟေ . . . ဟုတ်လား။ မေမေကြီးရဲ့ကိစ္စက သားရဲ့မေမေပါသ်မှဖြစ်မှာ"

ဟူ၍ နွေးထွေးသော မေတ္တာဓာတ်ပါသော လေသံဖြင့် ပြောသည်။ အောင်မြင့်ဗိုက မေမေကြီးဒေါ်မြင့်မြင့်ကို

"သားရဲ့ကိစ္စကလည်း မေမေ့ရှေ့မှာ ပြောမှဖြစ်မှာ၊ သားတို့ မေမေ့ဆီသွားကြတာပေါ့"

ဟူ၍ဆိုကာ မြေးအဘွားနှစ်ယောက်လက်တွဲပြီး အောက်ထပ်ကို ဆင်းလာကြသည်။ မေမေကြီးနှင့် အောင်မြင့်ဗိုတို့နှစ်ယောက်သား ဒေါ်ခင်နှင်းဆီ၏အခန်းထဲရောက်သွားကြသည်။

ဒေါ်ခင်နှင်းဆီသည် အောင်မြင့်ဗိုနဲ့ ဒေါ်မြင့်မြင့်ကို မျက်ခွံကလေးလှုန်ကာကြည့်ပြီး

"မြေးအဘွားနှစ်ယောက်ပါလား"

ဟု ဆိုကာ ခုတင်ပေါ်မှ အားယူပြီးထလိုက်သည်။ အောင်မြင့်ဗိုသည် မေမေကြီးကို သူ့မေမေနားမှာထိုင်ဖို့ရန်အတွက် ထိုင်ခုံတစ်လုံးဆွဲပေးလိုက်သည်။ သူလည်းပဲ သူ့မေမေ့ခုတင်နားထိ ထိုင်ခုံတစ်လုံးဆွဲပြီးထိုင်သည်။

အောင်မြင့်ဗိုက လူကြီးသူမကို အရေးပေးသောစိတ်ဓာတ်ငြင့်

"မေမေကြီးရဲ့ အရေးကြီးကိစ္စကို အရင်ပြောပါဦး"

ဟူ၍ ယဉ်ယဉ်ကျေးကျေးဆိုလိုက်သည်။

မေမေကြီး ဒေါ်မြင့်မြင့်က မေမေဒေါ်ခင်နှင်းဆီ၏မျက်နှာကို ကြည့်ပြီး

"မြေးကြီး ထက်မြက်ဗိုကို မေမေ ဒီမနက်ပဲ တွေ့ခဲ့ပြီ သမီး"

ဟူ၍ စကားဆုံးသည်နှင့် အောင်မြင့်ဗိုကလည်း မေမေကြီးဘက်ကိုကြည့်ပြီး

"သားလည်း အစ်ကိုထက်မြက်ဗိုအကြောင်းပဲ ပြောမှာ မေမေကြီးရဲ့"

ဟူ၍ ဝမ်းသာအားရလေသံဖြင့် ပြောသည်။

ဒေါ်ခင်နှင်းဆီသည် သူမ မမေ့ချင်ပါဘဲနဲ့ ဖွတ်မေ့ပစ်ခဲ့ရ။ မစွန့်ချင်ပါဘဲနဲ့ စွန့်ပစ်ခဲ့ရ၊ ချစ်ပါလျက်နဲ့ ခွဲခွာခဲ့ရ၊ သတိတရဖြစ်နေပါလျက်နဲ့ သတိမရသလို ဟန်ဆောင်နေခဲ့ရသည့် သားကြီးသတင်းကြောင့် စိတ်လှုပ်ရှားသွားသည်။

"သားကြီးကို နှင်းလည်း တွေ့ထားပြီးပြီ။ သားကို ဘာစကားမှ မပြောလိုက်ပေမယ့် သားဆိုတာတော့ သိနေတယ်။ ဒါကြောင့် နှင်းမှာ မေမေနဲ့သားကို အသိပေးဖို့ မဝင်ရဲသလို သားကြီးအတွက်လည်း ကြိတ်ပြီး ခံစားနေရတယ်။ ဒါကြောင့် နှင်းဝေဒနာခံစားရတာ"

ဟု ပြောလည်းပြော ငိုလည်းငိုသည်။

"မေမေတို့ မိသားစုတစ်တွေ ပြန်ဆုံတွေ့ကြပြီပဲ။ မငိုပါနဲ့ သမီးရယ်။ မေမေလည်း စိတ်လျော့လိုက်ပါပြီ"

ဒေါ်မြင့်မြင့်ကလည်း သူ့အသည်းနှလုံး မြေးကြီးထက်မြက်ဗိုကို ပြန်တွေ့ခဲ့ရသဖြင့် အပြုံးပန်းတို့ ဝေဆာနေ၏။

အောင်မြင့်ဗိုက မေမေကြီးကို

"ဖေဖေကတော့ အရက်ပြတ်သွားပြီးမှ ကင်ဆာနဲ့ ဆုံးသွားပြီ

တဲ့ မေမေ။ အစ်ကိုလည်း အပေါ့်ကို ချို့ချို့တဲ့တဲ့နဲ့ အဖေကို လု
ခဲ့ရတယ်တဲ့။ အခုလည်း နှစ်ခြကျော်က ပန်းသဇင်တို့ အိမ်မှာ ဒ
လုပ်နေရတယ်။ အစ်ကို့ကို ကျွန်တော်တို့အိမ်မှာ ပြန်ခေါ်ထားရဒေ
လား မေမေရယ်''

ဟူ၍ ခခယယဖြင့် တိုးလျှိုးတောင်းပန်လိုက်သည်။

ဒေါ်ခင်နှင်းဆီတစ်ယောက် သားကြီးထက်မြက်ကို တွေ့ချင်
ပြင်းပြနေသည်။ မေမေကြီးက အင်မတန်ပြုံးချိုသော မျက်နှာထားဖြင့်
ဒေါ်ခင်နှင်းဆီကိုကြည့်ကာ

''အခုပဲ မြေးကြီးကို သွားခေါ်လိုက်ပါ။ မေမေကြီး မြေးကြီးကို
သိပ်တွေ့ချင်နေပြီ။ အခုတော့ မေမေကြီးဘဝမှာ မြေးတို့ အမွာညီအစ်ကို
ကြောင့် ဝိုင်းစိုပြေရတော့မှာပေါ့''

ဟူ၍ အားတက်သရောပင် ချိုသာစွာပြောသည်။

အောင်မြင်ဇိုလည်း ပန်းသဇင်တို့ အိမ်တွင် အစ်ကိုထက်မြက်
ဇိုကို ခေါ်ဖို့အတွက် ဝမ်းသာအားရပင် ထွက်လာခဲ့သည်။

◆◆◆

ထက်မြက်ဇိုဟာ ဆွေကြီးမျိုးကြီး သူဌေးစားရင်းဝင်ထဲမှ ဖြစ်နေ
သောကြောင့် ခန့်ငြားကို၊ ခန့်ငြားမောင်၊ ခန့်ငြားငယ်တို့ အံ့သြဝမ်းသာ
နေကြသည်။ အစ်ကိုသုံးယောက်က တအံ့တသြဖြင့်

''အမွာနှစ်ယောက်က တစ်ယောက်နဲ့ တစ်ယောက် ကံကြမ္မာမတူ
ပါလား''

ဘာပဲဖြစ်ဖြစ် အစ်ကိုသုံးယောက်လုံး ထက်မြက်အတွက် ဝမ်းသာ
ပေးကြသည်။ ထက်မြက်ဇိုသည် အမေနှင့် အမွာညီကိုပြန်တွေ့ပြီး

ကံဇာတာဆန်းတက်တော့မှာ မဟုတ်လား။ အစ်ကို သုံးယောက်လုံး ထက်
မြက်အတွက် ပျော်ပေးကြသည်။ ကြည်နူးပေးကြ၏။

ခန့်ငြားငယ်က ပြုံးပြုံး ပြုံးပြုံးဖြင့်

''ထက်မြက်ဇိုကို ဥယျာဉ်ထဲမှာ အလုပ်မလုပ်ခိုင်းနဲ့တော့လေ
ပန်းသဇင်။ ထက်မြက်က တစ်နေ့ကျ ညီမနဲ့ အမျိုးတော်လာမှာ
မဟုတ်လား။ ထက်မြက်ဇိုကို သွားခေါ်လိုက်''

ဟူ၍ ဆိုသောအခါ ပန်းသဇင်က သူ့အစ်ကိုငယ်ကို မျက်လုံး
ဝိုင်းဝိုင်းကလေးဖြင့် ကြည့်ပြီး

''အစ်ကို. . . ဘယ်လို. . . ဘယ်လို၊ ပန်းနဲ့ ထက်မြက်အမျိုး
တော်မှာ ဟုတ်လား''

ဟူ၍ တအံ့တသြလေသံဖြင့် မေးသည်။ ခန့်ငြားမောင်က သူ့
ညီမလေးကို နွေးထွေးစွာကြည့်ပြီး

''အစ်ကိုတို့လည်း ချစ်သူကိုယ်စီရှိနေတာ ညီမလေးရိပ်မိနေမှာ
ပေါ့။ အစ်ကိုတို့သုံးယောက်လုံး ညီမလေးနဲ့ အောင်မြင်ဇိုတို့ ခင်မင်ရင်းနှီး
မှုကိုလည်း နားလည်ပေးလိုက်ပါပြီ''

ဟူ၍ နားလည်မှုပြည့်ဝ၍ ကိုယ်ချင်းစာတတ်သော ဟန်ပန်ဖြင့်
ဆိုလိုက်သည်။

ပန်းသဇင်က သူမနဲ့ အောင်မြင်ဇိုကိစ္စကို ပွင့်ပွင့်လင်းလင်းနား
လည်မှုပေးသော အစ်ကိုသုံးယောက်လုံးကို ကျေးဇူးတင်သွားမိသည်။
တကယ့်ကို ကျေးဇူးတင်သွားမိသည်။

အဲဒီအချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် အိမ်ရှေ့မှ လျှပ်စစ်ဘဲလ်သံ
ကြောင့် ပန်းသဇင် ဖြတ်ခနဲထပြီး သံစကာကြားမှနေပြီး ခြံဝကိုချောင်း
ကြည့်လိုက်ရာ ခြံဝမှာ အောင်မြင်ဇိုတစ်ယောက် မတ်တပ်ရပ်နေသည်
ကို တွေ့လိုက်ရသည်။ ပန်းသဇင်က

''ကိုအောင်မြင့်ဗိုလာတာ''

ဟူ၍ တီးတီးတိုးတိုးရေရွတ်ပြီး ခြံဝကိုထွက်သွားသည်။ ခြံဝကို ရောက်သည့်အခါ ပန်းသဇင်က

''ကိုအောင်မြင့်ဗို့. . . ကိုထက်မြက်ဗိုကို လာတွေ့တာလား''

ဟူ၍ ညင်ညင်သာသာမေးပြီး ခြံတံခါးကို ခပ်မြန်မြန်ကလေး ဖွင့်လိုက်သည်။ ယခင်က ထက်မြက်ဗိုက မိမိအိမ်မှဒိုသူသဘောဖြင့် ထက်မြက်ဟုခေါ်ဖြစ်ခဲ့သော်လည်း အောင်မြင့်ဗို၏အမွာအစ်ကိုဖြစ်မှန်း သိစမှာ ကိုထက်မြက်ဗိုဟု ပန်းသဇင်ပြင်ခေါ်ဖြစ်ခဲ့တ်။

အောင်မြင့်ဗိုက ခပ်သွက်သွက်ဖြင့် ခေါင်းတစ်ချက်ဆတ်ပြပြီး

''ဟုတ်တယ်. . . ကိုထက်မြက်ဗိုဆီလာတာ။ ကိုထက်မြက်ဗိုကို ကိုယ်တို့အိမ်ပြန်ခေါ်သွားဖို့ ကိုခန့်ငြားကိုတို့ဆီမှာ ခွင့်တောင်းမလို့လေ။ ဒါနဲ့ ပန်းရဲ့အစ်ကိုတွေ ကိုယ့်ပေါ် အမြင်ကြည်ရဲ့လား''

ဟူ၍ မေးလာသည်။

''ကိုအောင်မြင့်ဗိုကို ပန်းရဲ့အစ်ကိုသုံးယောက်လုံးက အမြင်ကြည်နေပါပြီ။ ပန်းနဲ့ ကိုအောင်မြင့်ဗိုကိုလည်း ခင်မင်နှိုင်ပါတယ်တဲ့လေ''

ပန်းသဇင်က ချိုမြနေသော အပြုံးမျက်နှာထားဖြင့် ပြောသည်။

ခြံနောက်မှ ဥယျာဉ်ထဲမှာ ပန်းပင်တွေတင်ဖို့ စင်ဆောက်နေသော ထက်မြက်တစ်ယောက် အောင်မြင့်ဗို ခြံထဲရောက်နေသည်ကို တွေ့တာကြောင့် အောင်မြင့်ဗိုထံ ပြေးလာပြီး

''အောင်မြင့်ဗိုပါလား။ အစ်ကို ဘယ်တော့ မေမေနဲ့ တွေ့ခွင့်ရမလဲ''

ဟူ၍ အေးအေးဆေးဆေးလေသံဖြင့် ပြောလာပါသည်။

''အခုပဲ အစ်ကို့ကို မေမေ့ဆီခေါ်သွားဖို့ လာတာ။ မေမေကလည်း အစ်ကို့ကို သိပ်တွေ့ချင်နေတယ်။ မေမေကြီးကတော့ အစ်ကိုနဲ့ တွေ့ခဲ့ပြီ ပြောတယ်''

အောင်မြင့်ဗိုက သူ့အစ်ကိုထက်မြက်ဗိုကို နွေးနွေးထွေးထွေး ရှိသောလေသံဖြင့် ပြောသည်။

ထက်မြက်က သူ့ခြံရှေ့မှာ မြက်ခုတ်နေတုန်း ဥပဓိရုပ်သန့်သန့် ပြန်ပြန့်ဖြင့် ချောမောသော ဘွားဘွားက တရင်းတနှီးလာဆက်ဆံသည်ကို ချက်ချင်းအမှတ်ရသွားပြီး

''ဩော် ခုနတုန်းက ကျွန်တော်နဲ့ လာစကားပြောတာ မေမေကြီးကိုး''

ဟူ၍ ရေရွတ်လိုက်သည်။

အောင်မြင့်ဗို၊ ထက်မြက်နဲ့ ပန်းသဇင်တို့ သုံးယောက်သား ပန်းသဇင်တို့ ဧည့်ခန်းထဲကို ဝင်လာကြသည်။ အောင်မြင့်ဗိုက အစ်ကို သုံးယောက်ကို

''ကျွန်တော် အစ်ကိုထက်မြက်ဗိုကို ကျွန်တော့်အိမ်မှာပြန်ခေါ်ထားဖို့ ခွင့်တောင်းတာပါ''

ဟူ၍ ယဉ်ယဉ်ကျေးကျေး အမူအရာဖြင့် ပြောသည်။

''ခွင့်ပြုရမှာပေါ့ဗျာ။ ကျွန်တော်တို့ကလည်း ခင်ဗျားတို့ မိသားစုခုလိုပြန်ပြီး ဆုံဆည်းရတာကို ဝမ်းသာတယ်ဗျာ''

အစ်ကိုကြီး ခန့်ငြားကိုက အောင်မြင့်ဗိုကို လှိုက်လှိုက်လဲလဲ လေသံဖြင့် ပြောသည်။

''ကျွန်တော်ကလည်း ကျွန်တော့်အစ်ကိုကို စောင့်ရှောက်ပေးခဲ့တဲ့ အစ်ကိုတို့ ညီအစ်ကိုတစ်တွေကို သိပ်ကျေးဇူးတင်ပါတယ်''

အောင်မြင့်ဗိုက ခန့်ငြားကိုတို့ ညီအစ်ကိုသုံးယောက်ကို ကျေးဇူးတင်ကြောင်း လေးလေးနက်နက်ပြောလိုက်သည်။

''ရပါတယ်ဗျာ။ ကျေးဇူးတင်စရာမလိုပါဘူး။ ကျွန်တော်တို့ကသာ ကိုအောင်မြင့်ဗိုကို တောင်းပန်စရာတွေရှိနေတာ။ ဟိုတစ်လောတုန်းက

ထိုးမလို ကြိတ်မလိုဖြစ်ခဲ့တာတွေအတွက် တကယ်ပဲ တောင်းပန်တယ်ဗျာ''

ခန့်ငြားမောင်က အောင်မြင်ဗိုကို ကောင်းကောင်းမွန်မွန်လေသံဖြင့် တောင်းပန်သည်။

အောင်မြင်ဗိုနဲ့ ခန့်ငြားတို့ ညီအစ်ကို သုံးယောက်ကြားမှာ နားလည်မှုတစ်ခုရသွားပြီဆိုတာ သေချာသည်ထက် သေချာသွားပါပြီ။

အောင်မြင်ဗိုက ထက်မြက်ဗိုကို

''မင်းလည်း အစ်ကိုတို့အိမ်ကို ဝင်နိုင်ထွက်နိုင်ပါတယ်။ တို့တွေ မိတ်ဆွေဖြစ်သွားပြီပဲ မဟုတ်လား''

ဟူ၍ ရင်းရင်းနှီးနှီးပင်ပြောသည်။ ကံတရားက ဆန်းကြယ်လှချေလား။

ပန်းသဇင်လည်း သူ့အစ်ကိုသုံးယောက်၏ အောင်မြင်ဗိုအပေါ် ပြောင်းလဲသွားသည့် ဆက်ဆံရေးအပေါ် ကျေနပ်သွားမိသည်။

ခဏလောက်ကြာသောအခါ ထက်မြက်ဗို သန့်ပြန့်သောအဝတ်အစားနှင့် ပြန်လာသည်။ ထက်မြက်လက်ထဲမှာ ခရီးဆောင်အိတ်တစ်လုံးလည်း ပါသည်။

ထက်မြက်က ခန့်ငြားကိုတို့ ညီအစ်ကိုသုံးယောက်ကို

''ကျွန်တော် သွားလိုက်ပါဦးမယ်။ ကျွန်တော့်အပေါ် အစစအရာရာ ကူညီစောင့်ရှောက်ခဲ့တာတွေအတွက် တစ်သက်လုံး သတိရနေပါ့မယ်။ အစ်ကို့တို့ ကျေးဇူးကို ကျွန်တော်တစ်သက်မမေ့နိုင်တော့ပါဘူး''

ဟူ၍ ယဉ်ယဉ်ကျေးကျေးဟန်ဟန်ဖြင့် ပြောသည်။

ခန့်ငြားကိုက ဖော်ရွေသောအပြုံးမျက်နှာထားဖြင့်

''မင်းလည်း တို့တွေဆီကို မကြာမကြာလာကွာ''

ဟူ၍ လိုက်လိုက်လဲလဲပင် ပြောသည်။

ထက်မြက်ဗိုက ခန့်ငြားကိုကို တရိုတသေထိုင်ကန်တော့၏။ ပြီးမှ

ခန့်ငြားကိုတို့ညီအစ်ကိုသုံးယောက်ကို နှုတ်ဆက်ပြီး အောင်မြင်ဗိုနဲ့ ထက်မြက်ဗိုတို့ အိမ်ပြန်လာခဲ့ကြသည်။

◆◆◆

ထက်မြက်ဗို စိတ်ဝယ်ခံစားမှုအချို့ဖြင့် ပြည့်နေ၏။ သူ့မေမေကို တွေ့ရဖို့အတွက် စိတ်လှုပ်ရှားနေမိသည်။ ထက်မြက်သည် ဧည့်ခန်းထဲမှာထိုင်ပြီး မေမေနဲ့ အဘွားထွက်အလာကို ရင်ခုန်စွာဖြင့် စောင့်မျှော်နေမိသည်။ သူ့ရင်ဘတ်ထဲမှ တဒိန်းဒိန်းခုန်နေသံကို သူ့နားနဲ့တောင် ပြန်ပြီးကြားနေမိသည်။ သူ့မေမေနဲ့ တွေ့ဖို့စောင့်မျှော်နေရတဲ့အချိန် (၅)မိနစ်ကို သူ့စိတ်ထဲမှာ (၅)နှစ်လောက်ပင် အောင့်မေ့သွားမိသည်။

''သား အမေ့သားကြီး''

အင်မတန်ကို ချိုမြိန်လှသည့် အမေ့အသံ။ သူ မျှော်လင့်တမ်းတနေသော မေမေ့အသံ။ မိခင်မေတ္တာနွေးထွေးစွာပျော်ဝင်နေသော အမေ့အသံ။

ဒေါ်ခင်နှင်းဆီ သူ့ဘေးနားမှာ ထိုင်လိုက်သည်။ သူရဲ့ပါးပြင်ကို တယုတယဖြင့်ကိုင်ပြီး. . .

''သား. . . အမေ့သားကြီး၊ သားကို အဖေ့ဆီမှာ ထားခဲ့တဲ့အတွက် အမေ့ကို ခွင့်လွှတ်နော်''

ဟူ၍ သိမ်မွေ့လွန်းသော ဟန်ပန်အမူအရာဖြင့် ယုယနွေးထွေးစွာပြောလာသည်။ မေမေကြီးဒေါ်မြင့်မြင့်ကလည်း သူတို့သားအမိနှစ်ယောက်ကို အပြုံးမျက်နှာထားဖြင့် ငေးကြည့်နေသည်။ အောင်မြင်ဗိုကလည်း ကြည်နူးသော မျက်ဝန်းဖြင့် ငေးကြည့်နေသည်။

ထက်မြက်ဗိုက သူ့မေမေ ဒေါ်ခင်နှင်းဆီကို

''သားကို ဖေဖေ့ဆီမှာထားခဲ့အတွက် သားက မေမေ့ကိုတောင် ကျေးဇူးတင်မိပါတယ်။ သား ဖေဖေရဲ့ မေတ္တာတွေကို အပြည့်အဝရခဲ့ပါတယ်။ အခုတော့ သားမေမေ့မေတ္တာကို ရယူရဦးမယ်။ သား သိပ်ကံကောင်းတာပေါ့ အဲမေ''

ဟူ၍ မိဘမေတ္တာတရားကို အလေးထားသော လေသံဖြင့် ပြောပါသည်။ အောင်မြင့်ဇိုက သူ့မေမေဒေါ်ခင်နှင်းဆီကို

''မေမေ. . . သားတို့တစ်ခုတော့ မေးပါရစေ။ မေမေနဲ့ ဖေဖေ ဘာကြောင့် ကွဲကွာခဲ့ကြတာလဲ''

ဟူ၍ သိချင်စိတ်ထက်သန်စွာဖြင့် မေးလိုက်သည်။

ဒေါ်ခင်နှင်းဆီအတွေးတွေက အတိတ်ဆီကို ရောက်ရှိသွားပါတော့သည်။

■

အခန်း (၅၄)
အတိတ်ပုံရိပ်

မေမေနဲ့ မင်းတို့အဖေ တွေ့ဆုံခဲ့ပုံကို သိပ်ပြီးအဆန်းတကြယ်ကြီး မဟုတ်ပါဘူး။ ရိုးရိုးရှင်းရှင်းကလေးပါပဲ။ အဲဒီအချိန်က မေမေဒေါ်ခင်နှင်းဆီက နှင်းဆိုတဲ့ မိန်းမပျိုလေးတစ်ယောက်ပေါ့။ မေမေကြီးက အထက်တန်းပြကျောင်းဆရာမကြီးပေါ့။ သားတို့အဖေက မေမေကြီးဆီမှာ စာလာမေးတတ်တဲ့ ခပ်ဆိုးဆိုး ခပ်ကဲကဲကျောင်းသားတစ်ယောက်ပါ။ နှင်းမေမေက အသင်အပြသိပ်ကောင်းပြီး စည်းကမ်းကြီးတဲ့ ဆရာမကြီးမဟုတ်လား။ တပည့်တွေကလည်း နှင်းမေမေကို ချစ်ကြရိုသေကြတယ်။ မေမေဟာ တပည့်တွေကို စေတနာသန့်သန့်ဖြင့် ညနေပိုင်းတွေမှာ စာသင်ပေးတတ်တယ်လေ။

တစ်နေ့ မေမေ့ဆီမှာ သူစာလာသင်တယ်။ အဲဒီအချိန်မှာ နှင်းလည်း မေမေနဲ့ သူ့နားမှာရှိနေတယ်။ မေမေက သူ့ကိုမနှစ်မြို့တဲ့ အကြည့်နဲ့ကြည့်ပြီး

''ထွန်းဇော်ဝိ''

လို့ အနည်းငယ်မာထန်တဲ့လေသံဖြင့် အော်လိုက်တယ်

မေမေ့ဆီမှာ စာသင်နေတဲ့ကျောင်းသား။ ကျောင်းသူတွေလည်း ရှိနေတာမို့ အားလုံးရဲ့အကြည့်က မေမေနဲ့ ထွန်းဇော်ဝိဆီရောက်သွားတယ်။ နှင်းရဲ့မျက်လုံးလေးဟာလည်း မေမေနဲ့ သူ့ဆီရောက်သွားတာပေါ့။

မေမေက သူ့ကို မီးဝင်းဝင်းတောက်နေတဲ့ မျက်လုံးနဲ့ကြည့်ပြီး

''ထွန်းဇော်ဝိ၊ မင်းအခုမှ ဆယ်တန်းကျောင်းသားပဲရှိသေးတယ် မင်းအရက်တွေ သောက်လာတယ်''

လို့ တပည့်တစ်ယောက် ငယ်ငယ်ရွယ်ရွယ်နဲ့ ပျက်စီးသွားမှာ စိုးရိမ်နေတဲ့လေသံနဲ့ ပြောလိုက်တယ်။ သူက မေမေ့ကို တည့်တည့်ပြန်ကြည့်ပြီး. . .

''ဆရာမ. . . အထင်မှားတာနဲ့ တူတယ်။ ကျွန်တော် အရက်မသောက်ပါဘူး''

လို့ အသံကျယ်ကျယ်နဲ့ ပြန်ပြောတယ်။ သူက မေမေ့ကို မလေးစားဘူးဆိုတဲ့ အရိပ်အယောင်ထင်ထင်ရှားရှား။

မေမေဟာ တပည့်တိုင်းကို ကောင်းစေချင်တဲ့ စေတနာသန့်သန့်လေးရှိတယ်။ မေမေက သူ့တပည့်တွေ လမ်းမှားရောက်သွားမှာ သိပ်ပြီး စိုးရိမ်တာ။ တပည့်တိုင်းကို လူတော်လူကောင်းလူလိမ္မာလေးတွေ ဖြစ်စေချင်တာမျိုး။

မေမေက သူ့ကိုလည်း အရက်ကြောင့် တက်လမ်းပိတ်သွားမှာ စိုးထိတ်နေတဲ့ အမူအရာနဲ့

''မင်းက အရက်သောက်ရုံတင်မကဘူး ညာလည်းကောင်းကောင်းညာတတ်နေတာပဲ။ မင်းကများ ငါ့ကို အရက်နံ့မသိဘူး ထင်နေသလား။ မင်းက ငါမွေးထားရင် ငါ့သားလောက်ပဲရှိတယ်။ မင်းဒီလို

အရက်သောက်လို့ရှိရင် ဘယ်တော့မှ လူမွေးလူတောင်,တောင်ပြောင်မှာ မဟုတ်ဘူး။ မင်း ငါ့တပည့်မဟုတ်လား။ နောင်ဘယ်တော့မှ အရက်မသောက်နဲ့''

လို့ ခက်ထန်ထန်ပြောတယ်။

သူက မေမေ့ကို အကြည့်စိမ်စိမ်းဖြင့် တစ်ချက်စိုက်ကြည့်ပြီး ချာမနဲလှည့်ထွက်သွားပါတယ်။ သူဟာ အိမ်ပေါ်က ပြေးဆင်းသွားပြီး လှစ်ခနဲပျောက်ကွယ်သွားပါတယ်။

နှင်း သူ့ကို စတင်သိရှိခဲ့တာ မေမေရဲ့တပည့်ဆိုးတစ်ယောက် အနေနဲ့ပေါ့။ ဒါပေမဲ့ သူရဲ့ရုပ်ရည်ဟာ နှင်းရဲ့မျက်လုံးထဲမှာ သိပ်ကို ကြည့်ကောင်းလွန်းနေပါတယ်။ အသားဖြူဖြူ၊ နှာတံပေါ်ပေါ်၊ မျက်ခုံးထူထူ၊ မျက်လုံးနက်နက်နဲ့ သူ့ရဲ့ရုပ်သွင်ကို စွဲစွဲလမ်းလမ်းကြီး မှတ်မှတ်ထင်ထင်ရှိသွားတာအမှန်ပဲ။

◆◆◆

''နှင်း''

နှင်းနဲ့ သိပ်မရင်းနှီးလှတဲ့ ယောကျ်ားပျိုတစ်ယောက်ရဲ့ ခေါ်သံကြောင့် နှင်းနှောက်ကိုဖြတ်ခနဲလှည့်ကြည့်လိုက်မိပါသည်။

နှင်းကို ပြုံးပြီးကြည့်နေတဲ့ သူ့ကို အမှတ်မထင်တွေ့လိုက်ရတော့ နှင်း ဘာကြောင့်မှန်းမသိ ရင်ခုန်သံ မမှန်ဖြစ်သွားတယ် သိလား။ သူက နှင်းဆီကို တဖြည်းဖြည်းလျှောက်လာပြီး ပြုံးတုံ့တုံ့မျက်နှာကလေးဖြင့်

''ကျွန်တော့်ကို မှတ်မိလားမသိဘူး။ ကျွန်တော် နှင်းမေမေရဲ့ တပည့်ပါ''

လို့ ချိုမြမြအသံလေးနဲ့ တရင်းတနှီးဆိုလာပါတယ်။

အမှန်တော့ သူနဲ့ နှင်းမတွေ့ရတာ (၁)နှစ်ကျော်ကျော် (၂)နှစ်နီးပါးရှိပြီ။ ရှင်းရှင်းပြောရရင် နှင်းလေ ဒီကာလတွေအတွင်းမှာ သူ့ကို ဘာကြောင့်မှန်းမသိ သတိရရနေမိတယ်။ ဒါအချစ်များလား။

နှင်းက ချစ်စဖွယ်ပြုံးလိုက်ပြီး

''မှတ်မိပါတယ်၊ ထွန်းဇော်ဝိုု မဟုတ်လား''

လို့ နှင်းက တိုးသက်ညင်သာတဲ့ လေသံလေးနဲ့ပြောလိုက်တယ်။

သူက နှင်းကိုကြည်လင်တောက်ပနေတဲ့ မျက်ဝန်းအစုံဖြင့် ကြည့်ကာ

''နှင်း အခု ဆယ်တန်းအောင်သွားပြီပေါ့''

လို့ နားဝင်ပီယံရှိလှတဲ့ လေသံကလေးဖြင့် မေးလာပါတယ်။

နှင်းက သူ့ကို အလှပဆုံး အပြုံးကလေးဖြင့် ပြုံးပြပြီး

''ဟုတ်ကဲ့၊ နှင်း အခုဆယ်တန်းအောင်သွားပြီး ရန်ကုန်မှာ တက္ကသိုလ်ဆက်နေတယ်လေ။ အခု ကျောင်းပိတ်တုန်း မန္တလေးကို ခဏ ပြန်လာတာ။ ဒါနဲ့ ထွန်းဇော်ဝိုုရော ဆယ်တန်းအောင်သွားပြီလား''

လို့ နှစ်လိုဖွယ်ကောင်းတဲ့ လေအေးအေးလေးနဲ့ မေးလိုက်တယ်။

သူက နှင်းကို ရီဝေတဲ့မျက်ဝန်းဖြင့်ကြည့်ပြီး

''ကျွန်တော် မအောင်ဘူးဗျာ''

လို့ လေသံတိုးတိုးနဲ့ ပြောရှာတယ်။ အိုး သနားစရာကွယ်။

နှင်းလေ သူ့ကို ဘာကြောင့်မှန်းမသိ သနားသွားမိတယ်။ သနားခြင်းကြောင့် နှင်း သူ့အပေါ်ထားတဲ့ အချစ်တွေဟာ ပိုပြီး ရှင်သန်လာတာပေါ့။

◆◆◆

''နှင်း ဘယ်ကလာတာလဲ''

နှင်းလေ ထွန်းဇော်ဝိုနဲ့ နောက်ထပ်တစ်ကြိမ်ထပ်တွေ့ပြန်ပြီ။ နှင်းက သူ့ကို အချိုမြဆုံးပြုံးပြလိုက်ပြီး

''စျေးလေ''

လို့ ညင်သာစွာဖြေလိုက်တယ်။ သူက နှင်းကို တည့်တည့် ကြည့်တယ်သိလား။ သူ နှင်းကို ကြည့်တဲ့အကြည့်တွေကို အဓိပ္ပာယ်တစ်မျိုး ပေါ်ဝင်နေတယ်။ နှင်းရင်တွေခုန်လိုက်တာလေ။

''နှင်းကို ကျွန်တော် ပြောစရာရှိတယ်။ ကျွန်တော်ပြောတာတွေ နားထောင်ပြီးရင် နှင်းစိတ်မဆိုးနဲ့နော်။ ကျွန်တော်နှင်းကို ချစ်တယ်။ နှင်းကို မြင်မြင်ချင်းထဲက ချစ်နေတာ။ ကျွန်တော်လေ နှင်း အချစ်ကို မရရင် အသက်ရှင်နိုင်တော့မှာ မဟုတ်ဘူး''

သူက နှင်းအနားတိုးကပ်ကာ ချစ်ရေးဆိုလာပါတယ်။ သူနှုတ်က အဆက်မပြတ်ထွက်လာတဲ့ ချစ်စကားအနုအလှလေးတွေကို နှင်းစွဲသွားမိပြီလေ။ သိလား။ သူ့အသံက နှင်းနားထဲမှာ သိပ်ကို နားဝင်ပီယံရှိနေတာပေါ့။

သူက နှင်းအနားကို တိုးကပ်လာတာကြောင့် သူ့ဆီမှ စူးရှရှ အနံ့ပြင်းပြင်းကို နှင်းရလိုက်တယ်။ အဲဒီအနံ့က နှင်းကို စိတ်နောက်ကျိသွားစေတယ်။ အဲဒါ အရက်နံ့ဆိုတာလား။ သူ အရက်တွေ သောက်လာတာလား။ နှင်း သူ့ကို မျက်လုံးဝိုင်းဝိုင်းကလေးနဲ့ မော့ကြည့်လိုက်ပြီး

''အရက်တွေ သောက်လာတယ်''

လို့ တအံ့တသြလေသံနဲ့ အံ့အားတသင့်ဆိုလိုက်တယ်။ သူက နှင်းကို ချစ်ရိပ်တွေပါတဲ့ ရီဝေဝေမျက်ဝန်းနဲ့ကြည့်ပြီး

''ကိုယ်လေ နှင်းကို ချစ်ရေးဆိုဖို့ မရဲလို့ ရဲဆေးတင်တဲ့အနေနဲ့ နည်းနည်းလောက်သောက်လာတာပါ''

လို့ မဝင့်မရဲလေသံနဲ့ ညင်သာတိုးသက်စွာပြောလာတဲ့အခါမှာတော့ နှင်းသူ့ကို ကြင်နာသွားမိပါတယ်။ သူ ငါ့ကို တော်တော်ကြီးစွဲစွဲလမ်းလမ်းချစ်နေပါလား။ နှင်းက သူ့ကို ကရုဏာသက်စွာနဲ့ကြည့်ပြီး

''နှင်းကို တကယ်ချစ်ရင် အရက်မသောက်နဲ့နော်။ အရက်သမားကို နှင်းကြောက်တယ်။ အရက်မသောက်မှ နှင်း သူ့ကိုပြန်ချစ်နိုင်မယ်''

လို့ အကြင်နာအရိပ်အငွေ့ပါလာတဲ့ လေသံကလေးနဲ့ ပြောလိုက်မိတယ်။ အဲဒီလို ချော့ပြောရင်း သူအရက်ဖြတ်သွားမှာသေချာတယ်။ နှင်းကိုယ်နှင်းလည်း ယုံတယ်။ သူအရက်မသောက်ဖို့ နှင်းပြောနိုင်မယ်လို့လေ။ သူက နှင်းကို ခပ်ညြသြအသံနဲ့

''တကယ်လား'' တဲ့လေ။

နှင်းက ခေါင်းကို အသာအယာညိမ့်ပြီး

''တကယ်ပေါ့''

လို့ မဆိုင်းမတွ ပြန်ပြေလိုက်တာပေါ့။

နှင်းရဲ့ သူ့အပေါ်ကြည့်တဲ့ မျက်ဝန်းတွေကြောင့် သူဟာ နှင်း သူ့အပေါ်ချစ်နေကြောင်း ရိပ်မိနိုင်ပါတယ်။

◆◆◆

နှင်းနဲ့သူဟာ သိပ်ချစ်ကြတဲ့ ချစ်သူတွေဖြစ်ပြီပေါ့။ နှင်းလေသူ့ကို မြတ်မြတ်နိုးနိုးမက်မက်မောမောနဲ့ကို ချစ်နေမိတာ။ သူကလည်းလေ နှင်းကို ငုံထားမတတ် ချစ်တာမျိုး။

ဒါပေမဲ့ နှင်းက ကိစ္စတစ်ခုကိုတော့ စိတ်မကောင်းဘူး။ သူ့ကို နှင်းတွေ့တဲ့အခါတိုင်း သူ့ဆီက အရက်နံ့ရနေတာကိုပေါ့။ သူဟာ ဘာကြောင့်များ ဒီမကောင်းတဲ့ အရက်တွေကို သောက်နေရတာလဲကွယ်။

နှင်းလေ ကိုယ့်ဟာကိုယ် နည်းနည်းတော့ အထင်ကြီးပြီးယုံကြည်စိတ်က ပိုမိုကြီးထွားရှင်သန်ဆဲပါ။ အဲဒါကတော့ နှင်းလေ သူအရက်သောက်တဲ့ ကိစ္စကို ကိုင်တွယ်ဖြေရှင်းနိုင်မယ်လို့ ယုံကြည်နေတာ။ (ဒါဟာ နှင်းအတွက် အမှားတစ်ခုကို စတင်မွေးမွားခြင်းပါ)။ နှင်းလေ အိမ်သန့်ရှင်းရေးလုပ်ရင်းနဲ့ သူ့ဆီပဲ စိတ်က တဝဲလည်လည်။

''ခင်နှင်းဆီ''

လို့ ခေါ်လိုက်တဲ့ မေမေ့အသံက ခက်ထန်မာကျောနေတယ်။ မေမေ့ အသံကို နားထောင်လိုက်ရုံနဲ့ မေမေ နှင်းကို စိတ်ဆိုးနေတာ အသိသာကြီး။ နှင်းလည်း မေမေ့ဆီကို အလိုက်တသိနဲ့ ပြေးသွားပြီး မေမေ့နားမှာ ဂျန္ဒြေရရလေးထိုင်လိုက်ကာ မေမေ့ကို ချစ်ခင်လေးစားတဲ့ အကြည့်နဲ့ ရိုရိုသေသေကြည့်လိုက်တယ်။

မေမေက ပြတ်သားမာကြောတဲ့ မျက်နှာထားနဲ့

''သမီး ထွန်းဇော်ဝိုနဲ့ ချစ်သူဖြစ်နေတယ်ဆို''

လို့ သြဇာပြည့်ဝတဲ့လေသံနဲ့ မေးလာတဲ့အခါ နှင်း ကြောက်ရွံ့စွာဖြင့် ခေါင်းညိတ်လိုက်မိတော့တယ်။

မေမေက နှင်းကို ကရုဏာဒေါသမျက်ဝန်းနဲ့ကြည့်ပြီး

''သမီး သိပ်မိုက်တယ်။ ထွန်းဇော်ဝိုဟာ လူဆိုးကလေးဆိုတာ သမီးသိရက်နဲ့။ သူလိုလူမျိုးကိုမှ ချစ်သူအဖြစ် ရွေးရဲတယ်။ အံ့ပါရဲ့။ သမီးကို မေမေ ပညာတွေသင်ပေးထားတာ အသိဉာဏ်ရှိအောင်လို့ သမီးရဲ့။ ခုတော့... သမီးကို အရက်သမားကိုရွေးပြီး လင်ဆိုးမယားဘဝကို ခံယူမလို့လား''

လို့... နှင်း ခြေလှမ်းမှားသွားမှာ အလွန်စိုးရိမ်နေတဲ့လေသံနဲ့ ပြောတယ်။ နှင်းလေး မေမေ့ကို ဘာတစ်ခွန်းမှမပြောဘဲ ခေါင်းကို တွင်တွင်သာ ငုံပြီး ဆိတ်ဆိတ်သာနေနေမိတယ်။ နှင်းရဲ့ စိတ်ထဲကနေပြီး

မေမေ့ကို ပြောနေမိတာကတော့

''မေမေ ကိုကိုက မေမေထင်သလောက်မဆိုးပါဘူး။ နှင်းသာ ကိုကို့ကို ကောင်းကောင်းကိုင်တွယ်လိုက်ရင် ကိုကိုဟာ လူတော်လူကောင်း တစ်ယောက်ဖြစ်သွားမှာပါ။ တော်ရုံတန်ရုံမိန်းမတစ်ယောက် ကိုကို့ကို လက်ထပ်ရဲမှာ မဟုတ်ပေမယ့် နှင်းကတော့ ကိုကို့ကို သတ္တိရှိရှိလက်ထပ်ရဲတယ်။ အဓိကကတော့ နှင်း ကိုယ့်ဟာကိုယ် ယုံကြည်မှုရှိနေတာပါ''

လို့စိတ်တွင်းမှာ တီးတိုးပြောနေမိတယ်။

◆◆◆

နှင်းမေမေ၏အတန်တန်တားနေတဲ့ကြားထဲက သူနဲ့ခိုးရာလိုက်ခဲ့တာလေ။ နှင်း သူခေါ်ရာနောက်ကို ကောက်ကောက်ပါခဲ့တာပါ။

သူ့ရဲ့မိဘအိမ်မှာ နှင်းတို့နှစ်ယောက် အပျော်ကြီး ပျော်ခဲ့ကြတယ်။ အမှန်တော့ သူ့အိမ်အခြေအနေက တော်တော်ကို စုတ်ချာတာ။ နှင်း မိဘအိမ်နဲ့ တခြားစီ။

နှင်းပျော်ရတာက သူ နှင်းအပေါ်ထားတဲ့ မေတ္တာစစ်အကြင်နာသန့်သန့်လေးကြောင့်ပေါ့။ သူက စွဲမက်ဖွယ်အပြုံးမျက်နှာနဲ့

''ကိုကို နှင်းကို လက်ထပ်လက်စွပ်တို့၊ ဘာတို့ ပေးနိုင်တဲ့အခြေအနေမရှိဘူး။ ဒါပေမဲ့ နှင်းကို ကိုကိုကတိတစ်ခုတော့ ပေးမယ်။ ကိုကို ဘယ်တော့မှ အရက်မသောက်တော့ဘူးဆိုတဲ့ ကတိပဲ''

လို့ ကြင်နာနွေးထွေးတဲ့လေသံနဲ့ ညင်သာစွာဆိုလာပါတယ်။

နှင်းအတွက်ကတော့ သူရဲ့ကတိဟာ စိန်တွေ ရွှေတွေအများကြီး ပုံပေးတာထက်တောင် တန်ဖိုးကြီးတယ်။ နှင်းကိုနှင်းလည်း သိပ်ဂုဏ်ယူသွားမိတာအမှန်ပဲ။ နှင်းရဲ့ ဖြူစင်အေးမြတဲ့ ချစ်ခြင်းမေတ္တာ၊ နှင်းရဲ့

ပါးနပ်စွာကိုင်တွယ်တတ်မှုတွေကြောင့် သူဟာ ပြောင်းလဲသွားတာလို့ နှင်း အခိုင်အမာယုံကြည်လိုက်မိတော့တာပဲ။

တကယ်တမ်းတော့ ခြေမွေးမီးမလောင်လက်မွေးမီးမလောင်နေခဲ့ရတဲ့ နှင်းဟာ သူ့အိမ်မှာနေရတာ အဆင်မပြေလှ။ သူ့အိမ်က မိသားစုတွေလည်း များလွန်းလှတယ်။ သူ့အစ်မ အိမ်ထောင်သည်၊ သူ့အစ်ကို အိမ်ထောင်သည် ပြီးတော့ သူ့အဖေ၊ သူ့အမေနဲ့ သူညီတွေ သူညီမတွေနဲ့ အိမ်သေးသေးလေးမှာ ပွတ်ချာလိမ်နေတာပဲကွယ်။ နှင်းလေ ဘယ်လောက်ပဲ အဆင်မပြေမပြေ သူ့တစ်မျက်နှာထဲကြောင့် အားလုံးကို အကောင်းမြင်နိုင်ခဲ့တာပေါ့။

သူကလည်း သူပေးခဲ့တဲ့ကတိနဲ့အညီ အရက်ကိုမသောက်တော့ဘူး။ အို ဘယ်လောက်ကြည်နူးစရာကောင်းလိုက်သလဲကွယ်။

◆◆◆

''နှင်းရဲ့ ဆံနွယ်လေးတွေက လှလိုက်တာ''

သူက နှင်းရဲ့ဆံနွယ်ကလေးကို တယုတယမြတ်မြတ်နိုးနိုးကိုင်ပြီး နှစ်သက်ဖွယ်ရာစကားအလှအပလေးတွေကို ဆိုလာပါတော့တယ်။

နှင်းရဲ့ဆံပင်တွေဟာ သူပြောသလိုပါပဲ။ သိပ်ကို လှပတာပေါ့။ ခါးလယ်ကျော်ကျော်လောက်ရှည်တဲ့ နှင်းရဲ့ ဆံနွယ်နက်နက်ကလေးတွေက နှင်းကို မဟာဆန်ဆန်နဲ့ တသွေးတမွေးလှပစေတာပေါ့ကွယ်။ ခုလည်း ခေါင်းလျှော်ပြီးစ ရေတွေစိုရွှဲနေတဲ့ နှင်းရဲ့ဆံနွယ်တွေဟာ အလှကြီးလှနေတာပေါ့ရှင်။

သူက နှင်းရဲ့ ဆံနွယ်လေးတွေကို တမြတ်တနိုးကြည့်ပြီး

''နှင်း ဆံပင်တွေကို ကိုကို ရေသုတ်ပေးမယ်နော်''

လို့ ကြင်နာတတ်တဲ့လေသံကလေးနဲ့ ဆိုလာတယ်။ ပြီးတော့ သူက မျက်နှာသုတ်ပဝါလေးကို ယူပြီးတော့ နှင်းရဲ့ဆံနွယ်လေးတွေကို တယုတယကြင်ကြင်နာနာနဲ့ ရေသုတ်ပေးပါတယ်။

သူရဲ့ကြင်တာတတ်ပုံလေးတွေကို နှင်းအသည်းမှာစွဲမက်တွယ်တာသွားမိတာ အမှန်ပဲပေါ့ကွယ်။

◆◆◆

နှင်းလေ သူနဲ့နေရတာ ပျော်ပေမယ့် မေမေ့ကိုတော့ သိပ်ပြီး သတိတရလွမ်းလွမ်းဆွေးဆွေးဖြစ်နေမိတယ်။ မေမေ နေလို့မကောင်းပါရဲ့လား။ မေမေတစ်ယောက်တည်း ဘယ်လိုများနေမလဲ။ အမျိုးမျိုးတွေးပြီးတော့ နှင်းလေ မေမေ့ကို ပူပူပန်ပန်ဖြစ်နေမိတော့တယ်။

နှင်းရဲ့ဖေဖေ အင်္ဂလန်သွားနေခိုက်မို့ နှင်းမေမေတစ်ယောက်ထဲဖြစ်နေမှာ မဟုတ်လား။ နှင်းလေ မေမေ့ရင်ခွင်ကိုခြေစုံကန်ပြီးထွက်ခဲ့တာမို့ နှင်းကိုနှင်းလည်း အပြစ်ရှိတယ်လို့ ခံစားနေရတယ်သိလား။ နှင်းလေ အပြစ်ရှိလူမို့ မေမေ့ကို သိပ်တွေ့ချင်နေပေမယ့် သွားမကြည့်ရဲတာ အမှန်ပဲ။

တစ်နေ့မှာတော့ နှင်းရဲ့မေမေဟာ နှင်းနဲ့ သူ့ဆီကို ရောက်လာခဲ့ပါတော့တယ်။

''မေမေ သမီးဆီလာတယ်နော်''

နှင်းက မေမေ့ကို မဝင့်မရဲနဲ့ကြည့်ပြီး ဝမ်းသာနေတဲ့ လေသံကလေးနဲ့ ဆိုလိုက်မိပါတယ်။ မေမေက တော်တော့်ကို ပိန်သွားတာ နှင်းသတိထားလိုက်မိတယ်။ မေမေက နှင်းရဲ့ သွယ်လျတဲ့လက်ချောင်းလေးတွေကို နွေးထွေးကြင်နာတဲ့ မိခင်မေတ္တာနဲ့ ဆုပ်ကိုင်ပြီး

''သမီးရယ် မေမေ့ကို ပစ်ထားရက်တယ်နော်''

လို့ ဝမ်းပန်းတနည်းလေသံနဲ့ ခပ်တိုးတိုးလေးဆိုလာပါတယ်။

နှင်းထင်ထားတာက နှင်းကို မေမေအပြစ်တင်လိမ့်မယ်။ ဆူပူကြိမ်မောင်းလိမ့်မယ်လို့ ထင်ထားတာ။ ခုတော့ မေမေက နှင်းထင်ထားတာနဲ့ ဆန့်ကျင်ဘက်ပဲ။ မေမေရဲ့ ဟန်ပန်တွေ အပြောတွေက ချစ်ချင်ယယမူအကြင်နာတွေ ပျော်ဝင်နေတယ်။ နှင်းလေ မေမေ့ကို ပြောမပြတတ်အောင် သနားအားနာသွားမိတယ်။ မေမေနှင်းအတွက်သိပ်ကိုခံစားရှာနေရောပေါ့။ နှင်းက မေမေ့ကို ပွေ့ဖက်လိုက်ပြီး

''သမီးကြောင့် မေမေစိတ်ဆင်းရဲရတာ သမီး မေမေ့ကို အနှုံးအညွတ်တောင်းပန်ပါတယ် မေမေ။ မေမေ သမီးကို ခွင့်လွှတ်ပါနော်။ ပြီးတော့ ကိုကို့ကလည်း မေမေထင်ထားသလို လူဆိုးမဟုတ်ပါဘူး။ အခုလေး ကိုကို့က အရက်လုံးဝမသောက်တော့ဘူးမေမေ''

လို့ နှင်းရဲ့ရင်ထဲမှ စကားတွေ ပွင့်အန်ကျလာမိတော့တယ်။

နှင်းတို့သားအမိနှစ်ယောက်လုံး ဝမ်းသာဝမ်းနည်းဖြင့် မျက်ရည်တွေဝေသီနေမိတယ်။

မေမေက နှင်းကို သိပ်ကိုကြင်နာတတ်တဲ့ လေသံကလေးနဲ့

''သမီးတို့တစ်တွေ မေမေ့ဆီပြန်လာနေပါနော်။ သမီးမရှိဘဲနဲ့ မေမေ မနေတတ်လို့ပါ။ သမီးဟာ ဘယ်လိုပဲ မှားခဲ့မှားခဲ့ သမီးဟာ မေမေရဲ့ သမီးကလေးပဲကွယ်။ သမီး ဖေဖေကလည်း သမီးရဲ့အမှားကို ခွင့်လွှတ်မှာပါ''

နှင်းကိုယ်တိုင်ကလည်း ဆင်းဆင်းရဲရဲစုတ်စုတ်ပြတ်ပြတ်ရှိတဲ့ သူ့ရဲ့အိမ်မှာ ဘယ်လိုမှ နေနိုင်စွမ်းမရှိတော့တာရယ်။ မေမေ့ကလည်း နှင်းကို ကြင်နာစွာနဲ့ အိမ်မှာပြန်နေပါဆိုတာရယ်ကြောင့် နှင်းဟာ သူ့ကို ခေါ်ပြီး မေမေ့အိမ်မှာပြန်နေခဲ့တော့တယ်။ နှင်းက မေမေ့ကျောင်းမှာ လုပ်အားပေးဆရာမလုပ်ခဲ့တယ်။

မေမေ့အိမ်မှာ ပြန်နေလိုက်တာက သူနဲ့ နှင်းကို ဝေးကွာသွားမယ်ဆိုတာ နှင်းမတွေးခဲ့တာအမှန်ပါ။

◆◆◆

''ကိုကို... အရက်တွေ သောက်ထားတယ်''

နှင်းက သူ့ကို မကျေနပ်တဲ့ အကြည့်စူးစူးနဲ့ကြည့်ပြီး မေမေ့ကြားအောင် အသံခပ်အုပ်အုပ်နဲ့ပြောလိုက်တယ်။ ခက်တော့တာပဲ။ သူ အရက်မသောက်တာ တော်တော်ကြာပြီးမှ ဘာလို့များ အရက်တွေသောက်လာရပြန်တာလဲ။

ဒီနေ့မှ မေမေ့အိမ်ကို သူနဲ့ နှင်းစရောက်တာ။ သူအရက်သောက်တာ မေမေသိရင် ခက်တော့မှာပဲ။

သူက အရက်မူးမူးနဲ့

''ယောကျ့ားကြီးက မျက်နှာချိုတယ် . . . ''

ဆိုပြီး ပေါက်တတ်ကရတွေကို ခုနစ်အိမ်၊ ရှစ်အိမ်ကြား အော်နေပြန်တယ်။ နှင်းက သွဲ့ပါးစပ်ကို လက်နဲ့ ဖမ်းပိတ်လိုက်ပြီး

''ကိုကို အသံမထွက်နဲ့။ တော်ကြာ မေမေက ကိုကို အရက်သောက်တာကို သိရင်ခက်မယ်''

လို့ နူတ်ခမ်းလှုပ်ရုံလေသံတိုးတိုးလေးနဲ့ ပြောပြီး သူ့ကိုအိပ်ခန်းထဲ ဆွဲခေါ်လာတယ်။ သူက နှင်းဆွဲခေါ်လာရာကို ယောကျ်ားကန်ယက်ကန်နဲ့ ပါလာပြီး

''ဘာလို့ မင်းအမေ အဘွားကြီးကို ကြောက်ရမှာလဲကွ''

လို့ ဝူးဝူးဝါးဝါးနဲ့ ဆိုနေပြန်တယ်။ နှင်းဟာ စိတ်ညစ်လွန်းလို့ ဇောချွေးတောင်ပြန်လာတယ်။

သူဟာ အင်မတန်ချစ်ဖို့ကောင်းတဲ့သူပါ။ ဒါပေမဲ့... ခုတော့ အရက်မူးပြီး ရစ်ချင်တိုင်းရစ်နေတာက သိပ်ကို မုန်းဖို့ကောင်းနေပြီ။

သူရဲ့ ဝူးဝူးဝါးဝါးအသံတွေကို မေမေကြားပြီး နှင်းတို့နားရောက်လာကာ . . .

''ခင်နှင်းဆီ သမီးပြောတော့ အရက်ပြတ်သွားပါပြီဆို။ ခုတော့ ဘာလိုဖြစ်တာလဲ။ သူလို လူဆိုးက ခွေးပြီးကောက်ခြေထောက်စွပ်ပဲနေမှာ။ ဘယ် တော့မှ လူမွေးလူတောင်ပြောင်မှာ မဟုတ်ဘူး''

လို့ မေမေက စိတ်ဆိုးမာန်ဆိုးနဲ့ ပြောလာပါတယ်။ မေမေပြောတာ အလွန်မဟုတ်ပါဘူး။ အရက်သောက်တာဟာ ပိုက်ဆံကုန်၊ အချိန်ကုန်နဲ့ ပြီးတော့ ဘာများကောင်းကျိုးရှိလို့လဲ။

ဒါပေမဲ့ နှင်းလေ မေမေနဲ့ သူ့အကြားမှာ ပြဿနာအဖုအထစ်တွေ မရှိစေလိုပါ။ ပြီးတော့ နှင်း သူ့ကို အတိုင်းအဆမဲ့ချစ်တယ်။ မေမေ့ကိုလည်း နှင်း ပြောမပြတတ်အောင် ချစ်တာပါပဲ။ နှင်းချစ်ရတဲ့၊ နှင်းကိုလည်း ချစ်ကြတဲ့ မေမေနဲ့သူကို သင့်မြတ်စေချင်တာအမှန်။

နှင်းက မေမေ့ကို တိုးလျှိုးတောင်းပန်တဲ့အကြည့်နဲ့ ကြည့်လိုက်မိတယ်။

သူက မေမေ့ကို ပြုံးထေ့ထေ့ကြည့်တယ်။ သူ့အပြုံးဟာ အဓိပ္ပာယ်တစ်မျိုးပါနေတယ်။ သူ့ရဲ့လက်က နှင်းရဲ့ပခုံးပေါ်မှာ။ သူက မေမေ့ကို စိမ်းကားတဲ့အကြည့်နဲ့ ခပ်စူးစူးကြည့်ပြီး

''ဆရာမကြီး. . . ကျွန်တော့်ကို လူမွေးလူတောင် မပြောင်ဘူး လို့ ပြောတာ ခုတစ်ကြိမ်ပါနဲ့ဆို နှစ်ကြိမ်ရှိပြီ။ ဒါပေမဲ့ ဆရာမကြီး ဘာတတ်နိုင်သေးလဲ။ အဲဒီ လူမွေးလူတောင်မပြောင်ဘဲ ကျွန်တော်ဆိုတဲ့ကောင်က ဆရာမကြီးရဲ့ သမက်ဖြစ်နေပြီလေ''

လို့ သရော်တဲ့ လေသံနဲ့ပြောတယ်။ သူ့ရဲ့လေသံက မေမေ့ကို

အနိုင်ခဲ့ ပိုင်းလိုက်တဲ့လေသံမျိုး။

နှင်း သိလိုက်ပြီ။ သူက နှင်းကို မရမကချစ်ရေးဆိုခဲ့တာဟာ နှင်းကိုချစ်လို့ထက် မေမေ့ကို လက်စားချေချင်လို့ပဲ။ သူ ဟန်ဆောင်ကောင်းစွာနဲ့ နှင်းကို ပိပိရိရိလှည့်စားခဲ့တာပဲ မဟုတ်လား။ နှင်း လုံးဝထင်မထားခဲ့တဲ့ လှည့်ကွက်တစ်ခုကို သူသုံးခဲ့တာ။

ကိုယ့်ကိုကိုယ် သိပ်ပြီး အထင်ကြီးပြီး သူ့ကိုကောင်းကောင်းကိုင်တွယ်ပြုပြင်ပေးနိုင်မယ်လို့ ထင်ခဲ့တဲ့ နှင်း။ နောင်း.နောင်တ တစ်ခုကို မလိုချင်ပါဘဲနဲ့ ရရှိခဲ့ပါတော့တယ်။

ဒါပေမဲ့ နှင်းဟာ အဲဒီနောင်း.နောင်တကို ပြင်ဆင်ဖို့ ဆန္ဒမရှိတော့။

ဘာလို့လဲဆိုရင် နှင်းဆီမှာ သူရဲ့ရင်သွေးလေးရှိနေပြီ။

ဒါဟာ သူနဲ့ နှင်း လုံးဝပြတ်စဲလို့ မရနိုင်တော့တဲ့ သံယောဇဉ်နောင်ကြိုးတစ်ခုပါပဲ။

◆◆◆

သူဟာ အရက်သောက်လိုက် မူးလိုက် ရူးလိုက်နဲ့ပဲ တစ်နေ့တစ်နေ့ အချိန်ကုန်တာ နှင်း မီးဖွားတဲ့အထိပါပဲ။

နှင်းဟာ သူ့ကြောင့် ခဏခဏစိတ်ညစ်စိတ်ရှုပ်ရပေါင်းများလှပေမယ့် နှင်းရဲ့ ရင်သွေးလေးတွေကြောင့် စိတ်နလုံးချမ်းမြေ့ရတာအမှန်ပဲ။ နှင်းဟာ ကံကောင်းချင်လို့လား။ ကံဆိုးချင်လို့လားမသိ။ သားအမွှာပူးလေးနှစ်ယောက်မွေးဖွားခဲ့ပါတယ်။ သားလေးနှစ်ယောက်ဟာ ခွဲမရအောင် တူနေတာကြောင့် ချစ်မဝအောင်ပါပဲ။ သားလေးတွေရဲ့ မျက်လုံးလေးတွေဟာ သူနဲ့ ချွတ်စွပ်ပါပဲ။ နှုတ်ခမ်းလေးတွေကတော့ နှင်းနဲ့တူတယ်။

သူက သားငယ်လေးကို တယုတယထွေးပွေ့ပိုက်ထားပြီး

"ကိုကိုတော့. . . သားတွေကို သိပ်ချစ်မိနေပြီ။ သားတွေက တစ်လုံးတစ်ခဲကြီးတွေပဲကွာ။ ဟော. . . ကြည့်စမ်း၊ သားငယ်က ကိုကို့ကို အချစ်စမ်းလိုက်ပြန်ပြီ"

လို့ ပြောကာ သားငယ်လေး သူ့အပေါ် ရှူးရှူးတွေ ပေါက်ချလိုက်တာကို တဟဲဟဲဖြစ်နေပြန်တယ်။

ဒီလိုဆိုတော့လည်း သူက ချစ်စရာကောင်းနေပြန်ရော။ သားငယ်လေးကို သေးတပ်လဲပေးနေတဲ့ သူ့ကို နှင်းက ကြင်နာစွာကြည့်လိုက်ပြီး

"ကိုကို. . . နှင်းနဲ့ သားတွေကို တကယ်ချစ်တာလားဟင်"

လို့ နူးညံ့စွာ မေးလိုက်တဲ့အခါ သူက နှင်းကို သိမ်မွေ့စွာပြုံးပြပြီး

"မေးနေစရာလိုသေးလား နှင်းရယ်၊ သားတွေနဲ့ နှင်းဟာ ကိုကို့ရဲ့ ဘဝပဲ"

လို့ ကြင်နာနွေးထွေးတဲ့ လေသံကလေးဖြင့် ချိုချိုသာသာဆိုလာပါတယ်။

နှင်းနဲ့ သူ့ရဲ့အပြုံးတွေဟာ သားအမွှာလေးနှစ်ယောက်ကြောင့် ကြည်လင်တောက်ပနေပါတော့တယ်။ နှင်းက ချိုမြစွာ ပြုံးနေတဲ့ မျက်နှာထားနဲ့

"ကိုကို. . . နှင်းနဲ့ သားတွေကို တကယ်ချစ်ရင် အရက်မသောက်ပါနဲ့တော့လားကွယ်"

လို့ တောင်းဆိုလိုက်မိပါတယ်။ သူက နှင်းကို တွယ်တာမြတ်နိုးတဲ့ မျက်ဝန်းနဲ့ နွေးထွေးစွာကြည့်ပြီး

"ကိုကို. . . နှင်းကို ကတိပေးပါတယ်"

သားငယ်နှစ်ယောက်ကို အားရပါးရမွေးကြူရင်းက

"ကိုကို. . . ဘယ်တော့မှ အရက်ကိုမသောက်တော့တူး။ ပြီးတော့ ကိုကိုလေ နှင်းနဲ့ သားလေးနှစ်ယောက်အတွက် ကြိုးစားမယ်"

လို့ အားမာန်ပါတဲ့ လေသံနဲ့ ပြောလိုက်တယ်။

ဒီတစ်ခါလည်း နှင်း သူ့ရဲ့ကတိစကားကို အကြွင်းမဲ့ ယုံကြည်လိုက်မိ ပြန်ပါတယ်။

နှင်း ယုံကြည်လောက်အောင်လည်း သူက အပြောကောင်းနေတာကိုး။ သူ့ရဲ့ကတိကို ယုံမှတ်ပြီး နှင်း တသိမ့်သိမ့်ကြည်နူးနေတာပါ။

◆◆◆

ခုဆို နှင်းရဲ့သားအမွာက လေးနှစ်ယောက်ဟာ (၆)လပြည့်ခဲ့ပြီ။ သားလေးတွေဟာ တစ်နေ့ထက် တစ်နေ့ပိုပိုပြီးတော့ ချစ်စရာလေးတွေ ဖြစ်လာခဲ့ပြီလေ။ သားအမွာလေးနှစ်ယောက်ကို တွေ့တဲ့သူတိုင်းက

"ဟယ်. . . ချစ်စရာလေးတွေ။ အမွာလေးတော့"

"အမွာ ညီအစ်ကိုနှစ်ယောက်ပါလား။ တော်တော်ကို ချစ်ဖို့ကောင်းတာပဲ"

လို့ အမျိုးမျိုးနဲ့ ချီးကျူးစကားဆိုကြတာပေါ့။ သားလေးတွေကလည်း လူတကာ ချီးကျူးရအောင်ကို တစ်လုံးတခဲကြီးနဲ့ ဖြူဖြူဖွေးဖွေးကြီးတွေလေ။

နှင်းရဲ့မေမေကလည်း သူ့မြေးတွေကို ချစ်လိုက်တာ ပြောမနေပါနဲ့တော့။ သူ့မြေးအမွာနှစ်ယောက်ကို လက်ကကို ချတာမဟုတ်ဘူး။ သူ့မြေးတွေမှ သူ့မြေးတွေ။ သားသမီးအချစ် မြေးအနှစ်ဆိုတာ ဒါပဲ ထင်ပါရဲ့။ မေမေက မြေးအမွာနှစ်ယောက်လုံးကို ဖူးဖူးမွှတ်ထားတာ။

အခုလည်း မေမေက သူ့မြေးအမွာနှစ်ယောက်ကို ယုယုကြင်ကြင်နာနာနဲ့ ထမင်းခွံကျွေးနေတယ်လေ။

နှင်းကတော့ အမေနဲ့သားတွေကို အကဲခတ်ကြည့်ရင်း အနားမှာ သိုးမွေးထိုးနေတယ်။

နှင်းလေ သိုးမွေးထိုးရင်း တိုင်ကပ်နာရီကို ကြည့်လိုက်တော့ (၈)နာရီ။ အို. . . ည(၈)နာရီ ထိုးနေပြီ။ သူပြန်ရောက်မလာသေးပါလား။ သူ. . . ဟိုအရည်တွေသွားပြီး သောက်နေပြန်ပြီလားကွယ်။

သူဟာ မေမေပြောသလို ခွေးပြီးကောက် ခြေထောက်စွပ်ပါပဲ။ သားလေးတွေ (၂)လသားရောက်တဲ့အထိ သူဟာ ကတိအတိုင်း အရက်မသောက်ခဲ့ပါဘူးလေ။ အလုပ်တစ်ခုရှာလုပ်မယ်လို့ ကတိပေးတယ်။ စားသောက်ဆိုင်တစ်ခုမှာ စားပွဲထိုးလုပ်တယ်။

ဒီတော့ မေမေက စိတ်ရင်းအတိုင်း

"မောင်ထွန်းဇော်ဝိုက ခုဆိုလူလိမ္မာလေးဖြစ်သွားပြီ။ သိပ်ကောင်းတယ်ကွယ်။ သား အရက်မသောက်တော့ အမေလည်း စိတ်ချမ်းသာတယ်ကွယ်"

လို့ ချီးကျူးလိုက်ကာမှ သူ့ဇနီးက ပြန်ပေါ်လာတယ်လေ။ အလုပ်လုပ်ပြီး ငွေဝင်ချိန်မှာ အရက်သမားအပေါင်းအသင်းဟောင်းတွေနဲ့ ပြန်ဆုံတယ်။ အရက်သောက်လို့ အမေဆူတယ်။ အမေဆူလို့ အရက်သောက်တယ်။ ဒီလိုနဲ့ သူက အရက်တွေကို မိုးလင်းက မိုးချုပ် မိုးမှန်အောင် သောက်တော့တာပဲ။ အရက်နဲ့ မျက်နှာသစ်တဲ့ သူတစ်ယောက်ဖြစ်လာပြီလေ။ သူဟာ အရက်မသောက်တဲ့ အချိန်တွေမှာ သိပ်ကိုသဘောကောင်းစိတ်ရှည်နူးညံ့ကြင်နာတတ်သူဖြစ်သလောက် အရက်ပါးစပ်ထဲဝင်တာနဲ့ သိပ်ကို သွေးဆိုးတဲ့သူ။ သူဟာ အရက်ကလေးတမြမြနဲ့ ဂျစ်တတ် ရစ်တတ် ကိုက်တတ်သူ ဖြစ်လာပြီလေ။ သူဟာ ကြာလေဆိုးလေ

ပါပဲကွယ်။ သူ့ကြောင့် ပတ်ဝန်းကျင်မှာ အရှက်ကွဲပြီး စိတ်ညစ်ရတာလဲ အခါခါ။ နှင်းမေမေက ဆရာမကြီး။ နှင်းက လုပ်အားပေး ဆရာမ။ သူက အရက်သမား လူရမ်းကားကြီးဆိုတော့။ အို. . . နှင်းမေမေမှာ နေစရာမရှိအောင် ရှက်လိုက်တာ။

သူဟာ ခုဆိုမူးပြီး ဘာမှမလုပ်တော့တဲ့အပြင် ရန်ပွဲလေးတွေလည်း ဆင်နွှဲလိုက်သေးတယ်။ သူရဲကြမ်းပုံရမ်းပုံတွေက ပြောလို့တောင် ကုန်မယ်မထင်ဘူး။ ရှင်းရှင်းပြောရရင် နှင်းတို့ သားအမိလေ သူရဲ့ ပြဿနာတွေ ဖြေရှင်းပေးရလွန်းလို့ သူ့ကိုတော်တော်ကြီး စိတ်ကုန်စပြုလာပြီ။

ဖေဖေကလည်း နိုင်ငံခြားကနေပြီး နှင်းအိမ်ထောင်ကျမှန်းသိပေမယ့် နှင်းအိမ်ထောင်ဖက်က အရက်သမားဆိုတာ သိမထားဘူး။

မေမေကလည်း နှင်းကို သူနဲ့ပျက်စဲလိုက်စေချင်တယ်။ နှင်းကိုယ်တိုင်လည်း ကျောင်းပြန်တက်ပြီး ဘဝတက်လမ်းရှာစေချင်နေပြီ။ အရက်သမားမယား။ လင်ဆိုးမယားတဖားဖားဘဝကိုလည်း မလိုချင်တော့ဘူး။ နှင်းလွတ်မြောက်ချင်ပြီ။

ဒါပေမဲ့ သူနဲ့ နှင်းအကြားမှာ ဘယ်လိုမှ ဖြတ်တောက်လို့ မရနိုင်တဲ့ ရင်နှစ်သည်းချာသားအမွာကလေးနှစ်ယောက်ကရှိနေပြီ။

''ယောကျမကြီးက မျက်နှာချိုတယ်. . .''

အသံပြာပြာကြီးနဲ့ သူ့အသံ။ သူ့အသံက ဘယ်လိုမှ နားခံနိုင်စရာမရှိ။

မေမေက နှင်းဘက်ကိုလှည့်ပြီး

''မေမေ့တစ်သက်မှာ ပတ်ဝန်းကျင်ကို အားနာရတာမျိုး တစ်ခါမှ မဖြစ်ဖူးဘူး။ မေမေ့ကို ပတ်ဝန်းကျင်က မော်ကြည့်တာနဲ့ပဲ ကြုံခဲ့ရတာ။

ခုတော့ မေမေ့မှာ သမက်ကြောင့် ပတ်ဝန်းကျင်ကိုတောင် ခေါင်းမကြည့်ဝံ့တော့ဘူး''

လို့ ဆိုလာတဲ့အခါ နှင်းလေ မေမေ့ကို သိပ်သနားသွားမိတာ အမှန်။

''ဟော့. . . နှင်း။ ဘာလုပ်နေတာလဲ။ ကိုကို့ကို တံခါးလာဖွင့်ပေးဦးလေ''

သူက နှင်းကို တံခါးဝမှနေကာ အသံကျယ်ကြီးနဲ့ အော်နေပြန်ရော။ နှင်းက သူ့ဆီကို ခပ်မြန်မြန်ကလေးပြေးသွားပြီး

''ကိုကို. . . သိပ်အော်မနေနဲ့။ ပတ်ဝန်းကျင်ကိုလည်း အားနာဦးလေ''

လို့ အသံခပ်တိုးတိုးလေးနဲ့ ပြောလိုက်တယ်။

''ဘာ. . . အားနာရမှာလဲ။ ဘာပတ်ဝန်းကျင်လဲ။ ပတ်ဝန်းကျင်ကို . . . ထင်တယ်၊ ကိုယ့်ထမင်း ကိုယ်စားပြီး ဘယ်သူ့အားနာရမှာလဲ''

အနားက လူငယ်တွေထွက်လာပြီး သူ့ကို ရိုက်မယ်၊ သတ်မယ် လုပ်တယ်။ ရပ်ကွက်လူကြီးတွေ ထွက်လာပြီး ဖျန်ဖြေရတယ်။ ရပ်ကွက်လူကြီးတွေ အထိန်းကောင်းလို့ ရန်ပွဲတွေငြိမ်းခဲ့ပေါင်းမနည်းပါဘူး။

သူ့ ဆဲသံက ကျယ်ကျယ်လောင်လောင်နဲ့ သိပ်ကို မုန်းစရာကောင်းတာပဲ။ နှင်းက သူ့ကိုတံခါးဖွင့်ပေးလိုက်တော့ သူက ဒယိမ်းဒယိုင်နဲ့ အိမ်ထဲဝင်လာတယ်။ သူ့ညာလက်ထဲမှာလည်း အရက်ပုလင်းနဲ့။

နှင်းက သူ့ကို

''ကိုကိုရယ် . . . ဘာလို့ အရက်တွေသောက်လာရပြန်တာလဲ''

လို့ ခပ်တိုးတိုးလေးဆိုလိုက်တဲ့အခါ သူက သူ့လက်ထဲမှ အရက်ပုလင်းကြီးကို ပစ်ခွဲလိုက်ပြီး

''ငါ့ဟာ ငါ အရက်သောက်သောက် မသောက်သောက်၊ မင်း

နဲ့ ဘာဆိုင်သလဲ။ မင်းက မင်းအမေလိုမျိုးပဲ ငါ့ကို ချိုးနှိမ်ချင်တာလား။ မင်း ဘာအချိုး,ချိုးချင်တာလဲ''

လို့ သူကပဲပြန်ပြီး နှင်းကို ကြိမ်းမောင်းနေသေးရဲ့ ရှင်။ ကောင်းကြသေးရဲ့လား။

မေမေက သူ့ကို ဘေးမဲ့လွတ်ထားလိုက်ပြီဆိုတဲ့သဘောနဲ့ ဘာတစ်ခွန်းမှ မပြောတော့။ နှင်းကလည်း သူ့ကို. . .

''ကိုကို. . . နှင်းကို ဒီလိုမဆက်ဆံပါနဲ့။ ကိုကို တစ်နေ့တခြား လွန်လွန်းလာပြီနော်''

လို့ လေသံအေးအေးကလေးနဲ့ ဖျောင်းဖျပြောဆိုမိတယ်။ သူက နှင်းမထင်တဲ့ လုပ်ရပ်တစ်ခုကို လုပ်ချလိုက်တယ်။ အဲဒါကတော့ သူက နှင်းရဲ့ပါးပြင်နုနုလေးကို ရိုက်လိုက်တာပဲ။

နှင်းက နှင်းရဲ့ပါးပြင်ကို လက်နဲ့ပွတ်သပ်ရင်း သူ့ကို နာကျင်တဲ့ မျက်ဝန်း၊ စိတ်နာတဲ့ မျက်ဝန်းနဲ့ တအံ့တသြကြည့်လိုက်မိပါတော့တယ်။

◆◆◆

နှင်းလေ. . . တစ်ညလုံး ဘယ်လိုမှ အိပ်လို့မပျော်နိုင်အောင် ဖြစ်နေမိတယ်။ အိပ်မပျော်နိုင်တာထက် မအိပ်ဘဲနဲ့ သူနဲ့ပတ်သက်တဲ့ ဆုံးဖြတ်ချက်တစ်ခုကို အခိုင်အမာချနေတာဆို ပိုမှန်တယ်။

နှင်း မနက်လင်းတော့ ဘုရားဆောင်ဝင်၊ ဘုရားဝတ်ပြု ပြီးတော့ ချက်ဟယ်၊ ပြုတ်ဟယ်နဲ့ သားနှစ်ယောက်ရဲ့ ဝေယျာဝစ္စကို ဇယ်ဆက်သလို မနားတမ်းလုပ်။ ကိုယ်တော်ချောကတော့ အိပ်စက်အနားယူတော်မူနေလေရဲ့။

မနက်(၁၀)နာရီလောက်ကျတော့ သူနိုးလာတယ်။ သူက ညဉ့်နက်ကနဲ့ ဘာမှမဆိုင်စွာ ကြည်ကြည်သာသာပဲ။

သူက သားတွေနားသွားပြီး သားတွေကို ချော့မြူနေသေးတယ်။ သူက ဆင်လုပ်ပြီး သားတွေကို စီးခိုင်းနေသေးတယ် သိလား။ အဲဒီနဲ့ သားတွေ နောက်ဆုံးပျော်ပါးခြင်းအနေနဲ့ ပျော်ပါးပါစေဆိုတဲ့သဘောနဲ့ နှင်းစောင့်ကြည့်ပြီးတော့မှ နှင်းက သူ့ကို ခပ်အေးအေးမျက်နှာထားနဲ့ပဲ

''ကိုကို. . . နှင်း ကိုကိုနဲ့ စကားပြောချင်တယ်''

လို့ အသံမတုန်အောင် သတိထားပြီး ပြောလိုက်တယ်။

သူက ရယ်ကျဲကျဲမျက်နှာထားနဲ့

''နှင်းကလည်း ပြောစရာရှိပြောတာမဟုတ်ဘူး။ နိဒါန်းတွေ ဘာတွေချီလို့''

လို့ ရယ်ရယ်မောမောနဲ့ ပြောနေတယ်။ ဟိုတုန်းကဆို သူဟာ အဲဒီလိုရယ်လိုက်တဲ့အခါ လူချောတစ်ယောက်ပါ။ ခုတော့ သူ့ရဲ့မျက်နှာဟာ အရက်ရဲ့ ဝါးမျိုမှုကြောင့် ဖောသွတ်သွတ်နဲ့။

နှင်းက လေးနက်တဲ့ မျက်နှာထားနဲ့

''နှင်း ကိုကိုနဲ့ ကွာရှင်းမယ်. . . ကိုကို''

လို့ ရင်အကွဲခံပြီး ပြောလိုက်တယ်။ သူက နှင်းကို အံ့အားတသင့်နဲ့ ကြည့်ပြီး

''နှင်း ဘာတွေ ပြောနေတာလဲ။ ကွာရှင်းမယ် ဟုတ်လား။ ဘာကြောင့်များလည်း နှင်းရယ်။ ကိုကိုတို့ ကွာရှင်းလိုက်ရင် သားတွေ ဘယ်လိုလုပ်မလဲ''

လို့ အဆက်မပြတ်မေးလာပါတယ်။ (၆)လသားသာရှိသေးသည့် သားနှစ်ယောက်ကတော့ လူကြီးတွေပြောတာ ဘာမှနားမလည်သေးတဲ့ ကလေးတွေပီပီ တစ်ယောက်နဲ့ တစ်ယောက် ချစ်ချစ်ခင်ခင်နဲ့ ကစားနေ

ကြပါတယ်။ သားနှစ်ယောက် သိပ်သံယောဇဉ်ကြီးတဲ့ အမွာညီအစ်ကို တတွေ။

အမေကတော့ ဘာတစ်ခွန်းမှ ဝင်မပြောဘဲ တိတ်တိတ်ဆိတ်ဆိတ်နဲ့ အကဲခတ်ကြည့်ရှုနေတယ်။ နှင်းက တည်ကြည်သိမ်မွေ့တဲ့ မျက်နှာထားနဲ့

''သားတွေကြောင့်ပဲ ကိုကို့ကို နှင်းကွာရှင်းဖို့ ဆုံဖြတ်လိုက်ရတာ။ ကိုကိုဟာ အရက်ကလေးပါးစပ်ထဲဝင်တာနဲ့ သိပ်သွေးဆိုးတယ်။ ရှင်းရှင်းပြောရရင် ကိုကို့ကြောင့် သားတွေရဲ့အနာဂတ်ဟာ ဘယ်လိုမှ တောက်ပနိုင်မှာ မဟုတ်ဘူး ကိုကို။

ပြီးတော့ နှင်းကိုယ်တိုင်လည်း အရက်သမားမယား။ လင်ဆိုး မယားတဖားဖားဘဝကို မလိုလားတော့ဘူး ကိုကို။ နှင်းတို့ ဒီထက်ပိုပြီး တစ်ယောက်ကို တစ်ယောက် အမုန်းမပွားခင် ကွာရှင်းလိုက်ကြရအောင်''

လို့ အေးအေးဆေးဆေး တစ်ခွန်းချင်းပြောလိုက်မိတော့တယ်။ ဒါပေမယ့် အဲဒီစကားအခွန်းတိုင်း အခွန်းတိုင်းက နှင်းရဲ့အသည်းနှလုံးကို ခြေမွသွားသလိုပါပဲကွယ်။

သူ့အချစ်တွေကို နှင်းက ရွေတောင်ကြီးလို့ ထင်မှတ်ခဲ့ပေမယ့် တကယ်တော့ သူ့အချစ်တွေဟာ နှင်းဘဝကို မီးရောင်လောက်တောင် အလင်းမပေးခဲ့ပါ။

သူက သိပ်သနားစရာကောင်းတဲ့ မျက်နှာထားလေးဖြစ်နေပြန်တယ်။ ဒါပေမဲ့ နှင်းလေ သူ့ကို မသနားမိအောင် အတတ်နိုင်ဆုံး စိတ်ကို ခိုင်ခိုင်မာမာထားရပါတယ်။

သူက သားနှစ်ယောက်ကို တစ်ချက်လှည့်ကြည့်လိုက်ပြီးမှ နှင်း ဘက်ပြန်လှည့်ကြည့်ကာ

''ကိုကို. . . နှင်းနဲ့ ကွာရှင်းနိုင်ပါတယ်။ ဒါပေမဲ့ သားတွေကို

တော့ မခွဲနိုင်ဘူး။ သားတွေမရှိရင် ကိုကို အသည်းကွဲမှာ''

လို့ ရင်ဖွင့်နေပြန်တယ်။

နှင်းကလည်း ဝမ်းနဲ့လွယ်မွေးရတဲ့ မိခင်တစ်ယောက်ပဲလေ။ သားတွေဟာ နှင်းရဲ့ဘဝ၊ နှင်းရဲ့အသက်။

''အို. . . နှင်းလည်း သားတွေကို မပေးနိုင်ပါဘူး။ သားတွေ မရှိရင် နှင်း ဘယ်လိုအသက်ဆက်ရမလဲ''

နှင်း ခပ်သွက်သွက်ကလေး တုန့်ပြန်လိုက်သည်။

ဒီလို့နဲ့ ကွဲဖို့ ကွာဖို့ကိစ္စက သားနှစ်ယောက်ကိုင့်ပြီး မလုပ်ဖြစ်ခဲ့ဘူး။ မမေကလည်း သားတွေကို မပေးရက်ဘူး။ နှင်းကိုယ်တိုင်လည်း သားတွေနဲ့ ခွဲခွာဖို့ ခွန်အားမရှိဘူး။

သူကတော့ ခွေးပြီးကောက် ခြေထောက်စွပ်ဆိုသလို ဆိုးမြဲဆိုးလျက်ပဲ။ နှင်းကို နှေ့စဉ်ရက်ဆက်ရိုက်နှက် နှိပ်စက်တယ်။ ဆဲဆိုတယ်။ မကြားဝံ့မနာသာစကားတွေ သူ့ပါးစပ်က အမြဲထွက်နေတယ်။ ရပ်ကွက်ကိုလည်း ဆဲဆိုကြိမ်းမောင်းတယ်။ ဒီတော့ ရပ်ကွက်ထဲက လူငယ်တွေနဲ့ ပြဿနာတွေတက်တယ်။ ရပ်ကွက်လူကြီးတွေလည်း သူ့ကြောင့်ဖြစ်တဲ့ ပြဿနာကို မထိန်းနိုင် မသိမ်းနိုင်တော့ဘူး။

''ဆရာမကြီးရယ်. . . ဒီပြဿနာတွေကို ဖြေရှင်းမယ့် နည်းလမ်း ဆရာမကြီးပဲ စီစဉ်ပါတော့''

လို့ ရပ်ကွက်လူကြီးတွေက မေမေ့ကို ပြောလာကြပြီ။

သူကလည်း ကွဲမယ်ကွာမယ်ဆိုရင် သားတစ်ယောက်စီခွဲယူမယ် လို့ ကြိမ်းဝါးနေတော့ နှင်းတို့သားအမိ ငိုခဲ့ရပေါင်းများပြီ။ သားတွေနဲ့ ခွဲဖို့ဆိုတာက မိခင်တစ်ယောက်အနေနဲ့ ဝမ်းနည်းပက်လက်ရင်ကွဲမယ့် ကိစ္စပါ။

သားတွေ(၈)လသားအရ ရပ်ကွက်လူကြီးနဲ့ လူငယ်တွေနဲ့ပါ

သူ့ပြဿနာ ဖြေရှင်းပြီးတဲ့ တစ်နေ့မှာတော့ မေမေနဲ့တိုင်ပင်ပြီး နှင်းဆုံးဖြတ်ချက်တစ်ခုကို ယတိပြတ်ချလိုက်သည်။ နောက်ဆုံးမှာတော့

''ရှင်နဲ့ နှင်း ကွာရှင်းမယ်''

''ကောင်းပြီ၊ ဒါဆို ငါ့သားတစ်ယောက်ရမှဖြစ်မယ်။ မိန်းမက အစားရတယ်။ သားက အစားမရဘူး။ သားတွေနဲ့ ငါမခွဲနိုင်ဘူး''

''ရှင်ကြိုက်တဲ့ သားကို ခေါ်သွားနိုင်တယ်''

သူက သားကြီးနဲ့ သားငယ်ကို တစ်လှည့်စီကြည့်ပြီး သားကြီးကို ဖြတ်ခနဲပွေ့ပိုက်ချီလိုက်သည့်အခါ အရက်သမားအဖေနဲ့ ဘဝခရီးရွေ့ဆက်ရမည့် သားကြီး၏အနာဂတ်အတွက် နှင်းရင်ထဲ နင့်ခနဲဖြစ်သွားသည်။

သူ့ဆီမှ ကွာရှင်းခွင့်ရဖို့ သားကြီးကို နှင်းရင်အကွဲခံပြီး သူ့ကို ပေးလိုက်ရသည်။ သားကြီးနဲ့ ခွဲခွာရတာဟာ နှင်းအတွက် ပြောမပြတတ်အောင် နာကျင်စိုကြဉ်ဖွယ်ခံစားရသည်။

မေမေလည်း သားကြီးအတွက် ခံစားရရှာသည်။

နှင်းဟာ အရာအားလုံးကို အသစ်ပြန်စဖို့ ရန်ကုန်ကိုပြောင်းခဲ့တယ်။ မေမေလည်း ကျောင်းဆရာမအလုပ်ကို မန္တလေးကနေပြီး ရန်ကုန်ကိုပြောင်းခဲ့တယ်။ နှင်းလည်း မန္တလေးက ဆရာမအလုပ်ကို ထွက်ခဲ့လိုက်ပြီး ရန်ကုန်မှာ တက္ကသိုလ်ဆက်တက်တယ်။ ဘွဲ့ရပြီးတဲ့အခါ ကျောင်းဆရာမအလုပ်ပဲ လုပ်ခဲ့တယ်။

ဖေဖေ နိုင်ငံခြားကနေ ပြန်လာတော့

အမှာမေးခဲ့ပေမယ့် သားကြီး(၈)လသားမှာ ကလေးသူငယ်နာဖြစ်ပြီး ဆုံးသွားတဲ့အကြောင်း၊ သားရဲ့အဖေဟာ အရက်သမားမို့ ကွာရှင်းလိုက်ကြောင်းပြောခဲ့တယ်။

သားငယ်ကိုလည်း သားကြီးအပေါ်အမှာသံယောဇဉ်နဲ့ တမ်းတ

မျှော်လင့်နေမှာစိုးလို့ အမှာရှိကြောင်း ဖွင့်မပြောခဲ့တာ။

ဒါပေမဲ့ နှင်းရဲ့ အသည်းနှလုံးမှာတော့ သားကြီးရဲ့ပုံရိပ်တွေ အမြဲထင်ဟပ်နေပါတယ်။

■

သည်။ အနှစ်နှစ်အလလက မတွေ့ခဲ့ရသော မေမေသည် မိမိထင်ထား သည်ထက်ပင် ချောမောလှပပြီး စိတ်သဘောထားပြည့်ဝနေသောကြောင့် ထက်မြက်ဗိုအတိုင်းထက်အလွန်ပင် ပျော်နေမိသည်။

အောင်မြင်ဗိုသည်လည်း သူ့စိတ်ကူးပုံရိပ်ထဲမှာရှိသည့် အမွာ အစ်ကိုနှင့်အတူနေရမည်ဖြစ်သောကြောင့် နှလုံးသားထဲမှာပင် တလိုက် လိုက်ပျော်နေမိသည်။

◆◆◆

အောင်မြင်ဗို၊ ထက်မြက်ဗို၊ ကာကာဇော်နှင့် အောင်ဖြိုးတို့ လေးဦးသား ကန်တော်ကြီးမှာ လေ့ကျင့်ခန်းလုပ်ရင်း အောင်မြင်ဗိုက

"ငါ အောင်ဖြိုးကို ငါ့ရဲ့အမွာညီအစ်ကိုလို့ ထင်မှတ်ခဲ့ဖူးတယ်။ ငါရဲ့ တယ်လီပသီဖန်လုံးမှာ ငါနဲ့ သိပ်ဆင်တဲ့လူတစ်ယောက်ကို မကြာခဏာ တွေ့ရတယ်။ တယ်လီပသီဖန်လုံးထဲက လူကို မင်းလို့ ထင်ခဲ့မိတာ။ တကယ် တော့ တယ်လီပသီဖန်လုံးထဲမှာ မကြာခဏာတွေ့နေရတာ ထက်မြက်ဗိုပဲ"

ဟု ပြောလိုက်သည်။ ကန်ရေပြင်ကို ဖြတ်တိုက်လာသည့် လေပြည် လေညင်းလေးတွေက လန်းဆန်းတက်ကြွမှု အားအင်သစ်တွေကို ဖြစ်ထွန်း လာစေသည်။ သစ်ပင်ကြီးငယ်တို့က စိမ်းစိမ်းစိုစိုနဲ့ပို့ မျက်စိပသာဒဖြစ် ကာ အေးချမ်းစေသည်။

အောင်မြင်ဗို စကားမှာပါလာသည့် တယ်လီပသီဆိုသော စကား ကြောင့် အောင်ဖြိုးရော၊ ကာကာဇော်ပါ စိတ်လှုပ်ရှားသွားသည်။ အောင် ဖြိုးက အထင်တကြီးအံ့ဩနေသော မျက်ဝန်းဖြင့် ကြည့်ပြီး

"တယ်လီပသီဆိုတာ သိပ်ကို အဆင့်မြင့်တဲ့ စိတ်တန်ဖိုးကျင့်စဉ် မဟုတ်လား။ အဲဒီအဆင့်မြင့် စိတ်တန်ဖိုးပညာရပ်တွေကို မင်းတတ်တယ် ဟုတ်လား"

အခန်း (၅၅)
ပျော်စရာ

"ဘာပဲဖြစ်ဖြစ်လေ၊ မေမေကတော့ သားတို့နှစ်ယောက်နဲ့အတူ ပျော်ရွှင်ချမ်းမြေ့တဲ့ဘဝ တည်ဆောက်ဖို့ ဆုံးဖြတ်ထားတယ်။ သွားလေသူ သားတို့ဖေဖေအတွက် မေမေလည်း စိတ်မကောင်းပါဘူး"

ဟူ၍ ဒေါ်ခင်နှင်းဆီက စိတ်ရင်းအတိုင်း ဖွင့်ဟပြောဆိုသည်။ ဘွားဘွားဒေါ်မြင့်မြင့်ကတော့ အင်မတန် သိမ်မွေ့သောအပြုံးမျက်နှာထား ဖြင့် ·

"မေမေကြီးကတော့ မြေးကြီးအပေါ်ကို အတိုးနဲ့ထပ်ပြီး ချစ်ဖို့ ဆုံးဖြတ်ထားတယ်။ ခုမှပဲ မြေးအမွာနှစ်ယောက်ရဲ့ အဘွားဘဝကို ရောက် တော့မယ်"

ဟူ၍ သဘောတကျဟန်ပန်ဖြင့် ပြောသည်။

အောင်မြင်ဗိုတို့၏ အိမ်မှာ ရယ်သံတွေဖြင့် သာယာလျက်ရှိ

"ဟုတ်တယ်။ စိတ်တန်ခိုးကျင့်စဉ်နဲ့ ပတ်သက်တဲ့ တယ်လီပသီ (Telepathos)၊ ကလယ်ရာဗိုးယဲန်းစ် ၊ (Clairroyanace)၊ အော်တိုဆပ်ဂျက်ရှင်း (Atosuggestion) ပညာရပ်တွေကို ငါ ငယ်ငယ်လေးထဲက တတ်မြောက်ခဲ့တာ။ ငါ့ ဘိုးဘိုးက အင်္ဂလန်ကနေပြီး အဲဒီပညာရပ်တွေကို သင်ယူခဲ့တယ်။ ငါ ငယ်ငယ်လေးထဲက ဘိုးဘိုးက အဲဒီပညာရပ်တွေကို လေ့ကျင့်ပေးခဲ့တယ်။ ဒါပေမဲ့ နားမလည်တဲ့လူတွေက ဒီပညာရပ်တွေကို လက်မခံမှာစိုးလို့ မင်းတို့ကိုတောင် ပန်းကိုစွန့်မှ အသိပေးခဲ့တာ"

"နက္ခတ်ဗေဒပညာရပ်ထက်တောင် စိတ်တန်ခိုးကျင့်စဉ် ပညာရပ်က မြင့်မားတယ်။ တယ်လီပသီဖန်လုံးကို စိတ်တန်ခိုးနဲ့ အသုံးပြုတတ်ဖို့ဆိုတာ ခက်ခဲလွန်းတယ်။ စိတ်တန်ခိုးပညာရပ်ကို ကျွမ်းကျင်တာ ချီးကျူးတယ်ကွာ အောင်မြင်ဝိုး။ အခုချိန်ကစပြီး နက္ခတ်ဗေဒပညာရှင် အောင်မြင်ဝိုလို့ မခေါ်တော့ဘဲ ဂန္ဓိရမျက်လုံးမှော်ဖန်လုံးရှင်အောင်မြင်ဝိုလို့ပဲခေါ်တော့မယ်။ သဘောတူကြလား"

အောင်ဖြိုးက အောင်မြင်ဝိုကို နာမည်ပေးကင်ပွန်းတပ်လိုက်တော့...

"သဘောတူတာပေါ့ဗျာ"

ထက်မြက်ဝိုက မဆိုင်းမတွတဲ့ မထောက်ခံသဘောတူလိုက်သည်။

"ဟုတ်တယ်။ သိပ်ကောင်းတယ်။ ဂန္ဓိရမျက်လုံးမှော်ဖန်လုံးရှင် အောင်မြင်ဝိုလို့ပဲ ခေါ်ကြစို့ဗျာ"

ကာကာဇော်က သဘောတကျဖြင့် ထောက်ခံသည်။

ကာကာဇော်၊ ထက်မြက်ဝိုး၊ အောင်မြင်ဝိုနှင့် အောင်ဖြိုးတို့ကန်တော်ကြီးမှာ လေ့ကျင့်ခန်းလုပ်ရင်း စကားပြောကောင်းနေကြသည်။ အောင်မြင်ဝိုး၊ ထက်မြက်ဝိုနှင့် အောင်ဖြိုးက တစ်ခါတစ်ရံမှသာ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းလုပ်တတ်ပေမယ့် ကာကာကတော့ နေ့စဉ်

လိုလိုပင် ကာယလေ့ကျင့်ခန်း၊ ယောဂကျင့်စဉ်လေ့ကျင့်ခန်းများ မှန်မှန်လုပ်လေ့ရှိသည်။ ကာကာဇော်က သူ ခုလို ကိုယ်လက်လှုပ်ရှားအားကစားနဲ့ ယောဂကျင့်စဉ် မှန်မှန်လုပ်လို့လာ ချောမောလှပပြီး ယောကျ်ားပီသတဲ့ body structure ရှိကြောင်း ဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုလေ့ရှိတယ်။

"ကာကာရေ... မင်းတော့ ငါနဲ့ မြစိမ်းရောင်မင်းသမီးလေးနဲ့ မင်္ဂလာပွဲအတွက် လက်ဖွဲ့ကြိုတင်စီစဉ်ထားသင့်ပြီနော်"

အောင်မြင်ဝိုက ကာကာဇော်ကို ပန်းသင်္ဇနှင့် အခြေအနေကို တစေ့တစောင်း အသိပေးလိုက်သည်။

အောင်ဖြိုးနှင့် ထက်မြက်ဝိုတို့ နှစ်ယောက်ကတော့ လေ့ကျင့်ခန်းလုပ်ရင်း အောင်မြင်ဝိုနှင့် ကာကာဇော်တို့၏ အခြေအနေကို မသိမသာအကဲခတ်နေကြသည်။

ကာကာဇော်က ပခုံးကိုစုံတွန့်ပြီး ဟက်ခနဲ ရယ်လိုက်ကာ

"မင်းရဲ့ မြစိမ်းရောင်မင်းသမီးလေးက ကာကာရဲ့ အသည်းနှလုံးကို မဖမ်းစားနိုင်တော့ဘူး။ မင်းကို လက်ဖွဲ့ဖို့ အသင့်ပြင်ထားမယ်။ ငါ့ကို အခုပဲလက်ဖွဲ့ကြပေတော့"

အောင်မြင်ဝိုး၊ ထက်မြက်ဝိုး၊ အောင်ဖြိုးက ကာကာကို တစ်ချက်လှမ်းကြည့်ပြီး

"ငါသိသားပဲ။ မင်းရဲ့စိတ်ကိုက တစ်ယောက်ပြီး တစ်ယောက်ပဲဟာ"

ဟူ၍ ပိုင်နိုင်သေချာစွာ ပြောလိုက်သည်။ ကာကာ့မျက်နှာလေးနက်တည်သွားပြီး

"အမှန်တော့ မင်းအစ်ကိုထက်မြက်ဝိုကိစ္စကြောင့် ငါ့ကိစ္စ မကြာဖြစ်သေးတာပါ။ ငါ မနေ့ကပဲ သူကလေးရဲ့အမေနဲ့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြီးသွားပြီ"

''သူကလေး ဟုတ်လား။ ကလေးအမေကြီးခဲ့လား''

အောင်ဖြိုးရဲ့စကားအဆုံးမှာ

''သူကလေးက။ ငါချစ်လို့ ချစ်စနိုးပြောတာ။ ဘာလို့ ကလေးအမေကြီးဖြစ်ရမှာလဲ။ မင်းရဲ့ဒေဒီသာ သတိထား။ သူက စေ့စပ်ဖူးတယ်။ ယူတော့မယ့် အခြေအနေမှာ ပျက်သွားတာတဲ့နော်''

အောင်မြင့်ဇိုက ဝင်ထိန်းသည့်အနေဖြင့်

''ဒေဒီကိစ္စ အသာထား။ မင်းရဲ့သူကလေးအကြောင်းသာ ဆက်ပြော''

ဒီတော့မှ ကာကာဇော်က

''ငါ့နှလုံးသားရဲ့ အရှင်သခင်မ အစစ်အမှန်ကို ငါရှာတွေ့ခဲ့ပြီ။ သူကလေးက ငါ့နှလုံးသားတစ်ခုလုံးကို သိမ်းပိုက်သွားပြီ။ သူကလေးရဲ့ အကြည့်တွေ၊ သူကလေးရဲ့ အပြောတွေက ငါ့နှလုံးသားတစ်ခုလုံးကို ဝါးမြိုသွားပြီ။ သူကလေးနဲ့ကျမှ အချစ်ဆိုတာကို ကောင်းကောင်းသဘောပေါက်သွားတာ။ သူကလေးက ငါ့အတွက်တော့ ဂန္ဓဝင်ဆန်တဲ့ ချစ်သူလေးပဲ''

အောင်မြင့်ဇိုကတော့ နည်းနည်းလေးမှ မယုံ။ မြစိမ်းရောင်မင်းသမီးကို ယုံငြိုငြိုင်မလုယူနိုင်သည့်အတွက် အနိုင်ပိုင်းလိုသည့်အတွက် တမင်ပြောခြင်းဟုသာထင်သည်။ ဒါကြောင့် အောင်မြင့်ဇိုက ကာကာ့ကို

''မင်းကြောင့် ပန်းသဇင်ရဲ့ အစ်ကိုသုံးယောက်လုံး ငါ့အပေါ် နားလည်သွားကြတာ။ မင်း သူတို့ သုံးယောက်လုံးအတွက် အောင်သွယ်လုပ်ပေးခဲ့လို့သာ သူတို့ ငါနဲ့ ပန်းသဇင်အပေါ် နားလည်သဘောပေါက်သွားကြတာ။ ဘာပဲဖြစ်ဖြစ် မင်းကို သိပ်ကျေးဇူးတင်တယ်။ မင်းအတွက် စိတ်မကောင်းပါဘူး''

ဟူ၍ စိတ်ရင်းအတိုင်း ကျေးဇူးတင်သည့်အကြောင်းကို ပြောလိုက်သည်။

''စိတ်မကောင်းမဖြစ်နဲ့။ ငါတကယ်ပြောနေတာ။ သူကလေးနဲ့ ဒီရက်ပိုင်းအတွင်းမှာ လက်မှတ်ထိုးတော့မယ်''

အောင်ဖြိုးက နှုတ်ခမ်းထောင့်စွန်းလေးကို ကော့တက်သွားအောင်ပင် ပြုံးလိုက်ပြီး

''ကျက်သရေရှိရှိလုပတဲ့ မြစိမ်းရောင်မင်းသမီးအတွက်နဲ့ တို့သုံးယောက်လုံးသွေးမကွဲဘဲ ချစ်ချစ်ခင်ခင်ရှိခဲ့တာ ဝမ်းသာတယ်ကွာ''

ဟူ၍ဆိုကာ အောင်မြင့်ဇိုနဲ့ လက်ချင်းဖြန်းခနဲရိုက်လိုက်သည်။ ကာကာကလည်း တစ်ချက် ဖျတ်ခနဲထပ်ရိုက်လိုက်သည်။

လေးယောက်လုံးလက်တွေ ခိုင်ခိုင်မာမာစုကိုင်ထားရင်းနဲ့ အောင်မြင့်ဇိုက ကာကာ့ကို

''မင်း လက်မှတ်ထိုးတော့မယ် ဟုတ်လား။ ဘယ်လိုမိန်းကလေးလဲ။ ဒီတစ်ခါ တကယ်အတည်ဖြစ်ပြီပေါ့။ မင်းဟာ တော်ရုံတန်ရုံမိန်းကလေးကို စိတ်မဝင်စားတတ်ပါဘူး။ မင်း စိတ်ဝင်စားတဲ့ မိန်းကလေးက ထူးခြားတဲ့ မိန်းကလေးက ထူးခြားတဲ့ မိန်းကလေးပဲဖြစ်ရမယ်။ အဲဒီထူးခြားတဲ့ မိန်းကလေးအကြောင်း တို့တွေ သိခွင့်ရမလား''

ဟူ၍ စိတ်အားထက်သန်သောလေသံဖြင့် မေးလိုက်သည်။ ကာကာက ဆွဲဆောင်မှုရှိသော အပြုံးမျက်နှာထားဖြင့်

''သိခွင့်ရှိတာပေါ့''

ဟူ၍ ဆိုလိုက်သည်။

ကာကာပြောပြသော သူ့ချစ်သူမိန်းကလေး၏အကြောင်းကို အောင်မြင့်ဇို၊ ထက်မြက်ဇိုနဲ့ အောင်ဖြိုးတို့ လေးယောက်သားစိတ်ဝင်တစားဖြင့် နားထောင်ကြရသည်။

ကာကာဟာ သူရဲ့အချစ်ဇာတ်လမ်းတိုင်း ဆန်းကြယ်သကဲ့သို့ သူရဲ့ ချစ်သူမိန်းကလေး၏ အချစ်ဇာတ်လမ်းကလည်း ရင်သပ်ရှုမောရ

အောင်ပင် ဆန်းကြယ်နေပါသည်။ မှန်ပါသည်။ ကာကာ၏ဂန္ဓဝင်ဆန်စွာ ချစ်ရသော မိန်းကလေးဟာ အင်မတန် အင်မတန် ထူးခြားသော မိန်းကလေးဖြစ်ပါတော့သည်။

ကာကာဇော်က ခေသူမဟုတ်။ ရုပ်ရည်ရူပကာကလည်း မိန်းမချောလေးတွေ ငေးခနဲ ငိုက်ခနဲဖြစ်သွားအောင် ပြုစားဖျားယောင်းနိုင်သည့် အစွမ်းရှိသူ။ မိန်းမချောလေးတွေ ဝိုင်းဝိုင်းလည်နေသည့် ကာကာဇော်က ခေတ်ပညာတတ်။ ပြီးတော့ AKA အလူမိန်ယံနှင့် အိမ်အလှဆင်လုပ်ငန်းရဲ့ပိုင်ရှင်တစ်ဦး။ ရုပ်ချောသဘောကောင်း၊ အပြောကောင်းသော ကာကာဇော်လိုပညာတတ်၊ သူဌေးလူငယ်လေး၏ချစ်သူမိန်းကလေးက ဘယ်လို မိန်းကလေးလဲဟု အောင်မြင်ဝိုနှင့် အောင်ဖြိုးတို့ အသည်းအသန်ပင် စိတ်ဝင်တစားရှိသွားကြသည်။ ပြီးတော့ အစွဲအလမ်းသိပ်ကြီးသော ကာကာဇော်ကို စွဲလမ်းသွားစေသော မိန်းကလေးက ဘယ်လို မျိုးပါလိမ့်။

ကာကာဇော်က ဟန်ပါပါဖြင့် ပခုံးတွန့်ပြီးပြောလာသည့် စကားက

"မပြောမရှိနဲ့မောင်၊ ငါယူမယ့် မိန်းကလေးက ဥစ္စာစောင့်မလေးကွာ။ ငါ့ချစ်သူမိန်းကလေးက ဥစ္စာစောင့်မလေးပဲ"

ကျိန်စာသင့် ဥစ္စာစောင့်မလေး. . . ။

■

နေထက်သီဟ